

| | |
|---|---|
| | ၁၉၉၃ ဇန်နဝါရီ |
| | ပထမအကြိမ် |
| အုပ်ရေ | ၅၀၀ |
| တန်ဖိုး | ၄၀ - |
| စာအုပ်ထုတ်ဝေခွင့်ပြုချက်အမှတ် | ၄၅၁/ ၉၂/ ၈ |
| မျက်နှာဖုံးခွင့်ပြုချက်အမှတ် | ၆၄၄/ ၉၁/ ၁၂ |
| မျက်နှာဖုံးနှင့်အတွင်းပန်းချီ | မောင်မျိုးမင်း |
| ကာလာခွဲ | လှမင်း |


# ဒို့တာဝန် အရေးသုံးပါး

ပြည်ထောင်စု မပြိုကွဲရေး ဒို့အရေး

တိုင်းရင်းသား စည်းလုံးညီညွတ်မှု မပြိုကွဲရေး ဒို့အရေး

အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး ဒို့အရေး

နိုင်ငံတော် ဖွဲ့စည်းပုံ အခြေခံဥပဒေ ပေါ်ပေါက်ရေးသည်
ပြည်ထောင်စုသား အားလုံး၏
ပဓာနကျသော တာဝန်ဖြစ်သည်။

နေနေ၇

# အဆိပ်မိလိပ်ပြာ

| | |
|---|---|
| မျက်နှာဖုံးရိုက် | ညီမြင့်အောင်ဆက် |
| | ဦးမောင်ကြိုင် (မြ ၀၃၈၅၅) |
| | R.S ၃၃၂/၃၃၆ |
| | မိုးဗိုလ်ချုပ်အောင်ဆန်းလမ်း |
| | ရန်ကုန်မြို့ |
| ထုတ်ဝေသူ | ဒေါ်ခင်မြ (မြ ၀၅၉၉၅) |
| | ချမ်းသာစာပေ |
| | အမှတ် ၇၄၁၊ ၁၄ လမ်း |
| | ၃ ရပ်ကွက်၊ သာကေတ |
| ပုံနှိပ်သူ | ဦးအောင်ဝင်းမြင့် (မြ ၀၂၅၅၅) |
| | မြန်မာ့ယုံနှီးယံ ပုံနှိပ်တိုက် |
| | အမှတ် ၂၆၊ ၃၅ လမ်းနှင့်ကျန် |




တဖက်သတ်အချစ်၏ 'လှပသောအဆိပ်' သည်
လောင်ကျွမ်းစေ၏။
ထို့အတူ....
လန်းဆန်းစေနိုင်၏။

( ဂွည်ထယ် )

## ( ၁ )

"ဒီမှာ...."

ချိုမြအာယာသော ဆည်းလည်းခတ်သံ တစ်ခုကြောင့် ကော်ဖီဟက်ရည်ဆိုင်ထဲသို့ လှမ်းဝင်လုဆဲဆဲ ခြေလှမ်းတို့မှာ တုံ့ ဆိုင်းသွား၏။

ခေါင်းကိုချာခနဲနေအောင်လှည့်အကြည့်မှာပင် ဘယ်လိုမှ မျှော်လင့်မထားသော သူမကို အံ့ဩဖွယ်ရာ တွေ့လိုက်ရသည်။ နွမ်းလှဲ့သောမျက်ဝန်းညိုအစုံနှင့် ရှည်လျားယိမ်းနွဲ့သောမဟူရာ ဆံနွယ်မျှင်ရင့်ဆံနွယ်များနှင့် အစိမ်းဖျော့ရောင် မိကျောင်းစပွိုရှပ်နှင့်။

သေချာပါတယ်....

ဒါဟာ သူ့ရဲ့အိပ်မက်များစွာကို ပိုင်စိုးခဲ့တဲ့ သူမပါပဲ။

တထိတ်ထိတ်ခုန်နေသော ရင်အစုံနှင့်အတူ 'ဟုတ်ကဲ့' ဟု အားဆိုရင်း သူမဘက်သို့ သူလှည့်လိုက်မိသည်။ သည်မှာ

ပဇီ မယုံကြည်နိုင်စရာကောင်းသော အံ့ဩဖွယ်ရာ အဖြစ်အပျက်က ထူးဆန်းစွာ စတင်ဖြစ်ပွားတော့သည်။

'ဖြန်း' ခနဲမြည်သံနှင့်အတူ သူမ၏နူးညံ့ပျော့ပျောင်းသော လက်ဖဝါးတစ်ဖက်က သူ၏ပါးပြင်ပေါ်သို့ အရှိန်ဖြင့် ကျရောက်လာခြင်းပင် ဖြစ်သည်။

ခေါင်းကိုအငဲ့ တပ်ထားသော ပါဝါမျက်မှန်ထူထူက မြေပြင်ပေါ်သို့ လွင့်စဉ်၍ကျ၏။ အံ့ဩတုန်လှုပ်ခြင်းကြီးစွာဖြင့် စပ်ဖျဉ်းဖျဉ်း ဖြစ်သွားသော ပါးပြင်ကို ပွတ်သပ်ရင်း သူမဆီသို့ သူအကြည့်ရောက်မိသည်။

မီးတောက်မတတ် ဝင်းလက်နေသော မျက်လုံးအစုံဖြင့် သူအား စူးရှစွာ စိုက်ကြည့်ရင်း ညာဘက်လက်ဖဝါးလေးကို ဆုပ်နယ်နေသည့် သူမအား တွေ့ရသည်။ မျက်မှန်မပါသည့်တိုင် မြင်နိုင်စွမ်းသေးသည့် မျက်လုံးများက သူမ၏ ရဲနီသော လက်ဖဝါးလေးဆီသို့ ရွေ့၏။

သူမရဲ့ လက်ဖဝါးလေး နာသွားမယ် ထင်ပါရဲ့....

ဆွတ်ကျင်သောအတွေးတို့က ပါးပြင်ပေါ်မှ နာကျင်မှုကို ကျော်လွန်လျက် ရင်ထဲသို့ တိုးဝှေ့ဝင်ရောက်လာသည်။ မရိုက်တတ် ရိုက်တတ်နှင့် ရိုက်လိုက်သည့် သူမ၏ လက်ဖဝါးနုနုလေးအတွက် ဝမ်းနည်းစွာ စိတ်မကောင်း ဖြစ်သွားမိသည်။

ပတ်ဝန်းကျင်ကို သတိထားမိသွားဟန်တူသော သူမ၏ အဖော်က အနေရခက်ဟန်နှင့် 'ပြန်ကြစို့ကွာ' ဟု သတိပေးစကားဆိုသည်။ စားသောက်ဆိုင် တစ်ခုလုံးမှ လူပေါင်းများစွာတို့၏ အကြည့်က သူတို့ဆီသို့ စုပြုံကျရောက်နေပြီ





ဖြစ်ကြောင်း သူမလည်း ရိပ်မိလာဟန်ဖြင့် အဖော်၏စကားကို ခေါင်းညိတ်သဘောတူဟန်ပြုရင်း သူ့ဆီသို့ အကြည့်ရွှေ့သည်။

"ဒါဟာ ရှင့်ကို နောက်ဆုံးအကြိမ် သတိပေးလိုက်တာလို့ မှတ်ပါ၊ နောက်တစ်ခါ ကျွန်မနောက်ကို တကောက်ကောက် လိုက်ချောင်းတာတို့၊ စာသင်ခန်းရှေ့မှာ ရစ်ဝဲရစ်ဝဲ လာလုပ်တာတို့တွေ့ရင် ဒီ့ထက်ပိုဆိုးမယ်"

တင်းမာခက်ထန်သော စကားသံတို့အဆုံးမှာပင် သူ့ရှေ့မှ သူမ ချာခနဲလှည့်ထွက်သည်။ လိုအပ်သည်ထက် ပို၍ကျယ်လောင်စွာ ထွက်ပေါ်လာသည့် သူမ၏ဖိနပ်သံကို နားထောင်ရင်း ငေးကြောင်စွာ သူဆက်ရပ်နေမိသည်။

"ရော့....နောင်ကြီး"

အရှည်ကြီးဆိုဇီဘက်မှ ထွက်လာသော ကျောင်းသားတစ်ယောက်က မြေပြင်ပေါ်မှ သူ့မျက်မှန်ကိုကောက်၍ လှမ်းပေးသည်။ အနည်းငယ် တုန်ယင်နေမည်ဖြစ်သော လက်အစုံနှင့် မျက်မှန်ကိုလှမ်းယူရင်း နားလည်မှုရှိသော ထိုကျောင်းသားကို ကျေးဇူးတင်စွာ တစ်ချက်လှမ်းကြည့်မိသည်။

ထို့နောက် ရှက်ရွံ့ကြေကွဲမှု၊ ဝမ်းနည်းအားငယ်မှုတို့နှင့်အတူ မျက်လုံးပေါင်းများစွာ၏ အကြည့်စူးစူးတို့အောက်မှ သူအမြန်ဆုံး လှည့်ထွက်လာခဲ့မိသည်။

# ( ၂ )

နောင်နှစ်ပေါင်းများစွာကြာသည့်တိုင် မေ့နိုင်တော့မည်မဟုတ်သည့် ထိုအဖြစ်အပျက်က အချိန်ပြည့် အတွေးဝဲ့နေရာယူလျက် သူ့နှလုံးသားကို မြည့်မြည့်လောင်မြိုက်စေခဲ့သည်။

လှုပ်ပုံအလယ်၌ ပါးရိုက်ခြင်းဖြင့် အရှက်ခွဲခံခဲ့ရသော လူတစ်ယောက်အနေနှင့် သူမအား စိမ်းပြတ်စွာ နာကြည်းသင့်ပါလျက် မနာကြည်းနိုင်ဘဲဖြစ်နေသည့် ကိုယ့်ကိုယ်ကို အံ့ဩခြင်းဖြစ်ရသည်။

တကယ်ဆို မီးတောက်မတတ် စူးရှဝင်းလက်သည့်အကြည့်တို့ကို မြင်ယောင်သင့်ပါလျက် 'ဒါဟာ ရှင့်ကို နောက်ဆုံးအကြိမ် သတိပေးလိုက်တာ' ဟူသည့် တင်းမာခက်ထန်သော စကားသံတို့ကိုကြားယောင်သင့်ပါလျက် ရဲနီသောလက်ဖဝါး





နုနုလေးကိုသာ မြင်ယောင်နေမိသည်က နည်းနည်းတော့ ဝမ်းနည်းစရာ ကောင်းလှသည်။

သက်ပြင်းတစ်ချက်ကို ငွေ့ငွေ့အချ ရဲနီသော လက်ဖဝါးလေးကို ဆုပ်နယ်နေသည့် သူမ၏ပုံရိပ်က လှပစွာ လူးလွန့်ထွက်ပြီလာပြန်သည်။

တကယ်တော့ ခုလို အဖြစ်အပျက်တွေကို ဖြစ်ပျက်စေလောက်အောင် လုံလောက်တဲ့ အကြောင်းတရား မရှိဟု ကိုယ့်ကိုယ်ကိုအသိ။

သူမ၏စာသင်ခန်းရှေ့မှ အကြိမ်အနည်းငယ်ဖြတ်လျှောက်မိဖူးသည်မှအပ သူမ၏ နှင်းဆီနုရောင် မျက်နှာသွယ်သွယ်လေးကို အဝေးမှ စိုက်ငေးကြည့်နူးမိဖူးသည်မှအပ သူမအားအနှောင့်အယှက် ဖြစ်စေမည့်ကိစ္စ တစ်စုံတစ်ရာကို သူမလုပ်ဖူးခဲ့။

ဘာဖြစ်လို့များ သည်လောက်အထိ တင်းပြတ်ရက်စက်စွာ သူ့မ လတ်တုံ့ပြန်ခဲ့ရတာပါလဲ....

စူးနစ်ရှတသော အတွေးအဆုံး ရဗ်ထဲမှာ နင့်ခနဲ ဖြစ်သွားမိသည်။

ကိုယ်ကိုစောင်းရင်း အိပ်ရာပေါ်မှ ဖြည်းညင်းစွာ ထလိုက်သည်။ စားပွဲပေါ်မှ ဆေးပေါ့လိပ်ကို လှမ်းယူစဉ်မှာပင် အခန်းအပြင်မှ မမကြီးအသံကို သူ သတိပြုလိုက်မိသည်။

"ဟဲ့....မောင်လေး....မိုးကျော်နဲ့ တစ်အောင် ရောက်နေတယ်"

အခန်းတံခါးကိုပုတ်ရင်း လှမ်းပြောနေသည့် မမကြီး၏ အသံကြောင့် ခုတင်ပေါ်မှ ထရပ်ရင်း အခန်းထဲမှ ထွက်လာခဲ့သည်။

ဧည့်ခန်းဆက်တီတွင် ထိုင်နေသည့် မိုးကျော်က သူ့ကို တွေ့တွေ့ချင်း....

"ဟော့ကောင်....ကျောင်းပြေး.... မနေ့က ဘာလို့ အတန်းမတက်တာလဲ"

"အောင်စိုးတို့နဲ့ မြို့ထဲဘက်ပါသွားလို့"

တင်အောင်ဘေးမှာ ဝင်ထိုင်ရင်း သူအဖြေပေးလိုက်သည်။ ခြောက်ကပ်ကပ် သူ့စကားသံအဆုံး မိုးကျော်က ခပ်ယဲ့ယဲ့ ပြုံးသည်။

"ဒီနေ့ကော...."

သူ့မျက်နှာကို အကဲခတ်ဟန်နှင့် စူးစိုက်ကြည့်ရင်း မေးလာသည့် မိုးကျော်၏အမေးကြောင့် ရုတ်တရက် သူ နှုတ်ဆွံ့သွားမိသည်။

"နေသိပ်မကောင်းလို့ပါ"

မိုးကျော်၏ ခပ်ယဲ့ယဲ့အပြုံးက မဲ့ပြုံးအဖြစ် ဖြည်းညင်းစွာ ကူးပြောင်းသွားသည်။

"မင်းပါးက ဘာဖြစ်လို့ ရောင်နေတာလဲ"

တင်အောင်အမေးက ရင်ကို လှပ်ခနဲဖြစ်သွားစေသည်။ သူ တစ်စုံတစ်ရာ အဖြေမပေးနိုင်ခင်မှာပင် မိုးကျော်က 'ညီထွန်းနိုင်' ဟု ခပ်ဆတ်ဆတ် လှမ်းခေါ်သည်။ သူ မိုးကျော်ကို ဖျတ်ခနဲ လှမ်းကြည့်လိုက်မိသည်။





"မင်း ဘာဖြစ်လို့ ငါတို့ကို မပြောတာလဲ"

"ဘာလဲ မိုးကျော်.... ဘာကိုပြောရမှာလဲ၊ မင်းဥစ္စာကလဲ အရင်းမရှိ အဖျားမရှိနဲ့"

ခပ်ပေါ့ပေါ့ ရယ်မောရင်း စကားလွှဲရန် ကြိုးစားလိုက်သော်လည်း မအောင်မြင်။ မိုးကျော် သူ့ကို တည့်တည့်စိုက်ကြည့်ရင်း ပြောသည်။

"ဒီမှာ ညီထွန်း....မနေ့က ခင်လေးသစ်နဲ့ မင်းနဲ့ ပြဿနာဖြစ်တာ တောင်ငူဆောင်တစ်ဆောင်လုံး သိတယ်၊ ဒီနေ့ဆို တစ်ကျောင်းလုံး ပြန့်လောက်ပြီ၊ မင်း ဘာဖြစ်လို့ ငါတို့ကို ဖုံးထားချင်ရတာလဲ"

မိုးကျော်၏စကားကြောင့် ပင့်သက်တစ်ချက်ကို ခက်ခဲစွာ ရှိုက်သွင်းလိုက်မိသည်။ တစ်ပြိုင်နက်တည်း 'ခင်လေးသစ်နဲ့ မင်းနဲ့ ပြဿနာဖြစ်တာ' ဟူသော မိုးကျော်၏ စကား အသုံးအနှုန်းကို သတိပြုလိုက်မိသည်။

ပါးရိုက်ခြင်းဟူသော ကိစ္စကို ပြဿနာဟူသောစကားနှင့် အစားထိုး သုံးစွဲလိုက်သည့် မိုးကျော်၏ ညာတာမှုကို ကျေးဇူးတင်လို မိသော်လည်း ရင်ထဲမှ နာကျင်ကြေကွဲမှုက ပြေလျော့မသွားခဲ့။

"မင်းတို့ စိတ်မကောင်းဖြစ်နေမှာ စိုးလို့ပါ"

အနည်းငယ် တုန်ယင်ယင်ဖြစ်နေသော အသံကိုထိန်းရင်း သူ ပြောလိုက်မိသည်။

"မင်းကို ငါတို့ အစောကြီးကတည်းက သတိပေးခဲ့သားနဲ့ ညီထွန်းရာ"

တင်အောင်က ကရုဏာဒေါသောအသံဖြင့် မချင့်မရဲ ဝင်ပြောသည်။ မိုးကျော်က အံဘစ်ချက်ကြိတ်ရစီး မေးသည်။

"မင်း သူ့ကို ဘာမှပြန်မလုပ်ခဲ့ဘူးလား"

မိုးကျော်ကိုငေးကြည့်ရင်း ခေါင်းယမ်းပြလိုက်မိသည်။

"တောက်....မင်းမို့ လို့ပေါ့ ညိုထွန်းရာ၊ ငါသာဆို ခင်လေးသစ် မလွှယ်ဘူး"

အစဉ်အမြဲ သွေးဆူစိတ်တိုလွယ်သော မိုးကျော် တက်တခေါက်ခေါက်နှင့် မကျေမချမ်းဖြစ်စွာ ပြောသည်။ တင်အောင်က လွယ်အိတ်ထဲမှ ဆေးပေါ့လိပ်ကိုထုတ်၍ မီးညှိဖွာရှိုက်ရင်း သူ့ကို လှမ်းမေးသည်။

"ခင်လေးသစ်ဘေးနားမှာ ဘယ်သူပါသေးလဲ"

တင်အောင့်အမေးက ကြေကွဲနူတ်ဆိတ်စွာ ငြိမ်သက်နေမိသော သူ့ရင်ကို နင့်ခနဲဖြစ်သွားစေသည်။

ရဘောင်မျက်မှန်နှင့်၊ ပြည်ပဖြစ် ဘောင်းဘီနှင့်၊ အစဉ် နှစ်လိုဖွယ် ချောမောသပ်ရပ်နေသော တင်ထက်၏မျက်နှာကို မြင်ယောင်လိုက်မိသည်။

ဘယ်လိုဖြေရင်ကောင်းမလဲဟု စကားစ ရှာနေစဉ်မှာပင် မိုးကျော်က ဝင်ပြောသည်။

"မင်း လိမ်ဖို့မစဉ်းစားနဲ့ ညိုထွန်း၊ တင်ထက်ပါတယ် မဟုတ်လား"

"ထင်တာပဲ၊ အဲဒီတုန်းက ငါလဲပူထူနေတော့ သေသေချာချာ သတိမထားလိုက်မိဘူး"





မရေမရာပုံစံဖြင့် ထိန်း၍ အဖြေပေးလိုက်မိသည့်တိုင် သူ့ကြိုးစားမှုမှန်သမျှက အလဟဿဖြစ်သွားခဲ့သည်။

"ပါတယ် ညိုထွန်း၊ အဲဒီကောင်ပါ ပါတယ်၊ နှဲ့ရီ ငါ့ကို အကုန်ပြောပြတယ်"

တင်အောင်စကားအဆုံး မိုးကျော် တက်တစ်ချက်ခေါက်သည်။

"ယောကျ်ားမဆန်လိုက်တဲ့ကောင်ကွာ၊ သူမို့ လို့ မရှက်ကြောက် မျက်နှာပြောင်တိုက်ပြီး လိုက်လာရဲတယ်"

သူ့အတွက် မကျေမချမ်းဖြစ်နေကြသော သူငယ်ချင်းနှစ်ယောက်ကို ရီဝေစွာ ငေးကြည့်ရင်း ငြိမ်သက်နေမိသည်။

"ဒီလောက်ဆို မင်း သဘောပေါက်ဖို့ကောင်းပြီ ညိုထွန်း၊ မင်း ခင်လေးသစ်ကို မေ့ပစ်လိုက်တော့"

အရာရာကို တွေးတွေးဆဆပြုလျက် ခပ်ဖြည်းဖြည်းပြောတတ်သော တင်အောင်က သူ့ထုံးစံအတိုင်း တစ်လုံးချင်းပြောသည်။

မေ့ပစ်လိုက်တော့....တဲ့။

မေ့တယ်ဆိုတာ ဦးနှောက်နဲ့ဆိုင်တဲ့ကိစ္စပဲ တင်အောင်....မှတ်ဉာဏ်မှာ စွဲထင်လာတဲ့အရာတစ်ခုကို မေ့ပျောက်ပစ်လို့ရပေမယ့် နှလုံးသားထဲကို သူ့အလိုအလျောက် စူးနစ်လာတဲ့

အရာကျတော့ ဘယ်လိုလိုပ် မေ့ဖျောက်ပစ်လို့ ရမလဲ... အချစ်ဆိုတာ နှလုံးသားနှင့် သက်ဆိုင်တဲ့အရာပါ၊

ရင်ထဲမှ ရှန်းကြွလာသော အသံမဲ့စကားလုံးတို့ဖြင့် တင်အောင်ကို တိတ်ဆိတ်စွာ ပြန်ပြောနေမိသည်၊





( ၉ )

လမ်းကျဉ်းလေးထဲသို့ ချိုးအကွေ့မှာပင် တိုက်ရှေ့၌ရပ်ထားသော တင်အောင့် (မာဇဒါဂျစ်)ကို သတိပြုမိသည်၊ တင်အောင်နှင့် မိုးကျော်ရောက်နေကြပြီဟု သူ တွေးလိုက်မိသည်၊

"ဒီနေ့ အိမ်မှာ လက်သုပ်လုပ်စားတယ်၊ နဗီ ဆက်ဆက်လာခဲ့ဟာ၊ လက်သုပ်လဲစားရင်း စကားလေး ဘာလေးလဲ ပြောရင်းပေါ့၊ တင်အောင်နဲ့ မိုးကျော်လဲလာလိမ့်မယ်၊ ငါ ခေါ်ထားပြီးသား"

နံနက်က ဖုန်းဆက်ပြောလာသည့် နွဲ့ရီ၏စကားကို ကြားယောင်လိုက်မိသည်၊

'ငါ မလာချင်ဘူးဟာ၊ ခုတလော ဘယ်သူနဲ့မှ မတွေ့ချင်ဘူး'ဟူသော စကားနှင့်ငြင်းမည်ဟု သူ စိတ်ကူးခဲ့သေးသော်လည်း နောက်တော့ လွယ်ကူစွာ သဘောတူခဲ့မိသည်၊

တင်အောင့် မာဇဒါဂျစ်နောက်တွင် သူ့အားကို ထိုးရပ်ရင်းတိုက်ပေါ်သို့ တက်လာခဲ့သည်။ သူ့ကိုအတွေ့မှာပင် နွဲ့ရီက သံဘာဂျာတံခါးကို ဆွဲဖွင့်ရင်း....

"သေခဲ့ဦးမယ်.... ခုပဲ နင့်အကြောင်းတွေ ပြောနေတာ"

'နင့်အကြောင်း' ဟူသော စကားက တောင်ငူဆောင်ရှေ့မှာ ဖြစ်ခဲ့သည့် ပြဿနာကို ရည်ညွှန်းလေသလား ဟူသော အတွေးဖြင့် မွန်းကျပ်ကြေကွဲသွားမိသည်။

"နင်ကလဲဟယ်.... သုံးလေးရက်တောင် ကျောင်းပြေးသလား၊ ခုကော သက်သာသွားပြီလား"

မိုးကျော်မရှု မှုခုံမှာ ဝင်ထိုင်ရင်း နွဲ့ရီ၏ မျက်နှာကို ဖျတ်ခနဲတစ်ချက် ငွေ့ဝဲ၍ ကြည့်လိုက်မိသည်။

သက်သာသွားပြီလား ဟူသော အမေးက ရင်ထဲမှ ဝေဒနာကို လှုပ်ခတ်နိုးထစေရန် လုံလောက်သော အမေးစကားပင်ဖြစ်သည်။

ဘာကိုမေးတာလဲ နွဲ့ရီ.... ရင်ထဲက အနာကိုလား.... ပါးပေါ်က ဒဏ်ရာကိုလား....ဟု ပြန်မေးလိုက်ချင်သည့် စိတ်တို့ကို ချိုးနှိမ်လိုက်ရသည်။

စကားမှားသွားပြီတု သတိထားမိဟန်တူသော နွဲ့ရီက....

"လက်သုပ်စားတော့မလား"

ဟူသောအမေးနှင့် ဖုံးဖိဖြေဖျောက်လိုက်သည်။

"ရပါတယ်၊ နောက်မှပဲ စားတာပေါ့"

"နောက်မှမလုပ်နဲ့ ကိုယ့်လူ၊ ငါတို့ဆာလှပြီ၊ မစားသေးဘဲ မင်းကို တမင်စောင့်နေတာ"





မခကျမနပ် ပြောလာသော မိုးကျော် စကားကြောင့် "ဒါဖြင့်လဲ စားတာပေါ့" ဟု ပြန်ပြောလိုက်ရသည်။ ထို့နောက် နွဲ့ရီက ဦးဆောင်လျက် ထမင်းစားခန်းသို့ သွား၍ လက်သုပ်စားဖြစ်ကြသည်။

အခန်းပေါင်းများစွာ ပါသော နွဲ့ရီတို့အိမ်က လူငါးယောက်သာရှိသော နွဲ့ရီတို့ မိသားစုအတွက် ကျယ်ဝန်းလွန်းသည်။

ထမင်းစားခန်း၌ အသုပ်စားနေစဉ် သူတို့စကားကိုကြားနိုင်သော အကွာအဝေး၌ နွဲ့ရီ၏အိမ်သခေးများ တစ်ယောက်မျှမရှိကြ။

လွတ်လပ်သော ပတ်ဝန်းကျင်အနေအထားက မိုးကျော်ကို လွတ်လပ်စွာ စကားစခွင့် ရသွားစေခဲ့သည်။ မိုးကျော်၏စကားက သူ စိုးရိမ်နေခဲ့သည့် ခင်လေးသစ်နှင့် ပတ်သက်သည့်စကားပင်ဖြစ်သည်။

"ညိုထွန်း ရှေ့မှာပဲ တစ်ခါတည်း ပြောလိုက်ရဦးမယ်၊ နင့်သူငယ်ချင်းကို သတိပေးလိုက် နွဲ့ရီ၊ နောက်တစ်ခါ ခုလိုမိုယ်ထိလက်ရောက် စော်ကားတာမျိုး မလုပ်ဖို့"

"ငါ့သူငယ်ချင်းမဟုတ်ပါဘူး မိုးကျော်ရာ၊ သူနဲ့တွဲနေတဲ့ အေးအေးမြင့်နဲ့ ငါနဲ့က(၁၀)တန်းကတည်းက အတူတူမို့ လို့ အေးအေးမြင့်ကတစ်ဆင့် ခင်လေးသစ်နဲ့ သိရတာပါ၊ သိပ်ရင်းတနှီးကြီး မဟုတ်ပါဘူး"

"ဘာပဲဖြစ်ဖြစ်ပေါ့ဟာ၊ အေးအေးမြင့်က တစ်ဆင့် ဖြစ်ဖြစ်ပေါ့၊ ပြောလိုက်စမ်းပါ၊ သူလုပ်ပုံက လွန်လွန်းလို့ပါ"

"လွန်တာမှ တော်တော့်ကို လွန်တာ"

တင်အောင်ကပါ တွေးတွေးဆဆ ဝင်ပြောသည်။ လ[...] သုပ်ကို တိတ်ဆိတ်စွာစားရင်း ကိုယ်နှင့်မဆိုင်သလို ငြိမ်သ[...] နေမိသော်လည်း တင်အောင့်စကားတို့ကိုတော့ စူးစိုက် န[...] ထောင်နေမိသည်။

"တက္ကသိုလ်လိုနေရာမျိုးမှာ ယောကျာ်းလေးတစ်ယော[...] က မိန်းကလေး တစ်ယောက်ကို လိုက်တယ်ဆိုတာ ဘာ[...] ထူးဆန်းတဲ့ ကိစ္စမဟုတ်ဘူး၊ နောက်ပြီး ညိုထွန်းအဆင့်[...] လိုက်တယ်လို့တောင် ပြောလို့ရတဲ့ အဆင့်မဟုတ်ဘူး၊ တစ်ပ[...] တစ်ခါလောက် အတန်းရှေ့က ဖြတ်လျှောက်တာတို့၊ စ[...] ဝတ္ထုတွေထဲကလို ခပ်ဝေးဝေးကရှဲဒိုးလိုက်တာတို့၊ဒီလောက် ရှိတာ"

တင်အောင်စကားအရပ်တွင် မပြောတော့ဟု ရည်ရွယ် ထားလျက်က သူ ဝင်ပြောဖြစ်သည်။

"ဒါကလဲ ရှိလှမှ လေးငါးဆယ်ခါပါ တင်အောင်ရ[...] သူ့အမျိုးသားနဲ့ တွဲပြတာ မြင်ပြီးကတည်းက ငါရှောင်ခဲ့ တာပဲ"

မိုးကျော်က စုတ်တစ်ချက်သပ်ရင်း ခေါင်းခါယမ်းသည်။

"တော်စမ်းပါ ညိုထွန်းရာ၊ ဘာသူ့အမျိုးသားလဲ၊ ပ[...] လျှတ်နားလျက်နဲ့ နောက်ပိုးပိုးနေတဲ့အဆင့်ပဲ ရှိတာပါ"

နှဲ့ရီက ဟင်းခါးတစ်ဇွန်း ခပ်သောက်ရင်း....

"ဒါနဲ့ ခင်လေးသစ်ကပြောတော့ အဲဒီနောက်လဲ ညိုထွန်းကို တွေ့တာပဲတဲ့"





"ဒါကတော့ တစ်ကျောင်းတည်း တက်နေကြတဲ့ဥစ္စာ၊ [...]တွေ့ဘဲ နေမလား နှဲ့ရီရ၊ နောက်ပြီး တောင်ငူနဲ့ရာမည [...]လောက်ကပ်နေတဲ့ဟာ၊ ဘယ်လောက်ကြာအောင် ရှောင် [...]ရမှာလဲ"

မိုးကျော်က ခပ်ဆတ်ဆတ်ဝင်ပြောသည်။ နှဲ့ရီက သဘော [...]ဟန်ဖြင့် ခေါင်းညိတ်ရင်း....

"အေးလေ.... အဲဒါကို ခင်လေးသစ်က သူ့ကို လိုက်နေ [...]တုန်းပဲလို့ ထင်သွားလားမှ မသိတာ"

"သူထင်သလို ညိုထွန်းက သူ့ကို လိုက်နေတုန်းပဲ ထား [...]ါတော့၊ အဲဒီကိစ္စဟာ ပါးရိုက်ဖို့အထိ လိုအပ်သလား"

တင်အောင်က ထင်မြင်ချက်တောင်းသလို နှဲ့ရီကိုမေးသည်။

"အေးလေ.... အဲဒါကြီးကတော့ လွန်တာပေါ့"

နှဲ့ရီ တုံ့ဆိုင်းစွာ ဖြေသည်။ တစ်ဆက်တည်း သူ့ဘက်သို့ လှည့်ရင်း....

"နေစမ်းပါဦး၊ အဲဒီနေ့က နင်နဲ့ ခင်လေးသစ် ဘယ်လို လုပ် သွားတိုးတာလဲ"

နှုတ်ဆိတ်ငြိမ်သက်နေရာမှ နှဲ့ရီအမေးကြောင့် သက်ပြင်းချရင်း "ဒီလိုဟာ...."ဟု အစချီဖြစ်သည်။

"အဲဒီနေ့က ငါကျောင်းကို အစောကြီး ရောက်တယ်၊ အတန်းပေါ် တက်ကြတော့ တင်အောင် ရောက်နေပြီ၊ 'အအေး'ဘက် ထွက်သွားတယ်လို့ အတန်းထဲက တစ်ယောက်က ပြောတယ်၊ ဒါနဲ့ ငါလဲ တင်အောင့်နောက်ကို လိုက်တယ်၊

ဂျပ်ဆင်အောက်ရောက်တော့ လှေကားထစ်မှာ ထိုင်နေတဲ့ ခင်လေးသစ်တို့နဲ့ သွားတိုးတယ်"

"တင်ထက်ကော ပါသလား"

ဥပဒေသမားပီသသော တင်အောင်က သေချာအောင် ဝင်မေးသည်။

"ပါတယ်၊ ငါကလဲငါပဲ၊ လမ်းလျှောက်ရင်း ငိုင်ပြီး လျှောက်တတ်တော့ သူတို့ထိုင်နေမှန်းမသိဘူး၊ သူတို့နားက သွားဖြတ်မိတယ်၊ ပြီးတော့ ပိုဆိုးတာက သူတို့ရှေ့တည့်တည့်ရောက်မှ သေသေချာချာ ကြည့်လိုက်မိတယ်....

"သူတို့က ငါ့ကို ကြိုတွေ့ထားပုံရတယ်၊ နှစ်ယောက်စလုံး ငါ့ကို ကြည့်နေကြတာ၊ သူတို့မှန်းလဲသိရော.... ငါမျက်နှာလွှဲပြီး ဆက်လျှောက်လာမိတယ်"

"သူတို့ကတော့ မင်းတမင်ရှိတာလို့ ထင်မှာပဲ"

"သေချာတာပေါ့"

မိုးကျော်က ခေါင်းတညိတ်ညိတ်လုပ်ရင်း ထောက်ခံသည်။ သူခပ်ဖြည်းဖြည်း ဆက်ပြောမိသည်။

"အအီးဘက်ရောက်တော့ တင်အောင်ကို မတွေ့တာနဲ့ ငါပြန်လာတယ်၊ သူတို့နဲ့ တစ်ခါထပ်ဆုံတယ်၊ ဖုန်းဆက်ဖို့ လာတာလား၊ အသိတစ်ယောက်ဆီလာတာလား မသိဘူး၊ အာရ်စီနောက်မှာ ရပ်နေတာ....

"ဒါနဲ့ ငါလဲ သူတို့ရှေ့က မဖြတ်ချင်တာနဲ့ အောင်စိုးဆီ သွားတယ်၊ အက်စ်ဝမ်းမှာ အတန်းတက်နေတာ၊ ငါ့ကို





တွေ့တော့ အောင်စိုးက ခဏစောင့်ဦးဆိုတာနဲ့ သူ့အတန်းရှေ့မှာပဲ ရပ်စောင့်နေလိုက်တယ်....

"တစ်အောင့်ကြာတော့ အောင်စိုးထွက်လာတယ်၊ လိုက်ဘရီရှေ့မှာ ထိုင်ရအောင်ဆိုပြီး သူရယ် ငါရယ် ဆင်းလာတယ်၊ အဲဒီမှာ ခင်လေးသစ်တို့နဲ့ ထပ်တိုးတယ်"

"ဟောတော့...."

နွဲ့ရီက အာမေဋိတ်သံပြုသည်။

"ကံဆိုးတဲ့ တိုက်ဆိုင်မှုလို့ ပြောရမှာပဲ၊ ခင်လေးသစ်နဲ့ တင်ထက်ကလဲ အတက်၊ အောင်စိုးကလဲ ငါ့ကို စကားလှည့်ပြောရင်း လောလော လောလောနဲ့ အဆင်း အောင်စိုးနဲ့ တင်ထက် တိုက်မိတယ်"

"ဖြစ်ရမယ်"

မိုးကျော်က ဝင်မှတ်ချက်ချသည်။

နွဲ့ရီက အလောတကြီးဖြင့်....

"ပြောပါဦး.... အဲဒီတော့ ဘာဖြစ်လဲ"

"ဘာမှမဖြစ်ပါဘူး၊ သူတို့ချင်း တစ်ယောက်နဲ့တစ်ယောက် တောင်းပန်ပြီး ပြီးသွားတယ်၊ ခင်လေးသစ်ကတော့ သိပ်ကျေနပ်ပုံမရဘူး"

"မင်းတမင်လုပ်တာလို့ ထင်မှာပဲ"

တင်အောင့်အမေးကို ခေါင်းညိတ် အဖြေပေးလိုက်မိသည်။

နွဲ့ရီက....

"အေးဟာ... နင်ကလဲ ကံဆိုးတာပဲ၊ တစ်ချိန်လုံး သူတို့နဲ့ တိုးနေတော့ ခင်လေးသစ်က နင် သူတို့နောက်ကို တမင် လိုက်ချောင်းနေတယ်လို့ ထင်မှာပဲ"

"ကျိန်းသေတာပေါ့၊ ဘာဖြစ်လို့လဲဆိုတော့ နောက်တစ်ခါ သူတို့နဲ့ ထပ်ဆုံသေးတယ်"

"ဟယ်...."

နွဲ့ရီ တအံ့တဩရေရွတ်သည်။ သူ သက်ပြင်းတစ်ချက်ကို ရှိုက်သွင်းရင်း ဆက်ပြောပြမိသည်။

* * *

"လာကွာ.... လက်ဖက်ရည် တစ်ခွက်လောက် သွားသောက်ရအောင်"

အောင်စိုးက ထိုင်ရာမှထရပ်ရင်း ပြောသည်။

"ဘယ်မှာသောက်မှာလဲ"

"နီးနီးနားနား ဆိုင်းယင့်ကင်တင်းန်မှာပဲ သောက်မှာပေါ့"

"တောင်ငူမှာသောက်ရအောင်"

သူ့တိုက်တွန်းမှုကို အောင်စိုးက ခေါင်းခါငြင်းဆန်သည်။





"လက်ဖက်ရည်တစ်ခွက်အတွက် အဲလောက် ခြေထောက်အညောင်းမခံနိုင်ဘူး ညီထွန်း၊ ဒီမှာပဲသောက်မယ်၊ လာပါ၊ လက်ဘက်ရှေ့ကဖြတ်ရင်း အချောအလှလေးတွေပါ ကြည့်သွားလို့ရတယ်"

အောင်စိုးက ဆွယ်တရားဟောရင်း ပခုံးဆွဲကာ သူ့ကို အတင်းထူသဖြင့် သူ ထလိုက်လာမိသည်။ အက်စ် ဝမ်း၊ တူး၊ ထရီးရှေ့မှ ခေါင်းငုံ့၍ဖြတ်ရင်း ခင်လေးသစ်တို့နှင့် ထပ်တိုးဦးမလားဟု စိုးရွံ့တွေးကို တွေးလိုက်မိသည်။

ကော်ရစ်ဒါအဆုံး ညာဘက်သို့ချိုးကွေ့လျက် လှေကားထစ်တို့ကို ဆင်းချိန်မှာတော့ သူ၏စိုးရွံ့မှုတို့ကို အောင်စိုး၏ စကားက ထောက်ခံ ဖြည့်ဆည်းပေးလိုက်တော့သည်။

"ဟိုမှာ ခုနကကောင်မလေး မဟုတ်လား"

အောင်စိုး၏စကားကြောင့် တူရူသို့ အကြည့်ရောက်မိသည်။ အက်စ်အီး သရီးနောက် ကော်ရစ်ဒါအချိုးနားတွင် ရပ်လျက် သူတို့နှစ်ယောက်ကို စူးစိုက်ကြည့်နေသော ခင်လေးသစ်ကို သတိပြုမိသည်။

အကြည့်အရွေ့ အက်အီး သရီး အတွင်းမှ တစ်စုံ တစ်ယောက်ကို ရှာနေဟန်တူသော တင်ထက်ကိုပါ ခပ်လှမ်းလှမ်းရှိ စာသင်တန်းအဝနားတွင် တွေ့ရသည်။

မမိတ်မသုန် စူးစိုက်ကြည့်နေသော သူမ၏အကြည့် စူးစူးတို့ကြောင့် ခေါင်းကို အမြန်ငုံ့ချလိုက်မိသည်။

"ဟုတ်တယ်မဟုတ်လား၊ စောစောက ကောင်မလေး မဟုတ်လား"

ခင်လေးသစ်ကိုမသိသော၊ ခဗီလေးသစ်နှင့် သူ၏ ဇာတ်လမ်းကိုပါ မသိသော အောင်စိုးက အလိုက်မသိစွာ ခပ်တိုးတိုး လှမ်းမေးပြန်သည်၊

"ဟုတ်တယ်...."

အောင်စိုးကို ခပ်သွက်သွက် ပြန်ဖြေရင်း ကော်ရစ်ဒါအတိုင်း သူမရှေ့မှ ဖြတ်လျှောက်ရမလား.... အပြင်ဘက်မှ ထွက်လျှောက်ရမလားဟု ဒွိဟဖြစ်နေမိသည်၊ ထိုအချိန်မှာပဲ သူမအနားသို့ တဖြည်းဖြည်း နီးကပ်လာတော့သည်။

နောက်ဆုံး မထူးပါဘူးဟူသော အတွေးနှင့် သူမရှေ့မှ ခေါင်းငုံ့လျက် ခပ်သွက်သွက် ဖြတ်လျှောက်လိုက်မိသည်၊ အခြေအနေ အရပ်ရပ်ကို သဘောမပေါက်သော အောင်စိုးက သူ့နောက်မှ ခြေလှမ်းသုံးလှမ်းစာလောက် နောက်ကျန်နေခဲ့သည်၊

ထိုအချိန်မှာပင် ကံဆိုးသော တိုက်ဆိုင်မှုတစ်ခုက ထပ်မံဖြစ်ပွားပြန်သည်။

"ညိုထွန်းရေ....ဖူးစာဆိုတာ ဒီလိုပဲ၊ မကြာမကြာ ပြန်ဆုံတတ်တယ်"

"ဘာ.... ပြောတယ်"

သူ့ကိုရည်ညွှန်းလျက် ခပ်တိုးတိုး လှမ်းပြောလိုက်သည့် အောင်စိုး၏အသံနှင့်အတူ ထိုအသံကို ကြားသွားဟန်တူသော ခင်လေးသစ်၏ တုံ့ပြန်သံ စူးစူးကိုပါ သတိပြုလိုက်မိသည်၊





သူ့ ခြေလှမ်းတုံ့ဆိုင်းလျက် နောက်ပြန်လှည့်ရမလား.... ဆက်သွားရမလား....ဝေခွဲမရ။

"ကြားသွားတယ်နဲ့တူတယ်၊ ဆောရီး ဗျာ...."

ခပ်အုပ်အုပ် တောဖီးပန်သံနှင့်အတူ အောင်စိုး သူ့အနား ရောက်လာသည်၊

"လာ....လာ....ညိုထွန်း လစ်မယ်"

သူ့ခုံးကိုပုတ်ရင်း ပြောင်စပ်စပ်မျက်နှာနှင့် အောင်စိုး ပြောသည်၊ အောင်စိုးကိုငေးကြည့်ရင်း သက်ပြင်းတစ်ချက်ကို မှုတ်ထုတ်လိုက်မိသည်၊

* * *

"အောင်စိုးက တဇ်ထက်ပါလာတာ မခတွေ့ဘူးလား...."

နှဲ့ရီ သူ့ကိုကြည့်ရင်း ခမေးသည်၊

"မတွေ့လို့ဖြစ်မှာပေါ့၊ တင်လက်က ဟိုဘက်အတန်းရှေ့မှာ အဝေးကြီးပဲ"

"တွေ့လဲ ဒီကောင်က ပါးစပ် စည်းစောင့်တဲ့ ကောင့်မှ မဟုတ်တာ"

မိုးကျော်က မှတ်ချက်ချသည်၊

တင်အောင်က ခေါင်းညိတ်ရင်း....

"နဂိုကတည်းက မင်းတို့နှစ်ယောက် တိုးတိုး တိုးတိုး လုပ်လာတာရယ်၊ အနားရောက်တော့ အောင်စိုးနောက် လိုက်တဲ့ ဖူးစာဆိုတာရယ် ပေါင်းလိုက်တော့ အပြစ်အားလုံး က မင်းခေါင်းပေါ်ရောက်လာတာပေါ့"

"အောင်စိုးဆီကပြန်တော့ အရှည်ကြီးဆိုင်မှာ မင်းတို့ ရှိမလားလို့ သွားရှာတယ်၊ အဲဒီမှာ သူတို့နှစ်ယောက် ငါ့ နောက်ရောက်လာတယ်၊ ပြီးတော့ ပါးရိုက်တော့တာပဲ"

"တောက်...."

မိုးကျော် တက်တစ်ချက်ခေါက်သည်။

နွဲ့ရီက သက်ပြင်းတစ်ချက်ချရင်း....

"ဖြစ်မှဖြစ်ရလေဟယ်၊ ခင်လေးသစ်က အဲဒီနေ့ပဲ နင့်ကို ပါးရိုက်လိုက်မိတယ်လို့ ငါ့ကိုချက်ချင်းလာပြောတယ်၊ ဒါပေ မယ့် ဘယ်နေရာမှာ ရိုက်တယ်လို့တော့ မပြောဘူး၊ ခုတော့ ဟယ်...."

"ငါလွဲ အဲဒါတစ်ခုကိုပဲ စိတ်မကောင်းဖြစ်မိတာ နွဲ့ရီ၊ ပါးရိုက်တာ မနာပါဘူး၊ လက်ဖက်ရည်ဆိုင်ရှေ့လို နေရာ မျိုးမှာ အရိုက်ခံရတာတော့ ဝမ်းနည်းတယ်၊ စားသောက် ဆိုင်တန်းတစ်ခုလုံး နည်းတဲ့လူတွေမှမဟုတ်တာ"

"ခင်လေးသစ် တော်တော်လွန်တာပဲဟာ၊ သူလဲ ခေတ် ပညာတတ် တစ်ယောက်ပဲ၊ အခြေအနေနဲ့ အချိန်အခါကို တော့ ရွေးချယ်တတ်ဖို့ကောင်းတာပေါ့၊ ငါ သူ့ကို ရှင်းပြ လိုက်ပါ့မယ်"





"ဘာရှင်းပြမှာလဲ နွဲ့ရီ"

"ခု နင်ရှင်းပြသလိုပေါ့၊ အဲဒီနေ့က အခြေအနေမှန်ကို သူသိသွားတော့ သူ့အမှားသူ သဘောပေါက်သွားမှာပေါ့"

"နေပါစေ နွဲ့ရီရာ"

ခေါင်းခါယမ်းရင်း သူတားလိုက်မိသည်။

နွဲ့ရီက မျက်လုံးလှန်လျက် သူ့ကိုကြည့်ရင်း....

"ဘယ့်နှယ်နေပါစေလဲ.... သူ့အမှား သူသိအောင်တော့ ရှင်းပြရမှာပေါ့၊ ဘာလဲ....ငါဝင်ရှင်းမှ ပိုရှုပ်ကုန်မှာ စိုးလို့ လား"

နွဲ့ရီအမေးကို ဘာမှအဖြေမပေးဖြစ်။

"မပူပါနဲ့ ညိုထွန်းရာ၊ သူနားလည်အောင် ငါရှင်းပြ တတ်ပါတယ်"

သူ သက်ပြင်းတစ်ချက်ကိုရှိုက်ရင်း နွဲ့ရီကိုကြည့်လိုက်သည်။

"နင် ရှင်းပြနိုင်လိမ့်မယ်ဆိုတာ ငါယုံပါတယ်ဟာ၊ နင် ရှင်းပြလိုက်ရင် သူ့အမှားအတွက် နောင်တရသွားမှာ၊ စိတ် မကောင်းဖြစ်သွားမှာလဲ သေချာတယ်၊ ဒါပေမယ့်...."

"ဒါပေမယ့် ဘာဖြစ်လဲ...."

တင်အောင် သူ့ကိုစိုက်ကြည့်ရင်း ဝင်မေးသည်။

တင်အောင့်အကြည့်တို့ကို ရှောင်လွှဲရင်း ခပ်တိုးတိုး ဆက် ပြောလိုက်မိသည်။

"ငါ့အတွက် သူ့ နောင်တမရစေချင်ဘူး၊ စိတ်မကောင်းလဲ မဖြစ်စေချင်ဘူး"

သူ့စကားအဆုံး မိုးကျော်၏ စုတ်သပ်သံ၊ နီတာဇီအောင်နှင့် နွဲ့ရီတို့၏ သက်ပြင်းချသံတို့ကို ပြိုင်တူလိုလို သတိပြုလိုက်မိသည်။



# အပိုင်း (၁)

# (က)

"မေ့လိုက်တော့"ဆိုတဲ့ သူငယ်ချင်းတွေရဲ့ စကားကို နား ထဲမှာ အခါခါ ကြားယောင်နေမိပေမယ့် နှလုံးသားဆိုတာ ပုံသွင်းခံ အရာ တစ်ခုမှ မဟုတ်ပါဘဲ မခင်သစ်။

ရင်မှာ နှောင်ဖွဲ့ခဲ့တဲ့ ... ဖြစ်ခဲ့ပြီးကာမှ "အချစ်"ဆိုတဲ့ ရင်ထဲက အရာကို ဆွဲထုတ်ချေမျက်၊ ကြိုးစား ချက်တွေဟာ ဘယ်နှယ်လုပ်ပြီးတော့များ အောင်မြင်နိုင်မှာ တဲ့လဲ မခင်သစ်။

ကျွန်တော်....အသက်တမျှ ချစ်ခဲ့ရတာပါ။

* * *

လှိုင်စာဝေ

(၆)

နေ့ပေါင်းများစွာ မြတ်နိုးစွာ ခိုးကြည့်ခဲ့မိတဲ့....

ညဥ့်ပေါင်းများစွာ အတွေးမှာ တရစ်ဝဲဝဲ မြင်ယောင်နေခဲ့မိတဲ့....

ရင်ခုန်ဖွယ် အိပ်မက်များစွာကို မွေးဖွားနိုင်စွမ်းတဲ့....

မခင်သစ်ရဲ့ နှင်းဆီရောင် မျက်နှာသွယ်သွယ်လေး တစ်ခုကိုလူမသိ သူမသိ တိတ်တိတ်ကလေး စွဲမက်နေမိတဲ့ အပြစ်ဟာ "အပြစ်"လို့ ယူဆပါသလား၊ မခင်သစ်၊

ကျွန်တော်....အပြစ်များစွာ လုပ်ခဲ့မိပါသလား....

*   *   *

လှိုင်စာပေ

(၇)

အကွယ်အကာရှိတဲ့ နေရာတစ်နေရာက်နေ ဘယ်သူမှ မသိအောင် တိတ်တိတ်ကလေး ငေးမောကြည့်ခဲ့မိတာ၊ မခင်သစ် လမ်းသွားတဲ့အခါ....

ခြေလှမ်းပေါင်း မြောက်မြားစွာ၊<br>
ဟိုခပ်ဝေးဝေး တစ်နေရာက၊<br>
မျှော်ငေးတမ်းတခဲ့မိတာ....၊<br>
အဲဒါတွေကလွဲလို့ မခင်သစ်ရဲ့ ဘဝမှာ

စိတ်ဓာတ် အနှာတရ ဖြစ်စေလောက်တဲ့ ကိစ္စ တစ်စုံတစ်ရာ ကျွန်တော် မလုပ်ခဲ့ရိုး အမှန်ပါ မခင်သစ်။ ။

*   *   *

လှိုင်စာပေ

( ဿ )

ပါးရိုက်ဘာကို နာကြည်းဖို့ထက်၊ နာသွားတဲ့ မခင်သစ်ရဲ့ လက်ဖဝါးလေးကို မသနားမိဖို့ ကျွန်တော် အလျှော်ကြီးစားပါရစေဦး။ ။

* * *



( ၁ )

ရေးလက်စ ဒိုင်ယာရီစာအုပ်လေးကို ပိတ်လျက် သက်ပြင်းတစ်ချက်ကို ဖွဖွချမိသည်။ မှိုင်းဝေလာသည့် အကြည့်တို့ကို စာအုပ်ပေါ်မှ အလွဲမှာပင် စာကြည့်စားပွဲ အံဆွဲအတွင်းမှ ယွန်းသေတ္တာလေးကို လှမ်းမြင်လိုက်မိသည်၊

ဘယ်တော့မှ ဖွင့်မကြည့်တော့ဟု စိတ်ပိုင်းဖြတ်ထားပြီးဖြစ်ပါလျက် အမှတ်သည်းခြေမဲ့သော လက်မျှေးက သေတ္တာလေးဆီသို့ လှမ်းမိသည်၊ ယွန်းသေတ္တာ အဖုံးကို ခပ်ဟဟအဖွင့်မှာပင် ရင်၌ နင့်ခနဲ ခံစားလိုက်ရသည်၊

ဆယ်တန်းမှသည် မကြာမီ ရက်မျှာ၊အထိ သူ တပ်ဖြစ်ခဲ့သည့် ပါဝါမျက်မှန်ကလေး၊

မှန်တစ်ဖက် ကွဲကြေနေပြီ ဖြစ်သော မျက်မှန်လေးကို ထုတ်ယူ ငေးမောနေမိစဉ်မှာပင် သူမ၏ မျက်နှာနုနုက အတွေး၌ လူးလွန့် ယိမ်းနွဲ့လာပြန်သည်။

"ဒါဟာ....ရှင့်ကို နောက်ဆုံးအကြိမ် သတိပေးလိုက်တာ လို့ မှတ်ပါ"

"ပြန်ကြစို့ကွာ"

"ဒါဟာ....ရှင့်ကို နောက်ဆုံးအကြိမ် သတိပေးလိုက်တာ လို့မှတ်ပါ"

နူးညံ့သော်လည်း တင်းပြတ်လွန်းသည့်တု ယူဆရန်ရှိသော သူမ၏ စကားသံတို့က နားထဲသို့ စီးဝင်၍ လာသည်။ ဖိုလိုက်လာသည့် ရင်အစုံနှင့်အတူ ဦးခေါင်းကို ခါယမ်းလိုက်မိသည်။

မစဉ်းစားပါနဲ့.... ခဏခဏပြန်ပြီး စဉ်းစားမနေစမ်းပါနဲ့၊ ဒါဟာ လွမ်းမောတသာရမယ့် ဖြစ်ရပ်တစ်ခုမှ မဟုတ်ဘဲ။

ကြမ်းရှ စူးနစ်သော အတွေးတို့ကို မောင်းထုတ်ရင်း မျက်မှန်လေးကို ယွန်းသေတ္တာထဲသို့ ပြန်ထည့်လိုက်သည်။ သေတ္တာအဖုံးကို အပိတ်မှာပင် သေတ္တာလေး၏ အဖုံးပေါ်မှ ဝမ်းနည်းဖွယ် စာတန်းတစ်ခုကို သတိပြုလိုက်မိသည်။

အမှတ်တရ....တဲ့။

ပုဂံပြန် ညီမဝမ်းကွဲ တစ်ယောက်၏ လက်ဆောင် ဖြစ်သော ယွန်းသေတ္တာငယ်လေးပေါ်မှ ထိုစာတန်းကို မမှိတ်မသုန် စူးစိုက်ကြည့်နေမိသည်။ သူ၏ ညီမဝမ်းကွဲသည် ထိုစာတန်းပါသော သေတ္တာအား အကြောင်း တစ်စုံတစ်ရာ အတွက် ရည်ရွယ်၍ တမင်တကာဝယ်ယူခဲ့ခြင်း မဟုတ်သော် လည်း သူ့အတွက်တော့ ထိုစာတန်းလေးမှာ လိုက်လျော ညီထွေ ရှိလှသည်။





တစ်သက်လုံးအတွက် ရှုံးနိမ့်သွားပြီဖြစ်တဲ့ ကစားဝိုင်း တစ်ခုဆီမှ ပစ္စည်းလေးလို သိမ်းဆည်းထားရမယ့် အမှတ်တရ သေတ္တာလေးပါပဲ။

အမြဲတမ်း မျက်မှန်ကို တပ်လိုက် မတပ်လိုက် နေဖြစ်ခဲ့သော သူ့အကျင့်ကြောင့် သေတ္တာလေးအတွင်းမှ မှန်တစ်ဖက် ကွဲကြေသွားရသော မျက်မှန်လေးအကြောင်းကို မည်သူမှ မသိခဲ့။

အားချင်း လုပ်ခိုင်းခဲ့သည့် မျက်မှန်အသစ်က နဂိုမျက်မှန်နှင့် ချုပ်ရှုတ်တူနေသည့် အချက်ကြောင့်လည်း ဖြစ်မည်ထင်၏။

ဘာပဲဖြစ်ဖြစ် သေချာတာ တစ်ခုကတော့ မှန်ကွဲကြေ သွားရသည့် သူ့မျက်မှန်လေးလိုပင် သူ၏ရင်ထဲမှ တစ်မိနစ်လျှင် အကြိမ်(၆၀)ကျော်(၇၀)ခန့် လှုပ်ရှားနေတတ်သည့် အရာလေး တစ်ခုမှာလည်း ကွဲကြေသွားခဲ့ပြီ ဖြစ်ကြောင်း မည်သူမျှ သတိမထားမိခဲ့ကြခြင်းပင်ဖြစ်သည်။

တိတ်တိတ်ကလေးပါပဲ မခင်သစ်၊

တိဘ်တိတ်ကလေးပဲပေါ့၊

ဘယ်သူမှ မသိအောင် ချစ်ခဲ့မိပြီး ဘယ်သူမှမသိအောင် အသည်းကွဲသွားခဲ့ရတာပေါ့....

ရှတသော အတွေးတို့နှင့်အတူ စူးနစ်သော ဝေဒနာက ရင်ကို နာကျင်စေသည်။ ဗိုင်ယာရီစာအုပ်နှင့် ယွန်းသေတ္တာ ငယ်လေးကို အံဆွဲအတွင်းသို့ ပြန်ထည့်ရင်း သော့ခတ်သိုက် မိသည်။

ပြတင်းမှဖြတ်ဆင့် တိုးဝင်လာသည့် ညဥ့်လေက ခန်းဆီးစကို ဖွဖွလှုပ်ခတ်စေသည်။

စာကြည့်စားပွဲခုံဘေးမှာ ထောင်ထားသည့် ဂစ်တာကို လှမ်းယူရင်း ဝရန်တာဘက်သို့ ထွက်လာခဲ့သည်၊ လရောင်တို့ဖြင့်ရွှဲရွှဲစိုနေသော အုန်းလက်တို့ကို ငေးကြည့်ရင်း ကြိမ်ကုလားထိုင်လေးတွင်ဝင်ထိုင်လိုက်သည်။ထို့နောက် ဂစ်တာကို ဖွဖွတို့ထိတီးခတ်လိုက်မိသည်။

ဂစ်တာတီးလျှင် ပလက်ကင်ကိုသာ အစွဲတလမ်း တီးတတ်ခဲ့သော အကျင့်နှင့် သူအောင်၏ သီချင်းများကို နှစ်ခြိုက်စွာ နားထောင်ခဲ့ဖူးခြင်းတို့က မရည်ရွယ်ဘဲနှင့် 'မြို့နန်းစံ ပန်းတစ်ပွင့်'ကို တီးမိလျက်သားဖြစ်စေခဲ့သည်။

ခြောက်ကပ်သော နှုတ်ခမ်းတို့က သူအောင်နှင့် ဖိုးချို့တို့ သီဆိုခဲ့ဖူးသည့် ထိုသီချင်းကို လိုက်မဆိုဖြစ်သည့်တိုင် ရင်ထဲကတော့ တိုးညင်းစွာ ညည်းမိ၏။

'တို့များအခြေအနေနှင့် မပတ်သက်မှန်း.... ကိုယ်နားလည်....'ဟူသော စာသားက ရင်တွင်းမှ ခံစားချက်မှန်သမျှကို တစ်စစီ လွင့်စဉ် ပေါက်ကွဲထွက်စေသည်ဟု ထင်မိသည်။

မပတ်သက်သင့်မှန်းသိလျက် ပတ်သက်ခဲ့မိသူရဲ့ ရလဒ်က ကြေမွခံစားရခြင်းပဲလား မခင်သစ်....

* * *





"ညီထွန်း....လက်ဖက်ရည်ဆိုင် ချီတက်ရအောင်"

ဆရာ အတန်းထဲမှ ထွက်သွားသည်နှင့် စားပွဲပေါ်မှ စာအုပ်ကိုသိမ်းရင်း တင်အောင် သူ့ကို လှမ်းပြောသည်။

"နောက်တစ်ချိန်မတက်တော့ဘူးလား"

သူ့အမေးကို တင်အောင် ခေါင်းယမ်းလျက် အဖြေပေးသည်၊ သူငြင်းရန် စိတ်ကူးလိုက်မိသော်လည်း အောင်စိုးဆီသို့ စစ်တုရင်စာအုပ်တစ်အုပ် သွားပေးရန် ရှိသည်ကို သတိရလိုက်မိသဖြင့် တင်အောင်နည်းတူ စာအုပ်ကို ကောက်သိမ်းရင်း မတ်တတ် ထရပ်လိုက်မိသည်။

"ငါ အောင်စိုးကို (ချက်စ်)စာအုပ် တစ်အုပ် သွားပေးစရာရှိသေးတယ်၊ အဲဒီကို အရင်သွားရအောင်၊ ပြီးမှ လက်ဖက်ရည်ဆိုင် ထိုင်တာပေါ့"

"အက်စ်ဝမ်း အထိလား"

တင်အောင်က မျက်နှာကို ရှုံ့မဲ့ရင်း မေးသည်။

"ဒီကောင် အာစီထဲမှာ ရှိမှာပါ၊ ဒီအချိန်ဆို အဲဒီမှာ ချက်စ်ထိုးနေလိမ့်မယ်"

"ဘာထူးလဲကွာ၊ အာစီအထိဆိုလဲ တပျော်ကြီးလျှောက်ရမှာပဲ"

လမ်းလျှောက်ပျင်းသော တင်အောင်က မလိုက်ချင်ဟန်နှင့် ညည်းညည်းညူညူ ရေရွတ်သည်။

"လာပါကွာ.... ငါ လက်ဖက်ရည် တိုက်ပါ့မယ်"

တင်အောင်ကို မက်လုံးပေး ဆွဲဆောင်ရင်း ချော့ချော့မော့မော့ခေါ်လာခဲ့ရသည်။သို့သော် ရာမညဆောင်အောက်

အရောက် လှေကားထစ်တွင် ထိုင်နေသော အခြားသူငယ်ချင်းများကိုတွေ့သည်နှင့် တင်အောင်စိတ်ပြောင်းသွားသည်။

"ညီထွန်း....ငါမလိုက်တော့ဘူးကွာ၊ ဖိုးဇော်တို့အုပ်စုနဲ့နေခဲ့တော့မယ်"

"ဘာလို့ဖြစ်တာလဲ"

"ဒီကောင်တွေနဲ့ ငါ ပြောစရာနည်းနည်းရှိလို့၊ မင်းပဲသွားလိုက်ပါ၊ ငါဦးချစ်က စောင့်နေမယ်"

ပြောပြောဆိုဆိုနှင့် တင်အောင် ချန်နေခဲ့သည်။ သူ ဘာမှမပြောတော့ဘဲ အသာလှည့်ထွက်လာခဲ့သည်။

လမ်းလျှောက်လျှင် ခေါင်းငုံ့လျက် ခပ်ဖြည်းဖြည်းလျှောက်တတ်သော သူ့အကျင့်အတိုင်း လွယ်အိတ်ကြိုးကိုဆွဲရင်း တစ်လှမ်းချင်းလျှောက်လာမိသည်။

ဂျပ်ဆင်ရှေ့အရောက် တင်ထက်နှင့်ခင်လေးသစ် တွဲထိုင်ခဲ့ဖူးသော နေရာလေးဆီသို့ အမှတ်တမဲ့ အကြည့်ရောက်မိသည်။ တစ်စုံတစ်ယောက် ခင်းထိုင်သွားဟန်တူသော စာရွက်တစ်ရွက်မှအပ ထိုင်ဂိသူကင်းမဲ့နေသော နေရာလေးကို ကြည့်ရင်း အမျိုးအမည်မသိသော ခံစားမှုတစ်ခုက ရင်ထဲသို့ တိုးဝှေ့၏။

ထိုခံစားမှုက ခြေလှမ်းပေါင်းများစွာအထိ ရင်ထဲ၌ကပ်ငြိ၍ ပါလာခဲ့သည်။

အာစီထဲမှဖြတ်ရန် ညာဘက်သို့ချိုးကွေ့ရင်း အိတ်ကပ်ထဲမှ ဆေးပေါ့လိပ်တစ်လိပ်ကို ထုတ်ယူလျက် မီးညှိသည်။ လမ်းလျှောက်လျက် ဖြစ်သောကြောင့် မီးခြစ်က ခြစ်၍မရ၊





ခြေလှမ်းတို့ကို ရပ်၍ မီးခြစ်ကို လက်ဖြင့်ကာလျက် ခြစ်ရင်း ခေါင်းငုံ့ကာ မီးညှိသည်။

မီးစွဲလုလု ဆေးပေါ့လိပ်ကို မီးညှိအောင် ဖွာရှိုက်ရင်း မီးခြစ်ကို အိတ်ကပ်ထဲသို့ ပြန်ထည့်လိုက်သည်။

ထိုအချိန်မှာပင် သူရပ်နေသောနေရာ၏ ဘယ်ဘက်ခြမ်းအုတ်ခုံတန်းဆီမှ အသံတစ်သံကို ကြားလိုက်ရသည်။

"ကျက်သရေယုတ်လိုက်တာ"

ခန္ဓာကိုယ်သည် အရှင်လတ်လတ်မှ ဝိညာဉ်နုတ်ယူခံလိုက်ရသည့်နှယ် တောင့်ခနဲ ဖြစ်သွားမိသည်။

တစ်ကြိမ်တည်းသာ ကြားခဲ့ဖူးသည့်တိုင် ဘယ်တော့မှ မမေ့နိုင်လောက်အောင် အစွဲအလမ်း ရှိခဲ့ဖူးသည့် ထိုအသံက နားစည်မှသည် ရင်တွင်းအထိ ကြမ်းရှစွာ စီးဝင်၏။

မရည်ရွယ်ဘဲနှင့် ဦးခေါင်းက အသံလာဆီသို့ အသိမဲ့စွာ ဖျတ်ခနဲ လှည့်လိုက်မိသည်။ ထိန်းချုပ်မှုမဲ့သော အကြည့်တို့အဝေ့ အုတ်ခုံတန်းတွင် ထိုင်နေသည့် ခင်လေးသစ်နှင့် အေးအေးမြင့်ကို တွေ့ရသည်။

သူ၏အကြည့်တို့ ခင်လေးသစ်ဆီ အရောက်မှာပင် ကြိုတင် ပြင်ဆင်ထားသည့်နှယ်၊ မျက်နှာကိုမဲ့ရဲ့ သူမ တစ်ဖက်သို့လှည့်၏။ အေးအေးမြင့်က အားနာသောအကြည့်ဖြင့် သူ့ကိုလှမ်းကြည့်လိုက်သည့်တိုင် ရင်သည် ဆောက်တည်ရာမဲ့စွာခံစားလိုက်ရသည်။

ကျက်သရေယုတ်လိုက်တာ....တဲ့။

ပါးရိုက်ခြင်းထက် အဆပေါင်းများစွာ ပိုပြီး နာကျင်ကြေကွဲစေတဲ့ ထိုးနှက်ချက်ပါပဲ။

ရှက်ရွံ့ဝမ်းနည်းမှုဖြင့် ရုတ်ခြည်း မှိုင်းမှုန်ဝေသီလာသည့် အကြည့်တို့ကို အမြန်လွှဲရင်း ခေါင်းငုံ့ကာ လှည့်ထွက်လာခဲ့မိသည်။

ခြေလှမ်းတို့က လှမ်းပင်လှမ်းနေမိသော်လည်း အိပ်မက်ထဲ၌ လှမ်းလျှောက်နေရသည့်နှယ် ခိုင်မြဲမှု မဲ့လွန်းလှသည်။

အရာရာသည် မပီဝိုးတဝါး မှုန်ပျလွန်းလှသည်ဟု တွေးလိုက်မိချိန်မှာပင် မျက်ဝန်းသည် ဝေသီစွတ်စိုလျက်ရှိကြောင်း သူ သတိပြုလိုက်မိသည်။



## ( ၂ )

"ညဘက်တွေကော အိပ်လို့ပျော်ရဲ့လား"

ဆေးထိုးအပ်ကို ပြင်ဆင်ရင်း ဆရာဝန်က သူ့ကို လှည့်မေးသည်။ ဆရာဝန်၏ လှုပ်ရှားမှုတို့ကို ငေးကြည့်နေရင်းမှ ခြောက်တဂ်ကပ် နှုတ်ခမ်းတို့ကို အားယူလှုပ်ခတ်လျက်....

"ပျော်ပါတယ် ဆရာ" ဟု အဖြေပေးလိုက်သည်။

တကယ်တော့ အထီးကျန်ည အတော် များများကို ခင်လေးသစ်အကြောင်း တွေးတော နှစ်မြုပ်ရင်း မိုးစင်စင်လင်းသည်အထိ ခြေဖွဲ့အသုံးပြုခဲ့မိသည့်တိုင် ဆရာဝန်ကိုတော့ အမှန်အတိုင်း သူဝန်မခံချင်။

ဆရာဝန်က ဆေးထိုးအပ်နှင့် အရက်ပြန်ဆွတ် ဂွမ်းစကို ကိုင်လျက် သူ့အနားသို့ တိုးကပ်လာရင်း မေးခွန်းတစ်ခု မေးပြန်သည်။

"ရင်တွေဘာတွေကော တုန်တတ်သလား"

"ဟုတ်ကဲ့....တစ်ခါတစ်ခါတော့...."

သူ၏ တစ်ဝက်တစ်ပျက် အဖြေစကား အဆုံးမှာပင် ဘေးနားမှာ ထိုင်နေသော မေမေက ဝင်ပြောသည်။

"အားကတော့ နည်းပါဆရာရေ၊ သူမှာ ဘာလေးဖြစ်ဖြစ် နည်းနည်းလေး ပင်ပင်ပန်းပန်း လုပ်လိုက်တာနဲ့ မောဟဲဖြစ်နေတာ"

"ဟုတ်ပြီလေ၊ ကျွန်တော် အားဆေးတွေ ပေးလိုက်မယ်၊ ဟုတ်လား....မှန်မှန်သောက်ခိုင်းနော်၊ ကဲ....ညီလေး ဆေးထိုးလိုက်ရအောင်"

သူ ခေါင်းညိတ်လျက် အနေအထား ပြင်ပေးလိုက်မိသည်၊

ဆေးထိုးအပြီး အေးစက်မာကျောသော ဖယောင်းပုဆိုးခင်း လူနာခုတင်လေးပေါ်မှ လျှောတိုက်၍ ဆင်းလိုက်သည်၊ သားသမီးနှင့်ပတ်သက်လျှင် အစဉ်အမြဲ အစိုးရိမ်လွန်တတ်သော မေမေက သူ့လက်မောင်းကို လာတွဲနေသေးသည်၊

သူရယ်မောလျက် မေမေ့လက်ကိုဖယ်ရင်း 'ရပါတယ်' ဟု ပြောလိုက်သည်။ တစ်လမ်းတည်းဖြစ်နေသဖြင့် ရင်းနှီးနေသောဆရာဝန်က သူနှင့်မေမေ့ကို ပြုံး၍ကြည့်သည်။

"ဒီကလေးက သိပ်ချူချာတာ ဆရာရဲ့၊ သူ့အစ်မဆို တစ်ခါမှ မဖျားဖူးဘူး၊ သူကတော့ ယောက်ျားလေး ဖြစ်လျက်နဲ့ ပျော့လိုက်တာ မပြောပါနဲ့၊ တော်ကြာ ဖျားပြန်ပြီ၊ တော်ကြာ ခေါင်းမူးပြန်ပြီ၊ စုံနေတာပဲ"





မေမေက ရယ်မောလျက် ဆရာဝန်ကို ရှင်းပြနေသည်။ ဆရာဝန်က မေမေ့စကားကို ခေါင်းညိတ်ရင်း သူ့ကိုပြုံးလျက် ကြည့်၏။

"ခုမနက်လဲ အိပ်ရာကထပြီး ရေချိုးခန်း အသွား မူးလဲမလိုဖြစ်တာနဲ့ ဆရာ့ဆီ ခေါ်လာရတာ"

"အားနည်းလို့ပါ၊ ဘာမှ စိုးရိမ်စရာ မရှိပါဘူး၊ အဲ.... ဆေးတော့ မှန်မှန်သောက်ခိုင်း၊ ပင်ပင်ပန်းပန်း မလုပ်ရဘူး၊ ဒေါသ မထွက်ရဘူး၊ စိတ်ညစ်စရာ မတွေးရဘူး၊ ဟုတ်ပြီနော်...."

"ကဲ....ကျွန်တော် ဆေးစာ ရေးပေးလိုက်မယ်၊ ရှေ့က ဆရာမဆီမှာ ဆေးလေးတွေ ယူသွား"

ပြောပြောဆိုဆိုနှင့် ဆရာဝန်က ဆေးစာတစ်ရွက်ကို ခပ်သွက်သွက်ရေးရင်း သူ့လက်ထဲသို့ ထည့်သည်၊

"ဘယ်လောက်ကျလဲ ဆရာ"

ပိုက်ဆံအိတ်ကိုဖွင့်လျက် လှမ်းမေးသည့် မေမေ့အမေးကို ဆရာဝန်က ရယ်မော ခေါင်းယမ်းလျက်....

"နေပါစေ အန်တီ၊ မပေးပါနဲ့"

"မဟုတ်တာဘဲ ဆရာကလဲ....ပြောပါ"

မေမေ အတင်းပေးသဖြင့် ဆရာဝန်က အားနာဟန်ဖြင့် ကြည့်ရင်း....

"ဆေးဖိုးပဲ ပေးခဲ့ပါ၊ ရှေ့က ဆရာမကို ပေးခဲ့အန်တီ၊ သူပြောလိမ့်မယ်"

မေမေ ခေါင်းညိတ်လျက် 'ကျေးဇူးပဲဆရာ'ဟု ပြောရင်း တစ်ဆက်တည်း 'လာသား'ဟု သူ့ကို လှမ်းခေါ်သည်။

ပုဆိုးကို ပြင်ဝတ်ရင်း မေမေ့နောက်သို့ လိုက်လာမိသည်။

*   *   *

"ဖြစ်ရမယ်.... နင်ကတော့ လုပ်လိုက်မှဖြင့် အရာရာနဲ့ အကြောင်းကြောင်း ချည်းပဲ"

နွဲ့ရီက လက်ဖက်သုပ်ကို တစ်ဇွန်းခပ်စားရင်း ပြော၏။ သူ့ပြုံးလျက် နှုတ်ဆိတ်နေလိုက်သည်။

တင်အောင်နှင့် မိုးကျော်က ရေနွေးကြမ်းခွက် တစ်ခွက်တည်းကို တစ်ယောက်တစ်လှည့် သောက်နေသည်။

သူ သုံးရက်လောက် ကျောင်းပျက်နေသဖြင့် သတင်းမေးရန် တင်အောင်တို့ လိုက်လာကြခြင်းဖြစ်သည်။

သူငယ်ချင်းများ၏ နွေးထွေးသော မေတ္တာတရားနှင့် ဂရုတစိုက်ရှိမှုက သူမနှင့်ပတ်သက်သည့် စူးနစ်ကြမ်းရှသော ခံစားမှု မှန်သမျှကို အခိုက်အတန့်အားဖြင့် မေ့ပျောက်စေခဲ့သည်။





ကျော်က ရေနွေးကြမ်းခွက်ကို စားပွဲပေါ်သို့ လှမ်း
....

င်းကွာ....ကလေးမဟုတ် သူငယ်မဟုတ်နဲ့ မူးလဲရတယ် းမဆိုရင်လဲ ထားပါတော့၊ ဟိုသင်းဖြစ်လို့ ဟိုဟာ လို့ ပြောလို့ရသေးတယ်"

းကျော်နော်....ခေါင်စုတ်ငါတစ်ယောက်လုံးရှိနေတဲ့

က မိုးကျော်ကို ရိုက်မည့်ဟန်ပြုရင်း ပြောသည်။ ကျော်က သူ့ထုံးစံအတိုင်း အသံကျယ်ကျယ်နှင့် ခွက်ထိုး န် အားပါးတရ ရယ်ရင်း....

ဟုတ်ပါဘူး၊ ငါက အကောင်းပြောတာပါ၊ မိန်းမဆို အားတွေဘာတွေ နည်းတာဘာ မဟုတ်လား၊ အဲ

ကျော်၏ ဖြေရှင်းချက်ကြောင့် တင်အောင်နှင့် သူပါ တ်မိသည်။ စပ်ဖြဲဖြဲဖြစ်နေသည့် မိုးကျော်ကို နွဲ့ရီက ခေါင်းတစ်ချက် လှမ်းထိုးသည်။

အနောက်သန်သော မိုးကျော်က ညှိချွန်ငှမရပ်၊ နွဲ့ရီ လှမ်းမေးသည်။

င်ကော အားမနည်းဖူးဘူးလား နွဲ့ရီ"

င့်ဘိုးအေ....နင်ပဲ အားနည်း"

၏အဖြေစကားကြောင့် သူပါ စိတ်လက်ပေါ့ပါးစွာ ်မောလိုက်မိသည်။

င်း....အန်သေးလား"

တင်အောင်က ခပ်တည်တည်ဖြင့် သူ့ကို လှမ်းမေးသည်၊ သူခေါင်းယမ်းလျက် 'ဟင့်အင်း' ဟု ဖြေဖြစ်သည်။

"ပျို့တာတို့ အန်တာတို့တော့ မဖြစ်သေးဘူးပေါ့"

သည်တော့မှ တင်အောင့်စကားကို သဘောပေါက်စွာ သူ ပြုံးလိုက်သည်၊ နွဲ့ရီက လက်ထဲမှစာအုပ်နှင့် တင်အောင့်ကို လှမ်းရိုက်ရင်း....

"တင်အောင်နော်၊ နင်တို့ ငါ့ကိုတော့ အားမနာကြဘူး"

တင်အောင်က ရယ်မောလျက် နွဲ့ရီ၏ ရိုက်ချက်ကို ရှောင်တိမ်းသည်၊ မိုးကျော်ကတော့ တင်အောင်နှင့်နွဲ့ရီကို သဘောကျစွာကြည့်ရင်း လက်ဖက်သုပ်ကိုသာ တစ်ဇွန်းပြီးတစ်ဇွန်း အားပေးနေတော့သည်။

အိမ်ခန်းအတွင်းမှ ဈေးသွားရန် မေမေ ထွက်လာတာ တွေ့တော့ သူတို့အားလုံး မျက်နှာပိုးသတ်လျက် လှမ်းနှုတ်ဆက်ကြသည်။

မေမေကပြုံးလျက် ခေါင်းညိတ်ရင်း....

"လက်ဖက်သုပ် ကောင်းရဲ့လား"

"နည်းတာ တစ်ခုကလွဲရင် တော်တော် ကောင်းတယ် အန်တီ"

မိုးကျော်က ကုန်လုကုန်ခဲ လက်ဖက်သုပ် ပန်းကန်ကို မြှောက်ပြရင်း စပ်ဖြည်းဖြည်းမျက်နှာဖြင့် ဖြေသည်။

"အစားကောင်းဆိုတာ နည်းနည်းပဲ စားရတယ် မောင်မိုးကျော်ရဲ့"





မေမေ့ စကားကြောင့် ပန်းကန်ကိုကိုင်လျက် မိုးကျော် ကြောင်အမ်းအမ်း ဖြစ်သွားသည်၊ တင်အောင်နှင့် နွဲ့ရီကတော့ မိုးကျော်အဖြစ်ကို ရယ်မော အားပေးလေသည်။

"အလကား ပြောတာပါ၊ မဝသေးရင် မီးဖိုထဲမှာ ဝင်ထည့်စားကြ၊ အန်တီ ဈေးသွားဦးမယ်"

သည်တော့မှ မိုးကျော် ဝမ်းသာအားရပြုံးရင်း....

"စိတ်ချ အန်တီ၊ အဲဒီအတွက်တော့ မပူနဲ့"

မေမေ ထွက်သွားပြီးနောက်တော့ မိုးကျော်မှာ သူ့စကားနှင့် သူ တကယ် လက်ဖက်သုပ်ရတော့သည်။

"ကောင်းကောင်းသုပ်နော်၊ ချဉ်ချဉ် စပ်စပ်လေး ဖြစ်အောင် သုပ်ခဲ့"

"လက်ဖက်မနယ်ခင် လက်ကို ဆပ်ပြာနဲ့ ပြောင်အောင် ဆေးဦးနော်"

မီးဖိုထဲသို့ လက်ဖက်သုပ်ရန် မထချင် ထချင်နှင့် ထသွားသော မိုးကျော်ကို တင်အောင်နှင့် နွဲ့ရီက ဝိုင်းမှာကြသည်။

မိုးကျော် ထွက်သွားပြီး တင်အောင်က ဆေးပေါ့လိပ်ကို ညှိရင်း....

"မင်းလဲ ကျောင်းပျက်တာ များပြီနော် ညိုထွန်း"

"အေးကွာ....စာမေးပွဲကလဲ ကပ်နေပြီ"

"အောင်ပါတယ် ညိုထွန်းရာ၊ ပူမနေစမ်းပါနဲ့၊ နင်က အရိုက်တိ bright ဖြစ်တာပဲ၊ ကျန်းမာရေးသာ ဂရုစိုက်စမ်းပါ"

နွဲ့ရီက အားပေးစကား ဝင်ပြောသည်။

"မင်း 'အက်စ်ဝမ်း' ဘက်ကို ချက်စ်စာအုပ် ပေးဖို့ သွားပြီး ပြန်မလာကတည်းက နေမကောင်းလို့ အိမ်ပြန် လားမသိဘူးဆိုပြီး ငါ စိတ်ပူနေတာ၊ နောက်နေ့ ကျောင်းမတက်တော့ သေချာပြီဆိုပြီး ငါတို့ လိုက်လာ

တင်အောင့်စကားကို ချက်ချင်း အဖြေ ပြန်မ ပေး အတန်ကြာမှ မျက်မှန်ကိုချွတ်လျက် လက်ကိုင်ပဝါနှင့်သု ရင်း....

"အားနည်းလို့ မူးတာ မော်တော့ပါ၊ ဘာမှ ကြီး ကျယ်ကျယ် မဟုတ်ပါဘူး၊ မေမေနဲ့မမကြီးက အစိုးရိမ် ပြီး ဆေးခန်းသွားပြ၊ ဓာတ်သွင်းနဲ့ သက်သက် စိုးရိမ်တာပ

"လူကြီးဆိုတာကတော့ ဒီလိုပဲပေါ့ကွာ"

စကားဝိုင်းက ခေတ္တမျှ တိတ်ဆိတ်သွားသည်။ တစ်အော ကြာတော့ လက်ဖက်သုပ်ပန်းကန်ကိုင်လျက် မိုးကျော် ပြ ရောက်လာသဖြင့် တိတ်ဆိတ် သွားသော စကားဝိုင်း အစားဝိုင်းအဖြစ်သို့ ကူးပြောင်းသွားသည်။

စောစောက စကားများကို ကြားထားဟန် တူသော မိုးကျော်က လက်ဖက်သုပ်ကို ပလုတ်ပလောင်း ဝါးရင်း လှမ်းပြောသည်။

"ငါက ညိုထွန်းဘစ်ယောက် ကျောင်း မတက်ပြန်ဘူး ဆိုတော့ အရှည်ကြီးဆိုင်ရှေ့မှာ ဖြစ်သလို နောက် တစ်ခ ထပ်ဖြစ်ပြန်သလားလို့ ပူလိုက်မိတာ"

မိုးကျော်၏စကားက အပြောင် အပြက် စကားလား အစိုးရိမ်လွန်သည့် အတည်ပေါက် စကားလားတူ ခန့်မှန်း





ခက်လွန်းလှသော်လည်း ထိုစကားကြောင့် သူ့ရင်သည် ဖွဖွ ထုပ်ခတ်သွားရကြောင်းကိုတော့ ဝမ်းနည်းစွာ သူ သတိပြု လိုက်မိသည်။

ရေနွေးကြမ်းငှဲ့နေသော တင်အောင်က မိုးကျော်ကို ခပ် စည်တည်တစ်ချက် စိုက်ကြည့်သည်။

တင်အောင်၏အကြည့်က ခင်လေးသစ်နှင့် ပတ်သက်သည့် အကြောင်းအရာများဆီသို့ ဆက်မပြောရန် ပိတ်ပင်ဟန့်တား သည့်အကြည့်ဟု သူ နားလည်လိုက်မိသည်။

"ငါ အခုမှ သတိရတယ်"

နှုတ်ဆိတ်နေသော နွဲ့ရီက ဖျတ်ခနဲ စကား စသည်။ နွဲ့ရီ၏ အမူအရာက စောစောက မိုးကျော် စလိုက်သည့် စကား ကြောင့် တစ်စုံတစ်ခုကို သတိရသွားသည့် အမူအရာမျိုး ဖြစ် သည်။

သူ နွဲ့ရီကို လှမ်းအကြည့်မှာပင် နွဲ့ရီက 'ညိုထွန်း' ဟု သူ့အမည်ကိုခေါ်လျက် ခေတ္တတုံ့ဆိုင်းသည်။

ဆက်ပြောသင့် မပြောသင့် ချင့်ချိန်နေဟန်ဖြင့် သူ့ကို စိုက်ကြည့်နေရာမှ နွဲ့ရီ ခပ်တိုးတိုးစကား စသည်။

"နင် ငါ့ကို ပြောပြဖို့ကောင်းတယ်ဟာ"

"ဘာလဲဟ....နင့်ဟာက အရင်းမရှိ အဖျားမရှိ"

တင်အောင်နှင့်မိုးကျော်က 'အေးလေ' ဟု ဝင်ထောက်ခံ သည်။

နွဲ့ရီက တင်အောင်တို့ဘက် လှည့်ရင်း....

"နင်တို့ မသိပါဘူး၊ ကဲလေးက ကလေးလို နေကြမ်းပါ"

"အေးပါ၊ နင်က ငါတို့ထက် နှစ်နှစ်လောက် ငယ်တဲ့ လူကြီးကိုး"

မိုးကျော်က အောင့်သက်သက်ဖြစ်ဟန်နှင့် နွဲ့ရီကို မကျေမနပ် ခွန်းတုံ့ ပြန်သည်။

နွဲ့ရီက ပြုံးလျက် သူ့ဘက်သို့ ပြန်လှည့်ရင်း မေးသည်၊

"နင်....ငါပြောတာ သဘောပေါက်လား"

"ဟင့်အင်း....နင်က ဘာကို ဆိုလိုမှန်းမှ မသိတာ"

"ငါပြောမယ် ညိုထွန်း၊ ငါနဲ့ အေးအေးမြင့်နဲ့က သူငယ်ချင်း၊ ဒီတော့ ဘာပဲဖြစ်ဖြစ် သူ ငါ့ကို အကုန် ပြန်ပြောပြမှာပဲ၊ အဲဒါကို နင် မမေ့နဲ့"

နွဲ့ရီ စကားကြောင့် အာစီအနောက်ဘက် အုတ်ခုံဟန်းပေါ် ခင်လေးသစ်နှင့် ယှဉ်တွဲထိုင်နေရာမှ သူ့ကို အားနာဟန်ဖြင့် ပြန်ကြည့်ခဲ့သော အေးအေးမြင့်၏ အကြည့်တို့ကို ဖျတ်ခနဲ သတိရလိုက်မိသည်။

"နင်တို့ဟာက ဘယ်လိုတွေလဲဟ.... ဒိုင် လျှို တွေ့ပါလား...."

ဘေးနားမှာ ထိုင်နေသော တင်အောင်က စိတ်မရှည်ဟန်နှင့် ဝင်ပြောသည်။ မိုးကျော်က မကျေမနပ်နှင့် 'အေးလေ' ဟု တင်အောင့်စကားကို ထောက်ခံသည်။

နွဲ့ရီက မထူးတော့ပါဘူး ဟူသော ပုံစံဖြင့် စကားစ ရန် ပြင်သည်။





"ဒီလိုဟာ.... ညိုထွန်းနဲ့ခင်လေးသစ်နဲ့ အာစီနောက်မှာ တစ်ခါဆုံသေးတယ်တဲ့၊ အေးအေးမြင့်က ငါ့ကို ပြန်ပြောတာ"

သူ နွဲ့ရီကို ဆက်မပြောရန် အကြည့်ဖြင့် လှမ်းတားလိုက်မိသော်လည်း နွဲ့ရီက သူ့အကြည့်ကို မသိကျိုးကျွန်ပြုလျက် စကားဆက်သည်။

"အဲဒီမှာ ခင်လေးသစ်က ကျက်သရေယုတ်လိုက်တာဆိုပြီး မကြားတကြား လှမ်းပြောသတဲ့"

"ဟာ...."

"အဲဒါကို ငါတို့ဇာတ်လိုက်ကြီးက ငါတို့ကို ပြန်မပြောဘူး၊ ခုငါပြောတာကိုတောင် မသိသလို ဘာလိုလိုနဲ့ မှတ်ထုံတက်သေးလုပ်နေတာ....ကြည့်ပါလား...."

နွဲ့ရီ၏ စကားအဆုံး၌ တင်အောင်နှင့် မိုးကျော်တို့၏ စူးရှသော အကြည့်တို့က သူ့ကိုယ်ပေါ်သို့ တန်းခနဲကျရောက်လာတော့သည်။

"ငါပြောပြမလို့ပါပဲ၊ စကားမစပ်မိသေးလို့ပါ"

ဖာထေးသောစကားတို့ကို အလျင်အမြန် သူ ဝင်ပြောဖြစ်လိုက်သည့်တိုင် 'ညိုထွန်းရာ' ဟူသည့် မချိတင်ကဲဖြစ်တင်သံတို့က ထွက်ပေါ်လာသေးသည်၊

သူ့အတွက် မခံနိုင်မရပ်နိုင်နှင့် အားမလိုအားမရ ဖြစ်နေကြသည့် ကရုဏာဒေါသော အသံများဟု သူ သတိပြုလိုက်မိသည်။

## ( ၃ )

စာမေးပွဲနီးပြီဟူသောအသိက လူးလွန့်လွင့်မျောနေသော စိတ်တို့ကို ထိန်းချုပ်ပေးစေသည်။

လိုအပ်နေသောမှတ်စုတို့ကိုကူးရင်း ကျက်မှတ်ရမည့်အပုဒ် ရေနှင့် အချိန်ဇယားကို ရေးဆွဲရင်း စာမေးပွဲအတွက် ပြင် ဆင်ရသည်။

တစ်နှစ်လုံးလုံး ဟိုယောင်ယောင် သည်ယောင်ယောင် လုပ်နေခဲ့သော တင်အောင်က စာမေးပွဲနီးသည်နှင့် သူ့ဆီသို့ ချောင်းပေါက်မတတ် ရောက်လာတော့သည်။

မှတ်စုများ နှစ်ယောက်ခွဲ၍ကူးကာ စာအတူတူကျက်ဖြစ် သည်။ တစ်ခါတစ်ရံ မိုးကျော်နှင့် နွဲ့ရီပါ သူတို့နှစ်ယောက် နှင့် ပူးပေါင်းလျက် စာလာကျက်ကြသည်။





သို့သော် မိုးလင်းကမိုးချုပ် အချိန်ပြည့်လာကျက်ကြခြင်း မဟုတ်။ အားလျှင်အားသလို ရောက်ရောက်လာခြင်း ဖြစ် သည်။

သူနှင့် နွေစဉ် စာကျက်ပါမည်ဟု ကတိပေးထားသော တင်အောင်ကလည်း တကယ့် တကယ်တော့ မှာဇဒါဂျစ် တစ်စီးနှင့် ဟိုဆရာဆီ ပြေးလိုက်၊ ဟိုဆရာမဆီ ပြေးလိုက်၊ ပြီးတော့မှ သူ့ဆီသို့ရောက်လာကာ....

"ဟိုအပုဒ်အရေးကြီးတယ်တဲ့ ငိုယ့်လူ၊ ငါတို့မှာရှိလား၊ မရှိရင် ကူးပေတော့...."

ဟု ဝမ်းသာအားရ ပြောလိုက်နှင့် အလုပ် ရှုပ်နေခြင်းမျှ သာ ဖြစ်သည်။

သည်တော့ တစ်နေ့တာ၏ အချိန်တော်တော်များများကို စာကြည့်စားပွဲ၌ သူတစ်ယောက်တည်း ထိုင်ရတော့သည်။

ဥပဒေ ပုဒ်မများ၊ အဓိပ္ပာယ်ဖွင့်ဆိုချက်များ အကြား၌ သူ၏ဦးနှောက်ကို ကြဲဖြန့်အကျဉ်းချထားခဲ့သည့်တိုင် စိတ်တို့ မည်သည် တစ်ခါတစ်ရံတော့ လွတ်တတ်မြဲဖြစ်သည်။

အလယ်တန်းပြ ကျောင်းဆရာမဖြစ်သည့် မမကြီးက သူ၏ စာကျက်မှတ်မှု အခြေအနေကို နေ့စဉ်ဂရုတစိုက်စောင့်ကြည့် ကြပ်မတ်နေသောကြောင့် အချိန်ပြည့် စာကြည့်စားပွဲ၌ ထိုင် နေဖြစ်သော်ညည်း တစ်ခါတစ်ခါတော့ အတွေးတို့က သူမ ထံသို့ မျောလွင့် လူးလွန့်သွားတတ်လေသည်။

ဝင်းဝါနုညက်သော အသားအရေ၊ နွဲ့နှောင်းသောကိုယ် ဟန်၊ ရှည်လျား ပျော့ပျောင်းသော ဆံပင်ရှည်ရှည်များနှင့်

ရင်ခုန်ဖွယ်ရာ သူမသည် မကြာခဏဆိုသလို မှတ်စုစာအုပ်များအကြားမှ လှစ်ခနဲ ကိုယ်ယောင်ပြတတ်မြဲ ဖြစ်သည်။

စွဲလမ်းခဲ့မိသည့် ကာလတစ်လျှောက် သူမ၏ နီစွေးထွေအန်းသော နှုတ်ခမ်းဖျား၌ အပြုံးနှင့်တူသော အရာဟူသမျှကို ရိုးတိုးရိပ်တိပ်မျှပင် မြင်ခဲ့ဖူးခြင်း မရှိသော်လည်း အဓိပ္ပာယ် များစွာပါသော မခို့တရို့ အပြုံးတစ်ခုကို စိတ်ကူးဖြင့် မြင်ယောင်ကြည့်နူးရသည်က 'ရိုမန်တစ်' ကဗျာတစ်ပုဒ်ကို ဖတ်ရသလို ရင်ခုန်ဖွယ် ကောင်းလှသည်။

ဇလာစာရွက်အလွတ်ပေါ်၌ ခဲတံတစ်ချောင်းဖြင့် သူမ၏ ခန္ဓာကိုယ် ကောက်ကြောင်းကို ပုံဖော်ရေးခြစ်ရင်း စာကျက်ချိန် ဇယားမှ အစိတ်အပိုင်းများစွာကို ဖြုန်းတီးပစ်ခဲ့မိသည့်တိုင် တစ်ရံတစ်ဆစ်မျှ နှမြောတသခြင်း မဖြစ်မိ။

စာတစ်ပုဒ်ကို ခဏဘာမျှကြည့်ရုံဖြင့် အရလွယ်သော ဦးနှောက်ကြောင့်သာ ဖြေရမည့် စာမေးပွဲအတွက် ထိခိုက်ခဲ့ခြင်း မရှိသော်လည်း အတွေးတို့က သူမဆီသို့သာ ရစ်ဝဲနေမိကြောင်း ကိုယ့်ကိုယ်ကို အသိပင်ဖြစ်သည်။

စားပွဲပေါ်မှ ဖွင့်လျက်သား မှတ်စုစာအုပ်ကို ဆွဲယူရင်း သက်ပြင်းတစ်ချက်ကိုရှိုက်လျက် ဦးခေါင်းအတွင်းမှ အတွေးတို့ကို မောင်းထုတ်လိုက်မိသည်။

မေ့ထားပါရစေလား မခင်သစ်....

တစ်သက်လုံးအတွက် မဟုတ်တောင် အခိုက်အတန့်အားဖြင့်တော့ အောင်မြင်စွာ မေ့ထားပါရစေလား။

* * *





ရုတ်တရက် ထွက်ပေါ်လာသည့် အိမ်ရှေ့ဆီမှ လူခေါ်ခေါင်းလောင်းသံကြောင့် ကြည့်လက်စ မှတ်စုစာအုပ်ကို ချလိုက်မိသည်။ ဆူညံကျယ်လောင်သော ကားစက်သံကို မကြားရသဖြင့် တင်အောင် မဟုတ်နိုင်ဟု တွေးလိုက်မိသည်။

စာကြည့်စားပွဲမှထလျက် အိမ်ရှေ့တံခါးဆီသို့ ထွက်လာခဲ့သည်။ တံခါးဘုသီးကိုလှည့်၍ဆွဲဖွင့် မမကြီးတို့ကျောင်းမှ မမကြီး၏ သူငယ်ချင်း ကျောင်းဆရာမ မထားထားကို တွေ့ရသည်။

"ဪ....အစ်မ၊ ဝင်လေ"

အိမ်သို့ နှစ်ခေါက်သုံးခေါက် လာဖူးသဖြင့် ရင်းနှီးနေသော မထားထားကို အိမ်ထဲဝင်ရန် ဖိတ်ခေါ်လိုက်မိသည်။

"ညီညီမြင့်ရှိလား မောင်ညိုထွန်းနိုင်"

"ရှိတယ် အစ်မ၊ ဟင်းချက်နေတယ်"

မထားထားက ဧည့်ခန်းတွင်းသို့ဝင်လျက် ဆက်တီတွင် ဝင်ထိုင်သည်။ အိမ်တံခါးကို ပြန်ပိတ်ရင်း....

"မမကြီးရေ.... ဧည့်သည်...."

ဟု အိမ်ခန်းတွင်းသို့ လှမ်းအော်လိုက်သည်။

"စာမေးပွဲနီးပြီနော် မောင်ညိုထွန်းနိုင်"

လက်ပွေ့အိတ်ကို စားပွဲပေါ်သို့တင်ရင်း မထားထားက သူ့ကို လှမ်းမေးသည်။

သူ ခေါင်းညိတ်ပြရင်း....

"ဟုတ်တယ် အစ်မ၊ သိပ်မလိုတော့ဘူး"

"စာရော တော်တော်ကျက်ပြီးပြီလား"

"ကျက်တုန်းပါပဲ"

မထားထားအမေးကို ပြန်ဖြေစဉ်မှာပင် အိမ်ခန်းအတွင်းမှ မမကြီးထွက်လာသည်။

မထားထားကို အတွေ့ မမကြီးက....

"ဘယ်သူများလဲလို့.... လက်စသတ်တော့ အပျိုကြီးပါလား"

"အောင်မယ်....ဘာဘူးချင်းတွေ ဂုဏ်ဖော်နေပြန်ပြီ"

"ဆိုစမ်း.... ဘယ်က လှည့်လာတာလဲ"

"မင်္ဂလာဈေး သွားမလို့၊ နင့် လာခေါ်တာ"

စကားကောင်းနေကြသော မမကြီးတို့အနားမှ သူလှည့်ထွက်ရန် ပြင်လိုက်သည်၊

မထားထားက သူ့ကိုလှမ်းကြည့်ရင်း....

"စာ သွားကျက်တော့မလို့လား မောင်ညိုထွန်းနိုင်"

"ဟုတ်ကဲ့ အစ်မ"

သူ့စကားကြောင့် မမကြီးက ပြုံးစိစိဖြင့် သူ့ကိုတစ်ချက်လှမ်းကြည့်သည်၊ မမကြီး၏ နားလည်ရခက်သော အပြုံးကြောင့် ဇဝေဇဝါဖြစ်စွာ မမကြီးကို ပြန်ကြည့်လိုက်မိသည်၊

မမကြီးက မထားထားဘက်သို့ လှည့်ရင်း....

"ငါ့မောင်လေးကတော့ ဘာကြိုးစားသလဲ မမေးနဲ့ မိထားရေ၊ အချိန်ပြည့် စာကြည့်စားပွဲမှာချည်းပဲ"

"ဟုတ်လား၊ တော်တာပေါ့"





မထားထားက သူ့ကို တစ်ချက် လှမ်းကြည့်လျက် မှတ်ချက်ချစကားဆိုသည်၊ မထားထား၏ မှတ်ချက်အဆုံး မမကြီးက ရယ်မောရင်း....

"ဘယ်ကတော်ရမှာလဲ မိထားရဲ့၊ စာကျက်ဘာ မဟုတ် ကောဇီမလေးပုံတွေချည်း ထိုင်ဆွဲနေတာ"

"ဟောတော့...."

မထားထားက အာခေမဒိတ်သံပြုလျက် သဘောကျစွာ ယ်မောလေသည်၊ သူရှက်အမ်းအမ်း ဖြစ်ကာ မမကြီးကို မ်းကြည့်လိုက်မိသည်၊

သူ့အကြည့်ကို မမကြီးက ပြုံးစိစိဖြင့် တုံ့ပြန်ရင်း....

"ဘာလဲ....မဟုတ်ဘူးလို့ ငြင်းဦးမလို့လား၊ နင် ငါ့ကို ဖို့ မကြိုးစားနဲ့နော် မောင်လေး၊ နင့်စာကြည့်စားပွဲကို စပ်စုထားပြီးသား"

လူမသိသူမသိ ဆွဲလမ်းနေမိသောအဖြစ်ကို မမကြီးသိသွား ဘွသောအခတွေးဖြင့် မျက်နှာမှာ နွေးခနဲ ဖြစ်သွားမိသည်၊ ကြီးကို စိတ်တိုတောင်းစွာ စူးစိုက်ပြန်ကြည့်ရင်း....

"အဲဒါတော့ မမကြီးမကောင်းဘူး၊ ဒါသူများ 'ပရိုက် စီ' (privacy) ကို ချိုးဖောက်တာပဲ"

"ဘာ 'ပရိုက်ဗေစီ'လဲ၊ လုပ်မနေနဲ့၊ မောင်တစ်ယောက်ရဲ့ ကြည့်စားပွဲကို အစ်မတစ်ယောက်က စပ်စုခွင့်ရှိတယ်"

ရယ်မောလျက် ပေါ့ပါးစွာ အဖြေပေးလာသည့် မမကြီး ဘာမှပြန်မပြောတော့ဘဲ လှည့်ထွက်လာခဲ့မိသည်၊ သူ မ်ခန်းတွင်းသို့ လှမ်းမဝင်ခင်....

"ဘယ်ကောင်မလေးပုံကို ဆွဲဘာလဲ"

ဟူသော မထားထား၏အမေးနှင့် 'သူ့ရည်းစားပုံနေမှာပေါ့' ဟူသော မမကြီး၏ အဖြေစကားတို့ကို သူကြားလိုက်ရသည်။

စိတ်မွန်းကျပ်စွာ ပင့်သက်တစ်ခုကို မှုတ်ထုတ်ရင်း အခန်းတွင်းသို့ဝင်ကာ စာကြည့်စားပွဲတွင် ပြန်ထိုင်လိုက်မိသည်။

ကြည့်လက်စ မှတ်စုစာအုပ်ကို လှမ်းအယူ စာအုပ်ပုံများအကြားမှ တစ်စွန်းတစ်စထွက်နေသည့် ဗလာစာရွက်တစ်ရွက်ကို သတိပြုလိုက်မိသည်။

ထိုစာရွက်ပေါ်မှ ခင်လေးသစ်၏ ပုံတူက ရဗ်ခုန်ဖွယ်ရာအပြုံးတစ်ခုနှင့် ဖြစ်လေသည်။



( ၄ )

"ဖြေနိုင်တယ်မဟုတ်လား...."

အုတ်နံရံကို လက်ထောက်ရပ်နေသော တင်အောင်က သူ့ကိုအတွေ့မှာ လှမ်းမေးသည်။ တင်အောင့် အိတ်ကပ်ထဲမှ တစ်စွန်းတစ်စထွက်နေသည့် ဆေးပေါ့လိပ်ကို လှမ်းယူရင်း ခေါင်းညိတ်ပြလိုက်သည်။

"မဆိုးပါဘူး၊ မင်းကော...."

"တစ်နှစ်လုံးစာကို တစ်ပတ်တည်းနဲ့ ကျက်ခဲ့တာပဲ"

"ဘာမဖြေနိုင်စရာရှိသလဲ၊ ကျမှာသေချာတယ်"

ဝမ်းသာအားရ ပြောပြနေစဉ် တင်အောင့်စကားကြောင့် စိတ်လက်ပေါ့ပါးစွာ ရယ်မောလိုက်မိသည်။

"နွဲ့ရီနဲ့ မိုးကျော်ကော ဘယ်လိုနေကြလဲမသိဘူး"

ဖြေဆိုချိန်ချင်းမတူသော နွဲ့ရီနှင့် မိုးကျော်တို့အတွက် စိတ်ပူပန်စွာ တင်အောင် ရေရွတ်သည်။

ကိုယ်မဖြေနိုင်တာ စိတ်မပျက်ဘဲ အခြားသူငယ်ချင်းများ မဖြေနိုင်စီမှာ စိတ်ပူတတ်ခြင်းသည် တင်အောင်၏ ထူးခြားစွာ ချစ်စရာကောင်းသော သူငယ်ချင်း ပီသမှု အချက်တစ်ချက် ဖြစ်သည်။

"မနေ့ညက မိုးကျော် ငါ့ဆီဖုန်းဆက်တယ်၊ သူရော နွဲ့ရီပါ နှစ်ယောက်စလုံး ဖြေနိုင်တယ်လို့ပြောတယ်"

ဆေးပေါ့လိပ်ကို မီးညှိရင်း သူပြောလိုက်သည်။ တင်အောင်က လွယ်အိတ်ကို ပခုံးပြောင်းလွယ်ရင်း....

"လာကွာ....အရှည်ကြီးဆိုင် သွားထိုင်ရအောင်"

သူ တင်အောင့်ကိုကြည့်ရင်း ငြင်းရန်စိတ်ကူးလိုက်မိသည်။ သို့သော် သူ တစ်စုံတစ်ရာ ပြန်မပြောနိုင်ခင်....

"ငါ့မှာတော့ ပိုက်ဆံမပါဘူး၊ မင်းတိုက်ကွာ"

"တိုက်ပါ့မယ်၊ ဒါပေမယ့် လှည်းတန်းမှာ သောက်ပါလား"

"လှည်းတန်း ဘာလုပ်မှာလဲ၊ ဒီမှာ ကောင်းပါတယ်၊ မျက်စိအေးစရာလေးတွေ ကြည့်လို့ရတာပေါ့"

တက်ကြွစွာဦးဆောင်ထွက်သွားသောတင်အောင်ကြောင့် သူဆက်မငြင်းဖြစ်တော့၊ လမ်းလျှောက်လျှင် လွယ်အိတ်ကြီးကို ဆွဲလျက် ခေါင်းငုံ့ကာ လျှောက်တတ်သော သူ့အကျင့်အတိုင်း ဘေးဘီဝဲယာကိုမကြည့်ဘဲ တင်အောင့်နောက်မှ လိုက်လာခဲ့မိသည်။





အရှည်ကြီးဆိုင်၏ အပြင်ဘက်စားပွဲတွင် ဝင်ထိုင်ချိန်ကျမှ ပေါ့လိပ်ကို ဖွာရှိုက်ရစီး အကြည့်တို့ကို ဝေ့ဝဲလိုက်မိသည်။ ထိုအချိန်မှာပင် အမြဲကမ်းတွေ့ချင်နေခဲ့သော်လည်း ဘယ် မှ မတွေ့မိအောင် ကြိုးစားရှောင်ကြဉ်နေခဲ့မိသော သူမ တွေ့လိုက်ရတော့သည်။ သူတို့ ထိုင်နေရာနှင့် ခြေလှမ်း င်း (၂၀)မျှလောက်ပင် မဝေးသော အအေးဆိုင်တွင် နှင့်သူမအဖော်အမျိုးသားတို့ အအေးထိုင်သောက်နေကြ ဖြစ်သည်။

တကယ်တော့ သည်နေရာသည် သူမတို့ ကျင်လည်ကျက် ရာ နေရာတစ်ခု ဖြစ်ကြောင်း သူ သဘောပေါက်ခဲ့ဖို င်းသည်။ ဘာဖြစ်လို့များ တင်အောင်ရဲ့ ခေါ်ဆောင် အလွယ်တကူ ခေါင်းညိတ် လိုက်လျှောခဲ့မိရသာလဲ....

"ချိုပေါ့ပဲလား....ညိုသွန်း"

င်အောင့်အသံကြောင့် အသိဝင်လျက် အကြည့်တို့ကို က်မိသည်။

"ချိုပေါ့ပါပဲ"

ခေါင်းညိတ်လျက် တင်အောင့်အမေးကို ပြန်ဖြေလိုက် ည်၊ ထို့နောက် ဆေးပေါ့လိပ်ကို ခပ်ကြမ်းကြမ်းရှိုက်ဖွာ သူမရှိရာဆီသို့ မကြည့်မိအောင် ဦးခေါင်းကို ငုံ့ထား မိသည်။

သို့သော် ဦးနှောက်ကထိန်းချုပ်ထားသည့်တိုင် နှလုံးသား က်တွန်းမှုကို မခံနိုင်သော မျက်ဝန်းတို့က ဆိုဒ်လုလင်

လက်ဖက်ရည်ခွက်များ လာချစဉ် သူမတို့ထိုင်နေရာသို့ ရုံ ခနဲ ဝေ့ဝဲမိပြန်သည်။

ခဏလေးပါပဲ မခင်သစ်....

တကယ့်ကို ခဏလေးပါပဲ....

ဒါပေမယ့်ခဏလေးကြည့်လိုက်မိတဲ့အကြည့်တစ်ချက်ဟာ လည်း နှလုံးသားကို အဆုံးစွန် ကျွမ်းမြည့်လောင်မြိုက်စေတ ပါပဲ။

လိုအပ်သည်ထက် ပို၍ ကျယ်ခလောဓီသော ရယ်သံ ပြုံရင်း....

သူမ၏ကိုယ်ကို ရှေ့သို့ကိုင်းလျက် အဖော်အမျိုးသားဆီ ပိုမိုနီးကပ်စေရင်း....

ပမာမခန့်နိုင်လှသော အပြုံးတစ်ခုကို မခို့တရို့ပြုံးရင်း

တမင်ပြုံနေခဲ့သော သူမ၏အပြုအမူတို့က ဝေ့ဝဲကျရော လာမည့် သူ၏ အကြည့်တို့ကို တင်ကြိုရိပ်မိနေခဲ့ကြော သံသယဖြစ်စရာ မလိုလောက်အောင် သေချာလှွန်းလှသည်

ပင့်သက်တစ်ချက်ကို ခက်ခဲစွာရှိုက်လျက် သူ၏အကြ တို့ကို အမြန်ရုပ်သိမ်းလိုက်ရသည်။

"သောက်လေ.... ညိုထွန်း"

လက်ဖက်ရည်ခွက်ကို သူ့ရှေ့သို့ တွန်းပို့ရင်း လှမ်းပြေ လာသည့် တင်အောင့် အသံကြောင့် ပျံ့လွင့်နေသော စိ တို့ကို စုစည်းရင်း လက်ဖက်ရည်ခွက်ကို လှမ်းယူလိုက်သည်

တင်အောင်က ဆေးပေါ့လိပ်တစ်လိပ်ကိုထုတ်လျက် စ ပွဲပေါ်သို့ ဆေးပေါ့လိပ်ဖင်ကို တဒေါက်ဒေါက်ဆောင့်ရ





ကို စူးစိုက်ကြည့်သည်။ တင်အောင်၏ အကြည့်တို့က သူ့ တွင်းမှ ခံစားချက်မှန်သမျှကို နားလည်ရိပ်မိသောအကြည့် ဖြစ်သည်။

တင်အောင့်အကြည့်တို့ကို ရှောင်လွှဲလျက် ခေါင်းငုံ့ကာ က်ဖက်ရည်ကို တစ်ငုံ ငုံလိုက်သည်။ ထိုအချိန်မှာ တင် အောင် သူ့ကို လှမ်းမေးသည်။

"မင်းခုချိန်ထိ စွဲလမ်းနေတုန်းပဲလား"

မည်သူ့ကိုဟူသည့် ရည်ညွှန်းချက်မပါသည့်တိုင် တင် အောင့်အမေးက သူ့ရင်ကို ပြင်းပြစွာ တုန်လှုပ်သွားစေရန် လောက်သော အမေးဖြစ်သည်။

သူလက်ဖက်ရည်ခွက်ကို ပြန်ချရင်း တင်အောင့်ကို အံ့ဩ မေ့ကြည့်လိုက်မိသည်။

"စွဲလမ်းလွန်းရစီ အသည်းကျွမ်းရတတ်တယ် ညိုထွန်း၊ ဒီစကားကို မင်းကြားဖူးတယ် မဟုတ်လား"

သူ တစ်စုံတစ်ရာ အဖြေမပေးဖြစ်၊ ငြိမ်သက်နှုတ်ဆိတ်နေ သည်။ တင်အောင် သူ့ကိုကြည့်ရင်း တစ်လုံးချင်း ဆက် ပြောသည်။

"အစကတော့ ငါလဲ မိုးကျော်လိုပဲ၊ ခင်လေးသစ်ကို မေ့ ဖို့ မင်းကို အတင်း ဖိအားပေးခဲ့မိတယ်၊ ခင်လေးသစ် ကြေရှင်းမင်းဆွေးနွေးလာရင်လဲ ပြန်မဆွေးနွေးဘဲ ရှောင် က်ခဲ့မိတယ်။ ငါတို့ အဲလိုလုပ်တာနဲ့ပတ်သက်ပြီး မင်းမကျေ နပ် ဖြစ်ကောင်းဖြစ်မယ်၊ တကယ်တော့.... အဲလိုလုပ်တာ

ဟာ အကြောင်းမဲ့လုပ်တာမတုတ်ဘူး ညိုထွန်း၊ မင်းခံစေ
တာ မကြည့်ရက်လို့ပဲ"

"ဒါဖြင့်....ခုဘာဖြစ်လို့ ခင်လေးသစ်အကြောင်း ဆေ
နွေးလဲ"

ဟု နားမလည်နိုင်စွာ ပြန်မေးလိုက်သည်။

"ဘာဖြစ်လို့ ဆွေးနွေးလဲဆိုတော့ မင်း ခင်လေးသ
မမေ့နိုင်သေးတာ ငါသိနေလို့ပေါ့၊ ဒီတော့ ဘာပဲဖြ
တစ်ယောက်ထဲ ကျိတ်ခံစားနေမယ့်အစား ငါ့ကို ဖွင့်ပြေ
တိုင်ပင်ပေါ့၊ ဒါက မင်း သူ့ကို မေ့မပစ်နိုင်ခဲ့ စပ်ကြ
ကာလ ပြောတာ၊ သူ့ကို မေ့ပစ်နိုင်ရင်တော့ အကော
ဆုံးပဲ"

စာနာနားလည်မှုရှိသော သူငယ်ချင်း၏ စကားက ရင်
အထိ နက်ရှိုင်းစွာစီးဝင်၏၊ ငါ့အပေါ် နားလည်ကြသ
ဟူသော အသိဖြင့် နှလုံးသားသည် နွေးထွေးစွာ ဝမ်းသ
သွားမိသည်။

"ဘာပဲဖြစ်ဖြစ် ဝေမျှခံစားကြတာပေါ့ကွာ"

နိဂုံးချုပ်စကားကို ဆိုရင်း တင်အောင် ရေနွေးကြ
တစ်ခွက်ကို ငှဲ့သောက်သည်။

ဝေမျှခံစားကြတာပေါ့တဲ့။

ဝေဒနာဆိုတာ ဝေမျှခံစားလို့ရတဲ့ အရာမှ မဟုတ်တ
ဘဲ တင်အောင်၊ ဝေမျှခံစားလို့ရဦးတော့.... ကာယကံ
အတွက် ပြေပျောက်သက်သာသွားဖို့ဆိုတာ မဖြစ်နိုင်ပါဘူ





ရင်တွင်းမှ တင်အောင့်ကို ပြန်ပြောရင်း ပင့်သက်တစ်ခု
ကို မှုတ်ထုတ်လိုက်မိသည်။ စားပွဲပေါ်မှ ဆေးပေါ့လိပ်တို
ကို လှမ်းယူ၍ မီးညှိဖွာရှိုက်ရင်း အဝေးသို့ အကြည့်ရောက်
မိသည်။

ဖြည်းညင်းစွာ အားယူ မောင်းထွက်သွားသော အပြာ
ရောင် ဆန်နီပစ်ကပ်ကားတစ်စီးက သူ၏ အမြင်အာရုံအတွင်း
သို့ တိုးဝင်၏။

ကားရှေ့ခန်းတွင်းသို့ အကြည့်စူးရှသော မျက်ဝန်းတို့နှင့်
ခင်လေးသစ်ကို တွေ့ရ၏။ အကြည့်တို့ကို အမြင်လွဲလျက်
ခေါင်းကိုင့် လိုက်မိသည်။

သူ့အဖြစ်ကို အစအဆုံး ငေးကြည့်နေသော တင်အောင့်
ထံမှ သက်ပြင်းချသံသဲ့သဲ့ကို ကြားရသည်။

## ( ၅ )

"သေနာကျ မိုးကျော်.... တော်တော်ဒုက္ခပေးတယ်"

စိုကပ်နေသော အင်္ကျီနောက်ကျောကို ဆွဲဆန့်ရင်း နွဲ့ရီက မျက်စောင်းခဲ၍ မိုးကျော်ကို လှမ်းပြောသည်။ နွဲ့ရီ၏ အင်္ကျီ နောက်ကျောတစ်ခုလုံး စိုရွှဲလျက် ရှိသည်။ နွဲ့ရီသာ မဟုတ်၊ သူရော တခြားအခြားပေါ့ ထိုအတိုင်းဖြစ်သည်။

သူတို့သုံးယောက်အား စိုရွှဲစေသည့် တရားခံကတော့ မိုးကျော်ပဲဖြစ်သည်၊ ကျောင်းထဲမှ အပြင်လျှောက်ကန်ပေါင်ပေါ် ရောက်သည်အထိ သူတို့သုံးယောက်အား ကလေးကစားစရာ ရေပြွတ်သေနတ်ကလေးဖြင့် မိုးကျော် တစ်လမ်းလုံး ပက်လာခဲ့သည်။

သူတို့က လှည့်၍ ဟန့်တားတိုင်း....





"စာမေးပွဲနောက်ဆုံးနေ့ အိမ်ပြန် လက်ဆောင်လေ...."

ဟု ပြောင်စပ်စပ်မျက်နှာနှင့် ပြော၍ ပိုပက်လေသည်။ နောက်ဆုံးတော့ မိုးကျော်၏ သကြံန်ပွဲကို ခပ်တည်တည်နှင့်ပင် လျစ်လျူရှုလိုက်ရတော့သည်။

"ငါဖျားရင်တော့ နင်တရားခံပဲ"

ပန်းအန်ထဲမှ ဘူးသီးကြော်ကို လှမ်းနှိုက်ရင်း နွဲ့ရီက မကျေမနပ်မျက်နှာနှင့် မိုးကျော်ကို လှမ်းပြောသည်။ မိုးကျော်က ရေကုန်နေပြီဖြစ်သော သေနတ်ကို စားပွဲပေါ်သို့ တင်လျက် ရယ်မောရင်း....

"စာမေးပွဲ နောက်ဆုံးနေ့ပဲဟာ၊ ဒီလောက်တော့ ရှိမှာပေါ့"

"နောက်မတွေ့ရမယ့် လူတွေ ကျနေတာပဲ၊ တကတဲ...."

ဘူးသီးကြော်ကိုဝါးရင်း နွဲ့ရီ စူဆောင့်ဆောင့်ပြောသည်။

"ငါက နင့်ကို အေးမြစေချင်လို့ပါ နွဲ့ရီရာ"

တောင်းပန်သံဖြင့် မိုးကျော် ပြောသည်၊ တင်အောင်နှင့် သူ ဘူးသီးကြော်ကို စားလျက် မိုးကျော်နှင့် နွဲ့ရီ၏ စစ်ပွဲကို စောင့်ကြည့်နေလိုက်သည်။

"ဒါဆို....ငါကလဲ နင့်ကိုပြန်ပြီး နွေးထွေးစေချင်တယ် မိုးကျော်"

ပြောပြောဆိုဆိုနှင့် နွဲ့ရီ ရေနွေးကြမ်းခွက်ကို ကောက်ကိုင်လိုက်သည်။ နွဲ့ရီ ဘာလုပ်တော့မည်ကိုရိပ်မိသော မိုးကျော်က ပြေးရန် ပြင်သည်။

သို့သော် ဘေးနားမှ တင်အောင်က မိုးကျော်၏ လက်မောင်းကို လှမ်းဆွဲထားလိုက်သောကြောင့် မိုးကျော် မပြေးနိုင်တော့၊ နွဲ့ရီက ခြေသွက်လက်သွက်နှင့် မိုးကျော်ကို ရေနွေးကြမ်းဖြင့် လှမ်းပက်လိုက်သည်၊

မိုးကျော်က အားခနဲ အော်ရင်း....

"နင့် ရေနွေးထွေးမှုကလဲ အသားကျက် မတတ်ပါပဲလား ဟာ"

နွဲ့ရီက လက်စားချေလိုက်ရသောကြောင့် အလွန်ကျေနပ်သွားသော မျက်နှာနှင့်....

"ခါတောင်....သနားလို့ ကြိုပြီး အအေးခံထားတာ"

"အအေးခံထားပေလို့ပေါ့ နွဲ့ရီရာ၊ အအေးမျှား ခံမထားရင် တစ်ခါတည်း ပြုတ်ပြီးသား ဖြစ်သွားမလား မသိဘူး"

မျက်နှာကို ရှုံ့မဲ့ရင်း မိုးကျော် ရေရွတ်သည်၊ မိုးကျော်၏ အဖြစ်ကိုကြည့်ရင်း တင်အောင်နှင့် သူ သဘောကျစွာ ရယ်မောလိုက်မိသည်၊

မိုးကျော်က သူတို့နှစ်ယောက်ကို မှုန်ကုပ်ကုပ် လှမ်းကြည့်ရင်း....

"အေးပေါ့ကွာ.... ရယ်ကြပေါ့"

ဟု မကျေမနပ် ရေရွတ်လျက် ရေနွေးကြမ်းကို တဖူးဖူး မှုတ်သောက်နေ၏။

သူပြုံးလျက် မိုးကျော်ဆီမှ အကြည့်လွှဲလိုက်မိသည်၊ ကန်ပေါင်တစ်လျှောက် သူတို့လိုပင် စာမေးပွဲ နောက်ဆုံးနေ့ ဟူ





သော အထိမ်းအမှတ်တစ်ခုကို ရည်ရွယ်လျက် လာကြဟန်တူသော ကျောင်းသားများစွာကို သတိပြုမိသည်၊

သူတို့ထိုင်နေရာနှင့် ခပ်လှမ်းလှမ်းစားပွဲ တစ်ခုမှာတော့ ခေါင်းချင်းဆိုင်လျက် တွတ်ထိုးနေသော စုံတွဲကို တွေ့ရ၏၊ နှစ်ယောက်စလုံး၏ မျက်နှာ၌ ခွဲခွာကြရမည့် ကျောင်းပိတ်ရက်ရှည်ကာလအတွက် တင်ကြို ဝမ်းနည်းနေကြဟန်က အထင်းသား။

ဘဝတစ်ခုလုံးနှင့် နှိုင်းယှဉ်ပါက တိုးတောင်းလှသည့် အချိန်အစိတ်အပိုင်းတစ်ခု ဖြစ်သည့်တိုင် ခွဲခွာရခြင်းကတော့ ခွဲခွာရခြင်းပါပဲ....

တစ်ရက်ပဲ ခွဲရခွဲရ.... တစ်သက်ပဲ ခွဲရခွဲရ.... ချစ်တတ်သူတွေအတွက် ခွဲခွာခြင်း ဝေဒနာဆိုတာက ခံစားရတာချင်း အတူတူပင် ဖြစ်ပေလိမ့်မည်၊

ဝန်းကျင်ဆီသို့ အကြည့်လွှဲလျက် ငေးမော နေမိသော သူ့ကို မိုးကျော်က တစ်စုံတစ်ရာ လှမ်းပြောသည်၊ အတွေး၌ နစ်မြုပ်နေမိသောကြောင့် မိုးကျော်၏စကားကို သဲကွဲစွာ သတိမထားလိုက်မိ၊

"ဘာလဲ မိုးကျော်...."

သူ မိုးကျော်ကိုကြည့်ရင်း မေးလိုက်သည်၊

မိုးကျော်က ပြုံးရင်း....

"ဘာတွေ အတွေးလွန်နေတာလဲ"

"ဘာမှ မဟုတ်ပါဘူး၊ မင်းစောစောက ဘာပြောလိုက်တာလဲ"

သူ မိုးကျော်ကို ထပ်မေးလိုက်မိသည်။

မိုးကျော်က နွဲ့ရီကို တစ်ချက်လှမ်းကြည့်ရင်း....

"မင်းကို နွဲ့ရီက သတင်းထူးတစ်ခု ပြောစရာရှိနေတယ်"

"ဟုတ်လား....ဘာလဲ နွဲ့ရီ....ပြောပါဦး"

"အလကားပါ ညိုထွန်းရာ၊ ဒီကောင် လျှောက်ပြောနေတာပါ"

နွဲ့ရီက ခေါင်းယမ်းလျက် ပြောသည်။

"ပြောပြလိုက်ပါ နွဲ့ရီ၊ သူသိသင့်တဲ့ ကိစ္စပဲ"

မိုးကျော်က နွဲ့ရီကို တိုက်တွန်းဟန်ဖြင့် ဝင်ပြော၏။ မိုးကျော်၏ စကားကြောင့် သူ စိတ်ဝင်စားသွားမိသည်။

တစ်ချိန်လုံး ဘူးသီးကြော်စားရင်း၊ နှုတ်ဆိတ် ငြိမ်သက်နေသော တင်အောင်က မေးခွန်းတစ်ခု ဝင်မေးသည်။

ထိုမေးခွန်းသည် သူကိုယ်တိုင် မေးချင် နေသော်လည်း မမေးရဲခဲ့သော မေးခွန်းဖြစ်သည်။

"ဘာလဲ....ခင်လေးသစ်နဲ့ ပတ်သက်သလား...."

တင်အောင့် အမေးကို နွဲ့ရီ ချက်ချင်းမဖြေ။ တွေးတွေးဆဆဟန်နှင့် ခေတ္တ တုံ့ဆိုင်း၏။ ပြီးမှ ခေါင်းညိတ်လျက် "အေး" ဟု အဖြေပေးသည်။

"ပြောမှာဖြင့်လဲ ပြောဟာ၊ သိပ် အိုက်တင်ခံမနေနဲ့"

တင်အောင်က စိတ်မရှည်စွာ လှမ်းပြောသည်။

နွဲ့ရီက တစ်ချက်ပြုံးရင်း....





"အိုက်တင်ခံနေတာ မဟုတ်ပါဘူးဟာ၊ ပြောမှာပါ။ သတင်းက အရေးကြီးတဲ့သတင်း မဟုတ်လို့ ပြောသင့်မပြောသင့် စဉ်းစားနေတာပါ"

နွဲ့ရီက တင်အောင့်ကို ပြောနေရင်းမှ သူ့ကို တစ်ချက်ကြည့်သည်။ ထို့နောက် ခပ်ဖြည်းဖြည်းဆက်ပြောသည်။

"ဒီလိုဟာ....ခင်လေးသစ်က တင်ထက်ကို အဖြေပေးလိုက်ပြီ၊ သဘောကတော့ ခင်လေးသစ်နဲ့ တင်ထက် ဖြစ်သွားကြပြီပေါ့ဟာ၊ အဲဒါ ညိုထွန်း သိသင့်တယ်ထင်လို့"

နွဲ့ရီ၏ စကားအဆုံး သူငယ်ချင်းများ၏ မျက်လုံးများက သူ့ကိုယ်ပေါ်သို့ စုပြုံကျရောက်လာသည်။ သူ့မျက်နှာပေါ်မှ ဝမ်းနည်းကြေကွဲမှု အရိပ်အယောင်များ ရှာဖွေနေကြခြင်း၊ ဟု နားလည်လိုက်မိသည်။

နဂိုကတည်းက တစ်နေ့ သည်လိုဖြစ်လာလိမ့်မယ်လို့ မျှော်လင့်ထားပြီးသားပဲ၊ ကိုယ်မရနိုင်တဲ့ ပစ္စည်းတစ်ခု၊ သူများလက်ထဲရောက်သွားတဲ့အတွက် နှမြောသလို ဖြစ်မိရုံကလွဲလို့ သိပ်ပြီး မခံစားရတော့ပါ မခင်သစ်....

ခံစားစရာလည်း မလိုတော့ပါဘူး၊ မခင်သစ်နဲ့ ပတ်သက်လို့ ကျွန်တော် အများကြီး ခံစားခဲ့ပြီးပါပြီ....

"ဝမ်း ဂိုး တူးကမ်းပေါ့ကွာ၊ မင်းဘာမှ အားငယ်မနေနဲ့ညိုထွန်း၊ မနှစ်က ဆယ်တန်းအောင်တဲ့ နွဲ့ရီညီမတစ်ယောက် မင်းအတွက် ငါချန်ထားလိုက်မယ်"

"အောင်မယ်....မိုးကျော်နော်....ငါ့ညီမကြားရင် နင့်ကို သတ်လိမ့်မယ်"

နွဲ့ရီက မျက်စောင်းခဲလျက် မိုးကျော်ကို လှမ်းပြောသည်။

"သတ်ရင်လဲ နင့်မျက်နှာကြောင့် ငါ အသေခံပေးရမှာ ပေါ့ဟာ"

အငြိအစွန်းမလွတ်သော မိုးကျော်၏စကားကြောင့် နွဲ့ရီ ရှက်ရယ် ရယ်လျက် ရေခွန်းဖြင့် မိုးကျော်ကို ထပ်ပက်သည်။ သည်တစ်ခါတော့ မိုးကျော်က သွက်သွက်လက်လက်နှင့်ပင် ထိုင်ရာမှထလျက် ရှောင်ပြေးလိုက်နိုင်သည်။

တင်အောင်က ဘူးသီးကြော်ဖိုး ရှင်းရန် ပိုက်ဆံထုတ်ရင်း....

"ကဲဟာ....နှစ်ယောက်စလုံး တော်ကြစမ်းပါ၊ မြို့ထဲသွားကြမယ်"

"ဘာလုပ်ဖို့လဲ"

နွဲ့ရီက တင်အောင့်ကို နားမလည်သလို မေးသည်။

"ထမင်း သွားစားကြမယ်၊ ခင်လေးသစ်ရဲ့ အခန်းကဏ္ဍ ပြီးဆုံးသွားတဲ့ အထိမ်းအမှတ် ညစာစားပွဲပေါ့၊ ငါကျွေးမှာပါ"



( ၆ )

ကက်ဆက်အတွင်းမှ တိုးညင်းစွာ ထွက်ပေါ်လာသည့် သီချင်းသံက နားထဲမှတစ်ဆင့် နှလုံးသည်းပွတ်သို့တိုင် စိမ့် ဝင်၏။

ကက်ဆက်ဖွင့်ပြီးတိုင်း အခွေကို သက်ဆိုင်ရာဘူးအတွင်း သို့ စနစ်တကျ ပြန်မထည့်တတ်သော အကျင့်နှင့်၊ ကက်ဆက် ဖွင့်လျှင် ကက်ဆက်ဘေးရှိ အခွေလွတ်ပုံအတွင်းမှ လက်သင့် ရာ တစ်ခွေခွေကို ဆွဲယူ ဖွင့်တတ်သော အကျင့်ကြောင့် ဆောင်းဘောက်ဇ်အတွင်းမှ တိုးညင်းစွာ ထွက်ပေါ်နေသော သီချင်းက သွဲ့အောင်၏ မြိုင်နန်းစံ ပန်းတစ်ပွင့်သီချင်း ဖြစ်နေ သည်မှာ သိပ်တော့ အံ့ဩစရာမတုတ်။

........ပါရမီထူးတဲ့ ပန်းကလေးဟာ....မှိုင်းတဲ့ အကိုင်း
ဖျားမှာ ဆက်ကာ ဝေဆာ တင့်ဆန်းတော့မှာမို့....
စိတ်ကူးခဲ့သမျှ အခုတော့ အပိုပါလား.............

စီးထရက်ကို ဖွာရှိုက်ရင်း သီချင်းသံ၌ ပျော်ဝင်နစ်မျှော်နေမိသည်၊ သူ့အောင်၏ "စိတ်ကူးခဲ့သမျှ အခုတော့ အပိုပါလား"ဟူသော အားလျှော့ ညည်းတွားသံက ထိရှလွယ်သော နှလုံးသားကို စူးနစ် လှုပ်ခါသွားစေ၏၊

အတွေး၌ အသားဖြူဖြူ ဆံပင်ဖြီးရှည်ရှည်နှင့် ထဘီတိုတိုဝတ်တတ်သော သူမ၏ပုံရိပ်က လူးလွန့်လာပြန်သည်၊

"ဒါဟာ နောက်ဆုံးအကြိမ် သတိပေးလိုက်တာသို့ မှတ်ပါ...."

"နောက်တစ်ခါ ကျွန်မ နောက်ကို...."

"ခင်လေးသစ်က တင်ထက်ကို အဖြေပေးလိုက်ပြီ"

စကားသံတို့က တုန်ခါခြေရာထွေးလျက် ဆူညံနေသည်ဟု ထင်မိ၏၊ ပမာမခန့်နှိုင်လှသော အပြုံးတစ်ခုခု ခိုတွယ်နေမည့် နီစွေးလှပသော နှုတ်ခမ်းအစုံနှင့် ခင်လေးသစ်၏ မျက်နှာက ရစ်ဝဲ၍ လာပြန်သည်၊

ပင့်သက်တစ်ချက်ကို မှုတ်ထုတ်ရင်း ခေါင်းကို ခါယမ်းလိုက်မိသည်။

ကျေးဇူးပြုပြီး အတွေးထဲက ထွက်ခွာသွားပါလား မခင်သစ်....





ရက်ပေါင်း(၂၀၀) နီးပါး နေ့စဉ်ရက်ဆက် အာရုံမှာ ဝင်ထွက်သွားလာခဲ့ဖူးပေမယ့် ခုချိန်ဟာ ကျွန်တော်တို့ နှစ်ယောက် အတွေးချင်းတောင် ထိစပ်ဖို့ မကောင်းတော့တဲ့ အချိန်ပါ။

စီးကရက်ကို ခပ်ကြမ်းကြမ်း ဖွာရှိုက်ရင်း ပြာခွက်အတွင်းသို့ ထိုးချေလိုက်မိသည်၊

........ဖြော်.... တို့များ အခြေအနေနဲ့ မပတ်သက်
သင့်မှန်း ကိုယ်နားလည်....မင်းလေး စိတ်ညစ်အောင်
တကယ်တမ်းတော့....မဖြေရက်ဘူး.........

တိုးညင်းစွာ ထွက်ပေါ်နေဆဲ သီချင်းသံတို့ကို ဆက်လက်သည်းခံ နားထောင်ချင်စိတ် ကုန်ခန်းစွာ ကက်ဆက်ခလုတ်ဆီသို့ လက်လှမ်းလျက် ပိတ်ပစ်လိုက်မိသည်။

စားပွဲပေါ်မှ စီးကရက်ဘူးကို လှမ်းယူလျက် နောက်ထပ်စီးကရက် တစ်လိပ်ကို မီးညှိလိုက်မိပြန်သည်၊ ပြာလွဲသောမီးခိုးငွေ့တို့ လူးလွန့်လွင့်တက်သွားကြသည်ကို အဓိပ္ပာယ်မဲ့စွာငေးရီနေမိသည်၊ ဆုံးရှုံးခြင်းဟူသော ဝေါဟာရက ရင်ဘတ်၌ပွဲတော်ထပ်လျက် ရှိ၏၊

ကျွန်တော် ဆုံးရှုံးလိုက်ရတာပေါ့နော်....

အပြာရောင် ဆန်နီကားပေါ်မှ ခင်လေးသစ်နှင့် တင်ထက်တို့၏ အပျော်မျက်နှာများကို ဖျတ်ခနဲ သတိတရ မြင်ယောင်လိုက်မိသည်၊

"သဘောကတော့ ခင်လေးသစ်နဲ့ တင်ထက် ဖြစ်သွားကြပြီပေါ့ဟာ၊ အဲဒါ ညှိတွန်းသီသင့်တယ်ထင်လို့"

နွဲ့ရီ၏စကားသံက နားထဲမှာရစ်ဝဲ၍နေ၏။

ဆုံးရှုံးခြင်းဆိုတဲ့စကားဟာ အများကြီး မှားသွားခဲ့တာပဲ မခင်သစ်....

လက်လွတ်ဆုံးရှုံးခြင်းဆိုတာ ရယူပိုင်ဆိုင်ပြီးမှ ဖြစ်နိုင်တဲ့ကိစ္စပဲ၊ ကျွန်တော့်အဖြစ်က ပိုင်ကိုမပိုင်ဆိုင်လိုက်ရတဲ့အဖြစ်ပါ။

တီးတိုးရေရွတ်သံတို့က ရင်တွင်းမှာ ပြည့်လျှံလျက်ရှိ၏။ ရှည်လျားခိုတွယ်နေသော ပြာတောင့်ကိုခြွေချရင်း စီးကရက်ကို တစ်ချက်ရှိုက်လိုက်မိသည်။

အခန်းအပြင်ဘက်စင်္ကြံဆီမှ ခြေသံသဲ့သဲ့ကြားရ၏။ ဆိုင်သား တစ်ယောက်ယောက် တစ်ခေါက်ရေးနိုးလာတာ ဖြစ်မည်ဟု တွေးလိုက်မိသည်။

"မောင်လေး....နဒီမအိပ်သေးဘူးလား"

အခန်းတံခါးကိုပုတ်ရင်း အပြင်မှ လှမ်းအော်သွားသော မမကြီး၏အသံကြောင့် ခုတင်ပေါ်မှဆင်း၍ အခန်းမီးကို လှမ်းပိတ်လိုက်မိသည်။

ပိန်းပေါက်အောင်မှောင်သွားသောအခန်းတွင်းမှာလည်း သူမ၏သဏ္ဌာန်က ထင်ရှားစွာ လူးလွန့်ဆဲပင်ဖြစ်သည်၊ လေ တစ်ချက်ကို မှုတ်ထုတ်ရင်း တစ်ဝက်ကျော်ကျော်ကျန်သော စီးကရက်ကို ပြာခွက်အတွင်းသို့ ထိုးချေလိုက်မိသည်။

အတွေးမျှားစွာက ညနေတုန်းကထမင်းဝိုင်းဆီသို့ပျံလွင့်၍ သွားပြန်သည်။

* * *





"ညီထွန်း မြန်မြန်စားနော်....ဟိုနှစ်ကောင်က အီသီယိုပီးယားပြန်တွေ၊ လက်က မြန်ပါဘိသနဲ့.... တော်ကြာ နင့်ပန်းကန်ထဲကိုလာပြီး စားမခန်ခုတ်နေဦးမယ်"

နွဲ့ရီက ထမင်းကို ပလုတ်ပလောင်းဝါးရင်း တဇီအောဇ်နှင့် မိုးကျော်တို့ဘက်သို့ မေးငေါ့ပြလျက် သူ့ကိုလှမ်းပြောသည်။

"ခွေးစုတ်မ....ငါကလဲ ကျွေးရသေးတယ်၊ ငါ့ကိုလဲ ခွေးနဲ့နှိုင်းသေးတယ်"

"ဟယ်....ဟုတ်ပါရဲ့.... ဆောရီး.... ဆောရီး.... စိတ်မဆိုးနဲ့နော်၊ ရော့....ထည့်စား အစ်ကိုတင်အောင်"

ချိုချဉ်ကြော် တစ်ဇွန်းခပ်၍ တင်အောင့် ပန်းကန်ထဲသို့ လှမ်းထည့်ရင်း နွဲ့ရီ ဖား၏။

"ခမ္မ စွာကောင်းအောင် စကားသောဖောရော လုပ်မနေနဲ့"

မိုးကျော်က နွဲ့ရီကိုလှမ်းရိ၏။

နွဲ့ရီက မျက်စောင်းခဲရင်း....

"နင့်အပူမပါ့ပါဘူး၊ ငါတို့မောင်နှမချင်း ပြေလည်ရင်ပြီးတာပဲ"

ထမင်းစားလိုက် စကားပြောလိုက်လုပ်နေသော သူငယ်ချင်းသုံးယောက်ကို အဓိပ္ပာယ်မဲ့စွာ သူငေးကြည့်နေမိသည်။

တဇီအောဇ်တို့ တစ်ယောက်တစ်ဇွန်းစီ ဝိုင်းထည့်ပေးထားသောကြောင့် ထမင်းကိုမမြင်ရလောက်အောင်ပင် ဟင်းတွေ

နှင့် ဖုံးလွှမ်းနေသော သူ့ထမင်းပန်းကန်က တစ်ဝက်ပင် မကုန်ချေ။

"ညိုထွန်း....စားလေ...."

"တော်ပြီကွာ"

တင်အောင့်ကို ပြန်ပြောရင်း သောက်ရေချိုင့်ကို လှမ်းယူကာ ရေတစ်ခွက်ငှဲ့သောက်လိုက်သည်။ မိုးကျော်က လေးငါးလုတ်စားလောက်မျှသာ လျော့သည့် သူ့ထမင်းပန်းကန်ကို တစ်ချက်ငေ့ကြည့်ရင်း....

"ဘယ်လိုဖြစ်တာလဲ၊ နည်းလှချည့်လား"

"သိပ်မဆာလို့ပါ"

သူ့အဖြေစကားကို မိုးကျော်က သဘောကျပုံမရ၊ မျက်မှောင်ကြုတ်လျက်ကြည့်ရင်း ခေါင်းတစ်ချက်ယမ်း၏။

"ငါ မင်းကို အကြံတစ်ခုပေးလောက်ပေးချင်တယ် ညိုထွန်း"

"ဆိုလေ...."

စကားထောက်ပေးရင်း မိုးကျော်ကို လှမ်းကြည့်လိုက်သည်။ မိုးကျော် လက်ထဲမှ ဇွန်းနှင့် ခက်ရင်းကို အသာချရင်း....

"တင်အောင်ကျွေးတဲ့ ခုထမင်းပွဲပြီးတာနဲ့ ခင်လေးသစ်ကို မင်းရင်ထဲက ထုတ်ပစ်လိုက်ပါ"

မိုးကျော်၏မျက်နှာက သူပြောလိုက်သည့် စကားကဲ့သို့ပင် လေးနက်လွန်းလှသည်။





'ခင်လေးသစ်ကို မင်းရင်ထဲက ထုတ်ပစ်လိုက်ပါ' တဲ့....

မြတ်နိုးစွာ စွဲလမ်းနေခဲ့မိတဲ့ အရာတစ်ခုကို လွယ်လင့်တကူ ဆွဲထုတ်ချေဖျက်ပစ်လိုက်ဖို့ဆိုတာ နှလုံးသားမဲ့တဲ့အခြေအနေမျိုးရောက်မှပဲ ဖြစ်နိုင်မယ်ဆိုတဲ့အကြောင်း မိုးကျော်ကို သူပြန်ပြောပြလိုက်ချင်သည်။

သို့သော် မိုးကျော်ကို ငေးရီ စိုက်ကြည့်နေမိသည်မှအပ ဘာမှပြန်မပြောဖြစ်။

"ဟုတ်တယ် ညိုထွန်း၊ မိုးကျော်ပြောတာ မှန်တယ် ခင်လေးသစ်ကို ဆက်ပြီးစွဲလမ်းနေရင် မင်းပဲ ဒုက္ခရောက်မယ်၊ နောက်ပြီး ခင်လေးသစ်ရဲ့လက်ရှိအခြေအနေကိုလဲ မင်းအသိပဲ၊ မင်းအတွက် မျှော်လင့်စရာဆိုလို့ မှုတစ်မှုန်တောင် မကျန်နိုင်တော့တဲ့ အခြေအနေမျိုး"

တင်အောင်ကပါ ဖြည်းညင်းစွာ ဝင်ပြောသည်။ မျှော်လင့်စရာဆိုလို့ မှုတစ်မှုန်တောင်မှ မကျန်နိုင်တော့တဲ့ အခြေအနေမျိုး....ဟူသည့် တင်အောင့် စကားက နှလုံးသားကို ခုံခနဲ ဖြစ်သွားစေသည်။

သူ့ကို အကဲခတ်သလို ဝိုင်းကြည့်နေကြသော သူငယ်ချင်းများကို တစ်ချက်ဝေ့ဝဲကြည့်ရင်း ခေါင်းညိတ်ပြလိုက်မိသည်။

"ငါ....ကြိုးစားပါမယ်"

သူ၏ တုန်ခါလွန်းသော စကားသံအဆုံး မိုးကျော်က သက်ပြင်းတစ်ချက်သပ်သည်။

"ခုထိကြိုးစားရမယ့်အဆင့်ပဲ ရှိတုန်းလား ညိုထွန်း၊ မင်းလုပ်ရမှာက သူ့ကို လုံးဝ နှာကြည်းမုန်းတီးပစ်လိုက်ရမှာ၊

ငါသာ မင်းနေရာမှာဆိုရင် သံသရာတစ်ခွေ့ သူလိုမိန်းမ မျိုးနဲ့ ထပ်မတွေ့ပါရစေနဲ့လို့ ဆုတောင်းပြီးတာ အကြိမ် တစ်သောင်းလောက် ရှိလောက်ပြီ"

မိုးကျော်က မချင့်မရဲဖြစ်စွာ ဝင်ပြောသည်။ နွဲ့ရီကပါ ခေါင်းညိတ်ရင်း 'အေးလေ' ဟု ထောက်ခံစကားဆို၏။

"ချက်ချင်းကြီး မေ့ပစ်ဖို့မဖြစ်နိုင်တောင်မှ ဒီကျောင်းပိတ် ရက်အတွင်းမှာ သူနဲ့ငါ ထပ်တွေ့စရာမှ မရှိတော့ဘဲ၊ ငါမေ့ ပစ်နိုင်မှာပါ၊ ဘာပဲဖြစ်ဖြစ် ကျောင်းပြန်ဖွင့်တဲ့အချိန်မှာတော့ ရင်ထဲကအနာ ကျက်နေလောက်ပါပြီ"

"အဲဒီအချိန်ရောက်ရင် လုံးဝပြတ်သားတဲ့မာစွာ မေ့ ပစ်နိုင်မယ်ဆိုပါတော့...."

တင်အောင်က စူးစိုက်ကြည့်ရင်း လှမ်းမေးသည်။ သူ တဇီအောင့်ကို ခေါင်းညိတ်ပြလိုက်မိသည်။

ကျောင်းဖွင့်ချိန် ရောက်ရင်တော့ မေ့နိုင်လောက်ပါပြီ မခစီသစ်။ ။



# အပိုင်း ( ၂ )

( က )

နှလုံးသားပေါ်က အက်တက်တက် ဓားရာငယ်
လေးတစ်ခုကို အလွယ်တကူ ဖြေဖျောက်ပစ်နိုင်ဖို့....
အချိန်များများ မလိုဘူးလို့၊ ရိုးရိုးသားသား
ကျွန်တော်တွေးထားခဲ့မိပါတယ် မခင်သစ်၊ ။
ကံကြမ္မာဆိုတဲ့ နားလည်ရခက်တဲ့ အရာရဲ့
ထိုးနှက်ချက်သာ မပါရင်....
ကျောင်းဖွင့်ချိန်လောက်မှာ
ကျွန်တော် မခင်သစ်ကို မေ့ပျောက်သွားနိုင်မှာပါ....
လတ်တလောကာလအတွင်းမှာ
(ရင်နဲ့ရင်းပြီး) ခံစားရတာတွေတော့
ရှိနိုင်တာပေါ့ မခင်သစ်၊
ဘာပဲဖြစ်ဖြစ် အဓိက,က...
အသားဖြူဖြူ ဆံပင်ရှည်ရှည်နဲ့ ကောင်မလေးတစ်
ယောက်အတွက် ခံစားချက်မဲ့စွာ....
နေနိုင်သာဖို့ပဲ မဟုတ်လား၊ ။

* * *

( ၁ )

စွဲလမ်းခြင်းဆိုတဲ့ ဆူးတစ်ချောင်းထွက်ဖို့
မျက်ရည်စီးတဲ့အထိ ကိုယ့်ကိုယ်ကို ပြန်ရက်စက်ရတာ
ခံစားတတ်သူတွေ နားလည်နိုင်ကြမှာပါ မခင်သစ်။
ပစ်ပစ်ခါခါ မုန်းပစ်ဖို့ဆိုတာ
မလွယ်ကူသေးတောင်မှ မခင်သစ်အကြောင်း
မစဉ်းစားမိဖို့....
ကျွန်တော် ကြိုးစားကြည့်ခဲ့ပါတယ်။
ဒါပေမယ့်.... မခင်သစ်....။ ။



( ၁ )

ပြတင်းပေါက်ဘေးစင်(ပေါင်)ကိုမှီ၍ရပ်ရင်းခြံဝင်းအပြင်ဆီသို့ မျှော်ငေးနေမိသည်။ အိမ်ရှေ့ မြေနီလမ်းကလေးမှာ ယာဉ်အသွားအလာများသေ လမ်းမဟုတ်သဖြင့် တစ်ခါတစ်ရံ ဖြတ်သွားတတ်သည့် ကားသံမှအပ များသောအားဖြင့် တိတ်ဆိတ်ငြိမ်သက်နေတတ်သည်။ ခြံထောင့်ရှိ သူကိုယ်တိုင် တကူးတက စိုက်ပျိုးထားသော ပိန်းပင်ကလေးမှာ လေတိုက်လိုက်တိုင်း ယိမ်းခါ၍ သွားသည်။ အားရစရာ မကောင်းလှသော ထိုပိန်းပင်လေးကို အတန်ကြာ ငေးမော စိုက်ကြည့်နေမိသည်။

ကျောင်းပိတ်ပြီးကတည်းက သူ အိမ်ထဲမှအိမ်ပြင်မထွက်ဖြစ်သည်မှာ မည်မျှကြာပြီမသိ။ တစ်ခါတစ်ရံတငီအောင်တို့ မိုးကျော်တို့ ပေါက်ချလာတတ်သော်လည်း၊ အနီးအနားရှိ

လက်ဖက်ရည်ဆိုင် ရှားပါးသော သူတို့ရပ်ကွက်၏ ထုံးစံကြောင့် အိမ်ထဲ၌သာ ကော်ဖီဖျော်တိုက်ရင်း ညှော်ခံစကားပြောဖြစ်သည်။

တင်အောင်တို့ မလာသည့်နေ့များမှာတော့ လမ်းထိပ်စာအုပ်ဆိုင်မှ စာအုပ် တစ်ပွေ့တစ်ပိုက်ငှား၍ ပျင်းရိဖွယ်နေ့ရက်များစွာကို စာဖတ်ခြင်းဖြင့် ဖြုန်းတီးပစ်ရသည်။ ထိုအတောအတွင်း တိုက်ဆိုင်မှု တစ်စုံတစ်ရာနှင့် ကြုံကြိုက်သည့်အခါများမှအပ ခင်လေးသစ်အကြောင်းကို မေ့လျော့ထားနိုင်ခဲ့သည်။ တည်ငြိမ်ရင့်ကျက်စအခြေအနေဟု ကိုယ့်ကိုယ်ကို သတ်မှတ်မိ၏။

"မောင်လေး...."

ပြတင်းပေါက်ကိုမှီရင်း အတွေး၌မျောလွင့်နေရာမှ အခန်းပြင်မှ လှမ်းအော်လိုက်သော မမကြီး၏အသံကြောင့် အသိဝင်၏။ ပြတင်းပေါက်နားမှ ခွာလျက် အခန်းတံခါးဆီသို့ လျှောက်လာမိသည်။

သူအခန်းတံခါးနားသို့ မရောက်ခင်မှာပင် မမကြီးက တံခါးကို ဆွဲဖွင့်၍ အိပ်ခန်းအတွင်းသို့ ဝင်လာသည်။

"မောင်လေး....နင်အားတယ် မဟုတ်လား"

ပျော့ပျောင်းသော အသံနေ အသံထားနှင့် မျက်နှာအမူအရာတို့ကြောင့် မမကြီး သူ့ကို တစ်ခုခု ခိုင်းတော့မည်ဟု အတပ်သိလိုက်သည်။

"မိထားတို့အိမ်မှာ ဒီနေ့ ဘုန်းကြီး ဆွမ်းကျွေးလုပ်တယ်၊ နင့်ကိုပါ ခေါ်ခဲ့ပါတဲ့"





"အဲဒါ ဘာဖြစ်လဲ"

"ဘာဖြစ်ရမှာလဲ.... သွားရမှာပေါ့၊ မောင်လေး ငါ့ကို လိုက်ပို့ပေးနော်"

တစ်စုံတရာ ခိုင်းချစီတိုင်း တိုအကြောင်းပြ သည့်အကြောင်းပြနှင့် ခိုင်းတတ်သော မမကြီး၏ ထုံးစံအတိုင်း မထားထားတို့အိမ်သို့ ကားမောင်း၍ လိုက်ပို့ပေးရန် သိုင်းသိုင်းဝိုင်းဝိုင်းနှင့် ပြောလာသည်။

"ကျွန်တော် ဝတ္ထုဖတ်မလို့ မမကြီးရဲ့၊ မပို့ချင်ဘူးဗျာ"

"ဟဲ့....နင်မပို့ရင် ငါ ဘယ်သူ သွားပို့ခိုင်းရမှာလဲ မောင်လေးရဲ့....ဖေဖေကလဲ ခေါင်းကိုက်လို့ အပြင်တောင် မသွားနိုင်တဲ့ဥစ္စာ...."

မမကြီးက မျက်နှာကို မဲ့ရင်း ညည်းညည်းညူညူနှင့် ပြောသည်။ သူ ဆက်ငြင်းနေ၍လည်း အကျိုးသုံးမည် မဟုတ်မှန်း သဘောပေါက်လိုက်မိသည်။ စုတ်တစ်ချက်သပ်လျက်....

"ဒုက္ခပဲဗျာ၊ ကားမမောင်းချင်ဘူးဆိုကာမှပဲ...."ဟု စိတ်ညစ်ညူးစွာ ရေရွတ်လိုက်မိသည်။

"လာပါ မောင်လေးရယ်....လိမ္မာပါတယ်၊ အပြန်ကျရင် နင့်ကို ကြေးအိုးဝယ်တိုက်ပါ့မယ်"

"ဖားမနေနဲ့"

သူလိုက်ပို့တော့မည်မှန်း သေချာသွားသဖြင့် မမကြီးက....

"ငါ အပြင်ကစောင့်နေမယ်နော်၊ အဝတ်လဲပြီး မြန်မြန် ထွက်ခဲ့၊ သိလား"

မမကြီးကို ဘာမှ ပြန်မပြောတော့ဘဲ အဝတ်တန်းပေါ်မှ စပို့ရှပ်တစ်ထည်ကို ဆွဲယူ၍ ကိုယ်ပေါ်မှ အိမ်နေရင်းအကျႌနှင့် လဲလိုက်မိသည်။ ဝတ်လက်စလုံချည်က အကောင်းကြီး မဟုတ်သည့်တိုင် ဆိုးဆိုးရွားရွားဖြစ်မနေသောကြောင့် အပင်ပန်းခံပြီး လဲမနေတော့၊ ခေါင်းပေါ်မှဆံပင်ကို လက်နှင့်ပင် တစ်ချက်ထိုးသပ်ရင်း စာကြည့် စားပွဲပေါ်မှ ပိုက်ဆံအိတ်၊ ဘောလ်ပင်နှင့် လက်ပတ်နာရီကို လုံးထွေးယူလျက် အခန်းထဲမှ ထွက်လာခဲ့မိသည်။

ဖိနပ်စင်ပေါ်မှ ဒေါက်မြင့်ဖိနပ်ကို ဖုန်ခါနေသော မမကြီးက သူ့ကို လှည့်ကြည့်သည်။

"မောင်လေး.... နင် အဲဒီအဝတ်အစားတွေနဲ့ လိုက်မှာလား"

"အင်းပေါ့.... ကားပေါ်မှာ စောင့်နေမှာပဲ"

"ဟဲ့....ထားထားက နင့်ကိုပါ ခေါ်ခဲ့ဖို့ ပြောထားတာ၊ အိမ်ပေါ်မတက်လို့ ကောင်းပါ့မလား"

မမကြီးစကားကြောင့် ဟာဗျာဟု ရေရွတ်ရင်း....

"ကျွန်တော် မလိုက်ချင်ဘူး၊ လူတွေကရှုပ်နေမှာ"

"ဘုန်းကြီးဆွမ်းကျွေးပဲ၊ လူတွေကတော့ အနည်းအကျဉ်း ရှိမှာပေါ့ဟ၊ နင်မလိုက်ရင် ပြောစရာ ဖြစ်နေဦးမယ်"

"ကားထဲကပဲ ထိုင်စောင့်နေမယ် မမကြီးရာ၊ မမကြီး ဘာသာ ကြည့်ကောင်းအောင် ပြောလိုက်"





လက်ပတ်နာရီကို ငုံ့၍ပတ်ရင်း မမကြီးကို ပြောလိုက်သည်။ မမကြီးက ထုံးစံအတိုင်း နည်းနည်းတော့ ဗျစ်တောက် ဗျစ်တောက်နှင့် ပြောနေသေးသည်။

သို့သော် နောက်ဆုံးတော့ လူများသော နေရာများသို့ မသွားတတ်သော သူ့အကျင့်ကိုသိပြီးဖြစ်၍ ဘာမှ ဆက်မပြောတော့၊ ဒေါက်ဖိနပ်ကိုစီးရင်း....

"နင့်ကြောင့်တော့ ခက်ပါတယ်"

ဟုသာ ညည်းညည်းညူညူ ရေရွတ်သည်။

ပွဲနေပွဲထိုင် အဝတ်အစားတို့နှင့် ရှိုးအပြည့် ဖြစ်နေသော မမကြီးကို တစ်ချက်ကြည့်ရင်း....

"သွားကြမယ်"

ဟု ပြောလိုက်သည်။

ပြီးမှ ကားသော့ မယူရသေးတာကို သတိရသဖြင့် ကားသော့ ပြေးယူရသည်။ ကားသော့ယူရင်း ကားထဲမှာ ထိုင်စောင့်ဖတ်ရန် စာအုပ်တစ်အုပ်ကိုပါ ယူလာခဲ့မိသည်။

ကားပေါ်ရောက်တော့ ဂျာမနီပြည်ဖြစ် ပုံမကျပန်းမကျ လိပ်ခုံးကားက တော်တော်နှင့် စက်နိုးမရ၊ ခြေသလုံးတောင့်သည်အထိ လီဗာပုတ်ရင်း စတတ်တာဆွဲမှ မနိုးချင်နိုးချင်နှင့် နိုးလာသည်။

ကလပ်ကို ဆောင့်လွှတ်ချ၍ ကားကို ခပ်ကြမ်းကြမ်း မောင်းထွက်လိုက်ရင်း.... အရာရာဟာ စိတ် အနှောင့်အယှက် ဖြစ်စရာချည်းပဲဟု စိတ်ချဉ်ပေါက်စွာ တွေးမိလိုက်သည်။

တကယ်တော့ ထို့ထက် စိတ်အနှောင့်အယှက် ဖြစ်စရာ ကောင်းရသော ကိစ္စတစ်ခု မကြာခင် ကျရောက်လာတော့မည် ဖြစ်ကြောင်း ထိုစဉ်က သူ သတိမထားခဲ့မိ။

* * *

တစ်ခါတစ်ရံ ကြမ်းပြင်ကို လက်သီးနှင့်ထု၏၊ တစ်ခါ တစ်ရံ ကျောစိန်လက်မောင်းကို ထိုး၏။ မျက်ရည်များလည်း ကျ၏။

ကျော်စိန် အောင်လတ်ကို လွှတ်ပေးထား၏၊ အတန်ကြာ သောအခါ သူလည်း စိတ်မကောင်းတော့၊ ဒေါသ ဖြစ်လာ သည်၊

"တော်ပါတော့ အောင်လတ်ရယ်၊ မိန်းမတစ်ယောက် အတွက်နဲ့ ဒီလောက် ခံမနေစမ်းပါနဲ့"

"ငါ့ရင်နဲ့ငါ အနာခံတာကွ၊ မင်းရင်ဘတ်ငှားပြီး အနာ ခံတာ မဟုတ်ဘူး၊ ဟင်း....မိန်းမများ၊ ယောကျ်ားတွေကို အရူးလုပ်ဖို့၊ ကစားဖို့ လှည့်စားဖို့ အတတ်ပညာ မွေးကတည်း





က ပါလာတာ၊ ပြုစားတတ်တဲ့ အချစ်ကဝေ၊ ဝေလွှဂီ မဟုတ် ဘူး.... ကဝေလွှဂီ...."

မျက်လုံးများက ရွှေစာကြောင်းများဆီသို့ ဆက်ဖတ်၍ ရတော့၊ ခံစားလွယ်သောစိတ်ဖြင့် မောင်ဝဏ္ဏ၏ 'ပန်းတွေနဲ့ ဝေ'မှ ဇာတ်ကောင် အောင်လတ်ကို သနားသွားမိသည်။

အနုပညာရှင် တစ်စုံတစ်ရာကို ခံစားတိုင်း စူးနင့်စွာ ခံစားတတ်သော အကျင့်ကြောင့် သနားစရာ ရှိလျှင်လည်း သူများထက်ပို၍ ကြေကွဲတတ်ခဲ့သည်၊

ယင်းကြောင့်ပင် အိမ်သားများက သူ့ကွယ်ရာ၌....

"ညိုထွန်းက သိပ်စိတ်ပျော့တာပဲ"

ဟု မှတ်ချက်ချကြခြင်း ဖြစ်သည်၊

ဟုတ်မှာပါ၊ ဘာမဟုတ်တဲ့ ဝတ္ထုလေးတစ်ပုဒ်ကိုတောင် ညည်လောက် ခံစားလွယ်နေတာဟာ စိတ်ခွန် ပျော့ညံ့ ညွှန်းလို့ပဲ ဖြစ်ရမှာပေါ့၊

စာရွက်ထောင့်ကိုခေါက်၍ စာမျက်နှာများကို မှတ်သား ခြင်း၊ ဝတ္ထုစာအုပ်ကို ဒက်ရှ်ဘုတ်ပေါ်သို့ တင်လိုက်သည်၊ ဘားကက်ဆက်၏ အတိုးအကျယ်ခလုတ်ကို အနည်းငယ် မြှင့်၍ ထိုင်ခုံကို နောက်လှန်ထိုင်ရန် ပြုပြင်လိုက်သည်၊

ထိုအချိန်မှာပဲ ကားဆီသို့ လျှောက်လာသော မထား
ထားကို သတိပြုလိုက်မိသည်။ မထားထားက ကားနားရောက်
သည်နှင့် ပြတင်းနားသို့ ကိုယ်ကိုငုံ့ရင်း....

"မောင်ညိုထွန်းနိုင်... ခေါင်းကိုက်လို့ အိမ်ပေါ်မတက်
တာဆို"

"ဟုတ်ကဲ့အစ်မ.... ကျွန်တော် နည်းနည်း ငြီးစီစီဖြစ်နေ
တာနဲ့"

မမကြီး၏ ပရိယာယ် မှုသားစကားကို ယုံကြည်ဟန်
သော မထားထားအား ထပ်မံ ဖြည့်စွက်၍ ညာလိုက်
သည်။

"ဟဲ့....ခေါင်းကိုက်တာ ခုလို ကားထဲမှာ ထိုင်နေတော့
ပိုဆိုးတော့မပေါ့၊ လာ....လာ.... အိမ်ပေါ်လိုက်ခဲ့"

"နေပါစေ အစ်မ၊ ရတယ်၊ ကျွန်တော် ဒီအတိုင်းပဲ"

"အို....မဟုတ်တာ....ဒီထဲမှာက လှောင်ပိတ်နေတဲ့ ဥစ္စာ
လာ.... အိမ်ထဲဝင်ပြီး သံပရာရည်လေးဘာလေးလာသောက်
လှည့်...."

အတင်းအကျပ်ခေါ်နေသော မထားထားကြောင့် ငြင်း
ဆန်ရန် ခက်နေ၏။ လူစုစုရှိသော နေရာမျိုးသို့ မလိုက်ချင်
သည်ကလည်း အမှန်၊ သို့သော် လူမှုရေးကိုတော့ ငဲ့ကွက်
ရမည်ဟု စဉ်းစားမိသည်။

"လာ....မောင်ညိုထွန်းနိုင်၊ ဘာမှ အားနာစရာ မရှိဘူး
ညီသည်တွေလဲ ကုန်သလောက်ရှိနေပြီ၊ လူရင်းတွေပဲ ကျန်
တော့တာ"





တိုက်တိုက်တွန်းတွန်းဖြင့် ထပ်ပြောလာသော မထားထား
စကားကြောင့် ကက်ဆက်ကို လှမ်းပိတ်ရင်း ကားထဲမှ
ထွက်လိုက်မိသည်။

ကားတံခါးကို သော့ခတ်၍ ပုဆိုးကိုပြင်ဝတ်ရင်း ရှေ့မှ
ထွက်သွားပြီဖြစ်သော မထားထားနောက်သို့ လေးလံ တုံ့
ဆိုင်းစွာ လိုက်လာခဲ့မိသည်။

တကယ်တော့....ထိုသို့ အားတုံ့အားနာဖြင့် ပြုခဲ့မိသော
ကိစ္စတစ်ခုသည်ပင် သူ့အား ကြီးစွာသော စိတ် အနှောင့်
အယှက်တစ်ခုကို ဖြစ်ပေါ်စေခဲ့ခြင်းဖြစ်သည်။

ထိုကိစ္စသည် သူ့ဘဝအတွက် တစ်သက်လုံး နောင်တရ
ကြကွဲနေရမည့် ကိစ္စတစ်ခုပင်ဖြစ်သည်။

## ( ၂ )

(၁၀) တန်းမှစ၍ ပါဝါမျက်မှန်ကိုပင် အားကိုးအသုံးပြုခဲ့ရသည့်တိုင်အောင် ကိုယ့်မျက်လုံး၏ မြင်နိုင်စွမ်းအားနှင့်ပတ်သက်၍ ယခုလို တစ်ခါမှ သံသယမဖြစ်ဖူးခဲ့။

'ဟုတ်မှ ဟုတ်ပါ့မလား' ဟူသည့်အတွေးက ရင်ထဲတွင် ပဲ့တင်ထမ်၏။

ရက်ပေါင်း (၂၀၀) ခန့် အတွင်း စုစုပေါင်း အကြိမ် (၂၀) နီးပါးမျှသာ တွေ့မြင်ခဲ့ဖူးပေမယ့် သူမအပေါ် မှတ်မိနိုင်မှုမှာ 'မြတ်နိုး'စွာ စွဲလမ်းခဲ့မိသူ တစ်ယောက်အနေဖြင့် ဘယ်လိုမှ မှားယွင်းစရာမရှိ။

အအေးချိုင့်ကို လက်နှစ်ဖက်ဖြင့် ကိုင်လျက် ခပ်ယို့ယို့လေး လှမ်းလာသည့် သူမြင်ကွင်းအတွင်းမှ မိန်းကလေးသည်





သူ၏ ချစ်လှစွာသော ခင်လေးသစ်မှလွဲ၍ အခြားသူ မဖြစ်နိုင်။

စားပွဲနားသို့ရောက် လုရောက်ခင် ခြေလှမ်း လေး ငါးလှမ်းအကွာထိ ခင်လေးသစ်သည် သူ့ကို မြင်ဟန်မတူ။

"ဟဲ့....မြန်မြန်လာလေ ခင်လေး"

ဘေးနားမှာထိုင်နေသည့် မထားထား၏ လှမ်းပြောလိုက်သော အသံကြောင့် ခင်လေးသစ် ခေါင်းမော့၏။

ပွဲခနပွဲထိုင် အပြင်အဆင်မျိုး မဟုတ်သည့် အဝတ်အစားဖြင့် ဖိုသီဖတ်သီနိုင်လှစွာ မသပ်မရပ်ဖြစ်နေမည်ဖြစ်သော သူ့ကို လှမ်းအတွေ့မှာပင် ခင်လေးသစ်မှင်တက်သလို ဖြစ်၏။

လှမ်းလုလှမ်းဆဲ ခြေလှမ်းတို့သည် ၊င်ရပ်ဆိုင်းသွားမလားဟု ထင်မှတ်ရသည်။

ဝိုင်းစက်သွားသော မျက်ဝန်းညိုအစုံက တစ်သက်မေ့စရာပင်။

ပျက်ယွင်းသွားသော အမူအရာတို့ကို လှပ သေသပ်စွာ အမြန်ဆုံး သူမ ဣန္ဒြေဆည်လိုက်နိုင်သည့်တိုင်၊ သူ့အတော့ ကြောင်တောင်တောင်နိုင်လှစွာ အိုးတိုးအမ်းတမ်း ဖြစ်နေဦးမည်ဟု ကိုယ့်ကိုယ်ကို သိ၏။

အအေးချိုင့်ကို စားပွဲပေါ်သို့ ချရင်း လှည့်ထွက်မည့်ဟန် ခင်လေးသစ် ပြု၏။

"ထိုင်ဦးလေ ခမီလေး"

ထားထားက ခင်လေးသစ်ကို လှမ်းတား၏။ မမကြီး၏ ဘယ်ဘက်တွင် ခင်လေးသစ်ပြန်ထိုင်သည်။

"ဒါ....မောင်ညိုထွန်းနိုင်တဲ့၊ ညိုညိုမြင့်ရဲ့ မောင်လေးပေါ့ ဥပဒေ တက်နေတာ"

"မောင်ညိုထွန်း၊ ဒါ မမထားရဲ့ ဝမ်းကွဲညီမ၊ ခင်လေးသစ်တဲ့၊ မောင်ညိုထွန်းတို့ ကျောင်းကပဲ၊ မြန်မာစာအ"

မထားထား၏ မိတ်ဆက်ပေးမှုကို မည်သို့ တုံ့ပြန်ရမည်ဟု စဉ်းစားမရအောင် ဖြစ်နေမိသည်။

"ဟုတ်ကဲ့ တွေ့ရတာ ဝမ်းသာပါတယ်" ဟု ပြောရန်ကလည်း မဝံ့မရဲ။

"ကျောင်းမှာ မြင်ဖူးသားပဲ"ဟု စကားစဖို့ ထလည်း အခက်။

တိတ်ဆိတ် ငြိမ်သက်နေသည့် အနေအထားကို ခင်လေးသစ်က စတင်ဖောက်ခွဲ၏။ အခြေအနေမှန်သမျှကို ကျွမ်းကျင်နိုင်နင်းစွာ ထိန်းသိမ်းနိုင်သော အတတ်ပညာသည် သူမ၏ မွေးရာပါ ပါရမီပင် ဖြစ်ကောင်းဖြစ်မည် ထင်၏။

"ခင်လေး တို့ချင်း ကျောင်းမှာ တွေ့ဖူးပါတယ်"

ဦးခေါင်းကိုငုံ့လျက်၊ မည်သူ့ကိုဟု ရည်ရွယ်ထားဟန် မတူသော သူမ၏စကားက သူ့အတွက် အနည်းငယ် နေသာထိုင်သာ ဖြစ်သွားစေသည်။

"အေးပေါ့၊ ဌာနချင်းက ကပ်နေတဲ့ဥစ္စာ၊ ကဲ....မောင်ညိုထွန်း၊ သောက်ဦးလေ"

သုံ့ပရာရည်ခွက်ကို သူ့ဘက်သို့တိုးရင်း မထားထား လှမ်းပြောသည်။





"ထားထား....တရားနာဖို့ လုပ်ဦး"

အိမ်အပေါ်ထပ်ဆီမှ သံဃာတော်များ၏ ငါးပါးသီလပေးသံကို နားစွင့်ရင်း မမကြီးက ပြောသည်။

'ဟုတ်ပါရဲ့.... အပေါ်တက်ရအောင်၊ လာ.... လာ....' ဟု ပြောရင်း မမထား ထရပ်လိုက်သည်။

"ကျွန်တော်....ဒီမှာပဲ နေခဲ့မယ်"

သူ့စကားကြောင့် လိုက်ချင်မည် မဟုတ်ဟု ရိပ်မိသော မမကြီးက 'အေးလေ....နဝိ ခေါင်းကိုက်နေတာပဲ၊ နေခဲ့ပေါ့' ဟု လိုက်လျောစွာ ပြော၏။

"ဟုတ်သားပဲ၊ မောင်ညိုထွန်းက နေမှ မကောင်းတဲ့ဥစ္စာ၊ ဒီမှာပဲ အေးအေးဆေးဆေး ထိုင်နေပေါ့၊ ဟုတ်လား"

မထားထားက သူ့ကိုလှမ်းပြောရင်း တစ်ဆက်တည်းပင် ခင်လေးသစ်ဘက် လှည့်တာ....

"ခင်လေးလဲ မလိုက်နဲ့တော့လေ၊ မောင်ညိုထွန်း တစ်ယောက်တည်း ဖြစ်နေဦးမယ်၊ ဒီမှာပဲ နေခဲ့ပေါ့"

မထားထား၏ စကားကြောင့် ခင်လေးသစ်မျက်နှာ ပျက်ချင်ချင်ဖြစ်၏။ မနှစ်သက်သူနှင့် နှစ်ယောက်တည်း ထိုင်နေခဲ့ရမည့်အတွက် စိတ်ဆင်းရဲနေမှာပဲ ဟူသည့် အတွေးဖြင့် 'ရတယ် မမထား၊ ကျွန်တော် တစ်ယောက်တည်း နေခဲ့ပါ့မယ်' ဟု ပြောမည်ကြံ၏။

သို့သော် သူတစ်ပါးအိမ်၏ ဧည့်ခန်း၌ တစ်ယောက်တည်း နေခဲ့ရန် တောင်းဆိုခြင်းက ရိုင်းရာကျလေမလား ဟူသော အသိဖြင့် နှုတ်တွန့်မိသည်။

မထားထားတို့ ထွက်သွားပြီးသည်နှင့် ညနေခင်းတစ်ခုလုံးသည် ချောက်ချားစရာ ကောင်းလောက်အောင်ပင်တိတ်ဆိတ်သွားသည်။

တင်ပျဉ်ခွေထိုင်ရသည့် အလှစားပွဲဝိုင်းတွင် စိတ်လှုပ်ရှားစွာ တစ်ယောက်တည်းထိုင်ရင်း စားပွဲစွန်းတွင် ယခုတိုင် မတ်တတ်အနေအထားဖြင့် ရပ်နေသည့် သူမဆီသို့ တစ်ချက်ခိုးကြည့်မိသည်။

မထားထားနှင့် မမကြီးတို့ထွက်သွားရာဘက်သို့ ငေးရင်း ရပ်နေသည့် သူမ၏ပုံက အရာရာကို အလိုမကျဟန်အပြည့်။

နှုတ်ခမ်းကို ဖိကိုက်ရင်း တုံ့ဆိုင်းတွေဝေနေရာမှ သူမ၏ မျက်နှာက ရုတ်တရက်သူ့ဘက်သို့ လှည့်လာသည်။ အကြည့်ခိုးတို့ကို အမြန် ရုပ်သိမ်းရင်း ဒိတ်ခနဲခုန်သွားသည့် ရင်အစုံနှင့်အတူ ခေါင်းကို ငုံ့ချလိုက်မိသည်။

စားပွဲပေါ်မှ ကားသော့ကို အဓိပ္ပာယ်မဲ့စွာ ငေးစိုက်ကြည့်နေမိသော်လည်း နားကမူ အစွမ်းကုန်ဖွင့်ထားမိသည်။

တိုးသက် ညင်သာစွာ ထွက်ပေါ်လာသည့် ပွတ်တိုက်လှုပ်ရှားသံတစ်ခုကြောင့် သူမ ပြန်ထိုင်ချလိုက်ပြီဟု ရင်ခုန်စွာ သတိပြုလိုက်မိသည်။

မျက်လုံးသည် ကားသော့တွဲလေးဆီမှ အကြည့်မရွှေ့၊ မမှိတ်မသုန် စူးစိုက်စွာ ကြည့်နေမိဆဲ။ သို့သော်....နှလုံးသားနှင့် နားများကမူ သူမဆီသို့သာ ဦးတည်ရစ်ဝဲ၏။ လေအဝှေ့တွင် သင်းထုံသော ရနံ့တစ်ခုက သူ့ဆီသို့ ရွေ့လျားလာသလို ခံစားရသည်။





"ကို....ညို....ထွန်း....နိုင်"

အယ်လိုမှ မျှော်လင့်မထားမိသည့် သူမဆီမှ ထွက်ပေါ်လာသော ဂီတသံစဉ်တစ်ခုကြောင့် တိတ်ဆိတ်ခြင်းကဖျတ်ခနဲ ကွဲကြေပျက်စီး၏။

ဦးခေါင်းကို မော့ကြည့်မလိုလို ဖြစ်သွားရာမှ ချက်ချင်းပင် ကိုယ့်ကိုယ်ကို ပြန်ထိန်းလိုက်မိသည်။

မကြည့်နဲ့.... ပါဝါမျက်မှန် ထူထူနောက်က မျက်လုံးတစ်စုံကြောင့် သူမ အနေကျုံ့သွားရဦးမယ်၊ ပြီးတော့.... စိတ်အနှောင့်အယှက် ဖြစ်သွားရဦးမယ်၊ ခေါင်းကို ငုံ့ထား မှပေါ့။

ကိုယ့်ကိုယ်ကို ပြန်၍ သတိပေးရင်း 'ဟုတ်ကဲ့'ဟု မှုမှုန်သော အသံဖြင့် ပြန်ထူးမိသည်။

"ဟိုလေ.... ကျောင်း.... ကျောင်းတုန်းက ကျွန်မတို့ ကိုနို ကို"

အနည်းငယ်တုန်နေသော အသံက စကားစ ရှာမရသည့်နှယ် ရပ်ဆိုင်းသွား၏။

ပြီးမှ ခပ်တိုးတိုး ထွက်ပေါ်လာသည်။

"ကျွန်မ အစ်မကို မသိစေချင်ဘူး၊ အဲဒါ...."

မထားထားကို ဘာမှ ပြန်မပြောရန် နှုတ်ပိတ်သည်ပဲဟု နားလည်လိုက်မိသည်၊ ကျောင်းတုန်းကကိစ္စ ဆိုသည်က ပါးရိုက်ခြင်းကို ရည်ညွှန်းတာ နေမှာပါ။

"တုတ်ကဲ့....မခင်....သစ်၊ ကျွန်တော်လဲ မသိစေချင်ပါဘူး"

"ပြီးတော့လေ...."

ချိုမြသာယာသော စကားသံက ပြတ်တောက် တုံ့ဆိုင်း သွားပြန်သည်။

ပြောပါ မခင်သစ်....မခင်သစ် ပြောတဲ့စကားကို ဘာပဲ ဖြစ်ဖြစ် ကျွန်တော် ကြားချင်နေပါတယ်။

"ဟို....မမထားက ကျွန်မအကြောင်းကို မေးရင်လဲ ကိုညို ထွန်းနိုင် ဘာမှ မသိသလိုမျိုး...."

"ဘာကို ဆိုလိုတာလဲ မခင်သစ်"

"ကျွန်မနဲ့ ကို....ကိုတင်ထက်တို့ကိစ္စ"

ဩော်....ဟု ရင်ထဲမှ တိုးတိုး ညည်းတွားမိသည်။ သူမ ရည်းစားထားတဲ့အကြောင်းကိစ္စ သူမ အစ်မကို ပြန်မတိုင်ရန် ပြောနေတာပါလား ဟူသည့် အသိက နှလုံးသားကို နင့်သီးစွာ ဆွေးမြည့်နာကျင်စေ၏။

ပြန်မပြောပါဘူး မခင်သစ်.... ကျွန်တော် သည်လောက် အထိ နားလည်မှု မန္တမ်းပါးသေးပါဘူး။

"အဲဒါ....ကိုညိုထွန်းနိုင် ဖြစ်နိုင်ရင်...."

ရှတ်တရက်ထွက်ပေါ်လာသည့် အဖြေတောင်းသလိုလို စကားကြောင့် အသိဝင်၏။

"စိတ်ချပါ မခင်သစ်၊ ကျွန်တော် ဘာမှ ပြန်မပြောပါဘူး"

"ကျေးဇူးပါပဲ ကိုညိုထွန်းနိုင်"

စိတ်လှုက်ပေါ့ပါးသွားသည့်နှယ် ထွက်ပေါ်လာသည့်သူမ၏ စကားကြောင့် ရင်နင့်စွာ ခံစားလိုက်ရသည်။





ကျေးဇူးတင်စရာမလိုပါဘူး မခင်သစ်၊ ကျေးဇူးဆိုတဲ့ စကားတစ်ခွန်းအတွက် ကျွန်တော် ခေါင်းညိတ်ခဲ့တာမဟုတ်ပါဘူး။

မခင်သစ်စိတ်ချမ်းသာမယ်ဆိုရင် ကျွန်တော် ဝမ်းသာနေမှာပါ။

သက်ပြင်းငွေ့ငွေ့အချ စကားသံတို့က အသံမဲ့စွာ လွင့်ထွက်၏။

ကားသေ့တွဲဘွင် ချိတ်ထားသည့် အက်ကြောင်းရာကင်းမဲ့သော အသည်းပုံလေးကို စူးစိုက်ငေးရီနေမိသည်။

# ( ၃ )

"ထူးထွေတည့်အံ့ရာသော်ဆိုတဲ့ စကားအတိုင်းပဲ၊ ငါဖြင့် အေးအေးမြင့်ဆီက ဖုန်းလာတုန်းက ယုံတောင်မယုံဘူး၊ တမင်များ နောက်နေသလားတောင် ထင်မိတယ်....အဟုတ်ပဲ၊ အိပ်မက်မက်တာပါ ဆိုရင်တောင် ဒီလောက်တိုက်ဆိုင်တဲ့ အိပ်မက်မျိုးကို ဒီဘဝသက် မက်ဖို့မလွယ်ဘူး"

နွဲ့ရီက ဓာတ်ဘူးအတွင်းမှ ကော်ဖီကို ဖန်ခွက်များထဲသို့ လိုက်ငှဲ့ရင်း ပြောသည်၊

တင်အောင်က အံ့ဩစရာတစ်ခုခု ကြုံတွေ့လျှင် လုပ်တတ်သည့် ထုံးစံအတိုင်း ရှိစုမဲ့စု မုတ်ဆိတ်မွေးတို့နှံ့ကို ဆယ်ပြားစေ့နှစ်စေ့ဖြင့်ညှပ်လျက် ဆွဲနုတ်ရင်း ခေါင်းတညိတ်ညိတ် လုပ်နေသည်၊





နွဲ့ရီငှဲ့ပေးသော ကော်ဖီတစ်ခွက်ကိုလှမ်းယူရင်း တစ်ကျိုက်ခန့်သောက်လိုက်မိသည်၊

မိုးကျော်က ယခုတိုင် အံ့ဩမှုမပြယ်သေးသော မျက်နှာဖြင့်....

"မစီး အစက မသိဘူးလား"

ဟု လှမ်းမေးသည်။

မိုးကျော်၏မေးခွန်းက အရင်းမရှိအဖျားမရှိနှင့် မပြည့်မစုံ မေးခွန်းဖြစ်သော်လည်း မိုးကျော်၏ ဆိုလိုရင်းကိုတော့ သူနားလည်လိုက်သည်။

လက်ထဲမှ ကော်ဖီခွက်ကိုပြန်ချလျက် မိုးကျော်ကို ခေါင်းယမ်းပြရင်း....

"သူ့အိမ်မှာ နယ်က ကျောင်းလာတက်တဲ့ ညီမဝမ်းကွဲ တစ်ယောက်ရှိတယ်လို့တော့ အလျင်တုန်းက မထားထား ပြောဖူးတယ်၊ ဒါပေမယ့် အဲဒီတစ်ယောက်ဟာ ခင်လေးသစ် ဖြစ်လိမ့်မယ်လို့ငါ ဘယ်လိုလုပ် စဉ်းစားမိမှာလဲ"

"ခင်လေးသစ်ဟာ မထားထားရဲ့ ညီမဝမ်းကွဲ ဆိုတာ တော့ ဟုတ်ပါပြီ၊ ဒါပေမယ့် နယ်ကလာတက်တဲ့ တစ်ယောက်ဆိုတာကရော သူပဲဆိုတာ သေချာရဲ့လား"

တင်အောင်က စေ့စေ့စပ်စပ် ဝင်မေးသည်၊

"သေချာပါတယ်၊ ငါ မမကြီးကို မေးကြည့်ပြီးပြီ၊ ခင်လေးသစ် အဲဒီအိမ်ကပဲ ကျောင်းတက်တယ်၊ အဲဒီအိမ်မှာပဲ နေတယ်"

တင်အောင်က ခေါင်းတညိတ်ညိတ်လုပ်ရင်း....

"အံ့သြစရာပဲ"

ဒုတိယအကြိမ်မြောက် မှတ်ချက်ချပြန်သည်။ မိုးကျော်ဆ ဆေးပေါ့လိပ်ကို အငွေ့တထောင်းထောင်းထအောင် ဖွာရင်း ဝင်ပြောသည်။

"ငါက ဒီလိုတိုက်ဆိုင်မှုမျိုးဆိုတာ ဝတ္ထုတွေထဲမှာပဲ ရှိနိုင်တယ် အောက်မေ့တာ၊ ခုတော့ တကယ့်ကို မယုံနိုင်စရာပဲ"

"အဲဒါတွေကြောင့် တကယ့်အဖြစ်အပျက်တွေဟာ စိတ်ကူးယဉ်ထက် ဆန်းကြယ်တယ်ဆိုတဲ့စကား ပေါ်လာတာပေါ့ မောင်မိုးကျော်ရဲ့"

နွဲ့ရီက ဆရာမကြီးလေသံဖြင့် ဝင်ပြောသည်၊ မိုးကျော်က မျက်နှာကိုရှုံ့မဲ့လျက် နွဲ့ရီကိုကြည့်သည်၊

"ငါ.... နည်းနည်းမြင့်သွားရင်တော့ သည်းခံပေါ့ဟာ၊ ငါက မြန်မာစာ ဂုဏ်ထူးတန်းကျောင်းသူဆိုတော့ စကားပြောရင် စာသံပေသံတော့ နည်းနည်းပါတာပေါ့"

မိုးကျော်က 'မှားပါဘယ်'ဟု ရေရွတ်ရင်း ခေါင်းကုတ်သည်။

တင်အောင်က လက်ပတ်နာရီကို ငုံ့ကြည့်ရင်း နွဲ့ရီကို ခပ်တည်တည် လှမ်းမေးသည်၊

"နွဲ့ရီ....နင့်ဒီ ဆေးသောက်ချိန် ကျော်လာပြီမဟုတ်လား"

တင်အောင့်အမေးကြောင့် နွဲ့ရီ ဇဝေဇဝါဖြစ်စွာ တင်အောင့်ကို ကြည့်သည်၊

ပြီးမှ သဘောပေါက်သွားဟန်ဖြင့်....

"နင့်ဘိုးအေ"





ဟု လှမ်း၍ ကောင်းချီးပေးသည်။

စကားပြောလိုက်၊ တစ်ယောက်နှင့်တစ်ယောက် စကားနိုင် လုလိုက်၊ ထေ့လိုက်၊ ငေါ့လိုက်နှင့် ပြောတတ်ကြသည်မှာ သူတို့အုပ်စုထဲမှာ အကျင့်လိုဖြစ်နေသည်၊

တင်အောင့် ထိုးနှက်ချက်ကြောင့် နှုတ်ဆိတ်သွားရသော နွဲ့ရီက ကော်ဖီကိုသာ လောဘတကြီးနှင့် ငုံ့၍သောက်နေသည်။

မိုးကျော်က ဝေစုကော်ဖီခွက်ကို တစ်ကျိုက်တည်းနှင့် မော့သောက်ရင်း စကားစသည်၊

"ခင်လေးသစ်က ဘယ်နယ်ကလဲ"

"ထားဝယ်ကတဲ့"

"နေစမ်းပါဦး....မရှင်းလို့မေးရဦးမယ်၊ သူက ကျောင်း ပိတ်ရက်မှာ သူ့နယ်ကိုမပြန်ဘဲ ဒီမှာ ဘာလာလုပ်နေတာလဲ"

မိုးကျော်၏အမေးကို တင်အောင်ကပါ ထောက်ခံသည်။

"အေးကွ....စဉ်းစားစရာပဲ၊ နယ်ကျောင်းသူတစ်ယောက်ဟာ ကျောင်းပိတ်ရက်မှာ ရန်ကုန်မှာဆက်နေစရာအကြောင်းမှ မရှိတာ"

"အဲဒီနေရာကျတော့ နင်တို့က လျှော်သွားပြန်ရော"

နွဲ့ရီက ဝင်ပြော၏။

မိုးကျော်က နွဲ့ရီကိုလှည့်ကြည့်ရင်း....

"ပါပြန်ပြီ"ဟု မကျေမနပ်ဆိုသည်။

နွဲ့ရီက ဂရုမစိုက်သလို ဆက်ပြောသည်။

"အဲ့ဒါခတ္တ ခက်ဘာပေါ့၊ နင်တို့က ငါ့ကို တော်တော် အထင်သေးတာကိုး၊ ဒီမယ်.... ငါ ပြောမယ်၊ ခင်ခလေးသစ် ဘာကြောင့် နယ်မပြန်သလဲဆိုတဲ့ ကိစ္စ...."

"ပြောပါဦး"

တင်အောင်က နွဲ့ရီကို စကားထောက်ပေးသည်။

"နယ်ကျောင်းသူလဲ ဖြစ်ပြန်၊ ကျောင်းပိတ်ရက် အိမ်ကို မပြန်ဘဲ ရန်ကုန်မှာပဲ တွယ်ကပ်နေပြန်ဆိုတော့ ဖြစ်နိုင်တာက တစ်ခုတည်း ရှိတယ်"

"ဘာလဲ"

"အချစ်ရေးပေါ့၊ ဦးဦးဖျားဖျား ရည်းစားလေး တစ်ယောက် ပူပူနွေးနွေး ရထားတဲ့ မိန်းကလေးတစ်ယောက်အတွက် ဖြစ်နိုင်တာက ဒါပဲပေါ့၊ တင်ထက်နဲ့တွေ့ရအောင် နယ်မပြန်တာ ဖြစ်မှာပေါ့"

ဖြစ်နိုင်ခြေများသော နွဲ့ရီ၏ မှတ်ချက်ကြောင့် ဟုတ်မှာပဲ ဟူသော ထောက်ခံသည့် အတွေးကို တွေးလိုက်မိသည်။

ထိုအတွေးနှင့်အတူ နှမြောတသခြင်းနှင့် ကြေကွဲ အားငယ်ခြင်းတို့က ရင်တွင်းသို့ တိုးဝှေ့ဝင်လာ၏။

* * *





"ကျောင်းပိတ်ထားတယ်ဆိုပြီး ဝတ္တုဖတ်မယ်၊ ဂစ်တာ တီးမယ် တစ်ယောက်တည်း စစ်တုရင်ထိုးမယ်၊ ကိုယ့်အစ်မကို တော့ နည်းနည်းပါးပါး ကူညီပေးမယ် မရှိဘူး"

ထမင်းစားပွဲပေါ်တွင် 'မွန်းဖလားဝါး' နုတ်စာရွက်ကို အကျအနချလျက်၊ အတီးကျင့်မည်ဟု ကြံတာ ရှိသေး၊ မီးဖိုထဲမှ မမကြီး၏ ဗျစ်တောက် ဗျစ်တောက် အသံက စီခနဲ ထွက်လာသည်။

ငါးမူးဖိုးလောက်လိုပ်ရရုံနှင့် တစ်ကျပ်ဖိုးလောက် ညည်းလျက်၊ ဟိုလူ့ရမ်း သည်လူ့ရမ်း ရမ်းတတ်သော မမကြီး အကျင့်ကို သိပြီးဖြစ်၍ မကြားယောင်ပြုလျက် ဂစ်တာကို ဆက်တီးနေလိုက်သည်။

"တကတဲတော်.... သူမို့ နေနိုင်ပါရဲ့၊ ကိုယ့်အစ်မကြီး ပင်ပန်းနေလား....တစ်ယောက်တည်း ဟင်းချက်ရတာ အဆစ် မှ ပြေရဲ့လား၊ တစ်ချက် မေးဖော်မရဘူး"

သူ မကြား့ ကြားအောင် အသံကို ကျယ်ကျယ်ပြုလျက်၊ ဘာမဆီပြောနေသော မမကြီးကြောင့် စိတ်ညစ်ညူးစွာ စုတ် တစ်ချက် သပ်ရင်း 'ဟာဗျာ' ဟု ညည်းတွားလိုက်မိသည်။

"ဟာဗျာ မလုပ်နဲ့၊ လက်ထဲက ဂစ်တာကိုချပြီး သာ့ခွဲ.... မှာ ချဉ်ပေါင်ရွက်လာထွင်ပေး"

မမကြီး၏ ဦးတည်ချက် အစစ်အမှန်ကတော့ ဒါပါပဲ

ပခုံးကိုဟန်ပါပါတွန့်လျက် လက်ထဲမှ ဂစ်တာကို မချချင်ချချင်နှင့် ချလိုက်ရတော့သည်။

"မမကြီးတို့ အပျိုကြီးတွေ တကယ် ပစိပစပ်များတယ်၊ မြန်မြန် ယောကျ်ားယူမှ နားအေးမယ်"

"အောင်မာ.... မမာင်သေးနော်....နင်ကများ ငါ့ကို လင်ပေးစားချင်ရသေးတယ်၊ ငါတော့ မယူဘူး၊ နင့်ကိုသာ အလျှင်ပေးစားရမယ်"

"ပေးစား.... မိန်းမရတော့ မြန်မြန် အိမ်ခွဲနေလို့ရတာပေါ့"

မမကြီးဘေးနားမှာ ဝင်ထိုင်ရင်း ချဉ်ပေါင်ရွက်စည်းကို လှမ်းယူကာ ပြောလိုက်သည်။

မမကြီးက နှုတ်ခမ်းတွန့်၍ပြုံးရင်း....

"အေးပါ....ပေးစားမှာပါ၊ နင့်ကို မိထားညီမနဲ့ ပေးစားရမယ်၊ ဒါမှ ထားဝယ်မှာ လိုက်နေရမှာ"

မမကြီးစကားကြောင့် လက်ထဲမှ ချဉ်ပေါင်ရွက်စည်းပင် လွတ်ကျမတတ် ဖြစ်သွားမိသည်။

"ဟာ....မမကြီးကလဲ....အဓိပ္ပာယ်မရှိတာ"

ခေါင်းကို ငုံ့ရင်း ပြန်ပြောလိုက်မိသည်။ သူ့လေသံက တမင်ရည်ရွယ်ခြင်း မရှိသော်လည်း အနည်းငယ် မာဆတ်ဆတ်ဖြစ်၍နေသည်။

"အောင်မယ်....သူကပဲ နာရတယ်ရှိသေး"





မဖြစ်နိုင်မှန်း သေချာနေသော ကိစ္စတစ်ခုအား စိတ်ကူးယဉ်ပြီးပြောလာသော မမကြီး၏ စကားက သူ့ရင်အစွန်း နက်ရှိုင်းစွာ နာကျင်သွားစေကြောင်း မမကြီး ရိပ်မိပုံမရ။

"ကျောင်မလေးက ချစ်စရာလေးပါ၊ အနေအထိုင်လဲ ရိုးရိုးအေးအေးလေး၊ မိန်းမပီသမယ့်ပုံပဲ၊ ဒါပေမယ့် မျက်နှာအနေအထားကြည့်ရတာတော့ မာနကြီးမယ့်၊ စိတ်ဆတ်မယ့် မျက်နှာမျိုး"

မည်သူမျှ မေးမြန်းခြင်း မရှိပါဘဲနှင့် မမကြီးက ခင်လေးသစ်နှင့်ပတ်သက်သော မှတ်ချက်စကားကို ဆို၏။ စိတ်ဆတ်မယ့်မျက်နှာမျိုး ဟူသောမှတ်ချက်က သူ့ရင်ကို လှစ်ခနဲ တုန်ခါသွားစေသည်။

သိပ်သေချာတာပေါ့ မမကြီး။ စိတ်ဆတ်တာမှ တောင်ငူကင်န်တင်းရှေ့မှာ ယောကျ်ားတစ်ယောက်ကို ပါးရိုက်ရဲလောက်အောင်ကို စိတ်ဆတ်တာ....

"တော်ပါတော့ မမကြီးရာ၊ နားငြီးလိုက်တာ"

"မတော်နိုင်ဘူးဟေ့.... မတော်နိုင်တဲ့အပြင် နင့်ကိုတောင်မေးရဦးမယ်"

"ဘာကိုလဲ"

"ခင်လေးသစ် အကြောင်းပေါ့၊ ထားထားက မေးခိုင်းလိုက်တာ၊ ကျောင်းမှာ ရည်းစားတွေ ဘာတွေ ရှိမရှိ၊ အေးမအေး၊ မောင်ညိုထွန်းကို မေးကြည့်ပေးပါတဲ့"

မမကြီးစကားကြောင့် မျက်နှာပျက်မလိုလို ဖြစ်သွားမိကြောင်း ကိုယ့်ကိုယ်ကို သတိထားမိသည်။

'သူညီမကို ဒီလောက်တောင် ချစ်နေရင်လဲ ကျောင်းထား အောင် နေ့တိုင်းလိုက်စောင့်နိုင်းပါလား....'ဟု စကားလွှဲ သည်။

"ချစ်လွန်းလို့တော့ ဟုတ်မယ်မထင်ပါဘူးဟာ၊ နယ်ကနေ သူတို့အိမ်မှာ ကျောင်းလာတက်တာဆိုတော့ သူမှာ တာဝန် ရှိတယ်ဆိုပြီး စုံစမ်းခိုင်းတာနေမှာပါ"

"ခင်လေးသစ် ကြည့်ရတာ မမထားကို ကြောက်မယ့်ပုံပဲ"

"အေးပေါ့ဟဲ့.... သူ့အိမ်မှာ နေရတာ သူ့ဩဇာ နာခံ ရမှာပေါ့၊ မိထားကလဲ စည်းကမ်းက တင်းကျပ်လိုက်တာ ဆိုတာ၊ ကျောင်းချိန်ကလွဲလို့ ဒီ့ပြင်အချိန်တွေဆိုရင် ဘယ် တော့မှ တစ်ယောက်တည်း မလွှတ်ဘူး....

"ခမျာမယ် အဝတ်အစားလေး ဘာလေး ဝယ်ချင်လို့ ဈေးသွားချင်ရင်တောင် မိထား အပြင်ထွက်တဲ့အချိန်မှ ကပ် လိုက်ရတာ"

မမကြီးစကားကြောင့် ခင်လေးသစ်အတွက်စိတ်မကောင်း စွာ သက်ပြင်းသဲ့သဲ့ချမိသည်။

သည်ပုံအတိုင်းဆို သူမ တင်ထက်နှင့် ဘယ်လိုတွေ့ခွင့်ရ ပါ့မလဲ....

"မိန်းကလေးဆိုတာ အင်မတန် ညက်နီညက်နက်များ တာဟ၊ ဒီ့ပြင်လူ မပြောနဲ့၊ ငါ့ပဲကြည့်"

အပြောင်အပြက်နှင့် ပြောခဲ့သော နို့ရီ၏စကားက ရုတ် ခြည်း ခေါင်းထဲသို့ ရောက်၏။





အင်းလေ.... သည်လိုပဲ ရှုံးကြဲပြီး တွေ့နေကြမှာပေါ့၊ အတွေးနှင့်အတူ မွန်းကျပ်ခြင်းတို့က ရင်ထဲသို့ တိုးဝှေ့၏။

"ဟဲ့....မောင်ဇီလေး.... အရင်းက ဓာပ်ဆိတ်ရတယ်ဟဲ့.... ကြည့်စမ်း....အရွက်တွေ ပြုတ်ကုန်ပြီ"

မမကြီး စကားကြောင့် ချဉ်ပေါင်ရွက်တို့ကို ငုံ့ကြည့် ရင်း....

"ကျွန်တော်မှ မလုပ်တတ်တဲ့ဥစ္စာ၊ မမကြီးက အတင်း ခိုင်းတာကိုး"

သူ့စကားကြောင့် မမကြီးက ပြုံးရင်း "ဒီလိုခိုင်းမှလဲ တတ်မှာပေါ့"ဟု ပြော၏။

တစ်ဆက်တည်း....

"နေစမ်းပါဦး၊ ခင်လေးသစ်အကြောင်း ငါ မေးတာလဲ ဖြေခင်မဖြေသေးပါလား"

ပျက်ချင်ချင်ဖြစ်လာသော မျက်နှာကိုငုံ့ရင်း....

"ကျောင်းမှာတော့ အေးပါတယ်၊ ရည်းစားလဲ မရှိဘူး"

"ငါက ကျွန်တော် သတိထားမိပါဘူးလို့များ ပြောမ လားအောက်မေ့တယ်၊ လက်စသတ်တော့ အပိုင်ကို သိနေ တာပါလား"

မမကြီးစကားကြောင့် မျက်နှာပူစွာ အနေကျုံ့သွားမိ သည်။

"သိတာမဟုတ်ပါဘူး၊ ထင်တာပြောတာပါ၊ ရည်းစား တွေဘာတွေနဲ့ တွဲတာပြုတာ မတွေ့မိလို့"

“အေးပါ....ထမ်မြဖ်ချက်ပေးနိုင်လေ့ရှက်အောင်ကို သတိထားမိဘယ် ဆိုကတည်းက ငါ့မောင်ရဲ့ ပတ်ဝန်းကျင်လေ့လာမှုက မဆိုးဘူးလို့ ချီးကျူးရမှာပေါ့”

“ဟာဗျာ....မမကြီးနဲ့ စကားပြောရတာ တအံ့လက်ပေါက်ကတ်တယ်၊ ‘ကယ်မက်စ်ထရီ’မယူဘဲ ‘လော’ ယူခဲ့ရင်ကောင်းတယ်”

ဟု ချဉ်ပေါင်ရွက်စည်းကို ပစ်ချရင်း စိတ်တိုစွာ သူထရပ်လိုက်မိသည်။

“ငါသာ ‘လော’ယူလိုက်ရင်တော့ ကိုယ့်‘မေဂျာ’ကမဟုတ်တဲ့ မိန်းကလေးတွေ ဘာတွေကို နင့်လို သတိထားမိမယ်မထင်ပါဘူး”

မီးဖိုထဲမှ ထွက်လာခဲ့မိသည့်တိုင် မမကြီးက လှမ်းအော်နေသေးသည်။

❋



( ၄ )

အိမ်ပေါ်သို့လှမ်းအတက်မှာပင်အမြင်စိမ်းနေသောမိန်းမစီးဖိနပ်နှစ်ရန်ကြောင့် ဧည့်သည်ရောက်နေပြီဟု သတိထားမိသည်။ စာအုပ်ဆိုင်မှငှားလာသည့် မဂ္ဂဇင်းစာအုပ်များကို ညာလက်သို့ပြောင်းရင်း စေ့ထားသောတံခါးကို တွန်းဖွင့်ကာ ဝင်လိုက်သည်။

အမှတ်မဲ့ မျက်လုံးများက ဆက်တီဆီသို့ ရွေ့လျား၏။

သည်မှာပင် ဘယ်လိုမှမျှော်လင့်မထားသော ခင်လေးသစ်ကို တွေ့လိုက်ရသည်။

ဆက်တီတွင် တစ်ယောက်တည်း ကျုံ့ကျုံ့လေးထိုင်နေသည့် သူမက သူ့ကို လှမ်းကြည့်ရင်း မပြုံးချင် ပြုံးချင်ဖြင့် လျော့ရဲသည့် အပြုံးတစ်ခုကိုပြု၏။

မှင်တက်စွာ ငေးကြောင် ကြည့်နေရာမှ သတိဝင်ကာ အပြုံးဟု ကိုယ့်ကိုယ်ကို မသေချာသော မျက်နှာအမူအရာကို ပြန်လုပ်ပြမိသည်။

ခက်လိုက်တာ....သိပ်ပြီးမူပျက်မနေစေနဲ့နေ....

ခေါင်းကိုငုံ့ရင်း တုံ့ဆိုင်းသွားသည့် ခြေလှမ်းတို့ကို ပြန်လှမ်းလိုက်မိသည်။ တဒိတ်ဒိတ်ခုန်နေသော ရင်အစုံနှင့်အတူ သူမထေးမှဖြတ်ရင်း အတွင်းခန်းသို့ ဝင်လာခဲ့သည်။

သည်လိုမှန်းသိလျှင် အိမ်နောက်ဖေးဘက်က ပတ်ဝင်ခဲ့ရ အကောင်းသားဟု မချင့်မရဲတွေးမိ၏။

သို့သော် ဘာပဲဖြစ်ဖြစ် ခုလိုဝင်လာခဲ့မိခြင်းကြောင့်ပင် (သူမမှန်းသိပါကမကြည့်ရဲသဖြင့် မြင်ခွင့်ရမည်မဟုတ်သော) နှင်းဆီရောင် မျက်နှာသွယ်သွယ်လေးတစ်ခုကို မြင်တွေ့ခွင့်ရခဲ့ခြင်းဖြစ်သည်။

"ကိုယ်တော်လေး ပြန်လာပြီလား...."

ထမင်းစားခန်းအဝင်တွင် ဒရင်းဘက်ဖြင့် ထိုင်နေသော မမကြီးက လှမ်းမေး၏၊ မမကြီးဘေးမှ ကျောင်းဝတ်စုံနှင့် မထားထားက သူ့ကို ပြုံး၍ကြည့်သည်။

မမကြီး နေမကောင်းသဖြင့် သတင်းမေးလာကြခြင်းပဲဟု နားလည်လိုက်မိသည်။

"မိထားရေ.... နှင့်မောင် ဝမ်းကွဲကတော့ စာအုပ်ဆိုင်သွားလိုက်၊ လက်ဖက်ရည်ဆိုင်ထွက်လိုက်နဲ့ အလုပ်ကိုရှုပ်နေတာပဲ"





နှင့်မေ့ဇဝ်ဝမ်းကွဲဟူသော မမကြီး၏စကားကြောင့် မျက်နှာတစ်ခုလုံး နွေးခနဲဖြစ်သွားသည်။

"ကဲ....ကိုယ်တော်လေး၊ အဝတ်အစားလဲပြီးရင်ဧည့်သည်တွေအတွက် ကော်ဖီလေးဘာလေး ဖျော်ပေးဦး၊ မေမေကလဲ အန်တီဝင်းတို့အိမ်သွားနေတာ"

"နေပါစေဟာ....ငါတို့မသောက်တော့ပါဘူး"

မထားထားက အားနာစွာ ဝင်ပြော၏။

"ဟဲ့....နင်မဲသောက်ပေမယ့် ငါ့ညီမဝမ်းကွဲက သောက်ချင်သောက်မှာပေါ့"

မမကြီးစကားကြောင့် မထားထားကပါ ပြုံးလျက်....

"အဲဒါတော့ ဟုတ်တယ်၊ မောင်ညိုထွန်း....ချိုချိုလေး ဖျော်ပြီး အိမ်ရှေ့ကို တစ်ခွက်လောက်သွားချပေးလိုက်"

အနှောင့်အသွားမလွတ်သောစကားတို့ကြောင့် စိတ်ကျဉ်းကျပ်စွာ ရင်မောရ၏၊ အနောက်အပြောင်စကားတို့ကို ထပ်မံ၍ပြောမည်ပြုသော မမကြီးကိုခပ်စူးစူးစိုက်ကြည့်လိုက်မိသည်။

သူ့ အရှက်အကြောက်ကြီးတတ်မှန်းသိသော မမကြီးက သူ့အကြည့်ကြောင့်....

"မောင်လေး....ကော်ဖီတော့ ဖျော်ပေးပါဟာ"

ဟု လေပြေသွေးစကားကိုဆို၏၊ တစ်ဆက်တည်း မထားထားဘက်သို့လှည့်ရင်း....

'သိပ်မစနဲ့ဟဲ့၊ ငါ့မောင်က အရှက်ကြီးတတ်တယ်' ဟု ခပ်တိုးတိုးပြောသည်။

အဝတ်အစားလဲပြီး မီးဖိုထဲသို့ဝင်ကာ ကော်ဖီဖျော်ပေးမိသည်။

'ချိုချိုလေး' ဟူသည့် မထားထား နောက်ပြောင်သုံးစွဲခဲ့သည့် ကြိယာဝိသေသနကြောင့် ခင်လေးသစ် အချိုကြိုက်လေမလားဟု တွေးမိ၏။

ထိုအတွေးက ကော်ဖီဖျော်တိုင်း အမြဲတမ်း အချိုပေါ့ပေါ့ ဖျော်တတ်သော သူ့အကျင့်ကို ပထမဆုံးအကြိမ်အဖြစ် ပြောင်းလဲပစ်စေခဲ့သည်။

ထိုနေ့က သူဖျော်သော ကော်ဖီသည် 'ချိုလွန်းသည်'ဟု နောက်တော့ မမကြီး ဝေဖန်ပါသည်။

* * *

"အခြေအနေကတော့ ကောင်းလာသလား.... ဆိုးလာသလားဆိုတာသာ ခန့်မှန်းရခက်တာ၊ သေချာတာ တစ်ခုကတော့ ခုနစ်ရက်တစ်ပတ်အတွင်းမှာတောင် နှစ်ခါတွေ့ခွင့်ရတယ်ဆိုတော့ ခုနစ်လ တစ်နှစ်လောက်သာကြာရင် မင်းနဲ့ ခင်လေးသစ် အဆင်ပြေသွားနိုင်တယ် ညိုထွန်း"

တင်အောင့်စကားကြောင့်....





"တော်စမ်းပါကွာ....အဓိပ္ပာယ်မရှိလိုက်တာ"

ဟု ပြန်ပြောဖြစ်သည်။

တင်အောင်က သူ့အိပ်ရာပေါ်သို့လှဲချလိုက်ရင်း....

"ဘယ့်နှယ် အဓိပ္ပာယ်မရှိရမှာလဲ ညိုထွန်း၊ မင်းသာ ဇက်ရဲလက်ရဲရှိရင်...."

"ဟောကောင် တင်အောင်....မင်းစကားကိုရပ်ရင် ကောင်းလိမ့်မယ်၊ မင်းပြောလိုက်တာ ငါ ဘာကောင်ဖြစ်သွားနိုင်တယ် ဆိုတာကိုရော စဉ်းစားမိရဲ့လား"

အနည်းငယ် မာဆတ်ဆတ် ဖြစ်သွားသော သူ့အသံကြောင့် တင်အောင်က 'ဆောရီးကွာ'ဟု ပြော၏။

"ငါ သူ့ကို အရမ်းချစ်ခဲ့မိတယ် တင်အောင်၊ ချစ်တာမှ ဖွင့်ပြောမပြတတ်အောင်ကို ချစ်တာ၊ ဒါပေမယ့် သူ့ရည်းစား တစ်ယောက် လုံးရှိလျက်နဲ့ ကြောင်တောဖိနှိုက်တဲ့ အလုပ်မျိုးကို ငါ တစ်သက်မှလုပ်ဘူး....

"ကုန်ကုန်ပြောမယ်ကွာ၊ သူ့ရည်းစား မရှိတော့ဘူးဆိုရင်တောင်မှ ငါ သူ့ကို ဘယ်တော့မှ မကြိုးစားဘူး"

အိပ်ရာပေါ်တွင် ဘေးစောင်းအနေအထားဖြင့်လှဲနေသော တင်အောင်က သူ့ကိုငေးကြည့်ရင်း....

'ဘာဖြစ်လို့လဲ'ဟု မေးသည်။

သူ ပြန်မဖြေဖြစ်၊ ဆေးပေါ့လိပ်ဖင်ကို စာကြည့်စားပွဲပေါ်သို့ဆောင့်ရင်း မီးညှိလိုက်မိသည်၊

တင်အောင်က အားမလိုအားမရနှင့်....

"ဟော့ကောင်.... မေးနေတယ်လေကွာ"

"ဘာပစ္စည်းပဲဖြစ်ဖြစ် လိုလိုချင်ချင်ရှိတဲ့လူကို ပေးတာပဲကောင်းတယ်၊ မလိုချင်တဲ့လူကို သွားပေးမိရင် အပေးခံရတဲ့လူမှာ စိတ်အနှောင့်အယှက် ဖြစ်ရလိမ့်မယ်"

တင်အောင်က မရယ်ချင့်ရယ်ချင် ရယ်သံပြု၏၊

"ဒါကတော့ ပစ္စည်းတန်ဖိုးကို နားမလည်သေးလို့နေမှာပေါ့ ညိုထွန်း၊ နားလည်အောင် ရှင်းပြနိုင်ရင်...."

"မရဘူး တင်အောင်၊ ချစ်ခြင်းမေတ္တာဆိုတာကို ရောင်းကုန်ပစ္စည်းတစ်ခုလို နားလည်အောင် ရှင်းပြလို့ မရဘူး၊ ကိုယ့်ကိုမချစ်နိုင်တဲ့ မိန်းကလေးတစ်ယောက်.... မခင်သစ်ဆိုရင် ငါ့ကို မချစ်နိုင်ရုံတင်မဟုတ်ဘူး၊ ခါးခါးသီးသီးကို မုန်းတာ၊ အဲလို ကိုယ့်ကိုမုန်းနေတဲ့ မိန်းကလေးတစ်ယောက်ရဲ့ ရင်ထဲက နှလုံးသားကို နားလည်အောင်ရှင်းပြပြီး ပြောင်းလဲပစ်လို့ မရဘူး၊ ရဦးတော့ ငါ ဘယ်တော့မှမလုပ်ဘူး"

"ခေါင်းမာတယ်ဆိုပါတော့"





"မာနကြီးတာပါ၊ ကိုယ့်ရင်ထဲက မေတ္တာတရားနဲ့ ပတ်သက်လို့၊ ရိုးရိုးသားသား မာနထားတာ"

တင်အောင်က ဘာမှ မပြောတော့ဘဲ အိပ်ရာပေါ်မှ ကုန်းထရင်း၊ သူ့လက်ထဲမှ ဆေးပေါ့လိပ်ကို လှမ်းယူသည်၊ မီးသေလုနီးနီးဆေးလိပ်ကို သုံးလေးခါလောက် ခပ်ပြင်းပြင်းဖွာရင်းမှ....

"ဝမ်းသာပါတယ် ညိုထွန်း၊ ငါမျှော်လင့်ထားဘာထက် မင်းပိုပြီးမာကျောလာတဲ့အတွက်...."

တင်အောင့်စကားကြောင့် အားလျော့စွာ သူ ပြုံးဖြစ်သည်။

"မာကျောလာတာမဟုတ်ဘူး တင်အောင်၊ နဂိုအခြေအနေထက် ပိုပြီးတော့ကို ပျော့ညံ့သွားတာ"

ရိုးရိုးသားသားဝန်ခံလိုက်သည့် သူ့စကားကြောင့် တင်အောင်က နှာခေါင်းရှုံ့ရင်း....

'မင်းကလဲကွာ၊ နည်းနည်းပါးပါးလေးတောင် တုတ်သယောင်ယောင်နဲ့ ဟန်မဆောင်ဘူး' ဟု ရယ်ချင်သံဖြင့် ပြော၏၊ စားပွဲဘေးမှ ဂစ်တာကိုလှမ်းယူရင်း တွေ့ထိနေမိသည်၊

"အဲဒီနေ့က မင်းထွက်ညွှန့်ခံဖြစ်သေးတာပေါ့"

"အေးပေါ့....မမကြီးက ကိုယ့်အိမ်လာတာ ထွက်ညွှန့်ခံလိုက်ပါ၊ စကားမပြောချင်တောင် ဒီတိုင်းသွားထိုင်နေ ဘာညာနဲ့ အတင်းပြောတော့ ငါလဲ ညွှန့်ခန်းထဲ သွားထိုင်ပေးရသေးတာပေါ့"

"စကားပြောဖြစ်သေးလား"

"နည်းနည်းပါးပါးပါ၊ သူကစပြောတာ၊ 'ရီဇက်'တွေ သိရပြီလားဆိုတာလောက်ပါပဲ"

တစ်ယောက်နှင့်တစ်ယောက် ၁၀ ပေလောက်အကွာမှာ ထိုင်ရင်း နာရီဝက်လောက်ကြာမှ စကားတစ်ခွန်း ပြောဖြစ်သည်၊ ထိုနေ့ကအကြောင်းကို ပြန်တွေးတိုင်း ရင်သည်ဆောက်တည်ရာမဲ့စွာ တုန်ယင်ဆဲဖြစ်သည်။

(၁၅) ပေ ပတ်လည်လောက်သာရှိသည့် ညွှန်ခန်းအတွင်း နှစ်ယောက်တည်းထိုင်၍ စကားပြောရသည့်အဖြစ်က သူ့အား ထမင်းလုံးတစ္ဆေခြောက်ခံရသည့်ပမာ ခြေဖျား လက်ဖျားများကို အေးစက်စေခဲ့သည်၊

"မင်းကိ တောင်းပန်သေးလား"

ရုတ်တရက် ထွက်ပေါ်လာသည့် တင့်အောင့် စကားကြောင့် 'ဘာကိုလဲ'ဟု ငေးကြောင်စွာ မေးမိသည်။

"ကျောင်းတုန်းကကိစ္စတွေကို ပြောတာ"

တင်အောင့်စကားကြောင့် သက်ပြင်းတစ်ချက်ကို မော ပန်းစွာ ရှိုက်လိုက်မိသည်။

"အဲဒါတစ်ခုကတော့ ဝမ်းနည်းစရာကောင်းတယ် တင် အောင်၊ သူနဲ့ငါ နှစ်ခါတိတိ နှစ်ယောက်တည်း ဆုံခဲ့ဖူးပေ မယ့် သူ ငါ့ကို တစ်ခါမှ တောင်းပန်စကား မပြောခဲ့ဘူး၊ သူ့ပုံက အဲဒီတုန်းက သူလုပ်ခဲ့တဲ့ကိစ္စဟာ တောင်းပန်စရာ မလိုလောက်အောင် မှန်ကန်တယ်လို့ ယူဆနေတဲ့ပုံမျိုး...."

သူ့စကားကြောင့် တင်အောင်က တက်တစ်ချက်ခေါက် ရင်း....





"အဲဒါကြီးကတော့ ကျောလွန်းတာပေါ့....မခံချင်စရာပဲ၊ မင်းကစပြီး တောင်းပန်ခိုင်းပါလား၊ ဒါမှမဟုတ်လဲ သူ တောင်းပန်လာအောင် ရိုပေါ့"

"နေပါစေကွာ....သူမှန်တယ်လို့ ထင်နေတာပဲ ကောင်း ပါတယ်"

သူ့စကားကြောင့် တင်အောင်က သဘောမကျဟန်နှင့် ခေါင်းကို ဖြည်းညင်းစွာ ခါယမ်း၏။

"မတုတ်သေးဘူး ညိုထွန်း"

"ဟုတ်ပါတယ်၊ ဘာဖြစ်လို့လဲဆိုတော့ ငါကိုယ်တိုင်ကလဲ မခင်သစ်မှန်တယ်လို့ ယူဆတယ်"

တင်အောင်က သူ့ကိုမကျေနပ်စွာ ကြည့်ရင်း လက်ထဲမှ ဆေးပေါ့လိပ်ကို ဆေးလိပ်ခွက်ထဲသို့ ထိုးချေလိုက်၏။

( ၅ )

အိမ်ရှေ့သို့ ကားထိုးရပ်လိုက်သည်နှင့် သွေးခုန်နှုန်းက သိသာစွာ မြန်လာသည်။ စက်မသေခင် ကလပ်လွှတ်လိုက်မိသောကြောင့် ကားက ဝုန်းခနဲ ရှေ့သို့ တစ်ချက်ဆောင့်သွားသေး၏။

အရာရာသည် အယောင်ယောင် အမှားမှားပဲဟု တွေးရင်း ဣန္ဒြေမပျက်ရန် ကိုယ့်ကိုယ်ကို ပြန်ထိန်းရသည်။ မသွားချင်ပါဘူး ဆိုသည့်ကြားမှ သရက်သီးသနပ် ပုလင်းကို အတင်းပို့ခိုင်းခဲ့သည့် မမကြီးကို ဒေါသဖြစ်ရသည်။

"မင်းအစ်မကြီးခိုင်းတာ လုပ်ပေးလိုက်ပါကွာ"

ဟု ဖေဖေကပါ ဝင်ပြောလာသည့်အတွက် သူ အလျှော့ပေးခဲ့ရသော်လည်း သိပ်တော့ မခံချနိုင်။





ဒါတောင်....မမကြီးက သရက်သီးသနပ် ပုလင်းကို သူ့ကက်ထဲသို့ လှမ်းထည့်ရင်း ပြုံးစစဖြင့်....

'မျက်နှာကြီးကလဲ ဖြစ်နေလိုက်ဟာ၊ ငါက နင့်အတွက် တမင်အကျိုးဆောင်ပေးရသေးတယ်'ဟု နောက်သေး၏။

'ကျွန်တော် ဒီပုလင်းကို သွားမပေးဘဲ၊ ခွဲပစ်လိုက်မှာနော်'ဟု ခပ်တည်တည်ပြောမှ မမကြီး အနောက်ရပ်၏။

သူနှင့်ခင်ဇီလေးသစ်အပေါ် မမကြီးတို့ ဘယ်လိုများ မြင်နေကြပါလိမ့်ဟု တွေးရင်း ကြေကွဲနာကျင်စွာ ခံစားရသည်။

ကားသော့ကို ဆွဲဖြုတ်ရင်း ခေါင်းခုံပေါ်မှာ တင်ထားသည့် သရက်သီးသနပ်ပုလင်းကို လှမ်းယူကာ ကားထဲမှ ထွက်လိုက်မိသည်။

လူသူကင်းရှင်းနေသည့် အိမ်ထဲသို့ တစ်ချက်ကြည့်ရင်း ...င်လေးသစ် ထွက်မလာပါစေနဲ့ဟု ဆုတောင်းမိသည်။ ...တောင်းပြီးကာမှ ကိုယ့်ဆုတောင်းတကယ်ပြည့်မှာကိုလည်း ...ရိမ်မိပြန်သည်။

တွေ့ချင်လျက်နှင့် မတွေ့ရဲသောဘာဝ၊ ရင်ထဲမှ ခံစားချက်...နှင့် ပတ်သက်၍ ကိုယ့်ကိုယ်ကိုပင် (မရိုးသားစွာ) ပြန်ညာ...နေမိသော အဖြစ်ပဲဟုသော အတွေးက နှလုံးသားကို စူးရှ...၏။

သံဘာဂျာတံခါးရှေ့တွင် ရပ်လျက် မျက်မှန်ကို တစ်ချက် ...င့်တင်ရင်း လူခေါ်ခေါင်းလောင်းကို နှိပ်လိုက်မိသည်။

''လာပြီ''တဲ့ အတွင်းခန်းဆီမှ လှမ်းအော်သံသဲ့သဲ့ကြား...သည်။ မည်သူ့အသံဟု ချက်ချင်းဝေခွဲမရ။

တစ်အောင့်ကြာတော့ အတွင်းခန်းမှ ခင်လေးသစ် ထွက်လာသည်....

တစ်ရာဖိုး လေးထည်ဟု လမ်းဘေးမှာ အော်ရောင်းသည့် တရုတ် တီရှပ်ဖားဖားကြီးနှင့် ရင်ခုန်ဖွယ် လှပနေသော အိမ်နေရင်း အဝတ်အစားနှင့် သူမကိုတွေ့ရသည်။

ယခင်က တွေ့မြင်ခဲ့ဖူးခြင်း မရှိသော သူမ၏ ကပိုထိုး အလှတရားက ရင်ထဲကို လှပ်ခနဲဖြစ်သွားစေ၏။ သူမကို မတွေ့လိုက်ရသောကြောင့် ယခုလို ခံစားလိုက်ရတာပဲဟု သိနေသော်လည်း ပျော်သွားသည်လား၊ဝမ်းနည်းသွားသည်လား ကိုယ့်ကိုယ်ကို ခန့်မှန်း၍မရ။

သံဘာဂျာတံခါးကို ဆွဲဖွင့်ရင်း 'ဝင်ပါ' ဟု သူမပြော၏ ချိုနွဲ့ သာယာလွန်းသည့် ပုံမှန်အသံပင် ဖြစ်သော်လည်း ဟက်ဟက်ပက်ပက် သိပ်မရှိလှဟု အားငယ်စွာ တွေးမိသည်။

ဖော်ရွေရင်းနှီးမှု ရာခိုင်နှုန်း သိပ်နည်းတဲ့ အသံပဲဟု စိတ်ထဝီ၏။ သို့သော် ထိုအထင်မမှန်ဟု ကိုယ့်ကိုယ်ကို ပြန်ဖြေသိမ့်မိပြန်သည်။

"ဝင်လေ....ကိုညီထွန်းနိုင်"

ဒုတိယအကြိမ် ထပ်ပြောလာသည့် သူမ၏ ချိုနွဲ့သော အချိုးအစား ခန့်မှန်းရခက်သော အသံကြောင့် လက်ရှိအဖြစ်ကို အသိဝင်သည်။

"မဝင်တော့ဘူး မခင်....လေးသစ်"

မခင်သစ်ဟု ခေါ်မည်ပြုပြီးမှ မခင်လေးသစ်ဟု ပြောင်းခေါ်ဖြစ်သည်။ ရိပ်မိဟန်ရှိသော သူမက....





"ရပါတယ် ကိုညီထွန်းနိုင်၊ အဆာစ်ပြေသလိုခေါ်ပါ" ဟု ပြောသည်။

"မမကြီးက သရက်သီးသနပ် ပေးခိုင်းလိုက်လို့၊ အဲဒါ...."

လက်ထဲမှ ပုလင်းကို လှမ်းပေးရင်း ပြောဖြစ်သည်။ ခင်လေးသစ်က လက်ထဲမှ သရက်သီးသနပ်ပုလင်းကို တစ်ချက်ကြည့်လျက် လှမ်းယူရင်း....

"ဪ.... ပေးခဲ့လေ၊ မမထားပြန်လာရင် ကျွန်မပေးလိုက်မယ်၊ အန်တီနဲ့ ဈေးလိုက်သွားလို့"

"ဒါဆို....ကျွန်တော် သွားဦးမယ်"

"တုတ်ကဲ့....ဪ....ကိုညီထွန်းနိုင်"

သူမ၏အသံကြောင့် လှည့်ထွက်လုလု အနေအထားမှ တုံ့ဆိုင်းသွားမိသည်၊ဦးခေါင်းကိုပြန်လှည့်ရင်း သူမကို ကြည့်မိသည်။

ယခုမှပင် သူမ၏ပါးပြင်ပေါ်၌ ပါးကွက် ကွက်ထားကြောင်း သတိပြုမိသည်။ ဝင်းဝါသည့် ပါးပြင်ပေါ်မှ ပါးကွက်ထူထူနှစ်ကွက်က သူ့အား ရစ်ခုန်စေသည်ကတော့ အမှန်....

"မမထားပြန်လာရင် ဘာပြောလိုက်ရမလဲ"

"ဟို....ထွေထွေထူးထူးတော့ ပြောစရာမရှိပါဘူး၊ အဲဒါ သာပေးတယ်လို့ပဲ ပြောလိုက်ပါ"

"တုတ်ကဲ့...."

သည်တစ်ခါတော့ သူတကယ်ကို လှည့်ထွက်လာဖြစ်သည်။ လှည့်မထွက်ခင် ပါးကွက်ကျားလေးနှင့် မျက်နှာသွယ်သွယ်လေးကို ရစ်ခုန့်စွာ တစ်ချက် ခိုးကြည့်လိုက်မိသေးသည်။

ပြီးမှ သူမ ရိပ်မိသွားလေမလားဟူသော စိုးရိမ်စိတ်ဖြင့် ကိုယ့်မျက်လုံးကို ကိုယ် 'အတင့်ရဲရန်ကော' ဟု ပြစ်တင်ဝေဖန်မိပြန်သည်။ အရာရာအတွက် ကိုယ့်ကိုယ်ကို မကျေနပ်။



## ( ၆ )

"ကျွန်မ တောင်းပန်ပါတယ် ကိုညိုထွန်းနိုင်"

စိတ်မကောင်းဟန်ဖြင့် ပြောလာသည့် သူမစကားကြောင့် 'ဘာကိုလဲ မခင်သစ်'ဟု သူမေးမိသည်။

"ကျောင်းတုန်းက ကျွန်မ ကိုညိုထွန်းနိုင်ကို စော်ကားခဲ့မိတာ"

"မလိုပါဘူး မခင်သစ်၊ ဒါဟာ တောင်းပန်ရလောက်အောင် ကြီးလေးတဲ့ အမှားအယွင်းတစ်ခုမှ မဟုတ်တာဘဲ"

"ရှင်...."

သူ့စကားကြောင့် သူမက ငိုမ်းစက်သော မျက်လုံးအစုံဖြင့် မော့်ကြည့်သည်။ ထူထဲနီရွှေးသည့် ခပ်ဟဟ နှုတ်ခမ်းအစုံက တဆတ်ဆတ်တုန်ယင်လျက်....

"ကိုညိုထွန်းနိုဝ် ကျွန်မကို တမင်များ ရွဲ့ပြောနေတာ လားဟင်...."

သူမစကားကြောင့် တမဇီလုပ်ရယ်သော ရယ်သံဟု သူမ မထင်အောင် ပေါ့ပါးသော ရယ်သံတစ်ခုကို တမင်ပြုလုပ်မိ သည်။

"မဟုတ်တာဘဲ မခင်သစ်ရယ်၊ ကျွန်တော် ရင်ထဲကပြော နေတာပါ၊ အဲဒီတုန်းက ကိစ္စနဲ့ပတ်သက်ပြီး ကျွန်တော်စိတ် မဆိုးပါဘူး"

"စိတ်မဆိုးဘူး ဟုတ်သား"

သူမ အံ့သြဟန်နှင့် ရေရွတ်၏။

"တောင်ငူ ကင်န်တင်းရှေ့မှာ ပါးရိုက်လိုက်မိတာကို တောင် စိတ်မဆိုးဘူးပေါ့၊ ကျက်သရေ ယုတ်လိုက်တာလို့ မိုက်မိုက်ရိုင်းရိုင်း ပြောလိုက်မိတာကိုတောင် ကိုညိုထွန်းနိုင် ကျွန်မအပေါ် စိတ်မဆိုးဘူးပေါ့"

မယုံသင်္ကာဟန်နှင့် အံ့သြစွာမေးနေသော သူမကို ငေး ကြည့်ရင်း သူ ခေါင်းညိတ်လိုက်မိသည်။

အောက်နှုတ်ခမ်းထူထူကို သွားနှင့်ဖိကိုက်ရင်း ဖျပ်ဖျပ် လက်နေသည့် မျက်လုံးအစုံဖြင့် စူးစိုက်ငေးကြည့်ရင်း....

"ကိုညိုထွန်းနိုင်ရယ်...."

ဟု အဖျားခတ်တုန်ယင်နေသော အသံဖြင့် သူမ ရေရွတ် သည်။

"ကျွန်မ....ကျွန်မ....စိတ်မကောင်းလိုက်တာ"





တကယ်စိတ်မကောင်းဟန်ဖြင့် ရေရွတ်လာသည့် သူမ၏ စကားကြောင့် ရင်ထဲမှာ ဆို့နင့်ကြေကွဲသွားမိသည်။

"မဟုတ်တာဘဲ မခင်သစ်၊ ဘာမှ စိတ်မကောင်းမဖြစ်ပါ နဲ့၊ ကျွန်တော်နဲ့ပတ်သက်ပြီး မခင်သစ် ဘာမှ စိတ်မကောင်း မဖြစ်ပါနဲ့"

တုန်ယင်သောအသံဖြင့် သူ တောင်းပန်မိ၏။ သူ့စကား ကြောင့် ရီဝေသော မျက်လုံးအစုံဖြင့် ခင်လေးသစ် သူ့ကို ကြည့်သည်။

သူမ၏မျက်နှာက နောင်တကြီးစွာ စိတ်မကောင်းဖြစ်ဟန် အထင်းသား။

'ငါ သူ့ကို ဘာဖြစ်လို့များ စိတ်မကောင်းဖြစ်အောင် လုပ် ပါလိမ့်'ဟု တွေးရင်း ကိုယ့်ကိုယ်ကို မကျေမနပ် ဒေါသ ဖြစ်သွားမိသည်။

"အဲဒီတုန်းက တော်တော် နာသွားမှာပဲနော်"

အမေးစကားနှင့်အတူ စိုက်ကြည့်လာသည့် သူမကို ပြုံး ပြလိုက်မိသည်။

"မနာပါဘူး မခင်သစ်၊ ကျွန်တော်ကသာ မခင်သစ်ရဲ့ လက်ဖဝါးလေးအတွက် စိတ်မကောင်းဖြစ်နေမိတာ"

"အို...."

ရှက်ရွံ့စွာဖြင့် အာမေဋိတ်သံတစ်ခုကို သူမပြု၏။

ထို့နောက် သူ့အား ကတုန်ကယင်ဖြစ်စေသော ကိစ္စတစ် ခုကို သူမ လုပ်လိုက်သည်။

တစ်ခါတုန်းက ရိုက်ခဲ့ဖူးသည့် သူမ၏ ညာဘက်လက်ဖဝါးလေးဖြင့်....

တစ်ခါတုန်းက အရိုက်ခံခဲ့ရဖူးသည့် သူ၏ ဘယ်ဘက်ပါးပြင်ကို လှမ်းကိုင်လိုက်ခြင်းပင် ဖြစ်သည်။

အံ့သြခြင်း၊ မယုံကြည်နိုင်ခြင်းတို့နှင့်အတူ သူ ကြက်သေသေသွားမိသည်။

ထို့နောက် ပါးပြင်ပေါ်မှ သူမ၏ လက်ဖဝါးလေးကို သူ၏လက်များဖြင့် အလိုအလျောက် ဆုပ်ကိုင်မိလျက်သား ဖြစ်သွား၏။

တဆတ်ဆတ်တုန်နေသော သူမ၏ လက်ဖဝါးအိအိလေးကို မျက်နှာရှေ့သို့ယူရင်း အသိမဲ့စွာ သူ နမ်းရှိုက်လိုက်မိသည်။

'ဟင့်အင်း'....ဟု သူမ တားသော်လည်း၊ သူမ၏အသံက အနည်းငယ် နောက်ကျသွား၏။

ရှက်ရွံ့စွာဖြင့် ရဲခနဲဖြစ်သွားသော သူမ၏မျက်နှာလေးကို ရင်ခုန်စွာ ငေးကြည့်နေမိသည်။

ထိုအချိန်မှာပင် အိမ်ရှေ့တံခါးဆီမှ လူခေါ် ခေါင်းလောင်းသံကြောင့် သူမ၏ကိုယ်ကလေး ဆတ်ခနဲ တုန်သွား၏။ သူ့လက်ထဲမှ သူမ၏လက်ကလေးကိုလည်း ပြန်ရုပ်သိမ်းသွားသည်။

မထချင်ထချင်နှင့်ထရင်း တံခါးဆီသို့သွားကာ သူ ဆွဲဖွင့်လိုက်မိသည်၊ သည်မှာပင် မယုံကြည်နိုင်စရာ အဖြစ်အပျက်နှင့် ထပ်၍ ရင်ဆိုင်ရပြန်သည်။





"ကို....တင်....ထက်"

တင်းမာခက်ထန်သည့် မျက်နှာနှင့် တင်ထက်က သူ့ကို လုံးဝမကြည့်။

ခင်လေးသစ်ကိုသာ စူးစိုက်ကြည့်ရင်း သူ့ဘေးမှ ဖြတ်ကျော်လျက် ဧည့်ခန်းဆီသို့ သွား၏၊ တားဆီးချိန် မရလောက်အောင်ပင် လျှင်မြန်လွန်းလှ၏။

ထိတ်လန့်ကြောက်ရွံ့သော မျက်ဝန်းအစုံဖြင့် ခင်လေးသစ်ကိုယ်လေးမှာ တဆတ်ဆတ်တုန်ယင်နေသည်။ 'နေဦးကိုတင်ထက်'ဟု တားရန် ကြံစဉ်မှာပင် တင်ထက်က ခင်လေးသစ်အနားသို့ ရောက်နေပြီဖြစ်သည်။

တောင်းပန်သလို မော့်ကြည့်နေသော ခင်လေးသစ်ကို တင်ထက် ခပ်စူးစူးစိုက်ကြည့်၏၊ ထို့နောက် တင်ထက်၏ ညာလက်ဖဝါးက လေထဲသို့ မြောက်လာသည်။

"မလုပ်နဲ့...."

တအားကုန် သူ အော်လိုက်မိသည်၊ သို့သော် သူ နောက်ကျသွားပြီဖြစ်သည်။

ဖြောင်းခနဲ မြည်သံနှင့်အတူ ခင်လေးသစ်၏ မျက်နှာလေးမှာ လည်ထွက်သွား၏။

'ဟာ....'ဟု သူ အော်ရင်း ခင်လေးသစ်ဆီသို့ ပြေးသွားမိသည်၊ တင်ထက်က သူ့ကို တစ်ချက်စိုက်ကြည့်ပြီး အိမ်ထဲမှ ပြန်ထွက်သွား၏။

ခင်လေးသစ်၏ ဘယ်ဘက်ပါးပြင် မို့မို့လေးမှာ နီရဲနေသည်။

"မခင်သစ်...."

သူစိုးရိမ်စွာခေါ်မိ၏၊ ခင်လေးသစ် ပြန်မထူး၊ သတိလစ်သွားပြီဟု သူ သိလိုက်သည်။

"မခင်သစ်...."

လျင်မြန်စွာ ရောင်ကိုင်းလာသည့် သူမ၏ ပါးပြင်မို့မို့လေးကို ကြည့်ရင်း၊ ဝမ်းနည်းကြေကွဲလာမိသည်။

ဒါ....ဒါ....ကျွန်တော့်ကြောင့်ပါ မခင်သစ်၊ ကျွန်တော့်ကြောင့် မခင်သစ်တို့ သည်လိုဖြစ်ရတာ၊

တင်းလာသည့်ကြားမှ မျက်ရည်တို့က ပါးပြင်ပေါ်သို့ လိမ့်ဆင်းလာသည်၊ သတိမေ့နေဆဲဖြစ်သည့် ခင်လေးသစ်၏ ကိုယ်လုံးလေးကို ထွေးပွေ့ရင်း....

'မခင်သစ်ရယ်....'တု စိတ်မကောင်းစွာ သူ ညည်းတွားမိသည်၊

လှိုက်၍တက်လာသည့် ငိုချင်စိတ်တို့က ဘယ်လိုမှ ထိန်းချုပ်၍မရ။

"မခင်သစ်ရယ်...."

ယောကျ်ားတန်မဲ့ ဝမ်းနည်းစွာ သူ ငိုလိုက်မိသည်၊

* * *





ရင်အစုံသည် အသက်ရှူကျပ်ကာ ဖိုလှိုက်မောပန်းနေ၏၊ အရာရာသည်မည်းမှောင်လျက် ဘာတွေဖြစ်နေသည်ကို ဝေခွဲ၍ မရ။

"ဟဲ့သား.... ထစမ်း....ထစမ်း"

ခပ်ဝေးဝေးဆီမှ မေမေ့အသံကို ကြားနေရသည်ဟု ထင်မိသည်။

ကြမ်းတမ်းသော ပုတ်ခတ်လှုပ်ယမ်းမှုတစ်ခုကို ပခုံးမှ တစ်ဆင့် ခံစားသိရ၏။ သူ့ခုံးတွေ လှုပ်နေသလား....

ဘာတွေဖြစ်နေသလဲ.... ဘာတွေဖြစ်နေသလဲ....

"မောင်လေး....မောင်လေး"

ရုတ်တရက် မျက်လုံးကိုအဖွင့် စူးရှသော အလင်းရောင်က ဖြာကျ၏။ ကျိန်းစပ်သွားသည့် မျက်လုံးကို မျက်တောင်ခတ်ရင်း အမှောင်ထုမှတစ်ဆင့် အလင်းဆီသို့တိုးဝင်၏၊ စိုးရိမ်စွာ စိုက်ကြည့်နေကြသည့် မေမေနှင့် မမကြီး၏ မျက်နှာကို တွေ့ရ၏၊

"သား....ဘာဖြစ်တာလဲ၊ ဘာဖြစ်လို့အော်နေတာလဲ...."

"မောင်လေး....နင် အိပ်မက် မက်နေတာလား"

ပြိုင်တူလိုလို မေးမြန်းလာကြသည့် မေးခွန်းများ၏ အဓိပ္ပာယ်ကို တော်တော်နှင့် စဉ်းစားမရ၊ နောက်မှ ဖြည်းညင်းစွာ လက်ရှိအခြေအနေသို့ သတိဝင်၏။

မခင်သစ်....

တင်ထက်....

ပြီးတော့....

ရဲနီ ရောင်ကိုင်းနေသည့် ပါးပြင်မို့မို့၊

"ကျွန်တော်....အိပ်မက် မက်နေတာ"

လေးလံတုံ့ဆိုင်းစွာ ဖြေဖြစ်သည်၊ မေမေက သက်ပြင်းကို ချရင်း သူ့ရင်ဘတ်ကို လက်ဖြင့် ဖိထားပေးသည်၊ ခုချိန်ထိ ရင်တွေ ခုန်နေဆဲ ဖြစ်ကြောင်း သတိပြုလိုက်မိသည်၊

"သမီး....ရေတစ်ခွက်လောက် သွားခပ်စမ်း"

မေမေ့ စကားကြောင့် မမကြီးက သောက်ရေ တစ်ခွက် ပြေးခပ်သည်၊

"ရော့....မောင်လေး၊ ရေသောက်လိုက်"

ရေသောက်ရန် သူ ကုန်းထ၏၊ မမကြီး၏ လက်ထဲမှ ရေခွက်ကို လှမ်းအယူ သူ့မျက်နှာကို မမကြီးက စိုက်ကြည့်ရင်း....

'ဟဲ့....မျက်ရည်တွေပါလား'

ဟု တအံ့တသြ ရေရွတ်သည်။ သူ ရှက်ရွံ့စွာ ခေါင်းကို ငုံ့ရင်း မျက်ရည်တို့ကို အမြန်သုတ်လိုက်မိသည်၊

* * *

ရယ်သံတွေက တော်တော်နှင့် မရပ်၊

'မပြောပါနှင့်'ဟု သူ တစ်ားနေသည့် အကြားမှပင် မမကြီးက ညတုန်းက သူ အိပ်မက်သည့်အကြောင်းကို ပြောပြ





နေသည်၊ တားမရသည့် အတူတူ သူ ဆက်မတားတော့၊ ရှက်ရှက်နှင့် ခေါင်းကိုသာ ငုံ့ထားလိုက်မိသည်။

"မမကြီးတို့လဲ တော်တော်လန့်သွားမှာပေါ့"

"အေးပေါ့.... မေမေဆိုတာက ဘာပြောကောင်းမလဲ၊ ဟဲ့....သားလေး ဘာဖြစ်တာလဲ မသိဘူး၊ ထကြစမ်း....ထကြစမ်းနဲ့....တစ်အိမ်လုံး နိုးကုန်ရော၊ အော်လိုက်တာ ဆိုတာ နည်းနည်းနောနော အသံကြီးမှ မဟုတ်တာ"

"ညီထွန်းတို့ကတော့ စံပဲ၊ အိပ်မက် မက်ရင်း ငိုရတယ်လို့"

နွဲ့ရီက ရယ်ရင်း သူ့ကို လှမ်းပြောသည်၊ မိုးကျော်က လက်ဖက်သုပ်ကို ပလုတ်ပလောင်း ဝါးနေရာမှ....

'ငိုတာ မဟုတ်ပါဘူးဟာ၊ မျက်ရည်ကျတာပါ၊ ငါ့ သူငယ်ချင်းကို အဲလို မပြောပါနဲ့'

ဟု တားသံလိုလိုနှင့် ဝင်စပြန်သည်။

သူ ဘာမှ ပြန်မပြောနိုင်၊ ရှက်ရယ် ရယ်ရင်း နှုတ်ဆိတ်နေရသည်၊

"အမယ်....ဒါ ဘာဟုတ်သေးလို့လဲ၊ မဒီ၊တို့က သူ ငယ်ငယ်က အကြောင်းတွေကို မသိလို့"

မမကြီးက သူ့ကို ပြုံးစိစိ ဖြင့် တစ်ချက်ကြည့် လျက် မိုးကျော်တို့ကို လှမ်းပြော၏၊

"ဟုတ်လား....ပြောပါဦး မမကြီး၊ ညီထွန်း ငယ်ငယ်က ဘာဖြစ်လို့လဲ"

နွဲ့ရီက မမကြီးကို အတင်းဝင်မေးသည်၊

"မမကြီးနော်....ပေါက်ကရတွေ"

သူ မမကြီးကို လှမ်းကြည့်ရင်း ရှက်ရွံ့စွာ တားဆီးလိုက်မိသည်၊ မိုးကျော်နှင့် တင်အောင်က....

'ဟော့ကောင်....ပိတ်မနေနဲ့၊ မမကြီး ပြော'

ဟု အတင်း ဝိုင်းမေးကြသည်။

သူများအကြောင်း စပ်စပ်စုစု လုပ်ရမည်ဆိုလျှင် အလွန်ဝါသနာကြီးသော နှဲ့ရီကတော့ အဆိုးဆုံး ဖြစ်သည်၊ သူ့ဘေးနားမှာ ထိုင်နေရာမှ မမကြီးဘေးနားသို့ ပြောင်းထိုင်ရင်း မမကြီးကို မရမက ပြောခိုင်းတော့သည်။

"မမကြီး လျှောက်ပြောမနေနဲ့နော်"

သူ့စကားကို မမကြီးက မကြားဟန်ပြုရင်း လက်ဖက်သုပ်ကို တစ်ဇွန်း ခပ်စားသည်၊ ထို့နောက် သူငယ်ဘဝအကြောင်းကို စတင်တော့သည်၊

"မဝိုးတို့ သူငယ်ချင်းက ငယ်ငယ်တုန်းက ဘယ်လောက်များ ကြောက်တတ်သလဲဆိုရင် ရှစ်တန်းရောက်တဲ့အထိ သူ့ကို တစ်ယောက်တည်း မသိပ်ရဲဘူး။ မေမေ တစ်လှည့်၊ မမကြီး တစ်လှည့် သူနဲ့ သွားအိပ်ပေးရတယ်၊ ညညဆို ထ,ပြီး ယောင်လို့ တစ်အိမ်လုံး အိပ်ရေးပျက်ရတာလဲ ခဏခဏပဲ"

မပြောနဲ့တု ဝင်တားလည်း ရမည်မဟုတ်တော့သဖြင့် သူ ငြိမ်နေလိုက်သည်၊ တင်အောင်တို့ကတော့ သူ့ကို လုံးဝလှည့်မကြည့်၊ မမကြီးကိုသာ ငေးကြည့်ရင်း မမကြီး စကားကို စိတ်ဝင်တစား နားထောင်နေကြသည်။

"မိုးတွင်းဆို အဆိုးဆုံးပဲ၊ မိုးခြိမ်းသံကြားရင် သူ့မှာ ကြောက်တတ်လိုက်တာ မပြောပါနဲ့၊ ဟိုလူ့ လိုက်ဖက် ဒီလူ့





လိုက်ဖက်နဲ့ တကယ့်ကို သနားစရာလေး.... ခုပုံနဲ့တော့ ကွာပါ့"

မမကြီး စကားကြောင့် နှဲ့ရီက ဟက်ခနဲ တစ်ချက် ရယ်၏။ သူ မမကြီးကို မကျေမနပ်နှင့် တစ်ချက် လှမ်းကြည့်လိုက်မိသည်။

သို့သော် မမကြီးက သူ့ အကြည့်ကို မသိကျိုးကျွန်ပြုလျက် စကားဆက်သည်။

"တစ်ခါတလေ သိပ်ကျယ်တဲ့ မိုးခြိမ်းသံမျိုးဆိုကြောက်ပြီး မေ့တောဝီသွားတာ"

"ဟယ်...."

နှဲ့ရီ အံ့အားတသင့်ဖြင့် အာမေဋိတ်သံ ပြုသည်။

"ကျွန်တော့်ကိုယ် ကျွန်တော် ကြောက်လှပြီ ထင်တာ၊ ဒီကောင်က ပိုဆိုးနေပါလား"

တင်အောင်က အံ့ဩစွာ ဝင်ပြောသည်။

"သိပ်ငယ်တုန်းကပါ၊ ကြီးတော့ မကြောက်တော့ပါဘူး၊ ဒါပေမယ့် ရုပ်ရှင်ကြည့်ရင်း၊ အလွမ်းကားတွေ ဘာတွေ ကြည့်တဲ့အခါ မျက်ရည်ကျတတ်တာကတော့ တော်တော်ကြီးတဲ့အထိ မပျောက်ဘူး၊ ခုတောင် တစ်ခါတစ်ခါ မျက်ရည်က ဝဲချင်သေး"

"မိန်းကလေးကျနေတာပဲနော်"

နွဲ့ရီက မှတ်ချက် ဝင်ချသည်၊ မမကြီးက ခေါင်းညိတ်ရင်း....

"ဖေဖေဆို သူ ကြီးလာရင် မိန်းမလျှာဖြစ်သွားမှာစိုးလို့ ငယ်ငယ်က ကစားစရာ ဝယ်ပေးတိုင်း သေနတ်တို့၊ သံချပ်ကာ ကားတို့လိုဟာပဲ ဝယ်ပေးတာ"

"ဒီကြားထဲကတောင် ဒီကောင်ဖြစ်သွားသေးတယ်နော်"

မိုးကျော်က ရေနွေးကြမ်းတစ်ခွက် ငှဲ့ရင်း ပြောသည်၊ မိုးကျော် စကားကြောင့် အားလုံး ရယ်မောကြသည်၊ သူပါ ရှက်ရယ် ရယ်ရင်း မိုးကျော်ကို အသံတိတ် လှမ်းဆဲလိုက်မိသည်၊

ထို့နောက် လက်ဖက်သုပ် စားလိုက်၊ ရေနွေးသောက်လိုက်နှင့် စကားဝိုင်းက တိတ်ဆိတ်သွားပြန်သည်၊ အတန်ကြာမှ နွဲ့ရီက ပြုံးစစလုပ်ရင်း လှမ်းမေးသည်။

"နေပါဦး ညီထွန်း....ညတုန်းက နင်မက်တဲ့ အိပ်မက်က ဘာအိပ်မက်လဲ"

နွဲ့ရီ၏ အမေးကြောင့် မျက်နှာက ပျက်ချင်ချင် ဖြစ်၏၊ အိပ်မက်ဆိုတာ တခြားလူတွေ သိနိုင်တာ မဟုတ်ဟု ဦးနှောက်က သိနေသည့်တိုင် နှလုံးသားက လိပ်ပြာမလုံချင်၊

"ဒါကတော့ ထိပ်တန်း လျှို့ဝှက်ချက်ပေါ့ဟာ"





ခြောက်ကပ်ကပ် ရယ်ရင်း နွဲ့ရီကို ပြောလိုက်သည်၊ ...တွေး၌ အိပ်မက်ထဲမှာ နမ်းခဲ့ရသော ခင်ဇလေးသစ်၏ ...ဖဝါးလေးကို မြင်ယောင်လျက် ရင်ခုန်ကြည်နူးသွားမိ ...သည်၊

အိပ်မက်ဟု သိနေသည့်တိုင် အိပ်မက်ဟု ယုံကြည်ရန် ...ကျ် နှမြောတသ ဖြစ်နေမိပြန်သည်၊

( ၇ )

"လုပ်ပြီဗျာ....မမကြီးတို့ကဘော့"

"ခဏလေးပါမောင်လေးရယ်....လီမွာပါတယ်ဟာ၊စာစ

ရုံးက ဆရာမတစ်ယောက် လက်ဆင့်ကမ်းလိုက်တဲ့ ဖိတ်စ

တစ်စောင် ဝင်ပေးရုံတင်ပါပဲ"

"သိပ်တော့မကြာစေနဲ့နော်"

ညည်းညည်းညူညူ ပြောရင်း နောက်ကားကြည့်က

ညာဘက်ကွေ့ရန် လိုင်းသို့ဝင်လိုက်သည်။ ရပ်မျဉ်းရောက်

ခါနီးမှ မီးနီသွားသဖြင့် ဘရိတ်ဆောင့်နင်းလိုက်ရ၏။

တစ်နေ့လုံး ဟိုပို့ သည်ပို့ ပို့ပေးနေရသဖြင့် စိတ်ကမရှည်

ချင်တော့၊ ယခုလည်း မထားထားတို့အိမ် ဝင်ချင်သည်ဟု

ဆိုလာသဖြင့် စိတ်ညစ်သွားရသည်။





ဘဲ ....မီးစိမ်းနေပြီ"

သိတယ်...."

ဘ်တိုတိုဖြင့်ပြောရင်း အရှိန်ဖြင့်မောင်းထွက်လိုက်သည်။

းက ပြုံးစစလုပ်ရင်း....

နင်ကလဲဟယ်....တွေ့ရတော့မယ့်ဥစ္စာ၊ဖြည်းဖြည်းမောင်း

ါ"

န်ပြောလျှင် ထပ်နောက်နေဦးမည် စိုး၍ ဘာမှ ပြန်

ဖြစ်။

ထား ထားတို့တိုက်ရှေ့ ဗာဒံပင်အောက်တွင် ထိုးရပ်

ကျွန်တော် ဒီကပဲစောင့်နေမယ်"

အေး....အေး....ငါသိပ်မကြာဘူး၊ ချက်ချင်း ပြန်လာ

မျက်နှာကြီးက စူပုပ်ပုပ်လုပ်မနေနဲ့"

ဘ်သုတ် သုတ်သုတ်နှင့် မမကြီးဆင်းသွား၏။ ဒက်ရှ်

ထဲမှ ကက်ဆက်ခွေတစ်ခွေကို လှမ်းယူရင်း ဖွင့်လိုက်

'လိုင်ယိုနယ်ရစ်ချီ' ၏ 'ဟယ်လို' သီချင်းဖြစ်သည်။

သုံးမှေးစင်းလျက် သီချင်းစာသားကို စူးစိုက်နားထောင်

ည်။

ငါ့ရဲ့အိပ်မက်ထဲမှာ မင်းရဲ့နှုတ်ခမ်းကိုနမ်းခဲ့တာ အကြိမ်

ထောင်ပေါ့ကွယ်....'တဲ့။

အိပ်မက်ဟူသော ဝေါဟာရက ရဓိကို နွေးခနဲဖြစ်သွား

ည်၊ ဖောင်းအိသည့် လက်ဖဝါးနုနုလေးကို မြင်ယောင်

ရင်း အာခေါင်တစ်ခုလုံး ခြောက်ကပ်လျက် ရှေင်သည်
ဖြစ်လာသည်။

ဆွတ်ကျင်သော အတွေးတို့ဖြင့် အိပ်မက်ကို ပြန်လည်
တမ်းတရင်း သီချင်းဆုံးသွားသည်ကိုပင် သတိမထားမိလိုက်

"ဟဲ ....မောင်လေး၊ အိပ်ပျော်နေသလား"

မမကြီးအသံကြောင့် မျက်လုံးဖွင့်ကြည့်မိသည်။

"မြန်လှချည့်လား...."

"မြန်တာ မဟုတ်ဘူး၊ ဟိုသင်း....ခင်လေးသစ်ကို နင်
လိုက်ပို့ပေးလိုက်စမ်းပါ"

ခင်လေးသစ်ဟုသောအမည်ကြောင့် ရင်ခုန်သံက စည်း
ချက်ပျက်ယွင်းသည်။ 'ဘယ်ကိုလဲမမကြီး....ဘာဖြစ်လို့လဲ' ဟု
အံ့ဩစွာ မေးမိသည်။

"သူ့သူငယ်ချင်းတစ်ယောက်အိမ်မှာအလှူရှိလို့တဲ့၊ မိထား
ကလဲ့ သူတစ်ယောက်တည်းဆိုရင် မလွှတ်ဘူး၊ ကားပြန်လာ
လိုက်ပို့ပေးနိုင်မယ်တဲ့....၊

"သူတို့အိမ်ကကားကလဲ နှင်းသီတဲ့အတိုင်း တော်တော်နဲ့
ပြန်လာမှာမဟုတ်ဘူး၊ နောက်ပြီး ခင်လေးသစ်ကလဲ ၁၀
နာရီချိန်းထားတာမို့ ကားပြန်လာရင် မီမှာမဟုတ်ဘူး"

"မမီလဲ မသွားနဲ့ပေါ့ဗျာ"

"ဟဲ့....ခမျာမယ် ချိန်းပြီးထားပြီးမှ မျက်နှာပျက်စရာ"

"အဲဒါဆိုလဲ လေးဘီးတစ်စီးစီး ငှားပေးလိုက်ပေါ့"

မမကြီးက ခေါင်းကိုခါယမ်းရင်း....





"မိထားအကြောင်းလဲ နှင်းသိရဲသားနဲ့၊ ခင်လေးသစ်ကို
ယ်တုန်းက တစ်ယောက်တည်း လွှတ်ဖူးလို့လဲ၊ လိုက်ပို့ပေး
က်ပါ မောင်လေးရယ်၊ သနားပါတယ်"

မမကြီးစကားကြောင့် နာရီကိုကြည့်ကြည့် လည်တဆန့်
န့်ဖြစ်နေမည့် ခင်လေးသစ်ပုံကို အတွေးဖြင့် မြင်ယောင်
ာမိသည်။

"သူကကော ကျွန်တော့်ကားနဲ့ဆို သွားမှာမို့လို့လား"

မယုံရဲစွာဖြင့် မေးမိ၏။

"နှင်းအဆင်ပြေလို့ လိုက်ပို့ပေးမယ် ဆိုရင်တော့ သွား
ယ်တဲ့"

"ဒါဆိုလဲ ကောင်းပြီလေ၊ မမကြီးပါလိုက်ခဲ့"

"ဟဲ့....ငါလိုက်လို့ဘယ်ဖြစ်မလဲ၊ မိထားနဲ့က စကားမှ
ပြတ်သေးတာ"

ပြောပြောဆိုဆိုနှင့် မမကြီး လှစ်ခနဲ ပြန်ထွက်သွား၏။
နင့် ကျွန်တော် နှစ်ယောက်တည်း မသွားချင်ဘူးဗျာ....ဟု
ပြောချိန်ပင်မရ၊ ပြန်ထွက်လာမှပဲ မမကြီးကို အပါခေါ်မည်
တွေးလိုက်မိသည်။

သို့သော်....မမကြီးက သူခေါ်မည်ကို ရိပ်မိနေသလား
ပြောတတ်၊ နောက် တစ်ကြိမ် ပြန်ထွက်မလာတော့၊ ခင်
းသစ် တစ်ယောက်တည်းသာ အိမ်ပေါ်က ဆင်းလာ
ည်။

ထိုးဆင်းဖြာကျနေသော နေရောင်ခြည်အောက်မှ လှမ်းချီးလှမ်းလာသည့် သူမ၏ဟန်က လေနှင့်အတူ မျောလာသည်နှယ်....

ဗလာစာအုပ်အရွယ်မျှရှိသော မိန်းမကိုဗီ လက်ကိုင်အိတ် အပြားကြီးကို လက်နှစ်ဖက်ဖြင့် ရင်မှာပွေ့ပိုက်လျက် ခေါင်းငုံ့ကာ ခွေခွေလှမ်းလာသည့် သူမကို ငေးကြည့်ရင်း တက်နေမိသည်။

လေတစ်ချက်အဝေ့တွင် ဝဲခနဲဖြစ်သွားသည့် ဆံချည်တို့က ပခုံးကိုကျော်လွန်လျက် ရှေ့သို့ ဖြာကျ၏။

ကားနားသို့ရောက်လုရောက်ခင်အထိ သူ့ကို တစ်ချက်မကြည့်၊ ခေါင်းငုံ့၍သာ လျှောက်လာသည်။ ညာဘက်ကားတံခါးနားအရောက် သူမ တုံ့ခနဲရပ်မှ သူ သတိဝင်

ကိုယ်ကိုကိုင်းလျက် ကားတံခါးကို အမြန်ဖွင့်ပေးမိသည်။ တံခါးဖွင့်ပေးပြီးမှ သူမကိုနောက်ခန်းပို့ရမလား.... ရှေ့မှာပဲ ထားရမလား....ဟု ဝေခွဲမရ။

ဂျာမနီပြည်ဖြစ် ဗောက်စ်ဝက်ဂွန်ကားက တံခါးပေါက်တည်းရှိသဖြင့် နေခက်ခန်းသို့ သူမ ဝင်ထိုင်မည်ဆိုက ထိုင်ခုံကို ရှေ့သို့ လှန်ပေးရမည်ဖြစ်သည်။

သို့သော်....ခက်သည်က နောက်ခန်းတွင် ဈေးမှဝယ်သော အထုပ်အပိုးတို့နှင့် ပြည့်နေခြင်းပင် ဖြစ်သည်။

ဘာလုပ်ရမလဲဟု ဆုံးဖြတ်မရဖြစ်နေချိန်မှာပင် ခင်ဒေသစ်က ရှေ့ခုံတွင် ဝင်ထိုင်လာ၏။





အံ့ဩစွာ၊ သို့မဟုတ် ဝမ်းသာစွာ သူ ကြည်နူးသွားမိသည်။ သူမ တစ်ဖက်သို့ လှည့်ရင်း ကားတံခါးကို ဆွဲပိတ်လိုက်ချိန်မှာပင် ကားအတွင်း၌ မွှေးပျံ့သင်းထုံသည့် ရနံ့တစ်မျိုး လှိုင်လာကြောင်း သတိထားလိုက်မိသည်။

ကက်ဆက်ကိုလှမ်းပိတ်ရင်း ဘယ်တုန်းကမှ မလုပ်ဖူးသော အလုပ်တစ်ခုကို သူ လုပ်လိုက်မိသည်။

အားကစားသမား တစ်ယောက်လို လေကို တဝကြီး ရှူသွင်းလိုက်မိခြင်းပင် ဖြစ်သည်။

* * *

"မမ ညီညီမြင့်မလိုက်ဘူး....တဲ့"

ခုချိန်ထိ ကားစက်မနိုးသေးသော သူ့ဘက်သို့ သူမ တစ်ချက် လှည့်ကြည့်ရင်း ပြော၏။

"ဪ....တုတ်ကဲ့"

စက်နိုးရင်း အလေသုံးဆယ် မောင်းထွက်လိုက်မိသည်။ ပြီးမှ သတိရကာ လှီဗာကို ပြန်လျှော့ရ၏။

အကုန်လုံးအယောင်ယောင် အမှားမှားပါပဲ။

ဘယ်လိုဖြစ်နေတာလဲ.... သတိထားစမ်း၊ ကားမောင်းသိပ်ကြမ်းတာပဲဆိုပြီး နောက်တစ်ခါ လိုက်မပို့နိုင်ရင် ဘယ်လိုလုပ်မလဲ....

ဟင့်အင်း....ဘာလို့လိုက်ပို့နိုင်ရမှာလဲ၊ ဒါ နောက်ဆုံးပဲ၊

"ဘယ်ကို ပို့ပေးရမလဲ မခင်သစ်"

"ဟို ဗိုလ်ချုပ်ဈေးဒလာက် ဆိုရပါတယ်"

"ဗျာ...."

အံ့သြစွာ ရေရွတ်လိုက်သော သူ့အသံကြောင့် 'ဘာဖြစ်လို့လဲ ကိုညိုထွန်းနိုင်' ဟု လှမ်းမေးသည်၊

"မမကြီး ပြောတော့ အလှူဆိုလားလို့"

သူ့စကားကြောင့် သူမ 'ဩော်' ဟု ရေရွတ်ရင်း အသံတိတ်သွားသည်၊

တစ်အောင့်ကြာမှ....

"ဟို....ကျွန်မ ချိန်းထားတာ တစ်ခုရှိလို့"

ဂီယာကိုပြောင်းရင်း သူမဘက်သို့ တစ်ချက်လှမ်းကြည့်မိသည်၊ သူမ မျက်နှာက တွေးတွေးဆဆဖြင့် စဉ်းစားနေတန် ဖြစ်၏၊

"ကိုညိုထွန်းနိုင် မမထားကို ပြန်မပြောပါနဲ့နော်"

"ဘာကိုလဲ မခင်သစ်"

"ဟိုလေ....အလှူမသွားတဲ့ကိစ္စ"

သူမ၏ စကားက နားလည်ရ ခက်လွန်းလှ၏၊ ဘာဖြစ်လို့လဲဟု မေးရန် ကြံစည်မှာပင်....





သူမ၏အသံ ထွက်ပေါ်လာသည်၊

"ကျွန်မ ဗိုလ်ချုပ်ဈေးမှာ ကိုတင့်ထက်နဲ့ ချိန်းထားမိလို့"

"ဗျာ...."

( ၈ )

"နှင်ငြင်းလိုက်ဖို့ ကောင်းတယ်ဟ"

နားထောင်ခွက်ထဲမှ ထွက်ပေါ်လာသည့် နွဲ့ရီ၏ သတ္တိသံပါသော စကားကြောင့် သက်ပြင်းတစ်ချက်ကို ရှိုက်လိုက်မိသည်။

ရုံးချိန်ဖြစ်သောကြောင့် အိမ်မှာ လူရှင်းနေသည်။

'ကမူး'၏ 'စည်းအပြင်ဘက်လူ' စာအုပ်တစ်အုပ်နှင့် 'ဖြစ်တည်မှု ပဓာနဝါဒ' နောက်သို့လိုက်ရင်း မောပန်းနေစဉ် နွဲ့ရီက ဖုန်းဆက်လာခဲ့သည်။

ဖုန်းခွက်ကို ကောက်ကိုင်စဉ်မှာပင် သူမှန်းသိသည်နှင့် နွဲ့ရီက 'နှင်....ခဇီလေးသစ်ကို ဟိုနေ့က လိုက်ပို့ပေးတယ်ဆို' ဟု အရင်းမရှိ အဖျားမရှိ စတင်လျက် သူ့အား အပြစ်တင်လေတော့သည်၊





ဖုန်းခွက်ကို ညာလက်သို့ ပြောင်းယူလျက် သူ့အတွက် မချင့်မရဲ ဖြစ်နေသော နွဲ့ရီကို ဖြည်းညင်းစွာ ပြောပြလိုက်လိုက်။

"ငါလဲ ငြင်းပစ်လိုက်ချင်တာပေါ့ နွဲ့ရီရာ.... နဝီ စဉ်းစားကြည့်လေ၊ ငါက သူ့ကို တစ်ဖက်သတ် ချစ်နေခဲ့တဲ့လူပဲ....

"အဲဒီလို ကိုယ်ချစ်နေတဲ့၊ ကိုယ်မြတ်နိုးနေတဲ့ မိန်းကလေးတစ်ယောက်ကို ကိုယ်မဟုတ်တဲ့ အခြားလူတစ်ယောက်နဲ့ ပျော်ရွှင်စွာ ချိန်းတွေ့ကြည်နူးဖို့ သွားပို့ပေးရတာ ဘယ်လောက်ဝမ်းနည်းစရာကောင်းတဲ့ ကိစ္စလဲ၊ ငါလိုပ်ပေးချင်ပါ့မလားဟာ...."

သူ့စကားကြောင့် ဖုန်းခွက်အတွင်းမှ နွဲ့ရီ၏ သက်ပြင်းချသံသဲ့သဲ့ ကြားရ၏။

"ဒါနဲ့များ ညိုထွန်းရယ်....နှင်....ဘာဖြစ်လို့...."

"ငါပြောမယ် နွဲ့ရီ၊ မြေနီကုန်းမီးပွိုင့်ရောက်တော့ ငြင်းမယ်ဆိုပြီး ငါ သူ့ဘက်လှည့်လိုက်တယ်"

စကားကိုခေတ္တရပ်ရင်း ပင့်သက်တစ်ချက်ကို မှုတ်ထုတ်လိုက်မိသည်၊ အတွေးတို့က မနေ့ကဆီသို့ ပျံ့လွင့်၍ သွားသည်၊

မီးနီမိစဉ် ငြင်းသင့်မငြင်းသင့် ဒွိဟဖြစ်လျက် တစ်ယောက်တည်း စိတ်ပဒိပန်းနေမိသည်၊ ကားက (စလိုး) နည်းနေ

သောကြောင့် စက်သေမှာစိုးသဖြင့် လီဗာကို ဖိနင်းထားရသည်။

မီးပွိုင့်တွင် ရပ်ထားသော အခြားကားများထက် ပို၍ စက်သံကျယ်လောင်နေသော ကားအတွင်း ရင်ခုန်သံကျယ်လောင်လျက် စိတ်မွန်းကျပ်နေရသော ထိုနေ့က အဖြစ်က ပြန်တွေးတိုင်း နှလုံးသားကို ထိရှစေခဲ့သည်။

“ဒါပေမယ့် နွဲ့ရီရာ.... အဲဒီလို ငါသူ့ဘက်လှည့်လိုက်တဲ့ အချိန်မှာ မြင်နေရတဲ့ သူ့မျက်နှာလေးက တကယ့်ကိုသနားစရာလေး၊ ငြင်းမှာစိုးလို့နဲ့တူပါရဲ့.... ငါ့ကို ကွက်ကြည့် ကွက်ကြည့်နဲ့ အကဲခတ်နေတယ်၊ အဲဒါနဲ့ပဲ ငါ.... ငါမငြင်းရက်တော့ဘူး”

နွဲ့ရီက တင်စုံတစ်ရာ ခွန်းတုံ့မပြန်ဘဲ နှုတ်ဆိတ်ငြိမ်သက်နေသည်။

အတန်ကြာမှ....

“အေးဟာ....နင့်အဖြစ်ကလဲ ပါးလှဲ့ အရိုက်ခံရသေး၊ သူ့ရည်းစားဆီလဲ လိုက်အပို့ခိုင်းခံရသေး”

နွဲ့ရီစကားကြောင့် နာကျင်စွာပြုံးရင်း....

“ဒါကတော့ဟာ....”

ဟု စကားအစချီလိုက်သည်၊ ပြီးမှ ဘာဆက်ပြောရမှန်း မသိဖြစ်စွာ နှုတ်ဆိတ်ရပ်ဆိုင်းသွားရသည်။





“အေးလေ.... နင်ဘာမှ မဖြစ်ရင် ပြီးတာပါပဲ၊ ငါက တော့ အေးအေးမြင့်ဆီက ဖုန်းလာမှသိရတာ၊ သိသိချင်း နင့်အတွက် မခံချင်ဖြစ်ပြီး ချက်ချင်းနင့်ဆီ ဖုန်းကောက်ဆက် လိုက်မိတာ....”

သူ့အတွက် မခံချင်ဖြစ်၍ ဖုန်းဆက်လိုက်တာ ဟူသော စကားကြောင့် ဘေးလူတွေပါ မခံချင်စရာ ဖြစ်ရလောက် အောင် ပျော့ညံ့လွန်းနေသော ကိုယ့်ကိုယ်ကို၏ လက်ရှိအနေ အထားကို သတိပြုမိလျက် ဝမ်းနည်းရသည်။

အတန်ကြာ ငြိမ်သက်နေပြီးမှ တစ်ဖက်မှ ဖုန်းကိုင်ထား ရသော နွဲ့ရီကို သတိရလျက်....

“နင့်ကို အေးအေးမြင့် ပြောပြတာလား”

ဟု မဆီမဆိုင် မေးမိသည်။

“အေးပေါ့....နို့မို့ဆိုရင် ငါက ဘယ်လိုလုပ် သိမှာလဲ”

“မခင်သစ်က အေးအေးမြင့်ကို ဘာလို့ ပြောပြလဲ မသိ ဘူးဟာ”

“ဒါကတော့ ညီတွန်းရယ်....သူတို့က လူချင်းသာ မတွေ့ ဖြစ်ကြတာ၊ ဖုန်းနဲ့က နေ့တိုင်းလိုလို အဆက်အသွယ်ရှိနေ ကြတာပဲ၊ စကားစပ်မိပြီး ပြောဖြစ်ကြတာ နေမှာပေါ့”

“ငါ သူ့ကို ကူညီလိုက်ရတဲ့အတွက် စိတ်မကောင်းမဖြစ် ပါဘူးဟာ၊ ကိုယ့်ကြောင့် သူများစိတ်ချမ်းသာသွားရလို့ ဝမ်း တောင်သာသေးတယ်၊ ဒါပေမယ့်ဟာ....ခုလို ဟိုသူသိ ဒီလူသိ ဆိုတော့ရှ....”

ခြောက်ကပ်ကပ်စကားသံတို့က ထစ်ငေါ့စွာ ရပ်ဆိုင်းသွားရသည်။ မိမိ၏ ပျော့ညံ့ဆိုးရွားသော အခြေအနေနှင့် အသုံးချခံရမှု အနေအထားတို့ကို မိမိနှင့် ခင်လေးသစ်မှတစ်ပါး အခြားလူမသိစေချင်။ ကူညီရမှာထက် ကူညီတာကို လူသိမှာ ပို၍ စိုးရွံ့ခဲ့၏။

ခုတော့ အေးအေးမြင့်မှတစ်ဆင့် နွဲ့ရီပါ သိလာရသောကြောင့် စိတ်အနှောင့်အယှက် ဖြစ်ခြင်းနှင့်အတူ မှုန်းကျပ်ကြေကွဲသွားမိသည်။

"နင့်ကိုလဲ မှာထားရဦးမယ်၊ မိုးကျော်နဲ့ တင်အောင်ကို သွားမပြောနဲ့နော်၊ ဘော်ကြာ ဗီကောင်တွေ ဖေါ်ဆာန်နေကြဦးမယ်"

သူ၏ တားဆီးစကားအဆုံး နွဲ့ရီက ခပ်အုပ်အုပ်ရယ်သံပြုသည်။

"ငါက နင့်ဆီကဖုန်းချတာနဲ့ သူတို့ကိုဆက်ပြောမလို့.... အေးလေ....နင်မပြောစေချင်ရင်လဲ မပြောတော့ပါဘူး၊ ဒါပေမယ့် တစ်ခုတော့ရှိတယ်...."

နွဲ့ရီက စကားကိုခေတ္တရပ်၏။

'ဘာလဲ'ဟု သူဝင်မေးလိုက်မိသည်။

"နောက်တစ်ခါဆိုရင်တော့ ငါသူတို့ကို အသိပေးရလိမ့်မယ်"





"နောက်တစ်ခါဆိုရင်လဲ ငါ့ငြစီးတော့မှာပါဟာ...."

ခြောက်ကပ်စွာ သူပြန်ပြောလိုက်မိသည်။

"အေးလေ....နင်ငြင်းနိုင်ပါစေလို့ငါဆုတောင်းပါတယ်"

နွဲ့ရီ၏ ဆုတောင်းစကားက သတ္တုခွက်မှတစ်ဆင့် စီးဆင်းသွားသလို ထင်မိသည်။

( ၉ )

စာမေးပွဲဖြေစဉ်က အထစ်အငေါ့ကင်းစွာ ဖြေနိုင်ခဲ့သောကြောင့် အောင်မည်ဟု ကိုယ့်ကိုယ်ကိုသိနေသည့်တိုင် အောင်စာရင်းထွက်လာသောအခါ အမျိုးနည်းတူတုန်လှုပ်မိသည်။

"ဒီနေ့အောင်စာရင်းကပ်တယ်တဲ့၊သွားကြည့်ကြရအောင်၊ အပျင်းပြေပေါ့ကွာ၊ ငါလာခေါ်မယ်"

ဟု တင်အောင် ဖုန်းဆက်ပြောပြီးကတည်းက အောင်မှအောင်ပါ့မလားဟူသော စိုးထင့်စိတ်က ကပ်ငြိနေခဲ့သည်။

ဖုန်းဆက်ပြီး အတန်ကြာမှ တင်အောင် ရောက်ချလာသည်။ ကားပေါ်မှာ မိုးကျော်နှင့် နွဲ့ရီပါ ပါလာကြောင်း တွေ့ရသည်။

အဝတ်အစား ကြိုတင်လဲထားပြီးဖြစ်သောကြောင့် မေမေ့ကို အောင်စာရင်းသွားကြည့်မည်ဟုပြောလျက် အိမ်ပေါ်မှ ဆင်းလာခဲ့သည်။





ဟွန်းမှလွဲ၍ အကုန်မြည်သောဟူသည့် နာမဝိသေသနနှင့် င်စားရသော တင်အောင့်ကားက (စက်သတ်ပြီးလျှင် ပြန်နိုးရန်ခက်သောကြောင့်) စက်မသတ်ဘဲ စက်သံဆူညံစွာနှင့် ရပ်ထားသည်၊

"ဘယ်လိုလဲ....စိတ်လှုပ်ရှားနေသလား"

သူကားနားရောက်သည်နှင့် မိုးကျော်က လှမ်းမေးသည်။ ားပေါ်သို့တက်ရင်း....

"အနည်းအကျဉ်းတော့ လှုပ်ရှားတာပေါ့ကွာ၊ မင်းကော ှုပ်ရှားလိုလား"

မိုးကျော်ကပြုံးရင်း....

"ကိုယ်တို့ကရင့်ကျက်သွားပြီကွ၊ တောစ်ရုံတန်ရုံလောက်နဲ့ ်မလှုပ်ရှားတော့ဘူး"

တင်အောင်က ကားမောင်းထွက်သွားရင်း 'တယ်ဟုတ်လား'ဟုချီးကျူးစကားနှင့် ဝင်ပင့်ပေးသည်။တင်အောင်၏ င်တင်ပေးလိုက်မှုကြောင့် ထောင်တက်သွားသော မိုးကျော် စကားဆက်၏။

"အတွေ့အကြုံက စကားပြောတာပေါ့ကွာ"

"ဘယ်လိုပြောသလဲ....မြန်မာလိုလား....အင်္ဂလိပ်လိုလား"

နွဲ့ရီက ခပ်တည်တည်နှင့် ဝင်မေးသည်။ မိုးကျော်က ကြားဟန်ပြုလျက်....

"စာမေးပွဲအောင်စာရင်းလောက်နဲ့ မိုးကျော်တို့က စိတ် ှုပ်ရှားတော့ဘူး၊ တက္ကသိုလ် ကျောင်းသား ဘဝတစ်

လျှောက် ကျောင်းနဲ့ ပတ်သက်ပြီး စိတ်လှုပ်ရှားတာဆုံး
တစ်ခုပဲရှိတယ်"

"ဟုတ်လား....ဘာလဲ...."

"ကျောင်းလခကြွေးကျန်ကိစ္စ"

သူ စိတ်ပေါ့ပါးစွာ ရယ်လိုက်မိသည်၊ မိုးကျော်
မကြာခဏ ယခုလိုပင် အတည်ပေါက်နှင့် နောက်တတ်
သူတို့သူငယ်ချင်း လေးယောက်ထဲတွင် စိတ်တိုအလွယ်ဆုံး
မှာ မိုးကျော်ဖြစ်သလို အစအနောက် ဝါသနာအကြီးဆုံး
လူမှာလည်း မိုးကျော်ပင်ဖြစ်သည်။

မိုးကျော်က ကိုယ့်ပြက်လုံးကို ကိုယ့်ဘာသာကိုယ် သဘော
ကျစွာ ရယ်မောအားပေးနေ၏၊ ကားကို နွားလှည်းမော
သလို ဂရုတစိုက်နှင့် ပင်ပန်းကြီးစွာ မောင်းနေရသော
တင်အောင်က ချောင်းတစ်ချက်ဟန့်ရင်း....

"ငါကတော့ အောင်စာရင်းကြည့်ရတာ သဘောကျတယ်"
တု စကားစသည်၊

တင်အောင့်စကားကို နွဲ့ရီက "ဟုတ်လား၊ ပြောစမ်းပါဦး"
တု စကားထောက်ပေးသည်။

တင်အောင်က ကားဂီယာပြောင်းရင်း စကားဆက်သည်

"ဘဝမှာ သဘောအကျဆုံးနဲ့ စိတ်အလှုပ်ရှားဆုံး အချိန်
နှစ်ချိန်ရှိတယ်၊ ရှီး (တစ်ချပ်မှောက်) ရိုက်တဲ့ အချိန်ရယ်
အောင်စာရင်းကြည့်တဲ့ အချိန်ရယ်....

"ရှီးရိုက်တဲ့အခါ ကိုယ်ဝယ်တဲ့ဖဲ တက် မတက် ပွတ်ကြည့်
ရတာ အရသာပဲ၊ အထူးသဖြင့် 'ရမ်း' ဆင်ဝယ်တဲ့အခါမျိုး





နောက်ဆုံးကတ်လဲဖြစ်မယ်၊ ကိုယ်ဝယ်တာကလဲ 'ရမ်း'
နွားဖဲဖြစ်မယ်ဆိုရင်တော့ ဘာပြောကောင်းမလဲ၊ ရည်း
နဲ့ ချိန်းတွေ့ရတာထက်တောင် စိတ်လှုပ်ရှားရသေးတယ်"

တင်အောင်က ဖဲသမားပီပီ အောင်စာရင်းကြည့်ခြင်းနှင့်
က်ခြင်းကို ခိုင်းနှိုင်း၍ ဥပမာပေးတော့သည်၊

တင်အောင့်လောက် ဖဲဝါသနာမပါသော်လည်း အတော်
သင့် ဖဲရိုက်တတ်သော မိုးကျော်က တင်အောင့်စကားကို
၍ထောက်ခံသည်၊ တင်အောင်က စကားဆက်သည်၊

"စာမေးပွဲအောင်စာရင်း ကြည့်ရတာလဲ ဖဲရိုက်ရသလိုပဲ၊
စိတ်လှုပ်ရှားဖို့ကောင်းတယ်၊ ငါ ဆယ်တန်း အောင်စာရင်း
ကြည့်တုန်းကဆိုရင် ဖဲကို ပွတ်ကြည့်သလို လျှောက်လွှာစာရွက်
ရွက်နဲ့ ခုံနံပါတ်တွေကိုအုပ်ပြီး တစ်ခုချင်းကို ပွတ်ကြည့်
"

တင်အောင့်စကားကို နွဲ့ရီကရယ်ရင်း....

"ဖြစ်ရမယ်....ဖဲသမားသိုက်ကိုမပြောရဘူး"

"အောင်မာ....အဲလိုကြည့်တာ ဘယ်လောက် အရသာရှိ
ယ်မှတ်သလဲ၊ ငါပြောပြမယ်၊ အဲဒီတုန်းက ငါ့ခုံနံပါတ်က
ရာ့ဆယ့်သုံး....ငါက ခုံနံပါတ် ကိုးဆယ်ကျော်လောက်
တည်းက စာရွက်နဲ့ စပြီးအုပ်လိုက်တယ်....

"ပြီးမှ တစ်ခုချင်းပွတ်ကြည့်တာ၊ ခုံနံပါတ်တစ်ရာကျော်
တော့ ငါဘော်တော်ရင်ခုန်နေပြီ"

တင်အောင်က စကားကိုရပ်ရင်း ကားဂီယာပြောင်းသည်၊
ငယ်ဖဲဝါသနာအကြီးဆုံး မိုးကျော်က....

'ဟော့ကောင်.... ဆန့်တင့်ငံ့ကြီးနဲ့ ဆက်ပြောစမ်းပါ' ဟု ဝင်တိုက်တွန်း၏။

"အဲဒီလိုဆက်ပွတ်လာလိုက်တာ ခုံနံပါတ်တစ်ရာ့ဆယ့်နှစ်လဲပေါ်လာရော ရင်ထဲမှာ ဒိန်းခနဲဖြစ်သွားမိတယ်၊ နောက်တစ်ခုဆိုငါ့ခုံနံပါတ်ရောက်တော့မှာကိုး....ကြောက်ကြောက်နဲ့ ဆက်မပွတ်ရဲတော့ဘဲ အကြာကြီးရပ်နေမိတယ်....

"နောက်မှ ဖဲပွတ်သလို လျှောက်လွှာစာရွက်ကို ဖြည်းဖြည်းချင်း အောက်ကိုနှိမ့်ချလိုက်တယ်၊ ခုံနံပါတ်က တစ်ရာ့ဆယ့်သုံးဆိုတော့ အလျင်ဆုံး ဂဏန်းသုံးလုံးရဲ့ထိပ်တွေ ပေါ်လာရမယ်၊ အဲဒီထိပ်တွေက လုံးလုံးလေးတွေ ဖြစ်နေရမယ်...

"ဒါက ငါ့ဘာသာ ရင်ထဲကတွေးနေမိတာ၊ ဆက်ပွတ်တော့ ငါတွေးတဲ့အတိုင်း လုံးလုံးလေးတွေ ပေါ်လာတယ် စိတ်လှုပ်ရှားလွန်းလို့ ဆက်တောင်မပွတ်ရဲတော့ဘူး"

"ဘာဆက်ပွတ်နေစရာလိုလဲဟ....လုံးလုံးလေးတွေ ပေါ်လာမှတော့ အောင်ပြီပေါ့"

နွဲ့ရီက အားမလိုအားမရဖြစ်စွာ ဝင်ပြောသည်။

"ဘယ်ဟုတ်မလဲ၊ လုံးလုံးလေးတွေ ဆိုပေမယ့် တစ်ရာ့ဆယ့်သုံးမဟုတ်ဘဲ တစ်ရာ့ဆယ့်လေးလဲ ဖြစ်နိုင်တာပဲ"

မိုးကျော်က နွဲ့ရီကိုရှင်းပြ၏။ သည်တော့မှ နွဲ့ရီကသဘောပေါက်စွာ 'အေးနော်' ဟု ဆိုရင်း....

'ဆက်ပြောပါဦး.... ဆက်ပွတ်တော့ ဘာဖြစ်လဲ....' ဟု (ဆယ်တန်းအောင်စာရင်း ကြည့်စဉ်က စိတ်လှုပ်ရှားနေမည့် တင်အောင့်လောက်နီးနီး)စိတ်လှုပ်ရှားစွာ ဝင်မေးလေသည်။





တင်အောင်က အောင်စာရင်းကို အရသာခံလျက် ဖြည်းဖြည်းချင်း ကြည့်ခဲ့သလိုပင် အရသာခံလျက် ဖြည်းဖြည်းချင်း ဆက်ပြောသည်။

"ငါကြောက်တာက နောက်ဆုံးဂဏန်း လေးဖြစ်မှာကိုပဲ၊ နောက်ဆုံးဂဏန်းသာ လေးမဟုတ်ဘူးဆိုရင် အိုကေပြီ၊ ရှေ့နှစ်လုံးကတော့ တစ်တွေဖြစ်မှာပဲ၊ ဒါကတော့သေချာတယ်၊ ပြဿနာက နောက်ဆုံးအလုံးပဲ၊ တကယ်လို့ လေးသာဖြစ်မယ်ဆိုရင် ဆက်ပွတ်လိုက်ရင် 'င'ပုံစံမျိုး ပေါ်လာမယ်၊ သုံးဆိုရင်တော့ 'ɔ'ပုံစံပေါ်လာမယ်"

"အေးပေါ့.... နှင့်ခုံနံပါတ်သာဆိုရင် တစ်သုံးလုံး ပုံစံ ပေါ်လာရမှာပေါ့"

နွဲ့ရီက တွေးတွေးဆဆနှင့် ဝင်ပြောသည်။ တင်အောင်က ခေါင်းတစ်ချက်ညိတ်ပြရင်း....

"ငါလဲ ကြောက်ကြောက်နဲ့ ဖြည်းဖြည်းချင်း ဆက်ပွတ်တယ်၊ ဒါပေမယ့် တော်တော်ကြာတဲ့အထိ သုညတွေအတိုင်းတုန်းပဲ၊ ပါးစပ်နေရာကကျဉ်းတော့ တစ်လား ဘာလား တော်တော်နဲ့မပေါ်ဘူး....

"ဒါနဲ့ စိတ်မရှည်ဘဲ နောက်တစ်ခါဖိဆွဲလိုက်တော့ အုပ်ထားတဲ့စာရွက်က စောင်းသွားတယ်၊ ဒီတော့ရှေ့ဆုံးအလုံးက အလျင်ပေါ်လာတယ်၊ ငါထင်တဲ့အတိုင်း တစ်ပဲ၊ နောက်တစ်ခါ အလယ်အလုံး၊ ဒီကောင်လဲ တစ်ပဲ၊ နောက်ဆုံးအလုံးကျတော့ ဘုရားတနေရပြီ၊ ကြောက်ကြောက်နဲ့ ဆက်ဆွဲလိုက်တာ...."

"ဘာလဲတင်အောင်....ဘာပေါ်လာလဲ"

ရင်တထိတ်ထိတ်ဖြစ်နေဟန်တူသော နွဲ့ရီ၏အလောတကြီး ဝင်မေးသည်။ တင်အောင်က ချောင်းတစ်ချက်ဟန့်ရင်း အဖြေ ပေးသည်။

"တစ်ပဲ...."

တင်အောင့် အဖြေအဆုံး နွဲ့ရီက ရင်ဘတ်ကို လက်ဖြင့် ဖိရင်း....

"အမယ်လေး....တော်ပါသေးရဲ့ ငါ့မှာ နားထောင်လိုက် ရတာ ရင်တထိတ်ထိတ်နဲ့၊ တစ်မဲ့ဖြစ်ပါ့မလားလို့"

နွဲ့ရီ၏အပြောကြောင့် သူတို့ပြုံးလိုက်မိသည်၊ နွဲ့ရီက အတော် ကြာမှ သတိရဟန်ဖြင့်....

"ဒါဆို အဲဒီနှစ်က နင်အောင်သွားတာပေါ့၊ ဟုတ်လား"

ရုတ်တရက် မီးနီမိ၍ ဘရိတ်ကို ဆောင့်အုပ်လိုက်ရသော ကြောင့် နွဲ့ရီ၏အမေးကို တင်အောင်က ချက်ချင်းမဖြေနိုင် ပြီးမှ....

"အဲဒီနှစ်(ကယ်မစ်စထရီ)ခက်တယ်ဟ၊အကျများတယ်"

"နင်ကတော့ အောင်တယ်မဟုတ်လား"

"ဟင့်အင်း....ငါပါကျတယ်...."

"ဟယ်...."

"ဘယ်လိုဖြစ်တာလဲ၊ တစ်သုံးလုံးပေါ်တယ်ဆို"

နွဲ့ရီနည်းတူ သူရော မိုးကျော်ပါ တင်အောင့် စကား ကြောင့် အံ့ဩသွားသည်၊တင်ခအစ္စင်က တစ်ချက်ရယ်ရင်း....





"တစ်သုံးလုံးတော့ တစ်သုံးလုံးပါပဲ၊ ဒါပေမယ့် တစ် ဟာတစ်ဆယ့်သုံး မဟုတ်ဘူးဟ၊ အကျများတော့ ခုံနံပါတ် တစ်ရာ့တစ်ဆယ့်နှစ်ကနေ တစ်ရာ့သုံးဆယ့်တစ်ကို တန်း ခုန်သွားတယ်၊ ငါ့ခုံနံပါတ် လုံးလုံး မပါဘူး"

"ဟောတော့...."

နွဲ့ရီမှာ ထိုမျှသာ ညည်းနိုင်တော့၏၊

သူနှင့်မိုးကျော်ကတော့ တင်အောင့်အဖြစ်ကို သဘောကျ စွာ တဟားဟား ရယ်မောလိုက်မိသည်၊ ကာယကံရှင်ဖြစ်သူ တင်အောင်ကပါ သူတို့နှင့် လိုက်၍ ရယ်မောလေသည်။

ကျောင်းထဲသို့ ကားချိုးကွေ့ဝင်လိုက်ချိန်အထိ တင် အောင်မှာ ရယ်၍ကောင်းတုန်းပင်၊

သို့သော် အောင်စာရင်း ကြည့်ချိန်မှာတော့ တင်အောင် ရယ်မောနိုင်တော့၊ အကြောင်းကတော့ ဆယ်တန်းတုန်းက အဖြစ်မျိုး နောက်ထပ်တစ်ကြိမ် ထပ်မံကြုံတွေ့ရသော ကြောင့် ဖြစ်သည်။

* * *

"ဘယ့်နှယ်လဲ.... အောင်ကြတယ် မဟုတ်လား"

ကားသံကြားကတည်းက အိမ်တံခါးဝမှာ ထွက်စော
နေသော မေမေက ဆီး၍ မေးသည်၊ တင်အောင်မှ
အားလုံးအောင်ကြသည့်တိုင်၊ စာမေးပွဲကျသူ တင်အော
ကြောင့် မေမေ့အမေးကို ဖြေရမှာ အားနာနေကြသ

တင်အောင်မှာ အောင်စာရင်းကြည့်၍ သူကျကြော
သိချိန်ခဏမျှသာ ညှိုးညှိုးငယ်ငယ်နှင့် နှုတ်ဆိတ်နေခဲ့သေ
လည်း နောက်ပိုင်းမှာတော့ စာမေးပွဲကျသူမှာ သူမဟု
သကဲ့သို့ပင် ပြုံးပြုံးရွှင်ရွှင်နှင့်ဖြစ်လာခဲ့သည်၊

အောင်စာရင်းကြည့်ပြီး လက်ဖက်ရည်ဆိုင် ဝင်ထိုင်သေ
လည်း နှုတ်အသွက်ဆုံးမှာ တင်အောင်ပဲဖြစ်သည်၊

တကယ်တော့ စာမေးပွဲကျခြင်းဖဲ့ရှုံးခြင်းတို့၌ တင်အော
မှာ ထုသားပေသား ကျပြီးသား၊ အရေထူပြီးသား ဖြ
သည်၊

မေမေ့အမေးကို တင်အောင်ကပင် သွက်သွက်လက်လက် ဝင်
အဖြေပေးလိုက်သည်၊

"အောင်တယ် အန်တီ...ပျော်စရာပဲ၊အကုန်အောင်တယ်
အဲ...ကျွန်တော်တစ်ယောက်ကလွဲရင်ပေါ့"

"အဟုတ်လား မောင်တင်အောင်"

"တုတ်ဘယ် အန်တီ.... တင်အောင် ကျတယ်"

မိုးကျော်က မယုံမကြည်နှင့် ဇဝေဇဝါ ဖြစ်နေသော
မေမေ့ကို ဝင်၍ ထောက်ခံလိုက်သည်၊

"ကျမှာပေါ့၊ ဒီကောင်က စာမှမကြည့်တဲ့ဥစ္စာ"





"ငါ့လောက်စာကြည့်တဲ့လူ ရှိဦးမလား ညီထွန်းရာ....
ကြည့်တာမှ မင်းတို့လို ခွေးကြည့်တာတော့ မဟုတ်ဘူး၊
အကုန်အစုံကြည့်တာ"

"ဒါနဲ့များ ဘာဖြစ်လို့ ကျရတာလဲ မောင်တင်အောင်
ရယ်"

မေမေက စိတ်မကောင်းဟန်နှင့် ဝင်မေးသည်၊

"အဟဲ...ကြည့်တဲ့စာထဲမှာ ကျောင်းစာတစ်ခု မေ့ကျန်
ခဲ့လို့ အန်တီ"

"ဖြစ်ရမယ်....မင်းကတော့"

တင်အောင်၏ အပြောင်အပြက် စကားများကြောင့်
မေမေပါ ရယ်ရယ်မေ မော ဖြစ်လာသည်၊ တင်အောင့်ပုံစံ
က စာမေးပွဲကျလာသူနှင့် မတူဘဲ ဂုဏ်ထူးများစွာနှင့် ထူး
ချွန်စွာ အောင်လာသူ တစ်ယောက်လို ဖြစ်၍နေသည်၊

နွဲ့ရီက တင်အောင် နောက်ပြောင်ပုံကိုကြည့်၍....

"စာမေးပွဲ ကျပေလို့ပေါ့ဟာ.... အောင်များ အောင်ရင်
ဘယ်လောက်များ အုမြူးနေမလဲ မသိဘူး"

"တကယ်တော့ ငါ စာမေးပွဲကျတာက အောင်စာရင်းကို
စာရွက်နဲ့အုပ်ပြီး ပွတ်ကြည့်ခွင့် မရခဲ့လို့ဟ၊ ပွတ်ကြည့်ခွင့်
ရရင် အောင်ချင်အောင်မှာ"

"တော်ပါတော့ တင်အောင်ရာ....မင်းပွတ်ကြည့်ခွင့်မရခဲ့
တာပဲ ကောင်းပါတယ်၊ မင်းပွတ်ကြည့်မှ မင်းနဲ့ကပ်လျက်
ငါ့ခုံနံပါတ်လေးပါ မပါဘဲ ဖြစ်သွားပါဦးမယ်"

သူ့စကားကြောင့် မိုးကျော်နှင့် နွဲ့ရီက သဘောကျစွာ ရယ်မောကြ၏။

မေမေက သူတို့စကားဝိုင်းကို ဝင်နှောင့်ယှက်နေရင်းမှ 'အုန်းနို့ခေါက်ဆွဲချက်ထားတယ်၊ ဝင်စားကြ'ဟုပြောသည်။

မေမေ့စကားကြောင့် တင်အောင်က ထိုင်နေရာမှ ဝမ်းသာအားရ ထရပ်ရင်း....

"အတော်ပဲ.... စိတ်မကောင်းဖြစ်ဖြစ်နဲ့ အဝကြိတ်လိုက်ဦးမယ်"

"ကြိတ်ပါတော်၊ စိတ်မကောင်းဖြစ်ရင် ပိုစားနိုင်မယ် ဆိုတာသိလို့ အန်တီ အများကြီး ချက်ထားပါတယ်"

သူတို့ ထမင်းစားခန်းထဲသို့ဝင်ကာ အုန်းနို့ခေါက်ဆွဲစားဖြစ်ကြ၏။ ပလုတ်ပလောင်းစားနေသော တင်အောင့်ကို ကြည့်ရင်း မိုးကျော်က....

"ဟေ့ကောင်....စိတ်ညစ်ညစ်နဲ့ စွတ်တီးမနေနဲ့ဦး၊ နောက်လူအတွက်လဲ ချန်ဦး"

"မင်းတို့ကလဲကွာ.... စာမေးပွဲ ကျတဲ့လူကို ဦးစားပေးစမ်းပါ၊ ငါမှာ စာမေးပွဲ မအောင်ရတဲ့ကြားထဲ အုန်းနို့ခေါက်ဆွဲပါ မဝ ဆိုရင် ဒီည အိပ်ပျော်မှာ မဟုတ်ဘူး"

"စားပါစေဟယ်....သူ့ခမျာ ဘယ်နှစ်ရက်သော်က် ငတ်နေခဲ့မှန်းမှ မသိတာ"





နွဲ့ရီက ဘဲသွေးဖတ်ကို ဇွန်းဖြင့်ဖဲ့ရင်း ပြော၏၊ မိုးကျော်က သူ့ကိုလှမ်းကြည့်ရင်း....

"မင်းစားတာ ကြည့်ရတာ အားမရလိုက်တာ ညိုတွန်းရာ၊ ဘယ်နေရာဖြစ်ဖြစ် နှေးတုံ့နှေးတုံ့နဲ့...."

"အဲဒါကြောင့်လဲ နောက်ကောက်ကျ ကျန်ခဲ့တာ"

တင်အောင့်စကားကြောင့် သူ့မျက်နှာ ရဲခနဲဖြစ်သွား၏။ လွန်သွားမှန်း ရိပ်မိသဖြင့်....

"ဆောရီးကွာ"

ဟု တင်အောင် တောင်းပန်သည်။

နွဲ့ရီက ဝင်၍....

'ခင်လေးသစ်တို့လဲ အောင်တယ်၊ နင် သိပြီးပြီလား'ဟု စကားလွှဲသည်။

သူ ခေါင်းယမ်းပြမိ၏။

"အေးအေးမြင့်က အောင်ဒီရုံတင်၊ ခင်လေးသစ်က တူးဒီတောင်ပါတယ်"

'ဟုတ်လား'ဟုပြောရင်း ခေါင်းငုံ့ကာ အုန်းနို့ခေါက်ဆွဲကို ဆက်စားနေမိသည်၊ ခင်လေးသစ် ဂုဏ်ထူးနှစ်ဘာသာ ရှိသည်ဆိုသည့်အတွက် ဝမ်းသာသွားမိ၏။

သူ့ခလည်း ပျော်နေမှာပဲဟု တွေးရင်း ဖုန်းဆက်ကာ ဝမ်းသာဂုဏ်ယူကြောင်း ချီးကျူးစကား ပြောချင်စိတ် ဖြစ်လာမိသည်၊

သို့သော် ဖုန်းဆက်သည့်တိုင် သူမ လာကိုင်မကိုင်ဆိုသည်က မသေချာ၊ လာကိုင်ဦးတော့.... သူ့ကို လက်ခံစကားပြောချင်ပါ့မလားဟု တွေးရင်း အားငယ်သွားမိသည်၊

ဝမ်းနည်းခြင်းကိုက ရုတ်ခြည်း ရင်၌ပြန့်၏။



(၁၀)

တံခါးကိုဆွဲအဖွင့်မှာပင် ဘယ်လိုမှ မျှော်လင့်မထားသည့် ခင်လေးသစ်ကို တွေ့လိုက်ရသောကြောင့် အံ့သြစွာ မှင်တက်မိ၏။

ခြံရှေ့တွင်ရပ်ထားသည့် မထားထားတို့အိမ်မှ ဟိုင်းလပ်ကား အပြာရောင်ကြောင့် ကားနှင့်လာသည်ပဲဟု တွေးမိသည်။

"မမကြီးတော့ငါ စောစောကပဲ ကျောင်းထွက်သွားတယ်"

"ကျွန်မ ကိုညိုထွန်းနိုင်ဆီ သက်သက်လာတာပါ"

သူမ၏စကားကြောင့် အသက်ရှူမှားမတတ် ဖြစ်ရသည်။ မယုံကြည်နိုင်စွာ အဖျားခတ်နေသော အသံနှင့်....

"လာ....မခင်သစ်၊ အိမ်ထဲကို ဝင်ပါဦး"

ဟု ဖိမန္တက ပြုံးမိသည်။

ကိုယ်ကိုယို့ရင်း ဖိနပ်ကိုချွတ်၍ သူမ အိမ်တွင်းသို့ဝင်၏၊ လက်ထဲမှပိုက်ဆံအိတ်ကို စားပွဲပေါ်ချရင်း လုံချည်ကို တင်းတင်းဆွဲစွေ့လျက် ဆက်တီမှာ ဝင်ထိုင်၏၊

လူခေါ်ခေါ်င်းသောင်းအသံကြောင့် အိမ်ထဲမှ ထွက်လာသော မေမေက ခင်လေးသစ်ကို တစ်ချက် အကဲခတ်သလို ကြည့်သည်၊

"မေမေ....ဒါ မမထားညီမလေ၊ ခင်လေးသစ်တဲ့"

"ဩော်....ထားထားညီမလား"

ဟုပြုံးလျက် အသိအမှတ်ပြုဟန်ပြုရင်း မေမေက 'ထားထားရော မပါဘူးလား'ဟု မေး၏၊

"မမထားကို အခုပဲ ကျောင်းခင်ပို့ခဲ့တာ အန်တီ၊ ကိုညိုထွန်းနိုင်ဝီ စာမေးပွဲ အောင်မအောင် မေးချင်တာနဲ့ ကားမောင်းတဲ့လူကို ဒီဘက်လှည့်ဝင်ခိုင်းတာ"

'ဩော်.... အေးအေး....စကားပြောကြဦး၊ အန်တီ ကော်ဖီသွားဖျော်လိုက်ဦးမယ်'ဟု မေမေပြော၏။ စာမေးပွဲအောင်မအောင် မေးချင်လို့ဟူသော သူမ၏စကားက သူ့အား ရင်ခုန်မြန်စေ၏၊

တကယ်လား မခင်သစ်.... တကယ်ပဲလား.... ကျွန်တော်စာမေးပွဲ အောင်မအောင်ဆိုတဲ့ ကိစ္စလေးအတွက် သည်လောက် ခရီးဝေးကြီးကို တကူးတကလာပြီး မေးတယ်လား....

မယုံရဲရဲအတွေးဘို့ဖြင့် ရင်မောစွာ ကြည့်နေမိသည်၊

"စာမေးပွဲအောင်ဘွယ် မဟုတ်လား ကိုညိုထွန်းနိုင်ဝီ...."





"ဟုတ်ကဲ့....ဒါပေမယ့် တူးဒီတော့ မပါ့ပါဘူး မခင်သစ်...."

သူ့စကားကြောင့် သူမ ပြုံးယောင်ယောင်ပြု၏၊

သို့သော်.... အသိအမှတ်ပြုသော စကားတစ်စုံတစ်ရာမဟ။

တကယ်ဆို ကိုညိုထွန်းနိုင် သိနေတယ်လား.... ဘယ်လိုလုပ် သိသလဲ.... စသည်ဖြင့် တစ်ခုခုတော့ ပြောဖို့ကောင်းသည်ပေါ့၊

"ကိုညိုထွန်းနိုင်ဝီ ဒီညနေအားလား"

မထင်မှတ်သော သူမ၏မေးခွန်းကြောင့် သူမဆီသို့အကြည့်ရောက်မိသည်၊

သူမ၏မျက်နှာက ပကတိ လေးနက်တည်ငြိမ်လျက်၊

ဘာလုပ်မလို့လဲ မခင်သစ်.... ဘာအတွက်မေးတာလဲ....ဟု ပြန်မေးလိုက်သင့်သည်၊

သို့သော်.... သူမနှင့်ပတ်သက်လျှင် အမြဲတမ်း အယောင်ယောင် အမှားမှား ပြုတတ်ခဲ့သည့် အကျင့်အတိုင်း မေးမြန်း စစ်ကြောမှုမဲ့စွာ 'အားပါတယ်'ဟု အဖြေပေးလိုက်မိသည်။

သူ့စကားကြောင့် သူမ၏မျက်နှာက အခက်အခဲတစ်ခုမှ လွတ်မြောက်သွားသည့်နှယ် ဝင်းခနဲ ဖြစ်သွားသည်၊

"ဒါဆို....ဒီညနေ လေးနာရီလောက်ကိုညိုထွန်းနိုင် ကျွန်မတို့အိမ် လာနိုင်မလား"

ခေါင်းညိတ်ပြမိမလို ဖြစ်မိသေးသည်၊

ပြီးမှ သတိရကာ....

'ဘာအတွက်လဲ မခင်သစ်'ဟု မေးမိ၏။

သည်တော့မှ သူမက....

'ဟုတ်ပါရဲ့၊ ရှင်းတောင်မပြရသေးဘူး'ဟု အစချီ၏။

"ဟို....ကျွန်မ ကိုညိုထွန်းနိုင်ကို အကူအညီတစ်ခုလောက် တောင်းချင်လို့ပါ"

အကူအညီဟူသော အသုံးအနှုန်းကြောင့် ရင်ထဲမှာ ထိတ်သွားမိ၏။

အကူအညီ တောင်းမလို့ဆိုပါလား....

တစ်ဆိတ် ကျေးဇူးပြုပြီးတော့.... ဟိုနေ့က အကူအညီမျိုးကိုတော့ ထပ်မတောင်းပါနဲ့တော့လား မခင်သစ်....

စိုးရွံ့ထိတ်လန့်စွာဖြင့် အထပ်ထပ် ရေရွတ်နေမိသည့်တိုင် သူ့ဆုတောင်းက မပြည့်။

"ကျွန်မ မောင့်ကို အဲ.... ကိုတင်ထက်ကို ဒီနေ့ ရုပ်ရှင်ကြည့်မယ်လို့ ကတိပေးထားမိလို့ အဲဒါ...."

သူမ၏စကားသံတို့က နှလုံးသားကို အဆိပ်လူးမြားတို့ဖြင့် ခွင်းလေသည့်နှယ် တဆစ်ဆစ် စူးရှနာကျင်စေ၏။

"ကျွန်တော်....ကျွန်တော်က ဘယ်လိုကူညီရမှာလဲ မခင်သစ်...."

"ဟိုလေ.... ကိုညိုထွန်းနိုင်နဲ့ဆိုရင် ကျွန်မအိမ်က စိတ်ချတယ် မဟုတ်လား.... ဒီနေ့ စာမေးပွဲအောင်တဲ့ အထိမ်းအမှတ်နဲ့ သူငယ်ချင်းတွေစုပြီး ရုပ်ရှင်ကြည့်ကြမယ်၊ ကိုညိုထွန်းနိုင်လဲပါမယ်လို့ ကျွန်မ မမထားကို ပြောထားမယ်လေ"





တစ်လုံးချင်းရှင်းပြနေသော သူမ၏ စကားသံတို့က နားထဲသို့ မဝင်တစ်ချက် ဝင်တစ်ချက်။

မျက်လုံးတို့မည်သည့် ကြည့်ပင်ကြည့်နေသော်လည်း အာရုံခံစားမှုမဲ့လျက်။

သူချစ်သူနှင့် ရုပ်ရှင်ကြည့်ဖို့ ငါ့ကို ခုတုံးလုပ်နေတာပါလား ဟူသည့်အတွေးက ယောကျ်ားတန်မဲ့ မျက်ရည်ဝဲလုတတ် ဆို့နင့်ကြေကွဲစေ၏။

တခြားတခြားသော သူငယ်ချင်းများစွာ ရှိပါလျက်.... အနီးစပ်ဆုံး ဥပမာပြရလျှင် အေးအေးမြင့်လို လွယ်လင့်တကူ အကူအညီတောင်းခံနိုင်သည့် သူငယ်ချင်းမျိုး ရှိပါလျက်....

ဘာဖြစ်လို့များ သူမအပေါ် တစ်ဖက်သတ် မြတ်နိုးနေတဲ့ ယောကျ်ားတစ်ယောက်ကိုမှ ကူညီစေချင်ရပါသလဲ မခင်သစ်....

ဒါဟာ လုပ်ကြံ ဖန်တီးမှု တစ်ခုလေလား....

"ကဲ....သမီး၊ ကော်ဖီသောက်ဦး"

ကော်ဖီပန်းကန်ကိုကိုင်လျက် လှမ်းဝင်လာသော မေမေကြောင့် ပျက်ယွင်းလုလုဖြစ်တော့မည့် မျက်နှာအမူအရာကို အမြန်ပြင်ဖြစ်လိုက်၏။

မေမေ့လက်ထဲမှ ကော်ဖီပန်းကန်နှင့် မုန့်ပန်းကန်ကို လှမ်းယူကာ စားပွဲပေါ်သို့ ချပေးမိသည်။

"ပူတုန်းသောက်လိုက် သမီး၊ လမုန့်လဲစား၊ မန္တလေးကလေ.... အန်တီ တူတစ်ယောက်ရယ် ပို့လိုက်တာ၊ ဟိုမှာတော့ နာမည်ကြီးဆိုပဲ"

ညှော်သည်လာတိုင်း ညှော်ဝတ်ကျေပွန်စွာ ညှော်ခံဘတ်သည်မေမေ့အကျင့်အတိုင်း၊ ဖော်ရွေစွာ ပြောနေသည်။ သမီး... သမီးဟူသည့် မေမေ့အခေါ် အဝေါ်ကြောင့် ရင်ထဲမှာ လှိုက်ခနဲ ဝမ်းနည်းသွားမိသည်၊

သမီးလို့ မေမေခေါ်လိုက်တဲ့ အဲသည် မိန်းကလေးဟာ ကျွန်တော့်အသည်းကို ကျွန်တော့်လက်နှင့်ပဲ နောက်တစ်ကြိမ် ထပ်ပြီးခွဲဖို့ လာတိုက်တွန်းနေတာမေမေဟု ရင်ထဲမှ အော် ပြောနေမိသည်၊

မေမေက ထုံးစံအတိုင်း အလိုက်သိတတ်စွာ ရှောင်ထွက် ပေးသွား၏၊

မရှောင်ပါနဲ့ မေမေ၊ မေမေရှိနေတာ ပိုကောင်းပါတယ် ဟု လှမ်းတားလိုက်ချင်သော်လည်း တားဖို့ရာမသင့်၊

ခေါင်းကိုငုံ့လျက် ကော်ဖီကို ဖြည်းညင်း တိတ်ဆိတ်စွာ သောက်နေသော သူမကိုငေးကြည့်ရင်း ပူလောင်မှုန်းကျပ်စွာ ခံစားရသည်၊

သူမက ကော်ဖီခွက်ကိုပြန်ချရင်း....

"အဲဒါပါပဲ ကိုညိုထွန်းနိုင်၊ ဖြစ်နိုင်ရင်တော့ ကျွန်မကို ကူညီပါ"

"ဒီပြင် တစ်ယောက်ယောက်ဆိုရင်ကော မခင်သစ်... ဥပမာ မအေးအေးမြင့်တို့လို...."

"မဖြစ်ဘူး ကိုညိုထွန်းနိုင်၊ ဒီပြင်လူနဲ့ဆိုရင် မမထားက လွှတ်မှာမဟုတ်ဘူး၊ လွှတ်လဲ အဖော် တစ်ယောက်ယောက်





ထည့်ပေးလိုက်မှာ၊ ဒါမှမဟုတ်သဲ့ ကားနဲ့ အကြိုအပို့ လုပ်နိုင်းမှာ"

စိတ်ညစ်ညူးစွာ လေပူတစ်ချက်ကို မှုတ်ထုတ်လိုက်မိ၏။ အားပါတယ်ဟု ပြောပြီးမှ ကျွန်တော် မအားလို့ပါဟု အကြောင်းပြရန် ခက်၏၊

မကူညီချင်ဘူးဗျာဟုလည်း တင်းပြတ်စွာ မငြင်းရက်၊

မျှော်လင့်ခြင်းကြီးစွာဖြင့် စိုက်ကြည့်နေသော သူမ၏ မျက်ဝန်းညိုအစုံကို ပြန်မကြည့်မိအောင် လွှဲရှောင်ရင်း စိတ် ရှုပ်ထွေးနေမိသည်၊

"နင် ငြင်းနိုင်ပါစေလို့ ငါဆုတောင်းပါတယ်"

နွဲ့ရီ၏အသံကို အဖန်ဖန် အထပ်ထပ် ကြားယောင်၏၊

ငါ့အတွက်ကူဖြီး ဆုတောင်းပေးတဲ့ နှင့်ဆုတောင်းလည်း ပြည့်တော့မယ် မထင်ပါဘူးဟာ....

အသံမဲ့စွာ တီးတိုး ရေရွတ်လိုက်မိသည်၊

## ( ၁၁ )

ကားရပ်ရန် နေရာတွင်းသို့ ချိုးအကွေ့မှာပင် တင်ကြို ရောက်ရှိနေသော တစ်ီဖက်၏ ဆန်နီအပြာလေးကို သတိပြုမိ၏၊ သူကားကို ဆန်နီကားထဲတွင် ထိုင်လျက် စောင့်ဆိုင်းနေဟန်တူသော တင်ထက်က တံခါးဖွင့်ပြီး ဆင်းလာသည်၊

အကျဉ်းမဲ့တစ်စီးဘေးရှိ နေရာလွတ်တွင် ကားကို ဝင်ရပ်လိုက်ရသည်၊ ကားစက်ပင် ကောင်းကောင်း မသေချင်သေးတစ်ီထက်က ကားနားသို့ရောက်လာပြီး ခင်လေးသစ်ဘက်မှ တံခါးကို ဆွဲဖွင့်ပေးသည်၊ ခင်လေးသစ်က ထိုင်ခုံကို ရှေ့သို့ တွန်းလျက် နောက်ခန်းတွင်းမှ ခက်ခက်ခဲခဲ ထွက်ရသည်၊

တင်ကြိုစောင့်ဆိုင်းနေသော ချစ်သူနှင့် ရောက်ရှိလာသော ချစ်သူတို့၏ တွေ့ဆုံခြင်းကို ငေးကြောင်စွာကြည့်ရင်း ကားပေါ်မှာထိုင်လျက် မှင်တက်နေမိသည်၊





"ကိုညိုထွန်းနိုင်....ဆင်းဦးလေ"

ကားပြတင်းဆီသို့ ကိုယ်ကို ငုံ့ကိုင်းရစီး ခင်လေးသစ်က သူ့ကိုပြောသည်။ ကျွန်တော် မဆင်းတော့ဘူး မခင်သစ်တို့ သွားရင် ကောင်းမလား စဉ်းစားမိသည်၊

တကယ်တော့ သူမ တွေ့ချင်သော လူဆီသို့ ပို့ဆောင်ပြီးဖြစ်သဖြင့် ဆင်းစရာ အကြောင်းမရှိတော့ပေ၊

သို့သော်.... သူမနှင့်ပတ်သက်လျှင် အရာရာပျော့ညံ့စွာ အလွဲလွဲအမှားမှားဖြစ်တတ်သောသူ့ထုံးစံအတိုင်း ကားပေါ်မှ ယောင်ယမ်း၍ ဆင်းလိုက်မိသည်၊

သူ ကားတံခါးကို ပြန်ပိတ်စဉ် ခင်လေးသစ်က တင်ထက်ကို တစ်စုံတစ်ရာ လှမ်းပြောသည်၊ နှုတ်ဆက်လိုက်လေဟု တိုက်တွန်းလေသလား မပြောတတ်။ တင်ထက် သူ့ဆီသို့ လျှောက်လှမ်း၍ လာသည်၊

နှုတ်ဆက်စကားမပြောနိုင်းခင် အလျင်ဆုံး ကြိုတင်မိတ်ဆက်ပေးဖို့သင့်ကြောင်း သူမ မေ့လျော့နေပုံရသည်။

"ခုလို ကူညီတဲ့ အတွက် ကျေးဇူးတင်ပါတယ် ကိုညိုထွန်းနိုင်"

လျော့ရဲသည့် လက်ဆွဲ နှုတ်ဆက်ခြင်းနှင့်အတူ ကျေးဇူးတင်စကားကို တင်ထက် ပြောသည်၊ တင်ထက်၏ အသံက အမှန်တကယ်ပင် လှိုက်လှဲ ဖော်ရွေသည့် အသံဟု ယူဆလျှင်ရနိုင်သောအသံမျိုးပင် ဖြစ်သည်၊

သူယောင်ယမ်းစွာ ခေါင်းပြန်ညိတ်ပြလိုက်ရင်း....

'ရပါဘယ်ဗျာ....ကိစ္စမရှိပါဘူး'ဟု ပြန်ပြောလိုက်သည်။

စိတ်ပျက်အားငယ်ဖွယ်ဖြစ်သော်လည်း အလိုက်အထိုက် ပြန်ပြောနိုင်သည်အထိ မှုမပျက်သေးသော ကိုယ့်ကိုယ်ကို ကျေးဇူးတင်လိုက်မိသည်။

"လာဗျာ....ကိုညိုထွန်းနိုင်....တစ်ခုခု သောက်ရအောင်"

ဖိတ်ခေါ်စကားကို တင်ထက်ပြောသည်။

"နေပါစေ ကိုတင်ထက်....မသောက်တော့ပါဘူး"

"မဟုတ်တာဘဲ ကိုညိုထွန်းနိုင်ကလဲ....လာပါ"

ခင်လေးသစ်ကပါ တိုက်တိုက်တွန်းတွန်း ဝင်ပြောသည်။ တင်ထက်က ဦးဆောင်လျက် သမ္မတဟိုတယ် အောက်ထပ် ကော်ဖီခန်းထဲသို့ ခြေလှမ်းစတင်သည်။

သူနှုတ်ဆိတ်စွာပင် တင်ထက်တို့ နောက်သို့ လိုက်လာခဲ့မိသည်။

ဆိုင်တွင်းသို့အရောက် ကော်ဖီနှင့် ဆိတ်သားမုန့်မှာစဉ် သူပိုက်ဆံထုတ်ပေးလိုက်ရင် ကောင်းမလားဟု စဉ်းစားလိုက်မိသည်။

သို့သော် ရှိုင်းပျရာကျသွားမည်စိုးသောကြောင့် အသာပင် ငြိမ်နေလိုက်ရသည်။ ကော်ဖီနှင့်မုန့်လာချပေးတော့ တင်ထက်က သူ့ဆက်သို့တွန်းရွှေ့ပေးသည်။





"ကိုညိုထွန်းနိုင်....သုံးဆောင်ဗျာ"

တိုထိချင်စိတ်လုံးဝမရှိသည့် ကော်ဖီနှင့်မုန့်ကို ငေးကြည့်ရင်း 'တုတ်ကဲ့'ဟု အထိုက်အလျောက် ပြန်ပြောလိုက်မိသည်။

လူကသမ္မတဟိုတယ် အောက်ထပ် ကော်ဖီခန်းမတွင်းရှိ စားပွဲဝိုင်းလေးတွင် ထိုင်နေသည့်တိုင် စိတ်ကစကြဝဠာအနှံ့ ပျံ့လွင့်နေမိသည်။

ကားပေါ်မှဆင်းကတည်းက မကြည့်မိစေနဲ့ဟု ကိုယ့်ကိုယ်ကို သတိပေးရင်း အကြည့်မရောက်မိအောင် ကြိုးစားနိုင်ခဲ့သည့်တိုင် ညာဘက်လက်တစ်ကမ်း အကွာလောက်တွင်ရှိနေသည့် ခင်လေးသစ်၏ ကိုယ်သင်းရနံ့ကို မရှူရှိုက်မိအောင်တော့ ဘယ်လိုမှကြိုးစား၍မရ။

ကိုယ်မြတ်နိုးနေမိခဲ့သော မိန်းကလေးနှင့် သူမ၏ချစ်သူတို့ ထိုင်နေသော စားပွဲဝိုင်းတစ်ဝိုင်းတည်းတွင် အတူတကွယှဉ်တွဲ၍ ထိုင်နေရသည့်အဖြစ်က စိတ်ခံတော်ကျ အားငယ်စရာကောင်းလှသည်။

မကြည့်မိအောင် ကြိုးစားနေသည့်တိုင် တစ်ချက်တစ်ချက်တွင် သူမတို့၏ပုံရိပ်က မျက်ခွံထောင့်စွန်းမှ တစ်ဆင့် ဝင်လာဆဲ။

နားမထောင်မိအောင် ဂရုစိုက်နေသည့်တိုင် တစ်ချက်တစ်ချက်တွင် တိုးညင်းသည့် ရယ်မောသံတို့က နားစည်ကို စူးရှစွာထိုးနှက်ဆဲ။

မြင်သမျှ ကြားသမျှ အာရုံခံစားရသမျှ သူမတို့နှင့် ပတ်သက်သော အကြောင်းအရာ မှန်သမျှက နှလုံးကြေပျက် အသက်ရှူခက်အောင် ဖုန်တီးနေသည်ကတော့ အမှန်ပင် ဖြစ်သည်။

မွန်းကျပ်ပိတ်လှောင်စွာ ခံစားနေရမှုတို့နှင့်အတူ သူမတို့ အနားမှ အမြန်ဆုံးပြေးထွက်သွားချင်သော ဆန္ဒတို့က ရင်၌ ပြင်းပြစွာရုန်းကြွ၏။

မိနစ်များစွာကို အထီးကျန်စွာ တစ်ယောက်တည်း နှုတ်ဆိတ်ခေါင်းငုံ့လျက် ဒေးကြောင်စွာ ခြေဖွဲ့ရင်း သည်းခံနိုင်မှုက တစ်စထက်တစ်စ လျော့ပါးကျဆင်း၍လာသည်။

တစ်စုံတစ်ရာ ပြောတော့မည်ဟု ဆုံးဖြတ်လျက် ခေါင်းအမော့မှာပင် သူမဆီမှချိုလွင်ရှတသော စကားသံက လွင့်ပျံ့လာသည်။

"ကျွန်မတို့ ရုံထဲဝင်ကြမလား ကိုညိုထွန်းနိုင်"

တိုင်ပင်သလိုလို အဆုံးအဖြတ် တောင်းခံသလိုလိုစကားကြောင့် နားလည်ရခက်စွာ ဒေးကြောင်သွားမိသည်။

ကျွန်မတို့....တဲ့။
'တို့'ဆိုတဲ့ ဗဟုဝုစ်က ဘယ်နှစ်ယောက်ကိုများ ရည်ညွှန်းလေပါသလဲ မခင်သစ်....





စိတ်ရှုပ်ထွေးစွာ သူမကိုအကြည့်မှာပင် သူမက စကားစသည်။

"ကိုညိုထွန်းနိုင်ပါ ကျွန်မတို့နဲ့အတူတူ ရုပ်ရှင်လိုက်ကြည့်လေ"

မမျှော်လင့်သောစကားကြောင့် ရင်ကလှုပ်ခနဲ တစ်ချက်တုန်ခါသည်။

"ဟင့်အင်း....မခင်သစ်၊ ကျွန်တော်မကြည့်တော့ပါဘူး"

ခေါင်းကိုခါယမ်းလျက် ကပျာကယာငြင်းမိသည်။ သူမ ခေတ္တမျှ နှုတ်ဆိတ်တုံ့ဆိုင်းလျက် ငြိမ်သက်သွားသည်။

ပြီးမှ မရဲတရဲအပြုံးကိုပြုရင်း....

"ဟိုလေ....မမထားတို့ကို ကိုညိုထွန်းနိုင်ပါ ကြည့်မယ်လို့ ပြောခဲ့တာမဟုတ်လား....ရုပ်ရှင်ချိန်ကြီး ကိုညိုထွန်းနိုင် တစ်ယောက်တည်းကို ရုံပြင်မှာ မမထားတွေ့သွားရင်...."

ဆက်ပြောရမည်ကို အားနာဟန်ဖြင့် သူမ တစ်ဝက်တစ်ပျက်နှင့် ရပ်ပစ်လိုက်သည်။ 'ဪ'ဟု တိုးသက်စွာ ရေရွတ်ရင်း သူမ၏ဆိုလိုရင်းကို နားလည်လိုက်မိသည်။

အရာရာအတွက် ပီရိသေသပ်စွာ ကြိုတင်ပြင်ဆင်ခဲ့လေတာပဲ ဟူသောအတွေးဖြင့် ကိုယ့်ကိုယ်ကို အသုံးချခံရမှုအတွက် ဝမ်းနည်းသွားမိသည်။

ကျွန်တော် ရုပ်ရှင်ဝါသနာမပါလို့ပါဟူသော စကားဖြင့် ငြင်းရန် ပြင်ဆင်ထားမှုတို့က တစ်စစီကြေမွသွားတော့သည်။

"တုတ်ပါတယ်....ကိုညိုထွန်းနိုင်လိုက်ကြည့်ပါ၊ ဟိုလေ....ခင်လေးပြောတာလဲ သဘာဝကျနေလို့ပါ၊ ကျွန်တော်တို့နဲ့ အတူတူမကြည့်ချင်တောင်မှ လက်မှတ်တစ်စောင် သတ်သတ် ဝယ်ပြီးတော့ဖြစ်ဖြစ်...."

"ဒါ....ဒါ....ဆိုလဲ ကျွန်တော် မြန်မာကားပဲ ကြည့်ပါရစေ၊ ကိုတင်ထက်တို့ ဒီရုံမှာကြည့်ကြပါ၊ ကျွန်တော် ဒီ့ပြင်ရုံမှာ သွားကြည့်လိုက်ပါ့မယ်"

တစ်ထာစ်လျှော့သော စကားကိုတွေ့ သူမ ကျေနပ်တန်ကောင်းပါရဲ့ဟူသော အတွေးဖြင့် လိုက်လျောလိုက်မိသည်။

"အဲဒါလဲကောင်းတာပဲ ခင်လေး....နော်...."

တင်ထက်စကားကို သူမက ခေါင်းညိတ်သဘောတူဟန်ပြရင်း မဝံ့မရဲပြုံးလျက်....

"ခုလိုတစ်ခုပြီးတစ်ခု အကူအညီတောင်းရတာ အားတော့နာပါတယ် ကိုညိုထွန်းနိုင်ရယ်၊ ဒါပေမယ့်...."

'နှလုံးခြွေဖျက်' ရက်စက်တဲ့လုပ်ရပ်တစ်ခုကို 'အကူအညီ' ဆိုတဲ့စကားနဲ့ ဖုံးလွှမ်းပစ်လိုက်တာဟာ မြန်မာစာကျောင်းသူ ပီပီ ဝေါဟာရနိုင်နင်းမှုကို ပြလိုက်တာပါပဲ။

ဘာပဲဖြစ်ဖြစ် ကျွန်တော်က ကျေနပ်စွာ အစတေးခံချင်နေသူသက်သက်ပါ မခင်သစ်....





"ရပါတယ်ဗျာ၊ ကဲ....ဒါဆိုသွားကြမလား"

သူ့စကားကြောင့် တင်ထက်က ဦးဆောင်လျက် ထိုင်ရာမှ ထဖြစ်ကြသည်၊ ကော်ဖီဆိုင်ထဲမှအထွက် နှမ်းလျကြေကွဲမှုတို့က ရင်၌ခိုတွယ်ကပ်ငြိလျက်ရှိ၏။

သမ္မတရုံရှေ့အရောက် ပျော်ရွှင်နေသူ နှစ်ယောက်နှင့် 'သွားမယ်နော်' ဟူသော စကားတို့ကိုဆိုရင်း လမ်းခွဲဖြစ်သည်။

ရင်ထဲမှာတော့ မကောင်းပါ မခင်သစ်....

❋

## ( ၁၂ )

ငင်လေးသစ်ဆိုတဲ့ မိန်းကလေး တစ်ယောက် အတွက် ခံစားခဲ့ရတဲ့ နေ့ပေါင်းများစွာအနက်က အခံစားရဆုံးနေ့ တစ်နေ့ပါပဲ မခင်သစ်....

မှောင်ရီပျိုးစအချိန်၊ မခင်သစ်ကို အိမ်ပြန်အပို့ လမ်းတစ်လျှောက်လုံး ကြားခဲ့ရတဲ့ ကျေးဇူးပါဆိုတဲ့ စကားရယ်....

လမ်းမီးတိုင်တွေအောက် ဖြတ်တိုင်း လှစ်ခနဲနိုးကြည့်လို့ မြင်ခဲ့ရတဲ့ ပျော်ရွှင်မြူးကြွနေတဲ့ မျက်နှာလှလှလေး တစ်ခု ရယ်ကြောင့်သာ....

ပေးဆပ်ခဲ့ရတဲ့ ဆုံးရှုံးမှုတွေအတွက် နှမြောတသ မဖြစ်မိပေမယ့် ရင်ထဲမှာတော့ ဘယ်ကောင်းပါ့မလဲ မခင်သစ်....





ကိုယ့်ချစ်သူ ပျော်ရွှင်ဖို့အတွက်၊ အရာရာကို လိုက်လျောမယ်လို့ ဆုံးဖြတ် ပြင်ဆင်ထားခဲ့ပေမယ့်၊ တကယ့် တကယ်တော့ နှလုံးသွေးနဲ့ရင်းပြီး ဖန်တီးခဲ့ရတာပါ....

ချစ်ခဲ့မိတဲ့....

မြတ်နိုးခဲ့မိတဲ့....

စွဲလမ်းတွယ်တာခဲ့မိတဲ့....

နှလုံးသားရဲ့ ရလဒ်ဟာ ရင်နဲ့အမျှ ခံစားခဲ့ရခြင်း၊ ပေးဆပ်အနစ်နာခံခဲ့ရခြင်းပဲ ဆိုတာကို နားလည်လစ်တဲ့ အချိန်မှာတော့ နှလုံးသားဟာ ရစရာမရှိအောင်ကို ကြေမွပျက်သုဉ်းခဲ့ရပြီးပါပြီ မခင်သစ်....

တဲလူလူ လွင့်တက်သွားကြသည့် ခိုပြာရောင် ဆေးလိပ်မီးခိုးငွေ့တို့ကို ငေးကြည့်ရင်း အတွေးတို့က ပျံလွင့်နေမိသည်။ ပြတင်းပေါက်ကို ဖွင့်ထားမိတာကြောင့် ညဥ့်လေအေးအေးက အခန်းတွင်းသို့ တိုးဝင်လူးလွန့်လျက် ရှိသည်။

စာကြည့်စားပွဲပေါ်မှ စားပွဲတင်နာရီ၏ စည်းချက်ကို နားထောင်ရင်း အိပ်သင့်ပြီဟူသည့် အတွေးကို တွေးနေမိသည့်တိုင် အိပ်ပျော်နိုင်ရန် ကြိုးစားကြည့်၍မရ။

ပက်လက်ကုလားထိုင်ပေါ်တွင် ထိုင်လျက် ဆေးလိပ်ကို အငွေ့တထောင်းထောင်းထအောင် ဖွာရင်း စိတ်လှုပ်ရှားမှုန်းကျပ်မှုတို့နှင့်အတူ ဂနာမငြိမ် ဖြစ်နေမိသည်။

ကြေကွဲနာကြည်းခြင်းလား.... စိတ်ပျက် အားငယ်ခြင်းလား....ဝမ်းနည်း ဒေါသဖြစ်ခြင်းလား.... ဟု ကိုယ့်ဘာသာ ကိုယ် အမျိုးအမည်ဝေခွဲမရသော ဝေဒနာက နှလုံးသားကို ထိုးရှစွာ နာကျင်စေသည်။

ညိုထွန်းနိုင်ရဲ့ ဘဝထဲက ညနေခင်းလေးတစ်ခုကို လုယူ၍ အသုံးချသွားတဲ့၊ အသားဖြူဖြူ ဆံပင်ရှည်ရှည်နှင့် ရင်ခုန်ဖွယ် ရာ သူမကို အတွေးဖြင့် စိတ်ကူးကြည့်မိသည်။

ထိုသော် ဒေါသဖြစ်အောင်၊ နာကြည်းမိအောင်၊ စက်ဆုပ် ရွံရှာမိအောင် ကြိုးစားသည့်တိုင် ပြုသမျှက အရာမထင်။

ခေါက်ရိုးမပျက်တဲ့ ပြည်ပဖြစ် ဘောင်းဘီ တစ်ထောင် ကျော်တန်၊ ရှိုင်ဖယ်သုံးလက် ရှပ်အင်္ကျီ၊ 'မောင်းနှင်သော'လို့ အမည်ရတဲ့ ရောင်  မျက်မှန်တို့ဖြင့် သေသပ်လွန်းသော တင်ထက်ကိုလည်း မုန်းတီးကြည့်၍မရ။

ဖြစ်ခဲ့သမျှ အရာအားလုံး၏ တရားခံကို စိတ်ကူးဖြင့် ရှာကြည့်ရာ နောက်ဆုံးတော့ မြားဦးက ကိုယ့်ဘက်ကိုသာ ပြန်လှည့်ညွှန်နေ၏။

ဒါပါပဲ....နောက်ဆုံးတော့ မကျေမနပ် ဒေါသဖြစ်စရာ အကောင်းဆုံး သတ္တဝါက ကိုယ်ပါပဲလေ။

မွန်းကျပ်ပူလောင်စွာ ပင့်သက်ရှည်ကို ချမိသည်။ မီးသေ သွားသည့် ဆေးပေါ့လိပ်ကို ဘယ်နှစ်ကြိမ်မြောက်မှန်း မသိ တော့သည့် အကြိမ်အဖြစ် မီးညှိစဉ်မှာပင်....





'ကျေးဇူးပဲဗျာ'

ဟူသည့် တင်ထက်စကားကို နား၌ကြား၏။ တင်ထက်ဟာ ဘယ်လိုလူစားလဲ ဟူသည့် အတွေးက ရင်၌ပြည့်လျှံလာသည်။

တကယ်ဆို ကိုယ့်ချစ်သူကို အခြား ယောကျ်ားပျို တစ် ယောက်နှင့် အတူတွဲလျက် အိမ်မှ လိမ်ညာထွက်လာစေခြင်း မျိုးက မလုပ်သင့်။

နောက်ပြီး....တွဲလာစေသည့် ယောကျ်ားကလည်း ကိုယ့် ချစ်သူကို တစ်ဖက်သတ် တွယ်ငြိနေသည့်လူ....

ဘာဖြစ်လို့များ သည်လောက်အထိ စွန့်စားရဘာပါလဲ....

ကိုယ့်ချစ်သူနဲ့ ရုပ်ရှင်အတူကြည့်နိုင်ဖို့ အရေးဟာ၊သည်လို ရင်းနှီး စွန့် စားရ လောက် အောင် တန်ဖိုး ကြီး မားနေ ပါ သလား....

ငါသာဆိုရင် သူ့လို ဘယ်တော့မှ မလုပ်ဘူး။

အတွေးတို့ဖြင့် တင်ထက်၏အပြုအမူအဘွက် မချင့်မရဲဖြစ် နေမိသည်။

ခေါင်းကိုခါယမ်းရင်း၊ လေပူတစ်ချက်ကို မှုတ်အထုတ် မှာပင် အခန်းတံခါးခေါက်သံ ကြားရ၏။

"မောင်လေး....မီးပိတ်လေ၊ ဘယ်အချိန်ရှိပြီလဲ၊ မအိပ် သေးဘူးလား"

မမကြီး၏အသံကြောင့် အတွေးတို့ကို မောင်းထုတ်ရင်း ထိုင်ရာမှ ထဖြစ်သည်။

"အိပ်မယ်....ဒီမှာ ဝတ္ထုဖတ်နေလို့"

"အေး....ဖတ်ဖတ်....မိုးလင်းတဲ့အထိဖတ်၊ ရှင်က ကျန်းမာရေးကောင်းတယ် မဟုတ်လား၊ တော်ကြာ ခေါင်းကိုက်ရတာနဲ့၊ တော်ကြာ ရင်တုန်ရတာနဲ့"

ပွစိပွစိနှင့် လှမ်းအော်နေသော မမကြီး အသံကြောင့် သက်ပြင်းကိုချရင်း အခန်းမီးကို ချောက်ခနဲ ပိတ်လိုက်မိသည်။ အရာရာသည် မည်းမှောင်လျက်၊ မှုန်ပျပျ တွေ့မြင်ရသည့် အရာဟူ၍ ဘာမျှမရှိတော့....



# အပိုင်း (၃)

# ( ၁ )

နှင်းမှုန်တို့ ဝေ့ဝဲနေသည့် ခပ်ဝေးဝေးတစ်နေရာကို မျှော်ချင်း လမ်းလျှောက်ရသည်က စိတ်ကြည်နူးစရာ ကောင်း၏၊ လွယ်အိတ်ကြိုးကိုဆွဲလျက် လေးလံစွာ လျှောက်နေသည့် သူ့ဘက်သို့ မိုးကျော်က အားမလိုအားမရ ဖြစ်စွာ လှည့်ကြည့်သည်၊

“ကိစ္စရပ် အတော်များများမှာ နှေးတုံ့ နှေးတုံ့ အလုပ်လုပ် လူသားဘွဲ့သာရှိရင် ဒီကောင့်ကို ချီးမြှင့်ရမယ်”

သာမန် အံနေ့စက်အပြောင် စကားတစ်ခုသာ ဖြစ်ပေသည့်....ကိစ္စအတော်များများဆိုသည့် စကားရပ်တွင် အချစ်ဆော ပါခလမလွှားတူ ထွေးရင်၊ မလုံ့မလဲ ဝမ်းနည်းသွားသည်၊

တင်အောင်က နံနက်ခင်းလေကို အားပါးတရ တဝကြီး
ရှူရင်း....

"စောစောစီးစီး ကျောင်းလာရတော့ ဗိုက်ဆာတယ်ကွာ
တစ်ခုခု စားတော်ခေါ်ရအောင်"

"မတန်မရာ စကားရပ်တွေနဲ့ ဝမ်းပျက်နေဦးမယ် ထ
အောင်"

"ကိုယ်တော်တို့အမျိုးက ဒီလိုပဲ သုံးနှုန်းနေကျဆိုတော့
သိပ်ပြီး အကြွေ့ဓါးမတုတ်လှပါဘူး၊ ငယ်ကျွန်ကြီးရယ်"

"စပေးမိတာတော့ ငါးဝါးမှောက်တာပဲ"

ဟု ပြောရင်း မိုးကျော်နှင့်သူ ရယ်လိုက်သည်။

'လမ်းလယ်ခေါင်ကြီး သိပ်မရယ်ပါနဲ့၊ ရာဇဝတ်နွေပျ
တယ်ကွာ'ဟု တင်အောင်က လှမ်းဟန့်၏။

"အေးပေါ့....မင်းတို့အမျိုးက မျိုးကြီးရိုးကြီး၊ ဆိုတော့
ရှက်တတ်မှာပေါ့"

သူစကားကြောင့် တင်အောင်က 'ဒါပေါ့'ဟု ပြော၏။

"သူတို့အမျိုးက ဘာမျိုးလဲ ညိုထွန်း"

"အယ်ဇေးရှင်းနဲ့ ဗိုဘာမင်နဲ့ စပ်ဖောက်ထားတဲ့ အယ်
ချစ်စီးမျိုးလေ"

"ထင်တော့ ထင်သားပဲ"

မိုးကျော်က အသံပြုကြီးနှင့် ထရယ်၏။ တင်အောင်က
မျက်နှာကို ရှုံ့မဲ့ရင်း 'နှမဇောင်းတွေ'ဟု ချီးမြှင့်၏။

"လာကွာ၊ နီးစပ်ရာဆိုင်ပဲဝင်ပြီး အားပေးရအောင်"

"မင်းတိုက်မှာလေး တင်အောင်"





"ရွှေညီအစ်ကိုတွေပဲကွာ၊ နွားလည်မှု အပြည့်အဝနဲ့
ယ့်ဘာသာကိုယ် ရှင်းကြပေါ့"

လက်ဖက်ရည်ဆိုင်ရောက်တော့ ရှိသမျှမုန့်မျိုးစုံ အကုန်
ကာ တင်အောင်ကသွားဖြဲနွားဖြဲစားသဖြင့် သူနှင့်မိုးကျော်
က်လုံးပြူးရသေးသည်။

'ဟေ့ကောင်....ဗိုက်ဆံ ပါတယ်နော်'ဟု မိုးကျော်မေးမှ
ားပါ၊ ငါရှင်းပါမယ်'ဟု တင်အောင်ပြော၏။ သည်တော့မှ
ကျော်နှင့်သူ ပျော်ရွှင်အားနာစွာ ခြေသွက်လက်သွက်ဖြင့်
ားပေးဖြစ်ကြသည်။ တင်အောင်က မုန့်ကို ပလုတ်ပလောင်း
ါးရင်း....

"ကျောင်းဖွင့်တာ တစ်လကျော်ပြီ၊ ခုချိန်ထိ ကျောင်း
က်ရတာ လမိုင်းမကပ်ဘူး၊ နောက်ပြီး.... ငါ့စိတ်ထဲမှာ ဒီ
သင်နှစ်က တစ်မျိုးကြီးပဲ"

"ဘာဖြစ်လို့လဲ"

"စဉ်းစားကြည့်လေ၊ အုပ်စုထဲမှာ အသက် အကြီးဆုံး
တဲ့ ငါကခု အတန်းအငယ်ဆုံးဖြစ်သွားတာရယ်....နောက်
...."

လက်ဖက်ရည်ခွက်ကို မ,ယူရင်း တစ်ကျိုက်မော့၏။ ပြီးမှ

"နောက်ပြီး....နွဲ့ရီကလဲ ခင်ခလေးသစ်တို့အုပ်စုနဲ့ လုံးသွား
ယ်၊ တစ်ခါ ခင်ခလေးသစ်ရဲ့ ပုဂ္ဂိုလ်ဘာလဲ အလျှင်အလို
တ်ခတော့ဘူး၊ မလာတစ်ချက် လာတစ်ချက်နဲ့"

တင်ထက်ကို ဆိုလိုသည်ဟု သဘောပေါက်မိသည်။ ခရဲ
ကြမ်းကို ငှဲ့လိုက်ရင်း....

"ဒါကတော့ကွာ သူလဲ ဖိုင်နယ်ဆိုတော့ စာကြည့်နေ
မှာပေါ့၊ နောက်ပြီး ခရီးကလဲ ဝေးတဲ့ဥစ္စာ"

"မဟုတ်ဘူး ညိုထွန်း၊ အာရှအိုင်တီနဲ့ ရာဇူးကိုယ်ပိုင်ကား
နဲ့လာရင် ဘာကြာမှာလဲ၊ အလျှင်ကလဲ နေ့တိုင်းလာနေ
ဥစ္စာ"

"အလျှင်က ဖိုင်နယ်မှ မဟုတ်ဘဲ"

"ထားပါ၊ သူအလာကျဲတာ.... သိပ်ထူးဆန်းတဲ့ ကိ
မဟုတ်ဘူးဆိုရင် အဲဒါထက် ထူးဆန်းတဲ့ကိစ္စ ငါပြောမယ်"

"လုပ်စမ်းပါဦး"

မိုးကျော်က ဆေးလိပ်ကိုဖွာညှိရင်း မေး၏၊

တင်အောင်က မိုးကျော်ဘက်လှည့်ရင်း....

"ဒီလိုကွာ....တစ်ခါတလေ ခင်လေးသစ်ရယ်၊ အေးအေး
မြင့်ရယ်၊ နွဲ့ရီရယ်၊ လက်ဖက်ရည်ဆိုင် ဆင်းထိုင်တဲ့ အခါ
မျိုးတွေမှာ၊ ငါတို့ရဲ့ မိတ်ဆွေကြီး ပေါစုဒီ ကိုညိုထွန်းနိုင်က
သူတို့နဲ့အတူတူ သွားရောက်ပြီး ချီးမြှင့်အားပေးတဲ့ ကိုး"

"အဲဒါတော့ ဟုတ်တယ်၊ ငါလဲ တစ်ဦးအောင့်စကားကို
ထောက်ခံတယ် ညိုထွန်း"

"တစ်ခါတလေမှပါကွာ.... နောက်ပြီး သူတို့ကလဲ ခေါ်
လို့ပါ"

အားလျော့စွာ ပြန်ဖြေဖြစ်၏၊ မိုးကျော်က....

"အေးလေ.... ဘာပဲဖြစ်ဖြစ်၊ မင်းခုလို စွမ်းဆောင်လိုက်
တဲ့ကိစ္စကြောင့် ခင်လေးသစ်က တစ်ခါတလေ ငါတို့နဲ့ လမ်း





ဆုံရဖို့ ပြုံးပြတာတို့ ဘာတို့လုပ်တဲ့အထိ ဆက်ဆံရေး
ကြယ်ဝလာတယ်"

"ဒါကတော့ကွာ.... ကျောင်းပိတ်ထားတုန်းက ရုပ်ရှင်
တော့ အတူတူ သွားကြည့်သေးတာပဲ၊ ဒီလောက်တော့
မှာပေါ့"

တင်အောင်က ဝင်ပြော၏၊ ကိုယ့်ဝမ်းနာ ကိုယ်သာသိ
ဖြင့် ခပ်လျော့လျော့ ပြုံးဖြစ်သည်၊

မမကြီး၏ အတိုအထောင်စကားကြောင့် တင်အောင်တို့
သွားပြီး ရုပ်ရှင်ကြည့်သည့် ကိစ္စကို ဝိုင်းမေးကြသေးသည်။
င်လေးသစ်၏ လိမ်ညာမှုအတိုင်း စာမေးပွဲအောင်လို့ ခင်
လေးသစ်သူငယ်ချင်းတွေရယ်၊ သူရယ် သွားကြည့်တာပါဟု
ပြောသည့်တိုင် တင်အောင်တို့ မကျေနပ်ကြ၊ အေးအေးမြင့်
တွေ ဘာလို့မခေါ်သလဲဟု စော်ဒကတက်ကြသေး၏၊

သည်တုန်းက သူ ဘာမှရေရေရာရာ မဖြေဖြစ်ခဲ့၊ ဝေ့လည်
ကြောင်ပတ်ဖြင့်သာ ဟိုလိုလို သည်လိုလို လုပ်ခဲ့ရ၏၊ ပတ်
န်းကျင်ကို အမှန်အတိုင်း ထုတ်ဖော်ပြောဆို၍ မဖြစ်နိုင်ဖီ
လောက်အောင်ပင် သူ့အခြေအနေက ဆိုးရွားစွာ အသုံးချ
ခြင်း ခံခဲ့ရသည်ပဲ၊

"ဘာပဲဖြစ်ဖြစ်ပေါ့ကွာ.... ကောင်းတဲ့အလားအလာပဲ"

မိုးကျော်စကားကြောင့် 'ဘာလဲ' ဟု နားမလည်စွာ ပြန်
မေးလိုက်မိသည်၊

"ဩော်....ခုလို မင်းနဲ့ခင်လေးသစ် ရင်းနှီးလာကြတာဟာ
ရှေ့လျှောက် ကောင်းတဲ့ အလားအလာပဲလို့"

ဘာကို ဆိုလိုသည်တု ရိပ်မိသလိုလို ရှိသော်လည်း 'မတူ မှါဘူး'ဟု ပြန်လည်၍ ပြဝိးချက် မထုတ်ရဲ၊ 'ရဝ်းနှီးရင် အကြောင်းက ဒီလိုလေကွာ'တုလည်း ရှဝ်းပြရန်အခက်၊

ဖြစ်ပျက်နေသည့် အခြေအနေနှင့် ပတ်သက်၍ သူငယ် ချင်းတွေ၏ ထင်မြင်ချက်မှန်သမျှကို ခေါင်းငုံ့ခံယူရမည် အဖြစ်ပဲ့တု တွေးရင်း သက်ပြင်းငွေ့ငွေ့ ချမိ၏၊

* * *

"ဟယ်....အတော်ပဲ၊ အာပူလျှာပူ သွားစားမလို့၊ လာ... လိုက်ခဲ့...."

အေးအေးမြင့်က စခေါ်၏၊ 'မလိုက်တော့ဘူး၊ ကျွန် တော်တို့ ဆိုင်းယင့်ဘက် သွားမလို့'ဟု ပြောသော်လည်း မိုးကျော်က 'မင်းလိုက်သွားကွာ၊ ငါတစ်ီအောင်နဲ့ ချိန်းထား တယ်'ဟု ပြော၏။

နဂိုဇာတည်းက ခစီလေးသစ်အပေါ် အမြင်မကြည်လင် သော မိုးကျော်ကို ဇွတ်ခေါ်၍မရတာ့ သူ ရိပ်မိသည်၊ နွဲ့ရီက....





"ဒါဆိုလဲ ညှိထွန်း လိုက်ခဲ့ဟာ"

"ကန်ပေါင်အထိ ဆိုရင်တော့ ငါမလိုက်တော့ဘူးဟာ၊ အချိန်သိပ်မရလို့...."

လိုက်ချင်လွန်းသော်လည်း မလိုက်သင့်တု အားငယ်စွာ တွေးရဝ်း သူပြင်းဖြစ်သည်၊ မိုးကျော်ကတော့ သူ့ကိုပင် မစောင့်တော့ဘဲ၊ လှည့်ထွက်သွားပြီဖြစ်၏၊

"အချိန်သိပ်မရရင်လဲ ကန်ပေါင်အထိ မသွားတော့ပါ ဘူးလေ၊ လက်ဖက်ရည်ဆိုင်ပဲ ထိုင်ကြတာပေါ့"

အေးအေးမြင့် ပြော၏၊ ခင်လေးသစ်ကပါ 'အေးလေ ကောင်းသားပဲ'ဟု ဆိုသည်၊

အေးအေးမြင့်၏ အပြောသက်သက်ဆိုပါက အသေအချာ ကို ငြင်းဖြစ်မည် ဖြစ်သော်လည်း ခင်လေးသစ်၏ ကောင်း သားပဲက သူ့နှုတ်ကို ဆွံ့အစေသည်၊

"လာဟာ...."

နွဲ့ရီက ဦးဆောင်လျက် လက်ဖက်ရည်ဆိုင်သို့ ဦးတည်၏၊ မငြင်းဖြစ်တော့ဘဲ လွယ်အိတ်ကြိုးကို လက်ဖြင့်ဆွဲလျက် ဦး ခေါင်းငုံ့ကာ မဝံ့မရဲဖြင့် လိုက်လာမိသည်၊

"လက်ဖက်ရည်သုံးခွက်၊ ကော်ဖီ ချိုခါးတစ်ခွက်"

အေးအေးမြင့်တပင် လှမ်းမှာ၏၊ 'ကိုညိုထွန်းနိုင် ဘာစားဦးမလဲ'ဟု ခင်လေးသစ်က မေးသည်၊

သူ ငါ့ကိုမေးဖော်ရသားပဲဟူသည့် ကြည်နူးမှုအတွေးက စက္ကန့်အတန်ကြာ ဝေးကြောင်သွားစေ၏၊အတန်ကြာမှ 'ဘာမှမစားတော့ပါဘူး'ဟု ကယောင်ကတမ်း ဖြေဖြစ်သည်၊

"မုန့်မစားလဲ ဒါဖြင့်တော့ စားကြဟာ"

နွဲ့ရီက ပြောပြောဆိုဆိုနှင့် လွယ်အိတ်ထဲက ဖရုံစေ့လှော်ထုပ်ကြီးကို ထုတ်၍ဖောက်၏၊ အေးအေးမြင့်က 'နေဦး' ဟုပြောကာ မုန့်ပန်းကန် အလွတ်တစ်ခုကို လှမ်းတောင်းကာ ပန်းထန်ပြားထဲသို့ ထည့်စေသည်၊

"စားလေဟာ"

"အေးပါ"

ဖရုံစေ့လှော်ကို လှမ်းနှိုက်ရင်း ဖြည်းဖြည်းချင်း စားဖြစ်ကြသည်၊

"ခင်လေးသစ် မစားဘူးလား"

"ဟင့်အင်း...."

"ကျွဲစေ့စားမလား....ပါတယ်"





"ဟင့်အင်း....မကြိုက်ဘူး"

ကော်ဖီခွက်ကို မယူရင်း ခင်လေးသစ်ပြော၏၊

အေးအေးမြင့်က....

"သူက နေကြာစေ့တစ်မျိုးပဲကြိုက်တာ၊ ဒါပေမယ့် စားမလား မေးကြည့်.... ဟင့်အင်းပဲ"

"ဘာဖြစ်လို့လဲ'ဟု နွဲ့ရီက မေးသည်၊

ခင်လေးသစ်က ရယ်ရင်း....

"ခင်လေးငယ်ငယ်ကဆိုရင် မေမေတို့က နေကြာစေ့ကို အခွံနွှာပေးပြီး ခင်လေးကို ခွံ့ပေးတယ်လေ၊ အဲဒီကတည်းက နေကြာစေ့ကို ကြိုက်သွားတာ၊ ဒါပေမယ့် ကြီးလာတော့ ကိုယ့်ဘာသာကိုယ် အခွံနွှာစားရမှာ ပျင်းတာနဲ့ သိပ်မစားဖြစ်တော့ဘူး"

"ဒါဆိုလဲ မြေပဲဆားလှော်တို့ ဘာတို့ စားပါလား"

"ဟင့်အင်း.... အဲဒါကျတော့လဲ နေကြာစေ့လောက် မကြိုက်ပြန်ဘူး"

"နှမ်းကလဲဟာ လွယ်တဲ့ဟာကျတော့လဲ မကြိုက်လို့မစားချင်၊ ကြိုက်တဲ့ဟာကျတော့လဲ မလွယ်လို့ မစားဖြစ်၊ ခက်ပါလား...."

နွဲ့ရီက ညည်းညူစွာ ပြော၏။

မခင်သစ် နေကြာစေ့ ကြိုက်တယ်....

မရည်ရွယ်ဘဲနှင့် အတွေးတို့က မှတ်သားဖြစ်၏၊

"စကားတွေ သိပ်မပြောနဲ့၊ မောနေဦးမယ်"

နှုတ်ဆိတ်နေသော သူ့ဘက်သို့ လှည့်ရင်း အေးအေးမြင့်က နောက်၏။ သူပြုံးနေလိုက်သည်၊

အတန်ကြာမှ ခင်လေးသစ်ကို လှမ်းကြည့်ရင်း စကားစ ဖြစ်သည်၊

"ကိုတင်ထက် တစ်ယောက်လဲ မတွေ့တာ ကြာပြီနော်"

သူ့စကားကြောင့် ခင်လေးသစ်က သူ့ဘက်သို့ ကြည့်၍ ခေါင်းညိတ်သည်၊

"ဟုတ်တယ်....ဖိုင်နယ်ဆိုတော့ စာတွေဖောဲဖောဲလိုက် နေရတယ်၊ ဒီကြားထဲ သင်တန်းတွေကလဲ တက်နေရသေး တယ်လေ"

'ဩော်' ဟု ရေရွတ်ရင်း တစ်ဆက်တည်း....

"ဘာသင်တန်းလဲ မခင်သစ်"ဟု မေးဖြစ်သည်၊





"သေသေချာချာတော့ မသိပါဘူး၊ သဘောလိုက်ဖို့ဆို လားဘာလားပြောတာပဲ"

ဘာပဲဖြစ်ဖြစ် စက်မှုနောက်ဆုံးနှစ်ကျောင်းသား သဘော သားလေးငါးတစ်ယောက်ဟာ....

ပါဝါမျက်မှန်ထူထူ၊ ကော်လာပြတ်အဖြူ နေ့စဉ်ဝတ်ပြီး ကျောင်းတက်တဲ့ ဥပဒေကျောင်းသား တစ်ယောက်နှင့် စာ လျှင်တော့ သာတာပါပဲလေ၊

အားငယ်ခြင်းတို့က ရင်သို့ တိုးဝင်၏။

❋

( ၂ )

(၄၅)ဘတ်စ်ကားပေါ်မှ ဆင်းလာသော နွဲ့ရီက သူ့ကို မမြင်။

'နွဲ့ရီ...'ဟု သူလှမ်းခေါ်သော်လည်း နွဲ့ရီ လှည့်မကြည့်၊ သုတ်သုတ်သုတ်သုတ်ဖြင့် လျှောက်သွား၏။

သူ နောက်မှလိုက်ရင်း 'နွဲ့ရီ'ဟု နောက်တစ်ခါ ထပ်ခေါ်သည်။

သည်တော့မှ နွဲ့ရီ လှည့်ကြည့်၏။

"ဟယ်....ညိုထွန်း၊ နင်ကလဲဟာ....လုပ်လိုက်မှဖြင့် အလန့်တကြားချည်းပဲ"





"ဘာဖြစ်လို့လဲ.... ငါ နင့်ကို ခေါ်နေတာ နင်မကြားဘူးလား"

"ကြံစားသားပဲ၊ ဝါက ငါ့ကိုလိုက်အာတဲ့ဘဲတွေ ဘာတွေ အောက်မေ့လို့ အိုက်တင်ပေးပြီး လျှောက်နေတာ"

"သေတော့မှာပဲ၊ နင်ကလဲ မကြီးမငယ်နဲ့"

"နင် ငါ့ကို လာစောင့်နေတာလား"

"အေး....ဟို.... မဟုတ်ဘူး၊ လှည်းတန်း ဘက်ဆာ လာရင်း နင့်ကိုတွေ့လို့ လိုက်လာတာ"

စကားတို့က အယောင်ယောင် အမှားမှား။

"ဘောင်ခလေးနော်.... မမကို မညာနဲ့၊ ဆိုစမ်း.... ဘာပြောမလို့လဲ၊ ရည်းစားစကားလား.... တို့မကြားရဲဘူးနော်"

"ဟာ....ဒုက္ခပဲ၊ နင်ဒီနေ့ တော်တော် အူရှုဒ်နေပါလား နွဲ့ရီ"

နွဲ့ရီအား ရယ်ရင်း 'ကဲပါ....နင်ဘာပြောမလို့လဲ'ဟု မေး၏။ လွယ်အိတ်ထဲမှ အထုပ်တစ်ထုပ်ကို ထုတ်၍ နွဲ့ရီကို လှမ်းပေးလိုက်မိ၏။

နွဲ့ရီက လှမ်းယူရင်း....

"ဟယ်.... နေကြာစေ့တွေတော့.... အခွံနွာပြီးသားတွေပဲ ဒါငါ့ကိုပေးတာလား...."

နွဲ့ရီအမေးကြောင့် ဘာဖြေရမှန်းမသိ ဖြစ်သွားမိသည်။

နွဲ့ရီက သူ့ကိုလှမ်းကြည့်၍ ပြုံးရင်း....

"သိပ်လဲ မျက်နှာပျက်မနေပါနဲ့ဟာ၊ ငါနောက်တာပါ၊ ခင်လေးသစ်အတွက် မဟုတ်လား.... ငါပေးလိုက်မယ်လေ"

သည်တော့မှ သက်ပြင်းတစ်ချက်ကိုချရင်း....

'အေး....' ဟု ပြောဖြစ်သည်။

"အများကြီးပဲဟယ်၊ နည်းနည်းနောနော မဟုတ်ဘူး နှင်နွာထားတာလား"

"ငါ.... ငါဝယ်တာပါ"

"လုပ်မနေနဲ့ ညီထွန်း၊ ရန်ကုန်မြို့ပေါ်မှာ နွာပြီးသား နေကြာစေ့ ရောင်းတဲ့ဆိုင် ဒီနေ့အထိ ငါမတွေ့ဖူးသေးဘူး နင် ပြီးမနေနဲ့"

"မဟုတ်ဘူး၊ နယ်ကမှာတာပါ"





သူ့စကားကြောင့် နွဲ့ရီ ပြုံးစိစိပြု၏၊ မနေ့ကပဲ ခင်လေး သစ် နေကြာစေ့ကြိုက်တယ် ပြောတယ်၊ ဒီနေ့ နင် နယ်က ပြီးသားဖြစ်နေတယ်၊ မြန်လှချည့်လားဟုဆက်မပြောသည် ပင် ကျေးဇူးတင်လိုက်မိသည်။

အကယ်၍ နွဲ့ရီ ဆက်ပြောပါကလည်း သူ ဘာဖြေရမှန်း သိမည်မဟုတ်။

ညက မိုးလင်းခါနီးအထိ ကြိုးစားပမ်းစားဖြင့် သူကိုယ် တိုင် ခက်ခက်ခဲခဲနွာထားရသည့် နေကြာစေ့များ ဖြစ်သော် ငြားလည်း သူနွာတာပါဟူ၍တော့ဝန်မခံရဲ။

ချစ်သူကို စားစေချင်သော စေတနာဖြင့် ဖန်တီးလာခဲ့မိ သည့်တိုင်.... ထိုသို့ စားစေချင်၍ ခဲခဲယဉ်းယဉ်း ပြုမူလာရ ကြောင်း လူသိမည်ကိုလည်း စိုးရွံ့မိပြန်သည်။

ကိုယ့်ချစ်သူတွင် ကိုယ်မဟုတ်သည့် ချစ်သူတစ်ယောက် ရှိနေနှင့် ခြစ်းကပင်လျှင် ထိုသို့သော သိမ်ငယ်စိတ်ကို ဖြစ်စေ သည်ဟု ထင်၏။

"နင်....နယ်ကနေ နေ့ချင်းအပြီးနဲ့ ခက်ခက်ခဲခဲ မှာထား တာလို့ ငါပြောလိုက်ပါ့မယ်"

နွဲ့ရီစကားကြောင့် သူစိုးရိမ်စွာဖြင့်....

"ဟာ....အဲလိုသွားမပြောနဲ့"

"ဘာဖြစ်လို့လဲ...."

"ငါပေးတာလို့ မသိစေချင်လို့"

"ဘယ်လို....နင်ပေးတာကိုမသိစေချင်ရင် ငါက ဘာသွား ပြောရမှာလဲ"

"နင့်ဘာသာကြိုက်လို့ ပြောဟာ၊ ငါပေးတာလို့တော့ သွားမပြောနဲ့"

"ဘာဖြစ်လို့လဲဟ...."

နွဲ့ရီက အံ့ဩဟန်ဖြင့် မေးသည်။

သူ မျက်မှန်ကို တစ်ချက်ပင့်တင်ရင်း....

"ငါ....ငါပေးတာဆိုရင် မစားမှာစိုးလို့၊ ဟိုဟာ....နင်တို့ မိန်းကလေးတွေက ဆေးခတ်တာတို့ ဘာတို့ ကြောက်ကြ တယ်မဟုတ်လား.... တော်ကြာ....ငါပေးတာပါဆိုရင် သူ တစ်မျိုးမြင်ပြီးတော့...."

ထစ်ငေါ့စွာ ရင်ဆိုင်းသွားသော သူ့စကားအဆုံး နွဲ့ရီက သက်ပြင်းတစ်ချက်ကိုချရင်း ခေါင်းကိုခါယမ်းသည်။

ပြီးမှ....

"နင့်ဟာက....မဟုတ်သေးပါဘူး ညိုထွန်းရာ"

ဟု ညည်းညည်းညူညူ ရေရွတ်၏။

သူ နွဲ့ရီကိုတစ်စုံတစ်ရာ ခွန်းတုံ့မပြန်ဖြစ်....အဝေးသို့မျှော် ငေးလျက် တိတ်ဆိတ်ငြိမ်သက်နေမိသည်။

အတန်ကြာမှ အတွေးဖြင့်....





"ငါကိုယ်တိုင်လဲ ဟုတ်မဟုတ် ဆိုတာ နားမလည်နိုင် ့ပါဘူးဟာ"

ဟု အသံမဲ့စွာ ရေရွတ်လိုက်မိသည်။

ကျောင်းထဲရောက်သည်အထိ နွဲ့ရီ သူ့ကို ဘာမှထပ်မပြော ာ့၊ စိတ်ကျဉ်းကျပ်စွာ တိတ်တိတ် ဆိတ်ဆိတ်ပင် သူ ာက်လာမိသည်။

ရာမည့်ရွေ့ အရောက်....

"သွားမယ်ဟာ....အတန်းတက်စရာရှိသေးတယ်"

ဟု နွဲ့ရီကို သူပြောဖြစ်သည်။ နွဲ့ရီက ခေါင်းညိတ်ပြရင်း းခဲ့ရန် ပြင်သည်။

ပြီးမှ....

"ဘာမှ စိတ်မပူနဲ့၊ ငါပေးဖြစ်အောင် ပေးလိုက်မှာပါ"

ဟု ရယ်လျက်ပြောသည်။

င့်သက်မောကို ခြွေဖွဲ့ရင်း လှမ်းထွက်လာခဲ့မိသည်။

* * *

"ကျွန်တော် ဒီနားကပဲ စောင့်နေမယ်"

မေမေအား သူ့စကားကို ခေါင်းညိတ်ရင်း သံဈေးရှိရာ တစ် ခြမ်းသို့ကူးသည်၊ တစ်ပွတ် တစ်ခါ သံဈေးသို့ မေမေ

ဈေးဝယ်လာတိုင်း ကစားမေးစင်းပို့ပေးရသည်မှာအစဉ်အလာ
လို ဖြစ်နေသည်။

တရုတ်တန်းလို ဖရေဇာလိုနေရာမျိုးကို ကစားရှုပ်တယ် ဟူသော အကြောင်းပြချက်နှင့် ကားမောင်းရန် ဖေဖေ ရှောင်လေ့ရှိသဖြင့် ထိုနေရာမျိုးသို့ မေမေသွားချင်တိုင်း သူက ချောဆွဲလေ့ရှိသည်။

ကားပေါ်တွင် ထိုင်နေရသည်မှာ ညောင်း လာသော ကြောင့် ဟိုနား သည်နား လျှောက်ရန် ကားတံခါးကိုသော့ ခတ်လိုက်မိသည်။

မေမေ ဈေးသွားလျှင် အနည်းဆုံး မိနစ် (၂၀)လောက် ကြာတတ်သဖြင့် လက်ဖက်ရည်တစ်ခွက်လောက် သောက်ရန် အချိန်ကောင်းကောင်းရနိုင်သည်။

လူအုပ်နှင့်ရောလျက် အောက်လမ်းထိပ်ဘက်သို့လျှောက် လာမိသည်။ မီးပွိုင့်နားအရောက် တစ်ဖက်ခြမ်းမှ လျှောက် လာသော တင်ထက်ကို တွေ့ရသည်။

'ဟာ....ကိုတင်ထက်'ဟု ဝမ်းသာအားရ လှမ်းခေါ်မည် ပြုလိုက်သည်။ ပြီးမှ တင်ထက်ဘေးတွင် ပါလာသော မိန်း ကလေးတစ်ယောက်ကို သတိပြုလိုက်မိသဖြင့် ကိုယ့်ပါးစပ်ကို ကိုယ် အမြန်ထိန်းလိုက်ရသည်။





တင်ထက်က သူ့ကိုမြင်ဟန်မတူ။ မိန်းကလေးကိုငုံ့လျက် တစ်ခုခုပြောနေသည်။ မိန်းကလေးက ရယ်ရင်း ခေါင်းညိတ် ပြသည်။

ငါ့ကို မမြင်သေးဘူး ဟူသောအသိနှင့် ရပ်ထားသော တီ ထူးသောင်ဇင်ကားနောက်သို့ ရွှေ့ပြောင်း၍ ကွယ်လိုက် သည်။

မိန်းကလေးက တင်ထက်လက်မောင်းကိုတွဲလျက် လမ်း တစ်ဖက်ခြမ်းသို့ကူးသည်။ သည်တော့မှ သူတို့ ဦးတည်ရာ တင်ထက်၏ဆန်နီပစ်ကပ်ကားအပြာလေးကို သတိပြုလိုက်မိ သည်။

လေကာမှန်တို့က ယခင်ကလို ဟာလာဟင်းလင်းမဟုတ်၊ အမှောင်ကပ်ထားသောကြောင့်ချက်ချင်းသတိမပြုမိတာပဲဟု တွေးလိုက်မိသည်။

တင်ထက်က မိန်းကလေးဘက်မှ တံခါးကို အလျင်ဖွင့်ပေး သည်။ မိန်းကလေး ကားထဲဝင်ထိုင်ပြီးမှ တံခါးကို ပြန်ပိတ် ပေးလျက် တစ်ဖက်ယာဉ်မောင်းခန်းဘက်သို့ သွားကာ ဝင် ထိုင်သည်။

ထို့နောက် စက်နှိုးလျက် ကားမောင်း ထွက်သွားသည်။ အနက်ရောင်မှန်များကို အလုံပိတ်လျက် ခပ် ဖြည်း ဖြည်း မောင်းထွက်သွားသော ကားလေးကို ကြည့်ရင်း အတွေးတို့က ချဉ်း....

တင်ထက်နှင့် မိန်းကလေး ဘာတော်သလဲဟူသော သိချင် စိတ်က ရင်ဘွဲ့ရှန်းကြွ သည်။ညီမတော့ဘာတော့ဖြစ်မှာပါလေ ကိုယ့်

ဘာသာကိုယ် ဖြေလိုက်မိသည့်တိုင်အောင် သူတို့၏အံမှုအ…
များအရ ထိုအဖြေမမှန်နိုင်တု သိနေပြန်သည်။

စိတ်ရှုပ်ထွေးစွာ ကိုယ်နှင့်မှ မဆိုင်ဘဲလေ့ဟု တွေးလ…
လေပူတစ်ချက်ကို မှုတ်ထုတ်လိုက်မိသည်။



( ၃ )

သူ့အမည်ကို ခေါ်လိုက်သံကြောင့် ဖျတ်ခနဲ လှမ်းကြည့်လိုက်မိသည်။ အသုပ်ဆိုင်မှာ တစ်ယောက်တည်း အသုပ်ထိုင်စားနေရာမှ လက်လှမ်းပြနေသော နွဲ့ရီကိုတွေ့ရ၏။

အရှည်ကြီးဆိုင်ဘက်သို့လှမ်းမည့် ခြေလှမ်းတို့ကို ရုပ်သိမ်းလျက် နွဲ့ရီရှိရာသို့ လျှောက်လာမိသည်။

"နဝီတစ်ယောက်တည်းလား"

"အေး....ဗိုက်ဆာတာနဲ့ အသုပ်လာတီးတာ"

"အတန်းမတက်ဘူးလား"

"ကျူတိုရီရယ်ရှိတယ်၊ ပြီးသွားပြီ၊ နဝီ ဘာစားမလဲ"

နွဲ့ရီအမေးကို 'လက်ဖက်ရည်ပဲ သောက်မယ်ဟာ' ဟု ဖြေလျက် ခုံမှာဝင်ထိုင်လိုက်သည်။

နွဲ့ရီက ဆိုဒ်လုပ်သားတစ်ယောက်ကိုခေါ်လျက်လက်ဖက်ရည်တစ်ခွက်မှာပေးသည်၊

အိတ်ကပ်ထဲမှ ဆေးပေါ့လိပ်ကို ထုတ်လျက် မီးညှိရင်း နွဲ့ရီကို မေးလိုက်မိသည်၊

"နင်ပေးလိုက်သေးလား...."

လက်ဖက်သုပ်ကိုပလုတ်ပလောင်းဝါးနေရာမှ သူ့အမေးကို နားမလည်စွာ နွဲ့ရီမော့ကြည့်သည်၊

အတန်ကြာမှ စဉ်းစားမိသွားဟန်ဖြင့်....

"သြော်....ပေးလိုက်တယ်"

ဟု အဖြေပေးသည်၊

တစ်ဆက်တည်း....

"စားတယ်ဟ....သိလား...."

သူပေးလိုက်သော နေကြာစေ့ကို ခင်လေးသစ်စားသည်ဟုဆိုသဖြင့် ကြည်နူးဝမ်းသာသွားမိသည်၊

နွဲ့ရီက ဟင်းခါးတစ်ဇွန်းကိုသောက်ရင်း....

"ငါ့ကို အတင်းမေးနေသေးတာ၊ ဘယ်ကဝယ်လဲတဲ့၊ ငါကလဲ နင်ပြောသလိုပေါ့၊ နယ်ကအသိတစ်ယောက် ယူလာတာပါ ဘာညာပေါ့၊ ဒါတောင် ထပ်မှာပေးပါဦး လုပ်နေလို့၊ လူကြုံမလွယ်သေးဘူးဆိုပြီး ပိတ်ပစ်လိုက်ရတယ်"

"မှာပါစေဟာ....နင်ကလဲ ငါထပ်နွာပေးမှာပေါ့"

သူ့စကားကြောင့် နွဲ့ရီကရယ်ရင်း....

"ဟဲ....ဟဲ....ပေါ်ပြီ"

"ဘာလဲ...."





"နွာပေးမယ်ဆိုတာလေ"

သည်တော့မှ 'ဟာ....'ဟု ရေရွတ်ရင်း အလိမ်ပေါ်သွားပြီဟုတွေးကာ ရှက်သွားမိ၏။

• နွဲ့ရီက အရယ်ရပ်ရင်း....

"နေပါစေဟာ....သူ့အတွက်နဲ့ ထပ်ပြီး လက်ဆောင်းခံမနေစမ်းပါနဲ့၊ သူကြိုက်တတ်ရင် သူ့ဘာသာသူ အခွံနွာစားပစေပေါ့၊ အခွံမနွာချင်လဲ မစားနဲ့ပေါ့၊ ဒါပဲရှိတာပဲ"

"မဟုတ်ဘူးလေဟာ...."

"ဘာမဟုတ်ရမှာလဲ ညိုထွန်း....သူက ကလေးလား၊ သူ့ဘာသာသူတောင် ပျင်းလို့ လက်ဆောင်းခံပြီး နွာမစားတဲ့ဥစ္စာ၊ နင်ကဘာဝင်ပြီး လက်ဆောင်းခံစရာလိုသလဲ...."

"တော်တော့ဟာ....နောက်တစ်ခါ ယူမလာနဲ့တော့၊ ယူလာလဲ ငါမပေးပေးတော့ဘူး၊ နင် အတင်းယူလာရင် တင်အောင်နဲ့ မိုးကျော်ကို ငါအသိပေးလိုက်မယ်"

အပြတ်ပြောလာသည့် နွဲ့ရီစကားကြောင့်....

"အေးပါဟာ....ငါယူမလာတော့ပါဘူး"

ဟု ပြန်ပြောလိုက်ရသည်၊

နွဲ့ရီက ကုန်သွားသည့် အသုပ်ပန်းကန်ကို ဘေးသို့တွန်းပို့ရင်း ဟင်းခါးကိုသောက်၏၊

တောင်ငူဆောင်ဘက်သို့လှမ်းအကြည့် သူတို့ဆီသို့လျှောက်လာသော ခင်လေးသစ်တို့အုပ်စုကို တွေ့ရသည်၊ ခင်လေးသစ်ဘေး၌ 'မောင်းနှင်သော' ရေဘဇီနေကာမျက်မှန်အနက်နှင့် တဇီထက်....

ရှတ်တရက် မြို့ထဲတွင် တစ်ခါဆုံခဲ့ရသည့်ကိစ္စကို သတိရမိသည်။ တင်ထက်ကို ပြန်မေးသင့် မမေးသင့် တွေးနေစဉ်မှာပင် တင်ထက်တို့ သူတို့ဝိုင်းသို့ ရောက်လာသည်။

"ဂွတ်အားဖတာနွန်း....ကိုညိုထွန်းနိုင်၊ မတွေ့တာတော်တော်ကြာပြီ နေကောင်းတယ်မဟုတ်လား...."

ထိုင်ခုံတွင်ထိုင်ကြရင်း တင်ထက်လှမ်းမေးသည်။ 'ဟုတ်ကဲ့' ဟု အလိုက်အထိုက်ပြန်ဖြေဖြစ်သည်။

အတွေးထဲမှာတော့ တင်ထက်နှင့် တွဲလာသည့် ဟိုနေ့က မိန်းကလေးကိုသာ မြင်ယောင်နေမိသည်။

ခင်လေးသစ်က အေးအေးမြင့်ဘက်လှည့်ရင်း....

"အေးအေးမြင့်....ဘာစားမလဲ"

"ထမင်းသုပ်ပဲမှာဟာ"

"မောင်ကော...."

မေးပြီးမှ အများရှေ့တွင် တင်ထက်ကို 'မောင်'ဟု သုံးနှုန်းလိုက်မိသဖြင့် အနည်းငယ် ရှက်သွားသလိုဖြစ်သွားသော သူမ၏မျက်နှာကို သတိထားလိုက်မိသည်။

"မောင်.... စပါကလင်ပဲ သောက်မယ်၊ အသုပ်မကြိုက်ဘူး...."

တင်ထက်က ခင်လေးသစ်ဘက်လှည့်ပြီး ပြန်ပြော၏။ ခင်လေးသစ်က ဆိုင်လုလင်ကိုခေါ်ရင်း လှမ်းမှာသည်။ သူမကိုယ်တိုင်အတွက်တော့ ကော်ဖီချိုခါးသာ မှာ၏။

တင်ထက်က မာဘိုရိုဘူးကိုထုတ်ရင်း သူ့ကိုတည်သည်။

"ကိုညိုထွန်းနိုင်ကြည့်ရတာ ပိန်သွားသလိုပဲနော်...."





"ဟုတ်တယ် ကိုတင်ထက်၊ တလောက နည်းနည်း နေမကောင်းဖြစ်လိုက်တာနဲ့"

"တလောကတွေဘာတွေ လုပ်မနေစမ်းပါနဲ့ဟာ၊ နဂိုဘယ်တုန်းက နေကောင်းတယ် ရှိဖူးလို့လဲ"

နွဲ့ရီစကားကြောင့် သူ ရယ်လိုက်မိသည်။

စပါကလင်ကို ပိုက်ဖြင့်စုပ်သောက်နေသော တင်ထက်ကိုငေးရင်း 'ဟိုနေ့က မိန်းကလေးက ဘယ်သူလဲကိုတင်ထက်' ဟု မေးလိုက်ချင်သောစိတ်က တားဆီး၍မရ။

သို့သော်....

တစ်ချိန်တည်းမှာပင် မေးသင့်မမေးသင့် ဟူသည့် ဒွိဟစိတ်တို့အလည်း တစ်ဖက်။

"မောင်...."

နောက်တစ်ကြိမ် မောင်ဟုထပ်ခေါ်မိသဖြင့် သူမ ရှိုးတိုးရှန့်တန့် ဖြစ်သွားပုံရ၏။

ပြီးမှ မထူးပါဘူးဟု တွေးလိုက်ပုံရသည်။

"မောင်သောက်ပြီးရင် ခင်လေးကို မြို့ထဲ ခဏလိုက်ပို့နော်၊ အင်္ကျီအပ်ထားတာရွေးလိုက်ချင်လို့၊ ခင်လေး အတန်းတစ်ချိန်ဖျက်လိုက်မယ်နော်"

တင်ထက်က နာရီကို ငုံ့ကြည့်ရင်းက....

"မောင်.... သင်တန်းသွားရဦးမယ်လေ၊ အားမှာ မဟုတ်ဘူး...."

တင်ထက်၏စကားကြောင့် ခင်လေးသစ် မျက်နှာ၌ စိတ်ခုတ်ကျသွားဟန်က အထင်းသား။

လူပုံအလယ် မောင်လှိုသုံးနှုန်းပြီး မရှက်မကြောက်တောင်းဆိုတဲ့ အခွင့်အရေး....

ဂုဏ်ထူးနှစ်ဘာသာ ထွက်လောက်အောင် စာကြိုးစားတဲ့ မိန်းကလေးက အတန်းတောင်အပျက်ခံပြီး တောင်းဆိုရတဲ့ အခွင့်အရေး....

သည် အခွင့်အရေးလေးကိုတောင် မဖြည့်စွမ်းနိုင်ရအောင် ခင်ဗျားမှာ ဘာများ အရေးတကြီး သင်တန်းတွေရှိနေရပါသလဲ ကိုတင်ထက်....

ထိုင်ရာမှထကာ တင်ထက်၏ ပခုံးနှစ်ဖက်ကို လှုပ်ယမ်းပြီး မေးပစ်လိုက်ချင်သည်။

သို့သော် ကိုယ်နှင့်မဆိုင်ဘဲလေဟူသော အတွေးဖြင့် မချင့်မရဲစိတ်တို့ကို မျိုသိပ်ရသည်။

ခေါင်းငုံ့လျက် ကော်ဖီကိုသာ ကုန်းသောက်နေသည့် စိတ်ဓာတ်ကျ အားငယ်နေသော ခင်လေးသစ် မျက်နှာလေးကို ကြည့်ရင်း စိတ်မကောင်းဖြစ်ရသည်။

တင်ထက်ကတော့....

အမြဲတမ်း ရွှင်မြူး သွက်လက်နေသည့် မိန်းကလေး တစ်ယောက် နှုတ်အဆိတ်ကြီး ဆိတ်သွားရတာဟာ သူကြောင့် မဟုတ်သလိုပဝ် ပေါ်ကလင် အဖြေသောက်မပျက်။

သက်ပြင်းခပ္ပဒပ္ပကိုချလျက် မေးသင့်မမေးသင့်၊ ပြောသင့်မပြောသင့် ဆုံးဖြတ်မရဖြစ်နေသည့် ကိစ္စကိုလည်း မမေးတော့ဘဲ စိတ်ပိုင်းဖြတ်မိသည်။

မမေးတော့ဘူး....





စိတ်မကောင်းဖြစ်နေရတဲ့ မခင်သစ်.... ထပ်ပြီး စိတ်ညစ်သွားရဦးမယ်....

တစ်ပူပေါ် နှစ်ပူဆင့် ဖြစ်သွားရဦးမယ်။

ငဲ့ညှာသော အတွေးတို့ဖြင့် နှုတ်ဆိတ်နေလိုက်မိသည်။

နေရောင်ရင့်လာသည်နှင့်အမျှ အပူရှိန်ကပါ ပြင်းပြ၍ လာသည်။

## ( ၄ )

အံ့ဩစိတ်ဖြင့် မိုးကျော်၏စကားကို ငြိမ်သက်စွာ နားထောင်နေမိသည်။

မိုးကျော်၏လေသံနှင့် မျက်နှာအမူအရာက နောက်ပြောင်ဟန် တစ်စက်မရှိ၊ ပကတိ တည်ငြိမ်လေးနက်စွာ ပြောနေခြင်းဖြစ်သည်။

စိတ်လှုပ်ရှားစွာ သက်ပြင်းတစ်ခုကို မှုတ်ထုတ်ရင်း ဆေးပေါ့လိပ်ကို လှမ်းယူလျှက် မီးညှိလိုက်မိသည်။

သူဆီသို့ တင်အောင်နှင့် မိုးကျော် ရောက်လာကတည်းက 'မင်းကို ပြောစရာတစ်ခုရှိတယ်' ဟူသော စကားနှင့် အစချီခဲ့သည်။

အစဦးအမြဲ နောက်ပြောင်နေကျ ဖြစ်သောကြောင့် မိုးကျော် ဘာများနောက်ဦးမလဲဟု စောင့်ကြည့်နေခဲ့မိသည်။





သို့သော် မိုးကျော်က လုံးဝမနောက်ပြောင်ခဲ့၊ သူ မျှော်လင့် မထားမိသော သတင်းတစ်ခုကို ခပ်တည်တည်နှင့် ပြောသွားခဲ့သည်။

'တင်ထက် ငါတို့ရန်ကင်းက ကောင်မလေးတစ်ယောက်နဲ့ တွဲနေတယ်'....တဲ့။

သူ ဆေးပေါ့လိပ်ကို ခပ်ကြမ်းကြမ်းရှိုက်ဖွာရင်း မိုးကျော်၏ စကားတို့ကို မကြားတစ်ချက် ကြားတစ်ချက် နားထောင်နေခဲ့မိသည်။

အတန်ကြာမှ မယုံရဲစွာဖြင့်....

"မင်းဟာက သေချာရဲ့လား မိုးကျော်...."

မိုးကျော်က ခေါင်းညိတ်ပြရင်း အဖြေပေးသည်။

"သေချာပါတယ်၊ ကောင်မလေးက ငါတို့မျက်စောင်းထိုး တိုက်ကပဲ"

"တင်ထက်ကရော.... မင်းကို မတွေ့ဘူးလား"

"ဘယ်တွေ့မလဲ၊ ငါကလဲ အိမ်ကပ်တဲ့ကောင်မှ မဟုတ်တာ၊ ရန်ကင်းနဲ့ ကြည့်မြင်တိုင် တစ်လှည့်စီပြောင်းနေ နေတဲ့ ကောင်၊ သူ ငါ့ကိုတွေ့ဖို့နေနေသာသာ ငါတောင် သူ့ကို တော်တော်ကြာမှ သတိထားမိတာ"

မိုးကျော် စကားကိုရပ်ရင်း ဆေးပေါ့လိပ်ကို တစ်ချက်ရှိုက်သည်။

တင်အောင်ကတော့ စကားဝိုင်းတွင်ဝင်မပါ၊ နံရံမှာချိတ်ထားသည့် ဂစ်တာကိုဖြုတ်ယူရင်း တီးခတ်နေသည်။

သို့သော် နားကတော့ သူနှင့် မိုးကျော်၏ စကားများကို နားထောင်နေကြောင်း သံသယဖြစ်စရာမလို။

"ငါသတိထားမိတာက သူ့ကားကြောင့်၊ နောက်ဖုံးမှာ ကပ်ထားတဲ့ စာတန်းက အသိသာကြီးပဲဥစ္စာ၊ ဒါပေမယ့် ဒီပြင်ကားများ ဖြစ်မလားဆိုပြီး ဇဝေဇဝါ ဖြစ်နေသေးတယ်၊ နောက်နေ့ တင်ထက်ကိုယ်တိုင် အဲဒီကားပေါ်ကဆင်း လာတော့မှ သေချာသွားတာ"

မောပန်းစွာ လေပူတစ်ချက်ကို မှုတ်ထုတ်လိုက်မိသည်။ တင်အောင်က သူ့ကို တစ်ချက်လှမ်းကြည့်သည်။

"မင်းကော ဘယ်လိုထင်သလဲ တင်အောင်...."

သူ့အမေးကို တင်အောင်က ချက်ချင်းမဖြေ၊ ဂစ်တာ၏ နံပါတ်တစ်ကြိုးကို ညှိနေသေးသည်။

ပြီးမှ ခေါင်းမော့လျက်ကြည့်ရင်း....

"ဘယ်လိုထင်ရမှာလဲ၊ မိုးကျော်ပြောတာ ဟုတ်နေတာပဲ၊ ဒီကောင် ငါ့ကိုအသိပေးထားတာကြာပြီ"

မိုးကျော် ဝင်ပြောသည်။

"အဲဒီကောင်မလေးနဲ့ တင်ထက် တိတ်တိတ်ပုန်းညားနေတယ်လို့တောင် သတင်းထွက်နေတာ ညီထွန်း၊ နေ့ခင်း နေ့လယ်ဆိုရင် ဒီကောင်က ခင်လေးသစ်ဆီကိုသာ မလာတာ၊ အဲဒီကောင်မလေးအိမ်မှာချည်းပဲ"

စကားသံတို့က နားစည်မှသည် နှလုံးအိမ်အထိ စီးဝင်သည်။ ခင်လေးသစ်၏ နှင်းဆီရောင် မျက်နှာသွယ်သွယ်လေးက အတွေးနှင့် ရစ်ဝဲ၏။





မြို့ထဲသို့ လိုက်မပို့ပေးနိုင်ဟု အငြင်းခံရရုံနှင့်ပင် ဟန်ဆောင်၍မရလောက်အောင် သိသာစွာ မျက်နှာပျက်သွားခဲ့သော....

စိတ်ဓာတ်ကျ အားငယ်သွားခဲ့သော....

စကား နှုတ်ဆိတ်၊ တိတ်တိတ်ကလေး ဝမ်းနည်းသွားခဲ့သော....

ခင်လေးသစ်၏ မျက်နှာက အတွေး၌ ရစ်ဝဲစွာ ပေါ်လာ၏။

သူမသာ သိသွားပါက ဘယ်လောက်များ ဝမ်းနည်းကြေကွဲသွားလေမလဲဟု တွေးရင်း သူမအတွက် ဝမ်းနည်းသည်။

အရမ်းကို ခံစားရတော့မှာပါ....

ကိုယ့်ကို ချစ်တယ်လို့ပြောခဲ့တဲ့၊ ကိုယ်ကလည်း သိပ်ချစ်ခဲ့တဲ့ ကိုယ့်ရဲ့ချစ်သူဟာ တခြား မိန်းကလေးတစ်ယောက်နဲ့ တိတ်တိတ်ပုန်းညားနေတယ်လို့ သတင်းထွက်ရလောက်အောင် တွဲနေခဲ့တာသာသိရင် သူမသိပ်ကို ခံစားရတော့မှာပါ။

အသည်းကွဲခြင်းဆိုတဲ့ ဝေဒနာနဲ့ ရင်းနှီးကျွမ်းဝင်လာခဲ့တဲ့၊ အသည်းကွဲခြင်းဆိုတာကို နားလည်ခံစားဖူးတဲ့ သူ့အနေနှင့် 'သူသိပ်ချစ်တဲ့' သူမကို အသည်းမကွဲစေချင်ပါ။

"ငါ....ငါဘာလုပ်ရင် ကောင်းမလဲ မိုးကျော်"

အဖျားခတ်တုန်ယင်နေသော အသံဖြင့် မေးလိုက်သည့် သူ့မေးခွန်းအဆုံးမှာပင် မိုးကျော်က....

'မင်း ဘာလုပ်ချင်သလဲ'ဟု မေး၏။

"ငါ မခင်သစ်ကို ဒီကိစ္စတွေ မသိစေချင်ဘူး"

"ဘာ...."

တင်အောင်ရော မိုးကျော်ပါ ပြိုင်တူလိုလို အာမေဋိတ်သံ ပြု၏။

"ခင်လေးသစ်ကို မသိစေချင်ဘူးဆိုရင် ဒီကိစ္စ မင်းကို ငါတို့ပြောပြတာ ဘာအဓိပ္ပာယ်ရှိတော့မှာလဲ"

"မင်းတို့က...."

"ငါတို့က ခင်လေးသစ်ကို သိစေချင်တယ်၊ သိစေချင်လို့လဲ ခုလို မင်းကို ပြောပြတာ ညီထွန်း"

"သူ သိသွားရင် စိတ်မကောင်း ဖြစ်နေမှာပေါ့"

သူစ ...းကြောင့် တင်အောင်က ရယ်ရင်း....

"အေးပေါ့၊ စိတ်မကောင်း မဖြစ်လို့ ခင်လေးသစ်က ပျော်နေရမှာလား"

"အဲဒါသိလျက်နဲ့ မင်းတို့က ဘာလို့ သူ့ကို သိစေချင်ရတာလဲ"

"ငါပြောမယ် ညီထွန်း၊ သူ့ကိုသိစေချင်တဲ့အကြောင်းကကြို့တင်ကာကွယ်နိုင်အောင်လို့ပါ၊ ငါပြောတာ မင်းသဘောပေါက်ရဲ့လား.... တင်ထက်က သက်မဲ့မဟုတ်ဘူး သက်ရှိ ပြီးတော့ ယောကျ်ားလဲ ယောကျ်ား....တော်ကြာ မတော်တဆရော်တွေ ဖြစ်ကုန်မှ ဆိုရင်...."

"ငါ နားလည်ပြီ တင်အောင်"

တင်အောင်၊ လက်ထဲမှ ဂစ်တာကိုချရင်း ဆေးပေါ့လိပ်တိုကို လှမ်းယူသည်။ တင်အောင်နှင့်မိုးကျော်ကို တစ်လှည့်စီ





ညှိရင်း မြို့ထဲမှာ တစ်ထက်နှင့် တစ်ခါဆုံဖူးသည်ကို သတိရသည်။

"ကောင်မလေးက ဘယ်လိုပုံလဲ မိုးကျော်"

"ခပ်ငယ်ငယ်ပဲ၊ အရပ်ပုပု ကိုယ်လုံးကိုယ်ပေါက် တောင့်တောင့်...."

မိုးကျော်အပြော က မြို့ထဲမှာ တွေ့ခဲ့ဖူးသည့် မိန်းကလေးနှင့် တစ်ထပ်တည်းကျနေ၏။

"မင်းဘယ်လိုလုပ်မယ် စဉ်းစားထားသလဲ ညီထွန်း"

"နွဲ့ရီကနေ တစ်ဆင့် အသိပေးလိုက်မယ်"

"အဲဒါကောင်းတယ်"ဟု မိုးကျော်ပြော၏။

* * *

"အဲဒါပဲဟာ....နင်အဆင်ပြေသလိုသာ ကြည့်ပြောပေါ့"

"အေး....ငါပြောတတ်ပါတယ်"

ဟု နွဲ့ရီပြန်ပြော၏။

"နင်ဘယ်တော့ ပြောမလဲ နွဲ့ရီ"ဟု သူမေးမိသည်။

"မနက် ကျောင်းမှာတွေ့ရင် ပြောလိုက်မယ်လေ"

"ထိန်းပြောပေါ့ဟာ၊ သူ့စိတ်မကောင်း မဖြစ်အောင် ဖျောင်းဖျပေါ့၊ ပြီးတော့ အေးအေးမြင့်တို့ဘာတို့ အနားမှာ မရှိတဲ့အချိန် ပြောဟာ၊ လူရှေ့သူရှေ့ဆိုတော့ သူရှက်နေဦးမယ်"

ဖုန်းထဲမှ နွဲ့ရီရယ်၏။

"နင်ကလဲဟာ.... နင့်သူငယ်ချင်းလေးအတွက် သိပ်စိုးရိမ်မနေစမ်းပါနဲ့၊ ငါပြောတတ်ပါတယ်"

"အေး....ဒါပဲဟာ....ဖုန်းချလိုက်တော့မယ်"

"အိုကေ...."

နွဲ့ရီ ဖုန်းချသွား၏။ တယ်လီဖုန်းကို ဖုန်းပုခက်ပေါ် ပြန်တင်ရင်း ရင်မောစွာ ပင့်သက်တစ်ချက် မှုတ်ထုတ်ဖြစ်သည်။

အနားရောက်လာသော မမကြီးက....

"ဟဲ့....ဘယ်သူ့ဆီ ဆက်တာလဲ"

"သူငယ်ချင်းဆီပါ"

"ခင်လေးသစ်ဆီလား"

"ဟာ....မဟုတ်က ဟုတ်က.... မမကြီးကလဲ...."

"နင့်မလဲ.... ခင်လေးသစ်နဲ့ နောက်လိုက်ရင်ပဲ မျက်စိမျက်နှာကို ပျက်လို့၊ တကတဲ...."

'မမကြီး မသိပါဘူးဗျာ'ဟု ပြန်ပြောဖြစ်သည်။

'ဘာမသိရမှာလဲ၊ ငါအကုန်သိတယ်၊ ခင်လေးသစ်က လှတယ်၊ ရည်းစားမရှိဘူး၊ နင့်ကိုလဲ စိတ်ဝင်စားတယ်....

"နင်စာမေးပွဲအောင်မအောင်တောင် တကူးတက လာမေးဖော်ရတယ်၊ နင်နဲ့လဲ ရုပ်ရှင်တွဲကြည့်ဖူးတယ်၊ ကဲ..."





"ဟာ....ခုကျွပါပဲဗျာ"

"မောင်လေးနော်.... မောဓီလေး.... ဒီလိုမိန်းကလေးမျိုး ...င်မို့လို့ ငြင်းချင်နေသေးတယ်"

မမကြီးက ရယ်ရင်းပြော၏။ စိတ်ရှုပ်ထွေးစွာ လေပူ ...စ်ချက် မှုတ်ထုတ်လိုက်မိသည်။

* * *

ကြော်ငြာ သင်ပုန်းနားမှာရပ်လျက် နွဲ့ရီကိုလက်လှမ်းပြ ...က်သည်။ နွဲ့ရီက ခဏဟုသော သဘောဖြင့် လက်ဝါးကာ ...၏၊ အောက်မှာ စောင့်နေမယ်ဟု လက်ဟန်ခြေဟန်လုပ် ...ရင်း သူ ပြန်ဆင်းလာမိ၏။

အိတ်ထဲမှ မှန်ထရီတစ်လိပ်ကိုထုတ်၍ မီးညှိရင်း ရာမည ...ာင်ထောင့်မှာ သွားရပ်နေမိ၏။ ခပ်ဝေးဝေးမှ ဖြတ် ...လျှောက်သွားသည့် စုံတွဲတစ်တွဲဆီမှ ရယ်သံတိုးတိုး ကြားရ ...သည်။

တစ်အောင့်ကြာတော့ နွဲ့ရီရောက်လာ၏။ နဗီတစ်ယောက် ...ည်းလားဟု လှမ်းမေးသည်။

"အေး....တင်အောင်နဲ့ မိုးကျော် ပြန်သွားတာ ကြာ
ငါ နင့်ကိုမေးချင်လို့ တမင်နေခဲ့တာ၊ ဘယ်လိုလဲ....နင်ပြော
လိုက်သေးလား...."

နွဲ့ရီ ခေါင်းညိတ်ပြသည်။

"ဒါပေမယ့်ဟာ သူကြည့်ရတာတစ်မျိုးပဲ"

"ဘာဖြစ်လို့လဲ...."

"သိပ်မယုံသလိုပဲ"

ရင်သည် မွန်းကျပ်မောလျှစွာ ပူလောင်ရပြန်သည်။

"ငါလဲ နင်ပြောတဲ့အတိုင်း ပြန်ပြောပြတာပဲ၊ တ
နံပါတ်၊ အခန်းနံပါတ်ကအစ....ဒါပေမယ့် မထုံတက်သေ
ဟာ၊ စပြောပြောချင်း တစ်ချက် မျက်နှာပျက်သွားတယ်
ဒီလောက်ပဲ....နောက်ပိုင်း မလှုပ်မခြောက်"

"တင်ထက်ကို ပြန်မေးကြည့်ဖို့ကော နင်တိုက်တွန်းလို
သေးသလား...."

"မတိုက်တွန်းဘဲနေမလားဟ....ဒါပေမယ့် အလကား
ဟာ....ဟိုက ခေါင်းတစ်ချက်လောက် ယမ်းပြလိုက်ရုံနဲ့
ယုံသွားမှာပါ၊ တင်ထက်ကို ဒီလောက်ကြောက်ရတဲ့ဥစ္စာ
မေးရဲရင်တောင် ကံကောင်း...."

နွဲ့ရီစကားကြောင့် သက်ပြင်းငွေ့ငွေ့ချဖြစ်သည်။

"ငါတို့ဘက်က အစွမ်းကုန် တာဝန်ကျေပြီးနေပြီပဲ၊
ထက်နဲ့ သူကံပေါ့၊ ဘယ်တတ်နိုင်မလဲ"

ဟု နွဲ့ရီပြောသည်။

သူ ခေါင်းယမ်းရင်း....





"ဒီလိုလဲဘယ်ဟုတ်မလဲဟာ၊ သူတစ်ခုခုဖြစ်သွားရင် ကိုယ်
ကျိုးနည်းမှာ၊ နင်လဲမိန်းကလေးပဲ၊ ကိုယ်ချင်းစာကြည့်ပေါ့"

နွဲ့ရီက သူ့ကို စူးစူးစိုက်ကြည့်ရင်း....

"ငါ ကိုယ်ချင်းမစာလို့ ပြောတာ မဟုတ်ဘူး ညီထွန်း၊
ငါတို့ သူငယ်ချင်းတွေအနေနဲ့ တာဝန်ကုန်ပြီ၊ ကျန်တာ သူ့
အပိုင်း....

"သူ့ကိုယ်သူ မထိန်းသိမ်းနိုင်လို့ တစ်ခုခုဖြစ်လဲခံပေါ့....
ဘာတတ်နိုင်မှာလဲ၊ ခက်ပါဘယ်ဟာ....နင်ကိုယ်ကလဲ အဖြစ်
သည်းလွန်းနေဘာပါ"

နွဲ့ရီစကားကြောင့် ဟုတ်မှာပဲဟု တွေးမိသည်။

နွဲ့ရီက....

"နင် သူ့အတွက် သိပ်ပြီး စိုးရိမ်လွန်မနေပါနဲ့ဟာ၊ သူလဲ
မိန်းကလေးပဲ၊ ဘာလုပ်ရမယ်ဆိုတာ သူသိမှာပေါ့"

နွဲ့ရီက နှစ်သိမ့်စကားဆိုသည်၊

ထိုသော် ခင်လေးသစ်အတွက် စိုးရိမ်စိတ်တို့က မိမိကိုယ်
တိုင်ပင် ဖြေဖျောက်၍မရ။

ရင်မှာပြည့်လျှံမတတ် စိုးရိမ်ပူပန်ရပါသည် မခင်သစ်....

( ၅ )

ဂစ်တာကို တီးခတ်နေသော်လည်း စိတ်သည်ဝင်စားခြင်း မရ။ ယခင်က စိတ်ရှုပ်ထွေးစရာတစ်ခုခုရှိလျှင် ဂစ်တာဖြင့် စိတ်ကို ဖြေဖျောက်ပစ်နိုင်ခဲ့သော်လည်း ယခုတော့ ဂစ်တာသံ အကြားမှာပင် ခင်လေးသစ်၏ 'မောင်'ခေါ်သံသွဲ့သွဲ့ကို ကြား ယောင်နေမိ၏။

'မောင်'တဲ့....

သူမ တင်ထက်ကို သိပ်ချစ်မှာပါပဲ။

လူပုံအလယ် 'မောင်'လို့ ခေါ်ဝံ့လောက်အောင်ကို ချစ် ရှာမှာပဲပေါ့....

ဒါဆို တင်ထက်ကကော....'မောင်းနှင်သော' မျက်မှန် အနက်နဲ့ အမြဲတမ်းသပ်ရပ်တဲ့ တင်ထက်ကကော.... မခင် သစ်ကို တကယ်ချစ်ရဲ့လား....





နှစ်လိုဖွယ်ရာ တင်ထက်၏မျက်နှာက အတွေး၌ ရေးရေး မြင်ယောင်၏။ တင်ထက်အကြောင်း တွေးလိုက်မိသည်နှင့်ပင် မချင့်မရဲခံစားမှုတစ်မျိုးက ရဗ်သို့တိုးဝှေ့သည်။

ဒေါသဖြစ်ခြင်း၊ စက်ဆုပ်ရွံ့ရှာခြင်း၊ မုန်းတီးခြင်း 'ဘာ' တု မည်မည်ရရ အမည်မဖော်ပြနိုင်သော ခံစားမှုပင် ဖြစ် သည်။

သည်လူ ညာနေတာပါလား....

သည်လူ မခင်သစ်အပေါ် လိမ်ညာနေတာ....

မခင်သစ် အလိမ်ခံနေရရှာတာ....

အတွေးတို့က စိုးရိမ်သောကလှမ်းလျက် ပျံ့လွင့်၏။

ဝင်းဝါသော ခင်လေးသစ်၏ မျက်နှာသွယ်သွယ်လေးကို မြင်ယောင်ရင်း သူမတစ်ခုခုဖြစ်သွားလျှင်ဟူသောပူပန်စိတ်က နှလုံးသားကို ကျုံ့မြည့်စေ၏၊

တိုင်ပင်ဖော် တိုင်ပင်ဖက် သူငယ်ချင်းများနှင့် တွေ့ရဖို့ အဖြေထုတ်ကြည့်တာပေါ့ ဟူသည့် အတွေးက ပူလောင်နေ သည့် နှလုံးသားကို အတော်အသင့် ဖြေသာစေ၏။

ကြားမှာ ကျောင်းပိတ်ရက် နှစ်ရက်ခံနေသေးတာပဲတု သတိရမိရင်း ကျောင်းဖွင့်ရက်အထိစောင့်ရန်စိတ်မရှည်တော့။

မနက်ဖြန် မိုးကျော်အိမ်လိုက်သွားမည်ဟု ဆုံးဖြတ်မိသည်။ ပေါ့ပါးသွားသောစိတ်ဖြင့်အတူ ဂစ်တာကော့ဒ် ပြန်ကိုင်ရင်း ဆူညံသောဘိတစ်ဘိကို ခပ်ကြမ်းကြမ်း တီးခတ်လိုက်မိသည်။

* * *

တိုက်ပေါ်သို့ ဖြည်းဖြည်းတက်လာရင်း မိုးကျော် ရှိမှရှိပါ့မလားဟု တွေးပူနေမိသည်။ သို့သော် မိုးကျော်တို့အခန်းရှေ့အရောက် ဧည့်ခန်းထဲတွင်ထိုင်နေသည့် မိုးကျော်ကို အခန့်သင့်ပင် တွေ့ရသည်။

သူ့ကိုမြင်သည်နှင့် မိုးကျော်က ထိုင်ရာမှထ၍ 'ဘယ်ကလှည့်လာတာလဲ ညိုထွန်း' ဟု မေး၏။

"မင်းဆီ တမင်သက်သက်လာတာ"

"အစားဝင်လာတယ် ဆိုပါတော့"

"ငယ်ကျွန်ကြီး မိုးကျော်တစ်ယောက် ကျန်းကျန်းမာမာရှိရဲ့လားလို့ ကိုယ်တော်လာရှုစားတာ"

မိုးကျော်က ရယ်ရင်း 'မင်းလဲ တင်အောင်နဲ့ တော်တော်တူလာပြီ' ဟုပြောသည်။ 'လုပ်ကွာ မိုးကျော်....စကားပြောစရာရှိလို့ လက်ဖက်ရည်ဆိုင် သွားရအောင်' ဟု ပြောမိ၏။

"ဘာလုပ်နေစရာလိုလို့လဲ၊ ငါကလှပြီးသားပဲ၊ ဒီပုံအတိုင်းသွားမယ်၊ လာ...."

နွမ်းညင်နေသော စွပ်ကျယ်လက်ပြတ်ဖြင့် ဖိုသီဖတ်သီနိုင်လှသော မိုးကျော်က 'နက်ချိရယ်ပေါ့ကွာ' ဟု မပီတပီပြောရင်း ထိုင်ရာမှထသည်။

တိုက်ခန်းများရှေ့ကော်ရစ်ဒါတစ်လျှောက် လျှောက်ရင်း အဲဆစ်ချိုးလှေကားမှတစ်ဆင့် ဆင်းလာကြသည်။

တိုက်အောက်ရောက်တော့....

'ဒီထိပ်ကလက်ဖက်ရည်ဆိုင်မှာပဲ ထိုင်ကြမယ်၊ မင်းကားထားခဲ့ကွာ'





ဟု မိုးကျော်ကပြောသည်။ 'အေး....' ဟု ပြန်ပြောရင်း ကားတံခါး ချက်ကျမကျစစ်ဆေးပြီး လက်ဖက်ရည်ဆိုင်သို့ လျှောက်လာဖြစ်ကြသည်။

တင်ထက်နှင့် ဖြစ်နေသည်ဆိုသော မိန်းကလေး၏ တိုက်ရှေ့အရောက် မိုးကျော်က....

'အဲဒီတိုက်ပဲကွ....ဒုတိယထပ်၊ သော့အစိမ်းသုတ်ထားတဲ့အခန်း' ဟု လှမ်းပြော၍ သူတစ်ချက်ကြည့်လိုက်မိသည်။

"တင်ထက်မရှိဘူးလား...."

'ကားမှမတွေ့တာ၊ မလာသေးဘူးနဲ့တူတယ်' ဟု ပြောရင်း ဆေးပေါ့လိပ်ကို မိုးကျော် တစ်ချက်ဖွာ၏။

လက်ဖက်ရည်ဆိုင်ထဲရောက်တော့ 'တူးတီး' ဟု မိုးကျော် လှမ်းမှာရင်း....

'အခြေအနေဘယ်လိုလဲ ညိုထွန်း' ဟု မိုးကျော်မေးသည်။

"အားရစရာ မကောင်းဘူးတဲ့.... နွဲ့ရီပြောတယ်၊ ပြီးတော့မယုံသလိုပဲတဲ့"

"ပြီးတာပဲ"

"ဘာ...."

"ပြီးပြီလေကွာ.... အသိပေးစရာရှိတဲ့ အကြောင်းအရာကိုငါတို့ သူ့ကို အသိပေးပြီးပြီ၊ အဲဒီ အကြောင်းအရာနဲ့ ပတ်သက်ပြီး ယုံသင့်မယုံသင့် သုံးသပ်ဖို့၊ ဘာလုပ်ရမလဲ ဆုံးဖြတ်ဖို့က သူ့အပိုင်း.... ငါတို့နဲ့ မဆိုင်တော့ဘူး"

နွဲ့ရီနည်းတူ ပြောလာသော မိုးကျော်စကားကြောင့် ရင်မောရပြန်သည်။

'မတုတ်သေးဘူးလေကွာ' ဟု လေသံပျော့ပျော့ဖြင့် ညည်းညည်းညူညူ ပြောဖြစ်၏။

"မင်းက ဘယ်လိုဖြစ်စေချင်လို့လဲ၊ ယုံပါဗျာလို့ အတင်းအကျပ် သွားပြောချင်လို့လား.... တဓီထက်ကို ဖြုတ်လိုက်တော့ဗျာလို့ အတင်းအကျပ် သွားတိုက်တွန်းချဓီလို့လား.... မကြောင်ချင်စမ်းပါနဲ့ ညိုထွန်းရာ၊ ဟိုက ကာယကံရှင်ပါ၊ မင်းထက် ပိုနားလည်မှာပေါ့"

"ဒါတော့ ဒါပေါ့ကွာ၊ ဒါပေမယ့် သူ ခံစားရမှာ"

"သူ့ကို မခံစားစေချင်ဘူးလို့၊ မင်းက ဝင်ပြီး ခံစားချင်လို့လား...."

"ခံစားလို့ရရင်လဲ ကောင်းသားကွာ၊ ငါပဲစဓီပြီး ခံစားပစ်လိုက်ချင်တယ်"

သူ့စကားကြောင့် မိုးကျော်က ခပ်စူးစူး စိုက်ကြည့်၏။ စိတ်တိုလွယ်သော မိုးကျော်၏ အကျင့်အတိုင်း ခပ်ဆတ်ဆတ်လေသံဖြင့်....

"တော်စမ်း....ညိုထွန်းရာ၊ စိတ်ကူးယဉ်စကားတွေ မပြောနဲ့၊ နားငြီးတယ်ကွာ"

မိုးကျော်စကားကြောင့် သူငယ်ချင်းများကပင် သူ့အပေါ် နားမလည်ကြပါလားဟူသော အတွေးဖြင့် ဝမ်းနည်းသွားမိသည်။

မျက်နှာပျက်စွာ နှုတ်ဆိတ်သွားသော သူ့ကို မိုးကျော်က ကြည့်ရင်း သက်ပြင်းဘာစ်ချက်ကို ချသည်။





"ထားလိုက်ပါ ညိုထွန်းရာ၊ သူနဲ့ပတ်သက်ပြီး မင်းကြားကနေ စိတ်ဆင်းရဲခံမနေစမ်းပါနဲ့၊ ဖြစ်နိုင်ရင် အဲဒီကိစ္စတွေ ခေါင်းထဲက ထုတ်ထားလိုက်ကွာ၊ ကိုယ့်ဘာသာကိုယ် ပျော်ပျော်သာ နေစမ်းပါ"

ဖျောင်းဖျောင်းဖျဖျပြောလာသော သူငယ်ချင်း၏ စကားကြောင့် ဝမ်းနည်းရာမှ စိတ်မကောင်းဖြစ်ရပြန်သည်။

မျက်မှန်ကိုပင့်တင်ရင်း လေပူတစ်ချက်ကို မှုတ်ထုတ်လိုက်မိသည်။

အဝေးသို့ အကြည့်ငေးနေမိစဉ်မှာပင် ကတ္တရာလမ်းမမှသည် မြေနီလမ်းကျဉ်းကျဉ်းလေးဆီသို့ ချိုးကွေ့ဝင်လာသည့် ဆန်နီ ပစ်ကပ်ကားအပြာလေးကို တွေ့ရ၏။

တင်ထက်ကားပဲဟူသောအသိက ရင်ထဲကို ဆစ်ခနဲ ဖြစ်သွားစေသည်။

* * *

"ဟော့ကောင်....ဘယ်လဲ"

ထိုင်ရာမှ ဝုန်းခနဲထရင်း ထွက်လာမိသည့် သူ့ကို မိုးကျော်က နားမလည်စွာ လှမ်းမေး၏။

မိုးကျော်၏အမေးကို ဘာမှ အဖြေမပေးမီဘဲ တစ်လိမ့်ချင်း မောင်းဝင်လာသည့် တင်ထက်၏ကားဆီသို့ ဦးတည်၍ လျှောက်လာမိသည်။

သည်လူ ငါ့ကိုတွေ့ရင် မျက်နှာပျက်သွားမလားဟူသော အတွေးဖြင့် ကားထဲသို့ အကြည့်ရောက်၏။

သို့သော်....မည်းမှောင်နေသော ကားခန်းထွင်းမှ တင်ထက်၏မျက်နှာကို အကဲဖမ်း၍မရ၊ ကားမှာ တဖြည်းဖြည်း နီးကပ်လာ၏။

လှမ်းလက်စခြေလှမ်းတို့ကို ရပ်လိုက်မိသည်၊

သူ တမင်ရပ်၍ စောင့်ဆိုင်းနေသည်ဟု ရိပ်မိဟန်တူသော တင်ထက်က သူဘေးနားသို့ ကားကိုတိုးကပ်လျက်ရပ်၏၊

တဖြည်းဖြည်းနိမ့်ဆင်းသွားသည့် ဘေး လေကာမှန်နောက်မှ ပြုံးရွှင်နေသော မျက်နှာတစ်ခုကို တွေ့ရသည်၊

"ဟော့လူကြီး....ဘယ့်နှယ်ဗျာ.... တိုက်တိုက်ဆိုင်ဆိုင် ဘယ်သူ့ကို လာစောင့်နေတာလဲ"

ချိုရွှင်ရွှင်အသံဖြင့် တင်ထက် လှမ်းမေး၏၊

တည်ငြိမ်သောမျက်နှာဖြင့် 'ခင်ဗျားကို' ဟု အဖြေပေးလိုက်မိသည်။

"ကျွန်တော့်ကို....ဟား....အဆန်းပါသားဗျ၊ဆိုစမ်းပါဦး၊ ဘာကိစ္စပါလိမ့်....မဟုတ်မှလွဲရော၊ ခင်ဗျားလဲ ကျွန်တော့်ကို အကူအညီ ပြန်တောင်းမလို့နဲ့တူတယ်၊ ဟုတ်လား.... ကဲ....ပြောဗျာ....ဘယ်သူ့ကို အောင်သွယ်ပေးရမလဲ၊ အေးအေးမြင့် လား...."





ကရားရေလွှတ်ဖြင့် သွက်လက်စွာပြောနေသော တင်ထက်၏ မျက်နှာကို ခပ်စူးစူးစိုက်ကြည့်ရင်း....

"ဟန်ဆောင်စကားတွေနဲ့ လိမ်ညာနေကြတဲ့ကိစ္စကို ရပ်လိုက်ကြရအောင် ကိုတင်ထက်၊ တစ်ချိန်တည်း ငါ့ရဲ့ နှစ်ကောင်ဖမ်းတဲ့ ကိစ္စနဲ့ပတ်သက်ပြီး ကျွန်တော် ဆွေးနွေးချင်တယ်"

တင်ထက် မျက်နှာကွက်ခနဲ ပျက်သွား၏၊

"တကယ်တော့ ခင်ဗျားနဲ့ ခင်ဇီလေးသစ်ကိစ္စမှာ ကျွန်တော်က အနေသာကြီးပါ"

"ဒါ....မှန်တာပေါ့ ကိုညိုထွန်းနိုင်"

"မှန်ပါတယ် ကိုတင်ထက်၊ ဒါပေမယ့် အလျင်တုန်းကပါ၊ ခင်လေးသစ်နဲ့ ကျွန်တော် မသိခဲ့ခင်တုန်းက၊ အခုတော့...."

"ခုတော့....ဘာဖြစ်လဲ ကိုညိုထွန်းနိုင်"

"သူငယ်ချင်းတွေ ဖြစ်နေကြပြီလေ၊ သူ့အိမ်နဲ့ ကျွန်တော့်အိမ် ရင်းနှီးနေတာရယ်၊ ကျောင်းပိတ်တုန်း ခင်ဗျားတို့ကိစ္စမှာ ကျွန်တော်ဝင်ကူညီခဲ့တာနဲ့ ပတ်သက်ပြီး သူနဲ့ကျွန်တော် သိကျွမ်းခင်မင်သွားခဲ့တာရယ်၊အဲဒါတွေကြောင့်ခင်လေးသစ်က ကျွန်တော့်သူငယ်ချင်း ဖြစ်သွားခဲ့ရတယ်"

ခပ်စူးစူးစိုက်ကြည့်နေသော တင်ထက်၏ မျက်လုံးများကို ရင်ဆိုင်လိုက်ရင်း....

"ဒီတော့ ကျွန်တော့် သူငယ်ချင်းအပေါ်မှာ ကိုတင်ထက် သစ္စာရှိပါဗျာ၊ ပြီးတော့ ကျွန်တော့်သူငယ်ချင်းကို စိတ်မကောင်းဖြစ်အောင် မလုပ်ချင်ပါနဲ့"

"ဒါပဲလား ကိုညီထွန်းနိုင်"

လေသံမာမာဖြင့်မေးရင်း တင်ထက် သူ့ကို စူးရှစွာ စိုက်ကြည့်သည်။

သက်ပြင်းတစ်ချက်ကိုချရင်း....

"ခင်လေးသစ်ကို ဝမ်းမနည်းစေချင်ဘူးဗျာ"

"ကောင်းပြီလေ.... ကျွန်တော် ကြိုးစားကြည့်တာပေါ့"

ခပ်ဆတ်ဆတ်လေသံဖြင့်ပြောရင်း တင်ထက် ကားမောင်းထွက်၏။ ကလပ်ကို ဆောင့်လွှတ်ရင်း ဝေါခနဲ မြည်အောင် ခပ်ကြမ်းကြမ်း မောင်းထွက်သွားခြင်းဖြစ်သည်။

လှိုင်းထကျန်ခဲ့သော ဖုန်လုံးများအကြားမှ လက်ဖက်ရည်ဆိုင်ဘက် အကြည့်တစ်ချက်အရောက်, သူ့အားစိတ်ပူစွာ စောင့်ကြည့်နေသော မိုးကျော်ကို တွေ့ရ၏။

သက်ပြင်းငွေ့ငွေ့တစ်ချက်အချ မျက်မှန်သည် ဖုန်မှုန့်များဖြင့် ကပ်လျက် ဝေဝါးနေသည်ဟု ဂါတိပြုလိုက်မိသည်။



# ( ၆ )

"ကိုညီထွန်းနိုင်...."

ကျက်မိနေသော အသံတစ်ခုကြောင့် စာကြည့်တိုက်ဘက်သို့ လှမ်းကူးအုံ့ဆဲဆဲ ခြေလှမ်းတို့တုံ့ဆိုင်း၏။

ခေါင်းကိုငဲ့အကြည့် စာစီထောင့်မှာရပ်နေသည့် ခင်လေးသစ်နှင့် အေးအေးမြင့်ကို တွေ့ရသည်။

စာကြည့်တိုက်သို့ ပြန်အပ်ရန် စာအုပ်တို့ကို ဘယ်လက် ဖြင့်ပြောင်းကိုင်ရင်း သူမတို့ဆီသို့ ပြန်လှည့်လာမိသည်။

"ဘယ်လဲ ကိုညီထွန်းနိုင်...."

"စာအုပ်သွားအပ်မလို့ မခင်သစ်၊ ဘယ်လာကြတာလဲ"

"ဘောလ်ပင်လာဝယ်တာ"

ဝင်းဝါသည့် သူမ၏မျက်နှာ နီနုလေးဆီသို့ အကြည့်အရောက် သိသာစွာ ညှိုးနွမ်းနေသည်ကို သတိထားလိုက်မိသည်။

အေးအေးမြင့်က....

'ဘာစာအုပ်တွေလဲဟ' ဟု လှမ်းမေး၏။

'သမိန်ပေါသွပ်နဲ့ ပြာလောင်ပါဟာ'

ဟု သူနောက်မိသည်၊ ခင်လေးသစ်က ခေါင်းကိုကိုင်းလျက် လုံချည်ကို ဆွဲဆန့်ရင်း....

'ဒီညနေ ကိုညိုထွန်းနိုင်အားရင် အိမ်ဘက် ခဏလာခဲ့ပါလား' ဟု လှမ်းပြော၏။

ညနေ အားမည်မဟုတ်၊

မြို့ထဲသို့ ဖေဖေခိုင်းထားသော ကိစ္စတစ်ခုအတွက် သွားရဦးမည်ဟု သတိရမိသည်။

သို့သော်....

သူမ ပြောစရာတစ်ခုခု ရှိလို့နေမှာပေါ့ဟူသော အတွေးက ဖေဖေ့ကိစ္စကို နောက်နေ့မှ သွားလုပ်ပေးတော့မည်ဟု ဆုံးဖြတ်ဖြစ်စေသည်။

"လာခဲ့မယ်လေ မခင်သစ်၊ ဟို....ဘယ်အချိန်လောက်...."

"ရပါတယ်၊ ကိုညိုထွန်းနိုင် အဆင်ပြေတဲ့အချိန်ပေါ့၊ ကားပါ ယူလို့ရရင် ယူလာခဲ့ပါလား"

"ဖြစ်ပါတယ်၊ ကျွန်တော် လေးနာရီလောက် အရောက်လာခဲ့မယ်"

"ဟုတ်ကဲ့....ဒါဆို ခင်လေးသွားမယ်"





ပြောပြောဆိုဆိုနှင့် ခင်လေးသစ် လှည့်ထွက်၏။

အေးအေးမြင့်က စပ်ဖြဲဖြဲမျက်နှာ လုပ်ပြသွားသည်၊

ခါးကျော်သည်အထိ ဝဲကျနေသော ဆံပင်ရှည်များဖြင့် လေးသစ်ကို ငေးကြည့်ရင်း ဘာဖြစ်လို့ သူမ၏မျက်နှာ ာမယာ ဖြစ်နေရပါလိမ့်ဟု တွေးမိသည်၊ လေတစ်ချက် ဇွ လွင့်မျောကြွေကျလာသည့် ရော်ရွက်ဝါ တစ်ရွက်က ာ်နှာ ရှေ့မှဖြတ်လျက် မြေသို့ကျ၏။

* * *

"မဒထား....ခင်လေး မြေနီကုန်းထိပ်မှာ အအေး သွား ာက်ချင်လို့"

ကျောင်းမှ မှတ်စုစာအုပ်များကို စစ်ဆေးနေသော မမ ား က....

'တစ်ယောက်တည်းလား' ဟု လှမ်းမေးသည်။

"မဟုတ်ဘူး၊ ကိုညိုထွန်းနိုင်နဲ့"

"အေး....သွား သွား.... သိပ်တော့မကြာစေနဲ့"

"ဟုတ်ကဲ့....လာ....ကိုညိုထွန်းနိုင်"

ခင်လေးသစ်စကားကြောင့် စားပွဲပေါ်မှ ကားသော့ကို လှမ်းယူလျက် ထိုင်ရာမှထဖြစ်သည်၊

မထားထားက ပြုံးစစမျက်နှာဖြင့် လက်ညှိုးထောင်ပြလျက်....

'နင်နော်.... ကြပ်ကြပ်သတိထား' ဟူသော သဘော လုပ်ပြသည်၊

ခပ်ယဲ့ယဲ့ပြုံးပြရင်း ခင်လေးသစ်နောက်သို့ လိုက်လာခဲ့သည်။

ကားပေါ်ရောက်တော့ စက်နှိုးရင်း....

"ဘယ်ဆိုင်ကိုသွားမလဲ မခင်သစ်"

"ရပါတယ်.... ကိုညိုထွန်းနိုင် ကြိုက်တဲ့ဆိုင်ကို သွားပါ ကျွန်မ ကိုညိုထွန်းနိုင်နဲ့ စကားနည်းနည်းပြောချင်လို့"

"ဒါဆို 'ဘင်ဘူးဟောက်စ်' ဖြစ်ဖြစ်...."

"နေပါစေတော့ ကိုညိုထွန်းနိုင်၊ တစ်နေရာရာမှာပဲ ကား ထိုးရပ်ပြီး စကားပြောတာ ကောင်းပါတယ်"

သူမစကားကြောင့် ခေါင်းညိတ်ရင်း အလုံလမ်းဘက်သို့ ဦးတည်လိုက်မိသည်၊

၆

စိတ်တို့က ကားမောင်းခြင်းမှာ မရှိ၊

သူမ၏ မသာမယာ စိတ်ရှုပ်ထွေး ညစ်ညူးနေဟန် မျက်နှာနှင့် အေးစက်တည်ငြိမ်သော စကားသံတို့ဆီမှာသာ အာရုံရောက်နေခဲ့၏။





ခရေပင်များ တန်းစီစိုက်ပျိုးထားသည့် လမ်းလေးထဲသို့ ကားကိုချိုးကွေ့ရင်း နေရောင်မှဲ့ ခရေပင်ရိပ်တစ်နေရာဆီသို့ ကားကို ထိုးရပ်လိုက်မိသည်၊

သော့ပိတ်လိုက်ခြင်းကြောင့် ပြတ်တောက် ရပ်ဆိုင်းသွားသည့် အင်ဂျင်စက်သံအဆုံးမှာပင် တိတ်ဆိတ်ခြင်းက သိသာစွာ ချစ်းနင်း ဝင်ရောက်လာ၏၊

သူမဆီမှ စည်းချက်ပျက်ယွင်းနေသည့် အသက်ရှူသံကို ကြားရမဘတ်၊ အရာရာမှာ ငြိမ်သက်လွန်းလှ၏၊

တစ်အောင့်ကြာမှ ခပ်မျှဉ်းမျှဉ်း သက်ပြင်းချသံနှင့်အတူ သူမ၏စကားသံ ထွက်ပေါ်လာသည်၊

"ကိုညိုထွန်းနိုင် ကိုတင်ထက်နဲ့ တွေ့သေးတယ်ဆို...."

မထင်မှတ်သောအမေးက ရင်ကို အေးခနဲဖြစ်စေ၏၊

"ဘာတွေပြောဖြစ်ကြသလဲ ကိုညိုထွန်းနိုင်"

"ဟို...."

"ပြောပါ ကိုညိုထွန်းနိုင်၊ ကျွန်မကို အားနာစရာ မလိုပါဘူး"

လမ်းခင်းပေးသည့် စကားရပ်တို့ကို ပြောလာသည့်တိုင် နှုတ်ကမူ ဖွင့်ဟထုတ်ဖော်ရန် မဝံ့မရဲ၊

မပြောရက်ပါ မခင်သစ်....

မခင်သစ်ရဲ့အမျိုးသား သူ့ရဲ့ ရည်းစား အသစ်လေးဆီသွားမှာ ပလိုင်းထဲက ငါးရံ့နှစ်ကောင်ကိစ္စ.... ကျွန်တော်တို့ ဆွေးနွေးဖြစ်ကြတာ....

ဘယ်လို ပြောရက်ပါ့မလဲဗျာ....

မခင်သစ် စိတ်မကောင်းဖြစ်မှာ စိုးလို့ပါ....

တိတ်ဆိတ် ငြိမ်သက်စွာ တုံ့ဆိုင်းနေသော သူ့ဘက်သို့ ခင်လေးသစ် တစ်ချက်ငေ့ကြည့်၏။

"ကိုတင်ထက် ကျွန်မကို ပြောပြပါတယ်"

အရိပ်အမြွက်ပြစကားကြောင့် ရင်သည် သိမ့်သိမ့်တုန်၏

သူမ ဝမ်းနည်းရတော့မှာပဲဟု စိတ်မကောင်းဖြစ်မိသည်

သူမက သူ့ဘက်သို့ မျက်နှာကို လှည့်၍ကြည့်ရင်း ခြော

ကပ်ကပ် ရယ်သံပြုသည်။

"ကိုညိုထွန်းနိုင်က သူ့ကို ရန်စ စကားပြောတယ်ဆို"

"ဗျာ...."

မထင်မှတ်သောစကား။

အသက်ရှူခြင်းကို မှားမတတ်ဖြစ်စေ၏။

"ကျွန်....ကျွန်တော်...."

"ကိုညိုထွန်းနိုင်က မောင့်ကို ရန်စတယ်တဲ့"

"မဟုတ်ဘူး မခင်သစ်၊ ကျွန်တော်....ရှင်းပြ...."

"မလိုပါဘူး ကိုညိုထွန်းနိုင်၊ ကျွန်မအမျိုးသားကို ကျွန်မ ကွယ်ရာမှာ ရန်စပြီး အနိုင်ကျင့်ဖို့ မကြိုးစားပါနဲ့"

"ဟာ....ဟိုသင်းဗျာ.... မခင်သစ်၊ တို.... ကျွန်တော့် ရန်ကင်းက ကောင်မလေး ကိစ္စ...."

"ရှင်...."

အာမေဍိတ်သံတစ်ခုကိုပြုရင်း သူ့ကို သူမစိုက်ကြည့်သည်

"ရန်ကင်းက ကောင်မလေး...."





"ဟုတ်ပါတယ် မခင်သစ်၊ ရန်ကင်းက သူတွဲနေတဲ့ ကောင်မလေးကိစ္စနဲ့ ပတ်သက်ပြီး...."

"ဪ...."

တိုးညင်းသော ဆည်းလည်းခတ်သံတစ်ခုကို ပြုရင်း မဲ့ပြုံးတစ်ချက်ကို သူမ ပြုံး၏၊

"လက်စသတ်တော့ နွဲ့ရီ ဘတစ်ဆင့် ကျွန်မနားထဲ ရောက်လာတဲ့ အဲဒီကိစ္စရဲ့ လက်သည်တရားခံဟာလဲ ကိုညိုထွန်းနိုင်ပဲပေါ့၊ ဟုတ်လား...."

"ခင်ဗျာ...."

သူမ နှုတ်ခမ်းကို တွန့်ကွေးရင်း....

"ကျွန်မတို့ ချစ်သူနှစ်ယောက်ကြားမှာ ကုန်းချောစကားတွေနဲ့ သွေးထိုးဖို့ မကြိုးစားပါနဲ့ ကိုညိုထွန်းနိုင်၊ ကျေးဇူးပြုပြီး မကြိုးစားချင်စမ်းပါနဲ့....

"ကျွန်မ သူ့ကို ဘယ်တော့မှ မုန်းမှာမဟုတ်ဘူး၊ မုန်းအောင်လုပ်မယ်ဆိုတဲ့ ရည်ရွယ်ချက်နဲ့ ကိုညိုထွန်းနိုင် ကြိုးစားရင်လဲ ဘယ်တော့မှ အောင်မြင်မှာ မဟုတ်ဘူး၊ ကျွန်မလေ ကျွန်မ....သူ့ကို....သိပ်....ချစ်တယ်"

အပိုင်း ( ၄ )

( က )

မခင်သစ်အတွက် ရည်ရွယ်ပြီး လုပ်ခဲ့သမျှ မခင်သစ် ဘဝ သာယာ ချမ်းမြေ့ ပါစေ တော့ ရယ် လို့ စေတနာသားပြီး ကြိုးစားခဲ့သမျှ....

အခုတော့ အားလုံးဟာ မှားခဲ့တာပါပဲလား မခင်သစ်ရယ်....

နှလုံးသားနဲ့ရင်းပြီး....

အဆုံးအရှုံးများစွာနဲ့ ပေးဆပ်ပြီး....

ယောကျ်ားဆိုတဲ့ မာနတရားကို ခဝါချထားပြီး....

ကြိုးစားခဲ့ရတဲ့ ကျွန်တော့်ရဲ့ စေတနာတွေဟာ ခုတော့ သဲထဲရေသွန်သလိုပါပဲလား မခင်သစ်....

ကြွင်းရစ်တဲ့ ဘဝဝဋ်ကြွေး အကျွန်အကြွေးရယ် ကြောင့်ပဲဆိုပြီး....

မာန်တင်းကာ ခေါင်းငုံ့ခံခဲ့ပေမယ့် ရင်ထဲမှာတော့ ဘယ်လိုလုပ် ဖြေသာပါ့မလဲ မခင်သစ်....

* * *

( ၈ )

ချစ်သူရဲ့ စကားမှန်သမျှ....
ချစ်သူရဲ့ ပြစ်တင်ကြိမ်းမောင်းခြင်း ဟူသမျှ....
ချစ်သူရဲ့ မုန်းတီးနာကြည်းခြင်း ဆိုသမျှကို....
အပြုံးမပျက် ကျေနပ်စွာ ခံယူရှိပေမယ့်....
စေတနာဆိုတဲ့ သန့်စင်ခြင်းအပေါ်....
ဒီ့ထင်အမြင် မှားတာမျိုးကိုတော့....
ရင်နဲ့အမျှ ခံစားရပါတယ် မခင်သစ်....
အရာအားလုံးအတွက်....
မှားခဲ့မိလေသူ ကျွန်တော်ကပဲ....
မခင်သစ် စိတ်မချမ်းသာ မဖြစ်အောင်....
ကျေရာကျေကြောင်း တောင်းပန်ပါရစေ....

* * *



( ၁ )

"ဘာပြောတယ် မောင်လေး၊ တော်စမ်းဟာ.... နင်အဓိပ္ပာယ်မရှိတာတွေ ပြောမနေစမ်းပါနဲ့"

မမကြီး၏အသံက မာဆတ်ဆတ် နိုင်လှသည်၊ စိတ်ကိုတောင်း ရှုပ်ထွေးခြင်းနှင့် ဒေါသဖြစ်ခြင်းတို့ကြောင့် အနည်းငယ် နီမြန်းမြန်းဖြစ်နေသော မမကြီး၏မျက်နှာက သူဆက်ပြောပါက ပေါက်ကွဲတော့မည့် မျက်နှာမျိုးဖြစ်သည်၊

ဖေဖေကတော့ ဘာမှဝင်မပြော၊ ဆေးတံကိုသာ အငွေ့တထောင်းထောင်း ထအောင်ဖွာရင်း သူ့ကို အကဲခတ်သလိုကြည့်သည်၊ ဆက်တီပေါ်တွင် ကိုယ်ကို လျှောဆင်းလျက်ထိုင်ရင်း စိတ်အလိုမကျစွာ ကြမ်းပြင်ကိုသာ စူးစိုက်ကြည့်နေမိသည်၊

အစကတည်းက သူ့အား ယခုလိုပင် ဝိုင်းတားကြလိမ့်မည်ဟု တင်ကြို မျှော်လင့်ထားခဲ့ပြီး ဖြစ်ခဲ့သော်လည်း ဘာပဲဖြစ်ဖြစ် ရအောင် ပြောနိုင်လိမ့်မည်ဟု ကိုယ့်ကိုယ်ကို ယုံကြည်ခဲ့မိသည်။ သို့သော် ယခုတော့ အခြေအနေက သူထင်သလောက် မလွယ်ကူလှ။

ဖေဖေက ပါးစပ်၌ ခဲထားသော ဆေးတံကိုချွတ်၍ ချောင်းတစ်ချက်ဟန့်ရင်း....

"ဘတ်စ်ကားနဲ့တက်ရတာ ပင်ပန်းရင် အဖေ့ကားယူကွာ၊ ကားနဲ့တက်၊ ဟုတ်ပြီလား...."

မထင်မှတ်ခဲ့သော လိုက်လျောစကားကို ဖေဖေ ဆိုသည်။ ဘေးနားမှာ ထိုင်နေခဲ့သော မေမေက သူ့လက်မောင်းကို လှမ်းကိုင်လျက်....

"ကဲ....မင်းအဖေက သူ့ကားယူတက်တဲ့၊ ကားနဲ့တက်ပေါ့ သားရယ်၊ ဟုတ်လား၊ ဒီတစ်နှစ်ပဲ ကျန်တော့တဲ့ဥစ္စာ၊ တစ်နှစ်တစ်နှစ်ဆိုတာက ခဏလေးပါ ဘားရယ်၊ ဘာကြာတာလိုက်လို့"

သူ စိတ်ရှုပ်ထွေးစွာ ခေါင်းတစ်ချက် ကုတ်လိုက်မိသည်။

"မဟုတ်ဘူး မေမေရာ၊ ကျွန်တော် စာပေးစာယူပဲ...."

"တော်စမ်း မောင်ဝေး၊ နင် ထပ်မပြောနဲ့တော့၊ မထွက်ရဘူး၊ ဘယ့်နှယ် အဓိပ္ပာယ်မရှိဘာ၊ သူများတွေလို စီးပွားရေး မပြေလည်လို့ဆိုလဲ ထားပါတော့၊ ခုတော့ အားလုံးအဆင်ပြေနေတဲ့ဥစ္စာ၊ နင်က ဘာအရူးထပြီး ကျောင်း





ထွက်ချင်ရတာလဲ၊ နင့်မှာ ကျောင်း ထွက် ရ လောက် အောင် ဘာပြဿနာရှိသလဲ"

မမကြီး၏ ခပ်စူးစူး စကားသံအဆုံး သက်ပြင်းချရင်း 'ပင်ပန်းလို့ပါ' ဟု ခပ်တိုးတိုး ဖြေဖြစ်သည်။

"အေး....ပင်ပန်းရင်လဲ အိမ်မှာပဲ စာကြည့်၊ 'ကျူတိုရီယယ်' ရှိတဲ့ နေ့တွေ ဘာတွေတော့ သွားတက်ပေါ့၊ ဘတ်စ်ကားနဲ့ မတက်ချင်ရင်လဲ ဖေဖေ့ကားယူပြီးတက်၊ ကဲ....ဒီထက်ပိုပြီး ဘာများ တောင်းဆိုချင်သေးလဲ"

ထွက်ပေါက်မရှိအောင် အလိုလိုက် စကားတို့ဖြင့် ပိတ်ဆို့ထားလိုက်ခြင်းကြောင့် စောဒက တက်ဖို့ပင် မလွယ်သော အခြေအနေသို့ ကျရောက်သွားတော့သည်။

မမကြီးတို့လက်ခံနိုင်လောက်သော ခိုင်လုံသည့်အကြောင်းပြချက် တစ်စုံတစ်ရာ မပေးနိုင်ဘဲ ဆက်ပြောနေ၍လည်း အကျိုးထူးမည် မဟုတ်ဟု နားလည်လိုက်မိသည်။

ကျောင်းထွက်ချင်သည့် ဆန္ဒတို့က အတိုင်းအဆမဲ့ ကြီးမားနေသည့်တိုင်၊ ထိုဆန္ဒအား အကောင်အထည်ဖော်နိုင်ရန် အခွင့်အလမ်းက နည်းပါးလွန်းလှသည်၊

သူ့အား အကဲခတ်သလို စူးစိုက်ကြည့်နေကြသော ဖေဖေ၊ မေမေနှင့် မမကြီးတို့၏ စူးစမ်းသော အကြည့်များအောက်မှ ထထွက်လာခဲ့မိသည်။

အခန်းထဲရောက်တော့ စိတ်ရှုပ်ထွေးမှုန်းကျပ်စွာ ဆိပ်ရာပေါ်သို့ပစ်လှဲလိုက်သည်။ တပ်ထားသော မျက်မှန်ကိုချွတ်၍ ခုတင်ဘေးရှိ စားပွဲခုံလေးပေါ်သို့ လှမ်းအတင်....

'ချစ်သူ နှစ်ယောက် အကြားမှာ ကုန်းချောစကားတွေနဲ့ သွေးထိုးဖို့ မကြိုးစားပါနဲ့ ကိုညိုထွန်းနိုင်....'

ဟူသော တင်းပြတ်သည့် စကားသံတစ်ခုကို ဝေ့ဝဲ၍ ကြားယောင်လိုက်မိပြန်သည်။

* * *

ရက်ပေါင်းများစွာအား စာဖတ်ရင်း၊ ဂစ်တာတီးရင်းနှင့် လွင့်မျောနေခဲ့မိသည်၊

ခင်လေးသစ်အကြောင်း မစဉ်းစားမိအောင် နည်းမျိုးစုံနှင့် ကြိုးစားခဲ့သည့်တိုင်ဗီ သူ၏ ကြိုးစားမှုတို့က အရာမထင်၊ သူမနှင့် ပတ်သက်သမျှ အကြောင်းအရာမှန်သမျှတို့ကို အချိန်ပြည့် အမှတ်ရနေမိသည်။

အဆိုးရွားဆုံးကတော့ သူမနှင့် နောက်ဆုံး တွေ့ခဲ့သည့်နေ့အကြောင်းကို စူးရှစွာ အမှတ်ရနေမိခြင်းပါပဲ၊





ချစ်သူနှစ်ယောက် အကြား သွေးထိုးဖို့ ကြိုးစားတဲ့လူလိုသူမ ထင်မြင်ယူဆသွားခြင်းအတွက် ရှက်ရွံ့ကြေကွဲ၍ မဆုံးနိုင်အောင် ဖြစ်ခဲ့ရသည်၊

ဘန့်နှံ့ ခံစားကြေကွဲနေရခြင်းတို့အား တစ်စုံတစ်ယောက်ကို ရင်ဖွင့်ပြလိုက်ချင်သည့်တိုင် ရင်မဖွင့်ရဲခဲ့။ အကယ်၍ ထိုတစ်စုံတစ်ယောက်သည် တင်အောင်တို့ထဲမှ တစ်ယောက်သာ ဖြစ်ပါက၊ သူ့အား ကရုဏာဒေါသောဖြင့် ပြစ်တင်ကြိမ်းမောင်း၍ ဆုံးမည်မဟုတ်၊

'ငါတို့ပြောသားပဲ၊ မင်းက သူနဲ့မှ ကင်းကင်း ရှင်းရှင်းမနေနိုင်ဘဲကိုး' ဟူသော စကားမျိုးကို ရေရွတ်ရင်း သူ့အတွက်မချိတင်ကဲ ဖြစ်ကြပေလိမ့်မည်။

နောက်ဆုံးတော့ ဖြစ်ပျက်ခဲ့သမျှတို့ကို ရေငုံနှုတ်ပိတ် မျိုသိပ်ရင်း တစ်ယောက်တည်း ကြိတ်မှိတ် ခံစားဖြစ်ခဲ့သည်။

ပျံ့လွင့်နေသော စိတ်တို့ကို စုစည်း၍ ဖတ်လက်စ စာအုပ်ကို အပြီးသတ်ရန် ကြိုးစားလိုက်သည်။ သို့သော် စိတ်က စာထဲသို့ အာရုံဝင်စား၍မရ၊ နှစ်ကြောင်း သုံးကြောင်းလောက်ဖတ်ပြီးသည်နှင့် အတွေးတို့က လူးလွန့်ချင်သည်၊

စာအုပ်ကိုပစ်ချရင်း အိမ်ရှေ့ဘက်သို့ ထွက်လာခဲ့မိသည်။ ဧည့်ခန်းတွင်းရှိ ကက်ဆက်ကို ဖွင့်မည်အပြု၊ လမ်းထဲသို့ ချိုးကွေ့လာသော ကားသံကို သတိပြုမိသည်။ ဆူညံကျယ်လောင်လွန်းလှသော စက်သံကြောင့် တင်အောင့်ကားပဲဟု အတပ်သိလိုက်သည်၊

အိမ်ရှေ့တံခါးကို ဆွဲအဖွင့်မှာပင်၊ ခြံရှေ့သို့ ထိုးရပ်လာသော တင်အောင့်ကားကို တွေ့ရသည်၊ နောက်ခန်းဆီသို့ အကြည့်အရှေ့ မိုးကျော်နှင့်နွဲ့ရီပါ ပါလာကြောင်း သတိပြုမိသည်၊

သူ ကျောင်းမတက်ဘဲ အိမ်တွင်းအောင်းနေပြီး ကတည်းက တင်အောင်တို့အုပ်စုနှင့် စုစုဝေးဝေး မဆုံစည်းဖြစ်ခဲ့၊

"အေးပေါ့ကွာ၊ ကိုယ်ပိုင် ကျောင်းပိတ်ရက် ရထားတဲ့ ကောင်ကတော့ အိပ်လိုက်စားလိုက်နဲ့ ငြိမ့်နေမှာပေါ့"

မိုးကျော်က ဟောင်ဖွာဟောင်ဖွာနှင့် အော်ရင်း အိမ်ပေါ်သို့ တက်လာသည်၊

"ဒါပေါ့ကွာ....ညီထွန်းတို့ဘုန်း မိုးသို့ချုန်းတဲ့၊ ကြားဖူးတယ်မဟုတ်လား...."

ဝမ်းနည်း ဆွေးမြည့်နေမည်ဟု သူငယ်ချင်းတွေ မထင်အောင် အပြောင်အပျော်စကားတို့ကို စိတ်မပါဘဲ ပြောဖြစ်သည်၊

"နင်ကလဲဟယ်....နေမကောင်းတာက နည်းနည်း၊ကျောင်းမတက်ချင်တာက များများ"

သူကျောင်းမတက်သေးခြင်းကို၊ နေမကောင်း၍ဟူသော စကားနှင့် ဖုံးလွှမ်းထားခဲ့ခြင်းအား ယုံကြည်နေသော နွဲ့ရီက ခုံမှာဝင်ထိုင်ရင်း ပြောသည်၊

"ဟေ့ကောင်....သူငယ်ချင်းတွေ လာလည်တာ လက်ဖက်လေး ဘာလေး သုပ်ကျွေးလေကွာ"





မိုးကျော်က အသံပြကြီးနှင့် လက်ဖက်သုပ်ရန် တောင်းဆိုတော့သည်၊

'တိုးတိုးလုပ်စမ်းပါ၊ မေမေအိပ်နေတယ်'

ဟု ပြောရင်း လက်ဖက် ဝင်သုပ်ပေးရသည်၊ နွဲ့ရီနှင့် တင်အောင်ကပါ မီးဖိုထဲသို့လိုက်လာပြီး လက်ဖက်သုပ် ကူသုပ်ပေးကြသည်၊

လက်ဖက်သုပ်ပြီးတော့မှ လက်ဖက်တစ်ပွဲ ရေနွေးကြမ်းတစ်အိုးနှင့် အေးအေးဆေးဆေး စကား ပြောဖြစ်ကြတော့သည်၊ စကားပြောသည်ဟု ဆိုသော်လည်း တစ်ယောက်နှင့်တစ်ယောက် နောက်ပြောင်ကြခြင်းသာ ဖြစ်သည်၊

တစ်ယောက်တည်း အထီးကျန်နေရာမှ သူငယ်ချင်းတွေ ရောက်လာသဖြင့် စိတ်သက်သာပေါ့ပါးစွာ မိုးကျော်၏ အပြောင်အပြက်စကားတို့ကို လိုက်လံနားထောင်ရင်း ရယ်မောနေသည်၊

တင်အောင်က ရေနွေးကြမ်းသောက်ရင်း တမင် ဝမ်းနည်းပြုလျက်....

"မင်းမရှိတော့ ကျောင်းကြီးက တစ်မျိုးကြီး ဖြစ်သွားတယ်ကွာ"

'ဟုတ်လား၊ ခြောက်ကပ်ကပ်ကြီး ဖြစ်သွားမှာပေါ့' ဟု ပြောတော့ တင်အောင်က ရယ်ကျဲကျဲလုပ်ရင်း....

"ဘယ်ကလာ.... ကျက်သရေအပေါင်းနဲ့ ခညောင်းလာတာ၊ အမင်္ဂလာကောင်ကြီး မရှိတော့ဘူးဆိုပြီး ကျောင်းသားတွေကလဲ ပျော်မြူးလိုက်ကြတာမှ"

တင်အောင့်စကားကြောင့် နွဲ့ရီက ရယ်ရဖီး....

"နင်ကလဲဟာ.... သူများ သားသမီးကို ပြောရက်လိုက်တာ မှိုချိုးမျှစ်ချိုး"

"နင်က ဝင်နာရပြန်ပြီ"

"နာတာပေါ့ဟ၊ သူငယ်ချင်းပဲ"

"ဒီလောက်တောင် ညှိထွန်းဘက်က နာနေလဲ ညှိထွန်းကို ကြိုက်လိုက်ပါလား"

တင်အောင့်အပြောကြောင့် သူပါ ရယ်မောလိုက်မိသည်၊

"အောင်မယ်....သိပ်ကြိုက်တာပေါ့၊ ငါသာ ခင်လေးသစ်ဆိုရင် ညှိထွန်းကို ပြန်ကြိုက်လိုက်တာ ကြာပြီ"

ခင်လေးသစ်ဟူသော အမည်ကြောင့် မျက်နှာပျက်ချင်ချင်ဖြစ်သွားမိ၏၊ နွဲ့ရီက ရိပ်မိဟန်မတူ။

"ပြောရဦးမယ်....ဟိုနေ့ကတောင် တင်ထက်ကြီး ရောက်ချလာသေးတယ်"

နွဲ့ရီစကားက ရင်ကို ပူလောင်ကျွမ်းမြည့်စေသည်၊ ငါကသာ သူ့အတွက် ပူပင်သောက ဖြစ်ခဲ့ရတာ၊ သူကတော့ သူချစ်သူနဲ့ ပျော်ရွှင်နေမှာပါပဲ....ဟူသည့် အတွေးက နှလုံးသားကို လှိုက်ခနဲ ဖြစ်သွားစေသည်၊

မမေးတော့ဘူးဟု ရည်ရွယ်ထားခဲ့သော်လည်း မျိုသိပ်မရ။

"သူတို့ အဆင်ပြေကြရဲ့လား...."





"ပြေလိုက်သာမှ ရယ်လို့ မောလို့ ရွှင်လို့ပြုံးလို့၊ ခင်လေးသစ်ကလဲ တင်ထက်စကားဆိုရင် ကမ္ဘာကြီးပြားပါတယ်ဆိုတောင် ယုံမှာ၊ အဟုတ်ပဲ"

"ဒါပေမယ့်ဟာ....မကြာခင် ပြဿနာတက်မှာပါ၊ ငါတော့ မြင်ယောင်သေးတယ်"

ရုတ်တရက် ဝင်ပြောလာသည့် မိုးကျော်စကားကြောင့် 'ဘာဖြစ်လို့လဲ' ဟု မေးဖြစ်၏၊

"နှစ်ဖက်စလုံးကို ဒီအခြေအနေအတိုင်း တင်ထက် ဘယ်လောက်ကြာကြာ ထိန်းနိုင်မှာလဲ၊ တစ်ဖက်ဖက်က ဖိအားပေးလာတာနဲ့အမျှ ဗီဇကာဗီ ပြဿနာတက်လာမှာပဲ"

တင်အောင်က ချောဖီးဟန်နဲ့ရင်း....

"ဟုတ်တယ် ညှိထွန်း၊ ပွဲကတော့ ကြည်ကောင်းတော့မှာသေချာတယ်၊ နှစ်ဖက်စလုံး လက်ရည်တူနေဦးတော့ ပိုမိုနယ်ထိမှာတော့ အဖြေပေါ်မှာပဲ"

"ပူးတွဲဆုယူရရင်တယ်ဆိုရင်တော့ တစ်မျိုးပေါ့"

နွဲ့ရီက ဝင်ပြော၏။

## ( ၂ )

မြင်းတစ်ကောင်တည်းဖြင့် ဘုရင်မကိုရော၊ ရထားကိုပါ ခွချက်စ်လုပ်ထား၏၊ အခြေအနေက မလူးသာ မလွန့်သာ၊ တစ်ကောင်ကတော့ အသေခံရတော့မှာ သေချာနေပြီ၊

ဘယ်လိုလုပ်ရင် ကောင်းမလဲ.... ရထားကို မသေစေချင်သလို ဘုရင်မကိုလည်း သံယောဇဉ်ရှိနေပြန်သည်။

"ဟဲ့.... အောင်မယ်လေး.... ခေါ်လိုက်ရတာ၊ အဲဒီတစ်တစ်ယောက်တည်း စစ်တုရင်ထိုးပွဲကြီးကို ခဏရပ်ပြီး တယ်လီဖုန်းလေး သွားကိုင်တော်မူလိုက်ပါဦး...."

"ဘယ်သူလဲ မမကြီး"

"ငါ့ယောက်မ ခင်လေးသစ်တော့ မဟုတ်ဘူး၊ နွဲ့ရီတဲ့"

အခန်းထဲမှထွက်လျက် ဧည့်ခန်းဆီသို့ သွား၏၊ ဘေးနားမှာချထားသည့် ဖုန်းခွက်ကို ကောက်ယူရင်း....





'နွဲ့ရီလား....' ဟု မေးမိ၏၊

"ဟဲ့....ညီထွန်း၊ နင် သိပြီးပြီလား"

"ဘာလဲဟ.... ဖီဘီကိတ်စ်ကို ဝေါဘာချော့က ရည်းစားစာပေးတဲ့အကြောင်းလား"

"လုပ်ပြီ....နင်ကတော့"

"မသိဘူးလေဟာ.... နင်က အရင်းမရှိ အဖျားမရှိနဲ့ ဆိုတော့"

"အင်မတိ အင်မတန်ကို ထူးဆန်းပြီး စိတ်ဝင်စားစရာတွေနဲ့ ပြည့်နှက်နေတဲ့ သတင်းတစ်ပုဒ်ပြောမလို့"

"ဘာလဲ....နင် လင်နောက်လိုက်တော့မလို့လား"

"သိပ် အူမြူးမနေနဲ့ ညီထွန်း၊ နင်နဲ့ သက်ဆိုင်တယ်"

နွဲ့ရီစကားကြောင့် အရေးယူရင်ရင်း'ဘာလဲ'ဟု သိချင်စိတ်ဖြင့် မေးမိ၏၊

"ခင်လေးသစ်အကြောင်း...."

ခင်လေးသစ် ဟူသော အမည်ကြောင့် ရင်က လှုပ်ခနဲ တစ်ချက်ခုန်သည်၊ ခင်လေးသစ် ဘာများဖြစ်လို့လဲဟု စိုးရိမ်ပူပန်သွားမိသည်၊

"နေ့လယ်က စာသင်ခန်းထဲမှာ ခင်လေးသစ် 'ရှော့ခ်'ရလို့"

"ဘာ...."

နှလုံးခုန်ခြင်းများ ရပ်ဆိုင်းသွားသလို ထင်မိသည်၊

"ဟုတ်တယ်.... အတန်းအားတဲ့အချိန် အောက် မဆင်းတော့ပါဘူးဆိုပြီး ငါတို့အခန်းထဲမှာပဲထိုင်စကားပြောနေကြ

တာ၊ အဲလိုပြောနေရင်းက မူးတယ် မူးတယ်ဆိုပြီး မေ့လဲ
တာပဲ"

ဖုန်းခွက်ကို တင်းကျပ်စွာ ဆုပ်ကိုင်ထားမိသည်။ နွဲ့ရီက
စကားဆက်သည်။

"ငါတို့လဲ ဘာလုပ်ရမယ်မှန်း မသိဘူး၊ ယင်ခတ်တဲ့လူက
ခတ်၊ ရှူဆေးတိုက်တဲ့လူကတိုက်ပေါ့၊ ဘေးနားက ကျောင်းသူတစ်
ယောက်က တက္ကသိုလ်ဆေးရုံပို့ပါလားလို့ သတိပေးမှ ငါတို့
လဲ သတိရပြီး စီစဉ်ရတာ....

"အေးအေးမြင့်ကို အောက်မှာ ရပ်ထားတဲ့ ကားတစ်စီး
စီးအကူအညီသွားတောင်းဖို့ ပြောခဲ့နတုန်း သတိပြန်ရတယ်...

"တော်ပါသေးရဲ့ဟာ.... ငါဆိုတာ ကြောက်လိုက်တာ
ခြေဖျားလက်ဖျားကို အေးနေတာပဲ"

"နောက်တော့ကော....နွဲ့ရီ"

"နောက်တော့....ကားငှားပြီး ငါရယ် အေးအေးမြင့်ရယ်
သူ့ကို အိမ်လိုက်ပို့ရတာပေါ့၊ သူကလဲ သူ့ကိုယ် သူတောင်
သတိမထားမိဘူးတဲ့၊ စကားပြောရင်းက ခေါင်းထဲမှာ မိုက်
ခနဲဖြစ်ပြီး သတိမေ့သွားတာပဲတဲ့"

ဖြစ်ရခလေ မခင်ဇီသစ်ရယ်....ဟု တွေးရင်း စိတ်မကောင်း
ဖြစ်ရသည်၊ ပျံ့လွင့်လွယ်သော စိတ်တို့က သူမဆီသို့ လွင့်
ပျံ့၏။

နစ်ကြည်းစရာအဖြစ်များစွာနှင့် ကြုံခဲ့ရပြီးသည့်တိုင် သူမ
အပေါ် စိတ်ကွက် ဒေါသဖြစ်ခြင်း တစ်စုံတစ်ရာမရှိခဲ့၊ ကိုယ့်
မိသားစု အရင်းမဟုတ်သည့် အိမ်တစ်အိမ်မှာ နေမကောင်း





ဖြစ်ပြီး တစ်ယောက်တည်း အားငယ်နေရမည့် သူမ၏အဖြစ်
ကို တွေးရင်း သနားလာမိသည်။

"ဟဲ့....ငါပြောတာ ကြားရဲ့လား"

"ဟင်...."

"သြော်....နင်အားရင် သတင်းလေးဘာလေး သွားမေး
လိုက်ဦးလို့"

"အေးပါ...."

"ဒါပဲနော်....ဖုန်းချလိုက်တော့မယ်"

ပြောပြောဆိုဆိုနှင့် နွဲ့ရီ ဖုန်းချသွား၏။ ဖုန်းခွက်ထဲမှ
ထွက်ပေါ်နေသည့် တတူတူ မြည်သံကို နားထောင်ရင်း ဘာ
လုပ်ရင်ကောင်းမလဲဟု စဉ်းစားနေမိသည်။

သူမထံသို့ သတင်းသွားမေးချင်သည့်တိုင် တင်းပြတ် စိမ်း
ကားသော စကားတို့ဖြင့် အထင်လွဲ ရန်တွေ့ခြင်းခံခဲ့ရသည့်
လူတစ်ယောက်အနေဖြင့် သွားတွေ့သင့်ရဲ့လားဟု မရေရာ။

ချစ်သူနှစ်ယောက်ကြား ခလောက်ဆန်ဖို့ ကြိုးစားခဲ့တဲ့
လူ.... ပွဲလန့်တုန်း ဖျာခင်းဖို့ အကွက်ကောင်းစောင့်တဲ့လူလို့
သူမထင်ထားခဲ့တဲ့ သူ့ရဲ့မျက်နှာကိုမြင်ရင် သိပ်ပြီး စိတ်ဆင်းရဲ
စရာများ ဖြစ်နေမလား....

နေမကောင်းဖြစ်နေတဲ့ သူမ အတွက် စိတ်အနှောင့်
အယှက်ဖြစ်စရာ ကိစ္စတစ်ခုများ ဖြစ်သွားလေမလား....

သူမအတွက် ငဲ့ညှာသော အတွေး၊ သူမ စိတ်ဆင်းရဲမှာ
စိုးရိမ်သော အတွေးတို့ဖြင့် တွေဝေနေမိသည်။ နွဲ့ရီနှင့် ဖုန်း

ပြောပြီး အခန်းထဲသို့ ပြန်လှည့်လျက် သွားသင့် မသွားသင့် စဉ်းစားရင်း တစ်ယောက်သည်း ဒွိဟ ဖြစ်နေခဲ့မိသည်။

နှလုံးသားက တွေ့ချင်သော်လည်း ဦးနှောက်က မတွေ့သင့်ဟု ဆုံးဖြတ်၏၊ နောက်ဆုံးတော့ မတွေ့တာ ကောင်းပါတယ်ဟု စိတ်လျှော့လိုက်မိသည်။

သို့သော် ထိုသို့ ဆုံးဖြတ်အပြီး နာရီဝက်လောက် အကြာမှာပင် မမကြီး သူ့အခန်းထဲသို့ရောက်လာသည်။

"ဟဲ့...,မောင်လေး၊ ခင်လေးသစ် နေမကောင်းဖြစ်တာ နင်သိပြီးပြီလား...."

မထင်မှတ်သော အမေး စကား ကြောင့် ရုတ်တရက် ကြောင်သွားမိသည်။ ပြီးမှ ခေါင်းခါယမ်းလျက် 'ဟင့်အင်း' ဟု မှုသားသုံးလိုက်သည်။

"အခုပဲ မီထား ဖုန်းဆက်တာ၊ မနက်က ကျောင်းမှာ မူးလဲလို့ဆိုလားပဲ၊ သတင်းလေး ဘာလေး သွားမေးမှ ကောင်းမယ်၊ လာဟာ....ငါ့ကို လိုက်ပို့စမ်းပါ"

မျှော်လင့်မထားမိသော အခြေအနေသစ်ကြောင့် အံ့သြ နှုတ်ဆိတ်သွားရသည်။ မသွားတော့ပါဟု ဆုံးဖြတ်ပြီးကာမှ သွားဖြစ်ရန် အခွင့်အရေးက ပေါ်ပေါက်လာခဲ့တော့သည်။

ငါ့ကို လိုက်ပို့စမ်းပါ ဟူသော မမကြီး၏ စကားက အထူးတလည် တွေဝေနေစရာမလိုသော စကားဟု ကိုယ့်ဘာသာကိုယ် ဆုံးဖြတ်ရင်း ထိုင်ရာမှထကာ အဝတ်အစား လဲလိုက်မိသည်။

* * *





ဝင်းမွတ်ပြည့်တင်းသော မျက်နှာနုနုက ယခင်ကနှင့်စာလျှင် အနည်းငယ် ချောင်ကျသွားသလို ထင်ရသည်။ အနက်ရောင် အမျိုးသမီးဝတ် အနွေးထည်လေးနှင့် သူမ၏ ပုံက နေမကောင်း ဖြစ်နေသည့်တိုင် ရင်ခုန်ဖွယ် လှပမြဲ ဖြစ်သည်။

'ဘယ်လိုဖြစ်တာလဲကွယ်'ဟူသော မမကြီး၏ အမေးကို 'ဘယ်လိုဆာ ဘယ်လိုဖြစ်သွားမှန်း မသိပါဘူး မမကြီးရယ်' ဟု ရယ်မောလျက် အဖြေပေးသည်။

"အစားမှားသလားမှ မသိဘဲဟာ"

"ဖြစ်နိုင်တယ်၊ တမနက်လုံး ခင်လေး ပေါက်ကရလေးဆယ်တွေ လျှောက်စားထားတာ"

မမကြီးက ခေါင်းညိတ်ရင်း 'အဲဒါကြောင့် ဖြစ်မှာပါ' ဟု မှတ်ချက်ချသည်။ ဘေးနားမှာ ထိုင်နေသော မထားထားက....

"ခက်ပါတယ် ခင်လေးရယ်၊ အဲဒါတွေကြောင့် မမထားက နေ့တိုင်း ထမင်းဘူး ယူပါလို့ ပြောတာပေါ့၊ ခုတော့ ဖြစ်ပြီ မဟုတ်လား၊ ထားဝယ်က အန်တီတို့ကိုသိရင် မမထားတို့ပါ မကောင်းဖြစ်ဦးမယ်"

"ဘာဆိုင်လဲမမထားရယ်၊ ခဗီလေးဘာသာဖြစ်တဲ့ကိစ္စပဲ"

အပေးအယူမျှစွာ တစ်ယောက်တစ်ခွန်း ပြောနေကြသော စကားဝိုင်းဘေးတွင် သူနှင့် မဆိုင်သကဲ့သို့ နှုတ်ဆိတ်ငြိမ်သက်စွာ ခေါင်းငုံ့လျက် ထိုင်နေမိသည်။

ဧည့်ခန်းတွင်းသို့ ခင်လေးသစ် စဝင်လာစဉ်က 'နေကောင်းလား မခင်သစ်' ဟု သူ တစ်ခွန်း မေးဖြစ်ခဲ့သည်။ ထို့နောက်

တော့ စကားဝိုင်းထဲသို့ သူ ဝင်မပါမိတော့။ ခေါင်းငုံ့လျက် တစ်ယောက်တစ်ခွန်း ပြောနေကြသည်များကို နှုတ်ဆိတ်စွာ နားထောင်နေခဲ့သည်။

မမကြီးက သူ့ဘက်သို့ လှည့်၍....

"ဟဲ့....ကိုယ့် သူငယ်ချင်းကို အားပေးစကားလေး ဘာလေး ပြောဦးလေ၊ တကယ်တဲ.... လူမမာ လာမေးတာ တရားပွဲ လာနာတာ ကျနေတာပဲ၊ အိပ်များ ငိုက်နေသလား မသိဘူး"

မမကြီး စကားကြောင့် သူ့မျက်နှာက နွေးခနဲ ဖြစ်သွားမိသည်။ ပြောချင်စိတ်တို့က ရင်နှင့် ပြည့်လျှံနေသော်လည်း ပြောစရာစကား ရှားပါးနေရသော အဖြစ်ကို မမကြီးသိမည်မထင်။

ထို့ အပြင် ခင်လေးသစ်နှင့် သူ၏ ဆက်ဆံရေးမှာ မိတ်ဆွေများ အဖြစ်မှ အထင်လွဲသူနှင့် အထင်လွဲခံရသူများ အဖြစ်သို့ ပြောင်းလဲသွားခဲ့ကြောင်း မမကြီးတို့ ရိပ်မိပုံ မရ။

သူနှင့် ခင်လေးသစ်အား စကားပြောကြဟူသော သဘောဖြင့် မမကြီးနှင့် မထားထားက သူမတို့ နှစ်ယောက်တည်းနှင့်သာ သက်ဆိုင်သော ၎င်းတို့ကျောင်းမှ အကြောင်းအရာများဆီသို့ စကားလွှဲဖယ်ပေးခဲ့သော်လည်း သူနှင့် သူမကတော့ နှုတ်ဆိတ် ငြိမ်သက်နေမိကြသည်။

အတန်ကြာမှ အခြေအနေမှန်သမျှကို နိုင်နင်းစွာ ထိန်းသိမ်းနိုင်သော သူမဆီမှ စကားသံ ထွက်ပေါ်လာသည်။





"ခုတလော....ကိုညိုထွန်းနိုင်ကို ကျောင်းမှာ သိပ်မတွေ့ဖြစ်ဘူးနော်"

သူမ ဦးတည်လာသည့် အကြောင်းအရာက သူ့အား အဖြေရခက်စွာ အနေကျုံ့သွားစေခဲ့သည်။ သူ ဘာမှ အဖြေမပေးနိုင်ခင် ဘေးနားမှ မမကြီးက ဝင်ပြောသည်။

"မတွေ့တာလဲ မပြောနဲ့လေကွယ်၊ ကျောင်းထွက်မယ် တကဲကဲလုပ်နေလို့ ကျောင်းတော့ မထွက်ပါနဲ့၊ မတက်ချင်သေးရင်လဲ ခဏတစ်ဖြုတ် မတက်ဘဲ နေချင်နေပါလို့ ပြောထားရတယ်"

"ဘာဖြစ်လို့ ကျောင်းထွက်ချင်ရတာလဲ...."

မထားထားက အံ့ဩဟန်ဖြင့် ဝင်မေးသည်။ မထားထား၏ အမေးအတွက် ဖြေစရာစကားက သူ့ဆီမှာ အဆင်သင့် မရှိ။

"သူကောင်မလေးနဲ့များ စိတ်တွေ ဘာတွေ ကောက်ကြသလားမှ မသိတာ မိထားရယ်"

ပြောရင်းမှ မမကြီးရော၊ မထားထားပါ သဘောကျစွာ ရယ်မောကြသည်၊ မရယ်နိုင်ကြသူများကတော့ သူနှင့် ခင်လေးသစ်ပင် ဖြစ်သည်။

ဦးခေါင်းကို ငုံ့ထားလျက်မှ အကြည့်တစ်ချက်အဝေ့ ပျက်ချင်ချင်ဖြစ်နေသော ခင်လေးသစ် မျက်နှာကို သတိပြုလိုက်မိသည်။

# ( ၃ )

"ပို့ဖြစ်အောင် သွားပို့လိုက်နော်၊ ဒီနေ့ လာပို့ခိုင်းလိုက်မယ်လို့ ငါပြောထားခဲ့လို့"

နံနက်ကျောင်းသွားခါနီး မမကြီးက စိတ်မချလေဟန်နှင့် အဘန်တန် အထပ်ထပ် မှာခဲ့သည်။

သည်တုန်းက....

'သူ ကျော်မီးတက်ချိန်တက်နေမှာပေါ့' ဟု သူ စောဒက တက်ကြည့်သေးသည်။

"မတက်ဘူးတဲ့၊ ငါ့ကို သေသေချာချာပြောတာ၊ ငါ့ယောက်မအကြောင်း ငါမသိဘဲနေပါ့မလား"

အငြိအစွန်းမလွတ်သော စကားကိုဆိုရင်း သူ၏စောဒကတက်မှုကို မမကြီးက ပယ်ချခဲ့သည်။ နောက်ဆုံးတော့





မပေးချင် ပေးချင်နှင့်ပင် မမကြီးအား သွားပို့ပေးမည်ဖြစ်ကြောင်း ကတိပေးလိုက်ရသည်။

စားပွဲပေါ်မှ ကြက်စွပ်ပြုတ် ပုလင်းကို ဒုတိယအကြိမ် ထပ်အကြည့် မီးဖိုထဲမှထွက်လာသော မေမေက....

"ဟဲ့....သား....မသွားသေးဘူးလား။ မင်းမမကြီးက ထမင်းစားချိန်မတိုင်ခင် အရောက်သွားပို့ပေးလိုက်ပါလို့ မှာသွားတဲ့ဥစ္စာ"

"ပို့ပါ့မယ်၊ ဖေဖေ့ကားများ ပြန်လာဦးမလားလို့"

"ဟဲ့....မလာဘူး၊ နင့်အဖေက နေ့လယ်မှ ပြန်လာမှာ၊ စောင့်မနေနဲ့၊ ဘတ်စ်ကားနဲ့ပဲသွားချေ"

မေမေ့ စကားကြောင့် အိပ်ခန်းတွင်းသို့ဝင်၍ အဝတ်အစားလဲရတော့သည်။ ထို့နောက် ကြက်စွပ်ပြုတ်ပုလင်းကို ပလတ်စတစ်အိတ်နှင့်ထည့်၍ အိမ်မှထွက်ခဲ့သည်။

မှတ်တိုင်ရောက်တော့ ကားက တော်တော်နှင့်မလာ။ စိတ်မရှည်လှခက်အောင် စောင့်ပြီးမှ အမြန်ယာဉ်တစ်စီးရောက်လာသည်။ ခြေနင်းခုံတွင်ပင်တွယ်၍ ခက်ခက်ခဲခဲလိုက်ခဲ့ရသည်။

မထားထားတို့ လမ်းထိပ်ရောက်တော့ တွေ့ရတော့မည့် ခင်လေးသစ်၏ မျက်နှာကို မြင်ယောင်လျက် ရင်ကခုန်ချင်သည်။ အိမ်ရှေ့သံဘာဂျာတံခါးရှေ့တွင်ရပ်လျက် အိမ်တွင်းသို့ လှမ်းကြည့်မိသည်။

လူရိပ်လူယောင်မမြင်ရ။ ကြက်စွပ်ပြုတ်ပုလင်းကို လက်ပြောင်းကိုင်ရင်း လူခေါ် ခေါင်းလောင်းကို နှိပ်မည်အပြု အိမ်တွင်းမှထွက်လာသော ခင်လေးသစ်ကို တွေ့ရသည်။

သူ့ကိုအတွေ့ 'ဪ'ဟု ရေရွတ်လျက် သူမတံခါးလာဖွင့်ပေးသည်။ မဝင်တော့ဘူးဟု ပြောမည်ပြုပြီးမှ 'ဝင်ပါဦး' ဟူသော သူမ၏စကားကြောင့် ကိုယ်ကို ငုံ့ကိုင်းလျက် အိမ်တွင်းသို့ ဝင်လိုက်မိသည်။

ဆက်တီတွင်ဝင်ထိုင်ရင်း ကြက်စွပ်ပြုတ်ပုလင်းကို စားပွဲပေါ် လှမ်းတင်လျက်....

"မမကြီးပို့ခိုင်းလိုက်တာ"

ခင်လေးသစ်က တံခါးကို ပြန်ပိတ်ရင်း သူ့ရှေ့မှခုံတွင် ဝင်ထိုင်သည်။

"မနေ့ကပဲ မမညိုညိုမြင့်ကို ကျွန်မတားလိုက်သေးတာ၊ မလိုပ်နဲ့နော်၊ လာမပို့ခိုင်းနဲ့လို့၊ ခက်တာပဲ၊ ဒုက္ခရှာလို့ရှင်"

ကြက်စွပ်ပြုတ်ပုလင်းကို ကြည့်ရင်း လှမ်းပြောလိုက်သည့် ခင်လေးသစ်ကို....

"ရပါတယ်"

ဟု တစ်ခွန်းပြောဖြစ်သည်။ ရင်ထဲမှာတော့ ဒုက္ခရှာလို့ရှင် ဟူသည့် စကားက ဘယ်သူ့ကို ရည်ညွှန်းလေသလဲဟု တွေးနေမိသည်။

ပေးစရာရှိတာပေးပြီးပြီပဲ၊ ပြန်သင့်ပြီထင်ပါရဲ့ဟု ကိုယ့်ကိုယ်ကိုသတိပေးရင်း ထိုင်ရာမှထလိုက်သည်။

"ကျွန်တော်ပြန်ဦးမယ် မခင်သစ်"





"ခဏလေး ကိုညိုထွန်းနိုင်"

ပြေစုပြောဆိုဆိုနှင့် သူမအိမ်တွင်းခန်းဘက်ဝင်သွားသည်။ သူမ၏ ခဏလေးဟူသော စကားကြောင့် ရပ်ပဲစောင့်နေရလား၊ ပြန်ထိုင်ရမလား ဝေခွဲမရ။ အတန်ကြာသည်အထိ ထွက်မလာသဖြင့် ပြန်ထိုင်လိုက်ရသည်။

တော်တော်ကြာမှ ကော်ဖီပန်းကန်ကို ကိုင်လျက် သူမ ပြန်ထွက်လာ၏။ သူမလက်ထဲမှ ကော်ဖီပန်းကန်ကို ငေးကြည့်နေမိသည်။ ငါ့အတွက် ကော်ဖီသွားဖျော်တာပါလားဟူသော အတွေးက ရင်တွင်းကို အေးစိမ့်စေ၏။

ခေါင်းကိုငုံ့လျက် သူ့ရှေ့သို့ ကော်ဖီခွက်ကိုချပေးနေသော သူမအား ဘာပြန်ပြောရမည်မသိ။

သူမသုံးနှုန်းခဲ့သလိုပဲ ဒုက္ခရှာလို့ဗျာဟု ပြန်ပြောရလေမည်လား....

ကျွန်တော်မသောက်တော့ဘူး မခင်သစ်၊ သွားစရာလေးရှိလို့ဟုဆိုလျက် ထပြန်ရမည်လား....

သို့မဟုတ် ဘာမှမပြောဘဲ ကော်ဖီခွက်ကိုယူလျက် မော့သောက်လိုက်ရလေမည်လား....

ဝေခွဲမရသော အတွေးတို့နှင့်အတူ....

သူမနှင့်တွေ့တိုင်း မပြတ်မသား တွေဝေနေတတ်သည့် ကိုယ့်ကိုယ်ကို မကျေမနပ် ဖြစ်နေမိသည်။

"သောက်လိုက်ပါဦး ကိုညိုထွန်းနိုင်"

"ဟုတ်ကဲ့"

နှုတ်ဆိတ်စွာ ကော်ဖီကို သောက်နေလိုက်မိသည်။

"ကျွန်မကြောင့် ကျောင်းထွက်မယ်လို့ ဆုံးဖြတ်ရတဲ့အဖြ
ဖြစ်သွားရတဲ့အတွက် ကျွန်မ စိတ်မကောင်းပါဘူး ကိုညို
ထွန်းနိုင်"

ဖြည်းညင်းစွာ ထွက်ပေါ်လာသည့် သူမ၏စကားကြော
လက်ထဲမှ ကော်ဖီပန်းကန်ပင် လွတ်ကျမတတ် ဖြစ်ရသည်၊

"မဟုတ်ပါဘူး မခင်သစ်၊ ကျွန်တော် ကျောင်းထွက်မ
ဆိုတာက ဟို....ဖေဖေ့လုပ်ငန်းမှာဝင်ပြီး ကူညီချင်လို့ပါ"

"ဩော်...."

ခပ်တိုးတိုး သူမရေရွတ်၏၊

အရာရာသည် တိတ်ဆိတ်ငြိမ်သက်သွားပြန်သည်၊ လက်
ထဲမှ ကော်ဖီခွက်ကိုပြန်ချရင်း ပြန်သင့်ပြီထင်ပါရဲ့ဟု စိတ်
ကူးလိုက်မိသည်၊

ထိုသို့ စိတ်ကူးလိုက်မိသည့်အချိန်တွင်မှ...

"ကျွန်မအားနာပါတယ် ကိုညိုထွန်းနိုင်၊ ဒါ....ဒါပေမယ့်
အကူအညီတစ်ခုလောက် ထင်ဘောင်းပါရစေဦး"

အဖျားခတ်တုန်ယင်လျက် ပြတ်တောင်းတုံ့ဆိုင်းစွာ ထွက်
ပေါ်လာသည့် သူမ၏အသံကြောင့် ခန္ဓာကိုယ်သည် တောင့်
ဖြစ်သွားမိ၏၊အသက်ပင်ရှူမိရဲ့လားဟုကိုယ့်ကိုယ်ကိုမသေချာ

"ကျွန်တော် ဘာကူညီရမလဲ မခင်သစ်"

"ကျွန်မ ကိုတင်ထက်နဲ့ တွေ့ချင်တယ်၊ အဲဒါ...."

"ဘယ်မှာချိန်းထားလို့လဲ မခင်သစ်...."

"မဟုတ်ဘူး ကိုညိုထွန်းနိုင်၊ မချိန်းဘူး"



ပြောသင့် မပြောသင့် စဉ်းစားနေဟန်ဖြင့် သူမ ခေတ္တ
တုံ့ဆိုင်းသည်၊

ပြီးမှ....

"သူ....သူ ကျွန်မဆီမလာတာ ကြာပြီ၊ ကျွန်မ သူ့ကို
လိုက်ရှာချင်တယ်၊ ဒါပေမယ့်...."

"ကျွန်တော်နားလည်ပြီ မခင်သစ်၊ သူ့ကို ကျွန်တော်
ရှာပြီး ဘယ်ကိုခေါ်လာခဲ့ရမလဲ"

တည်ငြိမ်စွာပင် သူပြန်မေးဖြစ်သည်၊

ထာဝရဖြည့်စွမ်းမယ်လို့ ရည်ရွယ်ထားခဲ့သေးတာပဲ မခင်
သစ်၊ သည်လောက်တော့ ကျွန်တော် ကူညီနိုင်ပါတယ်ဟု
ရင်ထဲမှပြောလိုက်မိသည်၊

"ဟင့်အင်း ကိုညိုထွန်းနိုင်၊ အဲဒါဆိုရင် သူလိုက်လာမယ်
မထင်ဘူး၊ ဒီလိုလုပ်ပါလား၊ ကျွန်မပါ တစ်ခါတည်းလိုက်ခဲ့
ပြီး သူ့ကိုရှာချင်တယ်"

"မဖြစ်ဘူးထင်တယ်"

"ဖြစ်ပါတယ် ကိုညိုထွန်းနိုင်၊ ကျွန်မ သူနဲ့ စကားနည်း
နည်း ပြောရုံတင်ပါပဲ"

စိတ်အားတက်ကြွစွာ ပြောလာသော သူမကို ငေးကြည့်
ရင်း ကြည်နူးရပြန်သည်၊ သူမသာ စိတ်ချမ်းသာမည်ဆိုလျှင်
အကြိမ်ပေါင်း မြောက်မြားစွာ ကူညီပေးချင်သောစိတ်တို့က
ရင်နှင့်အမျှ၊

"ဘယ်ဘော့လောက်သွားချင်သလဲ မခင်သစ်"

"ဖြစ်နိုင်ရင်တော့ ညနေ မမထား ကျောင်းကပြန်လာချိန် လောက် သွားချင်တယ်"

"ဒါဆို ကျွန်တော် ကားယူပြီး ညနေလာခဲ့မယ်"

သူ့စကားအဆုံး သိသာစွာ ဝင်းလက်သွားသော ချစ်သူ၏ မျက်နှာကို စိုက်ငေးရင်း လှောင်မြိုက်ခြင်းနှင့် လန်းဆန်းခြင်း တို့ကို တစ်ပြိုင်နက် ခံစားလိုက်ရသည်။

❁



(၄)

"အိမ်သိသလား မခင်သစ်"

ကားမောင်းထွက်ရင်းမှ သူ မေးလိုက်သည်။

"ဝင်ဒါမီယာဆိုတာတော့ သိတယ်၊ ခြံနံပါတ်တော့ သေ သေချာချာ မသိဘူး"

သူမ၏အပြောကြောင့် စိတ်ပျက်သွားရ၏။

"ခန့်မှန်းခြေလောက် မသိဘူးလား"

"ဟင့်အင်း...."

ရှေ့မှအားကို ကျော်တက်ရင်း ရန်ကင်းမှာတော့ ရှိနိုင် တယ်ဟု တွေးမိသည်။

"ဒုက္ခပဲ....ကျွန်မကလဲ ဘာမှ ရေရေရာရာ မှတ်မထားမိ ဘူး။ ဘယ်လိုလုပ်ကြမလဲ ကိုညိုထွန်းနိုင်"

"ရပါတယ်.... လူရှိနိုင်မယ့် နေရာတစ်နေရာ ကျွန်တော်သိထားတယ်၊ ကံကောင်းရင်တော့ တွေ့မှာပါ"

"ဘယ်မှာလဲ ကိုညိုထွန်းနိုင်"

"ရန်ကင်း...."

သူမမျက်နှာကို တစ်ချက်လှည့်ကြည့်ရင်း သူ ပြောလိုက်သည်။ ကွက်ခနဲပျက်သွားသည့် သူမ၏မျက်နှာက ဟန်ဆောင်၍မရ။

သိသာစွာ နှုတ်ဆိတ်ငြိမ်သက်သွားသော သူမကို တစ်ချက်ငဲ့ကြည့်ရင်း စိတ်မကောင်းဖြစ်ရသည်။

မြေနီကုန်းမှသည်လှည်းတန်းမီးပွိုင့်ရောက်သည်အထိ သူမ စကားတစ်ခွန်းမျှ မဟတော့။

ပြတင်းပေါက်မှ တိုးဝင်လာသည့် လေအဟုန်ဖြင့် လွင့်မျောနေသည့် သူမ၏ ဆံစရှည်တို့က လှပစွာ လှုပ်ခတ်နေသည်။

တစ်ချက်တစ်ချက် ရှူရှိုက်ခွင့်ရသည့် သူမ၏ကိုယ်သင်းနံ့က ယခင်ကနှယ် မွှေးပျံ့ချိုမြိန်နေဆဲ။

တက္ကသိုလ်ရိပ်သာလမ်းအတိုင်း မောင်းလာလျက် အင်းလျားလမ်း မီးပွိုင့်အလွန်၌ သူ စကားစလိုက်မိသည်။

"ဒီအချိန်ဆို ကိုတင်ထက် ကျောင်းဆင်းပြီးလောက်ရောပေါ့နော်"

"ဆင်းပြီးလောက်ပါပြီ၊ သူက စောစောပြန်တတ်တာ"

လှိုင်စာပေ

ဒါဆိုရင်တော့ ရှိလောက်ပါရဲ့ဟု တွေးလိုက်မိသည်။ လမ်းကြီးမှ မြေနီလမ်းသို့ ချိုးအဝင်မှာပင် တင်ထက်၏ကားကို တွေ့ရ၏။

သူကားနောက်မှာရပ်ရင်း....

"အောက်ကပဲစောင့်နော်၊ ကျွန်တော် တက်ခေါ်လိုက်မယ်"

"ကိုညိုထွန်းနိုင် ခဏ"

လှည့်ထွက်ခါနီးမှ လှမ်းပြောလိုက်သော သူမ၏ စကားကြောင့်....

"ဘာလဲ မခင်သစ်"

"သူဆင်းလာရင် ကျွန်မ ဒီ....ဒီနေရာမှာ စကားမပြောချင်ဘူး၊ တစ်နေရာရာခေါ်သွားပြီး ပြောချင်တယ်"

"ကောင်းပြီလေ.... ကျွန်တော်ပြောလိုက်မယ်"

ပြောပြောဆိုဆိုနှင့် သူ ထွက်လာမိသည်။ မိုးကျော်တို့ တိုက်ခန်းသို့ အကြည့်ရောက်မိသေးသည်။

သို့သော် မိုးကျော်က ကြည့်မြင်တိုင်အိမ်မှာ သွားနေနေသည်တဲ့ဆိုသဖြင့် ရှိမည်မဟုတ်ဟု တွေးလိုက်မိသည်။

တိုက်လှေကားတို့ကို စိတ်လှုပ်ရှားစွာ တက်လာရင်းမှ တင်ထက် ရှိပါ့မလားဟု တွေးမိ၏။

ရှိမှာပါ....

အောက်မှာ တင်ထက်ရဲ့ကား ရှိနေတာပဲ၊

ဒါပေမယ့် တကယ်လို့ တင်ထက်က မလိုက်ဘူးဆိုရင် ဘယ်လိုလုပ်မလဲ....

လှိုင်စာပေ

ဟုတ်တယ်....တင်ထက်မလိုက်ရင် ဘယ်လိုလုပ်မလဲ....

ယောက်ယက်ခတ်နေသည့် အတွေးတို့ဖြင့် စိတ်သည် လှုပ်ရှား၏။

ဒုတိယထပ်အရောက် တံခါးအစိမ်းဖြင့် အခန်းဆီသို့ ဦးတည်၏။

စေ့ထားသည့် တံခါးအကြားမှ တင်ထက်၏ စကားသံ သဲ့သဲ့ကို ကြားရ၏။

တံခါးကို ဝုန်းခနဲဆောင့်တွန်းလျက် ဝင်လိုက်ချင်သော်လည်း လူမှုရေးဟူသော အသိက တံခါးခေါက်ဖြစ်စေသည်။

တံခါးကိုဆွဲအဖွင့် သူ့ကိုမြင်လိုက်သည်နှင့် တင်ထက်၏ မျက်နှာက သိသာစွာ ပျက်ယွင်း၏။

ဘာကိစ္စလဲဟု တင်ထက်မမေးခင်မှာပင် တင်ထက်၏ မျက်လုံးတို့ကို စိုက်ကြည့်ရင်း....

"အောက်မှာ မခင်သစ်ပါတယ်"

မခင်သစ်ဟူသော အမည်ကို ကြားသည်နှင့် တင်ထက်၏ မျက်နှာက မည်းခနဲဖြစ်သွားသည်။

'ခဏ'ဟု တင်ထက်ပြောရင်း ဧည့်ခန်းဆက်တီတွင် ထိုင်နေသည့် မိန်းကလေးဘက်လှည့်ကာ....

'ကိုကို့သူငယ်ချင်းနဲ့ အပြင်လိုက်သွားဦးမယ်'ဟု လှမ်းပြောသည်။

"လာဗျာ....ကိုညိုထွန်းနိုင်"

မူမမှန်သောလေသံဖြင့် တင်ထက်ပြောရင်း ကားဆီသို့ လှမ်း၏။





"မခင်သစ်က ဒီမှာ စကားမပြောချင်ဘူးတဲ့ ကိုတင်ထက်၊ ဒီတော့ အင်းလျားမှာဖြစ်ဖြစ် သွားကြတာပေါ့၊ ကျွန်တော့်ကားနဲ့ လိုက်ခဲ့ပါ"

"နေပစေ ကိုညိုထွန်းနိုင်၊ ကျွန်တော့်ကားနဲ့ပဲ ကျွန်တော် လိုက်ခဲ့မယ်၊ ခင်ဗျားတို့ ရှေ့ကသွားနှင့်"

"ကောင်းပြီလေ"

တင်ထက်၏မျက်နှာကို ခပ်တည်တည်စိုက်ကြည့်ရင်းပြောလိုက်သည်။

* * *

နောက်ကြည့်မှန်မှတစ်ဆင့် ကုန်းလျှောလမ်းအတိုင်း လှိမ့်ဆင်းလာသည့် တင်ထက်၏ ဆန်နီကားအပြာလေးကို တွေ့ရသည်။

"လာပြီ မခင်သစ်၊ ကဲ.... မခင်သစ်တို့နှစ်ယောက် အေးအေးဆေးဆေးပြောကြ၊ ကျွန်တော် ဟောဟိုနားမှာ ရှိနေမယ်"

"ဟုတ်ကဲ့...."

တံခါးကိုဖွင့်၍ဆင်းရင်း ရေသဖန်းပင်အောက်သို့ လျှောက်လာမိသည်။

အိတ်ထဲမှ စီးကရက်တစ်လိပ်ကိုထုတ်လျက် မီးညှိရင်း ခင်လေးသစ်တို့ဘက် တစ်ချက် လှမ်းကြည့်လိုက်မိသည်။

တင်ထက်က သူ့ကားနှင့် ယှဉ်၍ ရပ်ရင်း တံခါးဖွင့်ကာ ဆင်းလာ၏။

နေက သိပ်မပူတော့သည့်တိုင် တင်ထက်၏ မျက်နှာ၌ 'မောင်းနှင်သော' နေကာမျက်မှန်အနက်တပ်လျက်၊ ဘောင်းဘီအိတ်ထဲသို့ လက်နှိုက်ရင်း ကားနှစ်စီးအကြားတွင် တင်ထက် ရပ်၏။

ခင်လေးသစ်က လိပ်ခုံးကား၏ ညာဘက်တံခါးပေါက်မှ ဖွင့်ဆင်းလျက် ကားကိုပတ်ကာ တင်ထက်ဆီသို့ လျှောက်၏။ လေတစ်ချက်အဝှေ့ ခင်လေးသစ်၏ ဆံပင်တို့က ဝဲခနဲဖြစ်သွားသည်။

မိကျောင်းစပို့ရှပ်ပေါ်မှ ထပ်ဝတ်ထားသည့် ဂျင်းကုတ်ကို တင်းတင်းဆွဲစေ့ရင်း ခင်လေးသစ် တင်ထက်ကို တစ်စုံတစ်ခု ပြောသည်။

တင်ထက် ရယ်လိုက်သည်ကို လှမ်းတွေ့ရ၏။

ဒါပါပဲ.... နောက်ဆုံးတော့ သူတို့ ပျော်ကြတာပါပဲ။

အားငယ်စွာတွေးရင်း စီးကရက်တိုကို ဖွာရှိုက်ကာ အကြည့်လွှဲမိသည်။

ခပ်ဝေးဝေး ရေပြင်ထက်တွင် ငှက်တစ်အုပ် ပျံသွားကြသည်ကို လှမ်းကြည့်ရင်း ပင့်သက်တစ်ချက် ရှိုက်လိုက်မိ၏။



ရွှေရောင်ဝင်းလက်နေသည့် နေ့တစ်နေ့၏ နောက်ဆုံးရောင်ခြည်တို့က အရာတိုင်းကို လိမ္မော်ရောင်နုနု လွှမ်းစေ၏။ ညာဘက်သို့ငဲ့လျက် ရေသဖန်းပင်၏ ပင်စည်ကို အကြည့် ရွှေရောင်လက်နေသည်ကို တွေ့ရသည်။

အရာရာတိုင်းဟာ ဆည်းဆာအောက်မှာ ရွှေရောင်သက်နေကြတာပဲဟူသည့် အတွေးက ခင်လေးသစ်ကော ဘယ်လိုနေမလဲ ဟူသည့် သိချင်စိတ်ကို ဖြစ်စေသည်။

ဝင်းဝါနုညက်နေတဲ့ အသားအရေနဲ့....

ခါးထိအောင် ရှည်ကျနေတဲ့ ဆံချည်မျှင်တွေနဲ့.... သူမကော....

ဟောသည်ဆည်းဆာရဲ့အောက်မှာ ဘယ်လိုများ နေလေမလဲဟူသည့် သိချင်စိတ်က ဦးခေါင်းကို သူမတို့ဘက်သို့ တစ်ဖန် လှည့်မိစေသည်။

ယင်းသို့ ဦးခေါင်းကိုငဲ့စောင်းလျက် သူ လှည့်အကြည့်မှာ ပင် ဘယ်လိုမှ မယုံကြည်နိုင်စရာ မြင်ကွင်းကို တွေ့လိုက်ရသည်။

မျက်လုံးများက ဘယ်လိုမှ လွှဲမှားနိုင်စရာမရှိ၊ သူစွဲလမ်းမြတ်နိုးခဲ့ရသော၊ သူ ထာဝရ တန်ဖိုးထားခဲ့သော သူ၏ ခင်လေးသစ် ဝမ်းနည်းစွာ ငိုရှိုက်နေခြင်းပင် ဖြစ်သည်။

ရင်ခုန်ခြင်းမှန်သမျှ ရပ်ဆိုင်းလျက်၊ အသက်ဝိညာဉ် ကင်းမဲ့စွာ မှင်တက်မိ၏။

မျက်နှာကို လက်ဝါးဖြင့်အုပ်လျက် ငိုရှိုက်နေသော ခင်လေးသစ်ကို တင်ထက် တစ်စုံတစ်ရာ လှမ်းပြောသည်။

ခင်လေးသစ်က တင်ထက်ကို ခေါင်းမော့လျက်ကြည့်၏၊ ဘာမှတော့ ပြန်ပြောဟန်မတူ။

တင်ထက်က ဘောင်းဘီအိတ်ထဲမှ လက်တစ်ဖက်ကို ထုတ်ရင်း ဆန်နီကားတံခါးကို ဆွဲဖွင့်ကာ ဝင်ထိုင်သည်၊ ခင်လေးသစ် မတား။

တင်ထက်က အနက်ရောင် ဘေးမှန်ကို တင်လိုက်သည်၊ ပြီးတော့ စက်နှိုးလျက် အရှိန်ပြင်းစွာ ကားမောင်းထွက်သွားသည်၊

ငေးကြောင်ကြည့်နေရာမှ အသိဝင်ကာ ခင်လေးသစ်ဆီသို့ အပြေးသွားမိသည်။

"မခင်လေးသစ်....သူ ဘာပြောသွားသေးသလဲ"

ခင်လေးသစ် မဖြေ၊ ခေါင်းကိုခါယမ်းလျက် ကားထဲသို့ ဝင်ထိုင်သည်၊ ယာဉ်မောင်းခန်းဘက်သို့ ပတ်၍ ဝင်ထိုင်လိုက်မိသည်၊

သို့သော်....စက်မနှိုးဖြစ်၊ ခင်လေးသစ်ကိုသာ စိုးရိမ်စွာ စိုက်ကြည့်နေမိသည်၊

"ပြန်....ရ....အောင်....ကိုညိုထွန်းနိုင်"

တုန်ယင်သောအသံဖြင့် သူမပြောသည်။





"မပြန်ဘူး မခင်သစ်၊ ကျွန်တော့်ကိုပြောပါ၊ တင်ထက် ဘာပြောသွားလို့လဲ"

သူ့မေးခွန်း အဆုံးမှာပင် ခင်လေးသစ် မျက်နှာကို လက်ဝါးဖြင့်အုပ်လျက် ငိုချလိုက်သည်။

"သူ....သူ....ကျွန်မကို လက်....မထပ်နိုင်ဘူးတဲ့"

"ဗျာ...."

( ၅ )

ရင်ထဲက ဝမ်းနည်းခြင်းမှန်သမျှကို ကောင်းစင်အောင်ဖယ်ရှားပစ်နိုင်မယ့် စကားတစ်ခွန်း၊ အကြည့်တစ်ချက်၊ လုပ်ဆောင်မှု တစ်ခုခုသာ ရှိမယ်ဆိုရင်....ခုချိန်မှာ ဘာမဆို ကျွန်တော် လုပ်ချင်နေပါတယ် မခင်သစ်....

တင်းပြတ်စိမ်းကားစွာ ငြင်းဆန်ခြင်း ခံခဲ့ရပြီးတဲ့ မိန်းကလေး တစ်ယောက် အတွက် အသင့်တော်ဆုံး.... နှစ်သိမ့်စကားလုံးဟာ....ဘာလို မည်မည်ရရ အဖြေရှာမရတဲ့ ကိုယ့်ရဲ့ ဦးနှောက်ကို ကိုယ့်ဘာသာကိုယ် မကျေမနပ် ဖြစ်နေမိပါတယ်။

သူမ၏ တိုးသက်တုန်ခါသော ငိုရှိုက်သံက ကားအတွင်း လွှမ်းခြုံလျက် ရှိသည်၊ တိုးညင်းစွာ ထွက်ပေါ်နေသည့် ငိုရှိုက်သံတို့ကို သည်းခံခြင်းငှာ မစွမ်းသာတော့။



အံကို တင်းတင်းကြိတ်လျက် အဝေးသို့ လှမ်းမျှော်ကြည့်နေရာမှ သူမဘက်သို့ လှည့်ကာ စကားစမိ၏၊

"ခု....မခင်သစ်....ဘာလုပ်ချင်သလဲ"

သူစကားကြောင့် ခင်လေးသစ် မျက်နှာခမော့၏၊

"ကျွန်မ....ကျွန်မ....သေချင်တယ်"

"ဟာ....မဟုတ်တာဘဲ မခင်သစ်"

"ကျွန်မ....သေချင်တယ် ကိုညိုထွန်းနိုင်"

ပြောလျက်မှ သူမ ငို၏၊

"မဟုတ်တာဘဲ မခင်သစ်၊ ဘာလို့ သေရမှာလဲ၊ သစ္စာမရှိတဲ့ ယောကျ်ား တစ်ယောက်ကြောင့် သေရမယ် ဆိုတာ အဓိပ္ပာယ်မှ မရှိတာဘဲ"

"ဒါ....ဒါဆို....ကျွန်မ....ဘာလုပ်ရမှာလဲ ကိုညိုထွန်းနိုင်....ကျွန်မ...."

"မခင်သစ် အိမ်ပြန်ရမှာပေါ့၊ မခင်သစ်ဘဝမှာ လုပ်စရာတွေ အများကြီး၊ မခင်သစ် ကျောင်းတက်ရမယ်၊ ပြီးရင်...."

"ကျွန်မ....ဘယ်လိုရင်ဆိုင်ရမှာလဲ ကိုညိုထွန်းနိုင်၊ ကျွန်မ ပတ်ဝန်းကျင်ကို ဘယ်လို....ရင်ဆိုင်ရမလဲ...."

အဖျားခတ်ကာ တိုးဝင်သွားသည့် စကားသံအဆုံးမှာ ပင် သူမ ဝမ်းနည်းစွာ ရှိုက်၏၊ တသိမ့်သိမ့်တုန်ယင် လှုပ်ယမ်းနေသော သူမ၏ ကိုယ်လေးကိုကြည့်ရင်း ဆွတ်ကျင်ကြေကွဲခြင်းတို့က ရင်၌ ပြန့်၏၊

"ဘာ....ရင်မဆိုင်ရဲစရာရှိသလဲ မခင်သစ်၊ ဒါဟာ....ပတ်ဝန်းကျင်ကို ရင်မဆိုင်ရဲလောက်အောင် ဝမ်းနည်းရမယ့် ကိစ္စတစ်ခုမှ မဟုတ်ဘဲ"

"မဟုတ်ဘူး....ကိုညိုထွန်းနိုင်....ကျွန်မ.... ကျွန်မ"

စကားသံတို့က တိုးဝင် ပျောက်ကွယ်၏၊ အောက် နှုတ်ခမ်းကို သွားဖြင့် ဖိကိုက်ရင်း သူမ အသံမဲ့စွာ ရှိုက်လိုက်သည်။

"ပြော....မခင်သစ်....ဘာပြောချင်သလဲ"

"ကျွန်မမှာ....ကျွန်မမှာ...."

"............"

"ကိုယ်ဝန်...."

"ဗျာ...."

ခန္ဓာကိုယ် တစ်ခုလုံး ကြေဝဥ္စာ ပြင်ပသို့ လွင့်စဉ်သွားသည့်နှယ် ခံစားရ၏၊ ချုပ်တည်းထားမှု မှန်သမျှ ပေါက်ကွဲပြိုပျက်သည်၊ အံကို တင်းတင်းကြိတ်လျက် လက်တို့သည်ကား စတီယာရင်ကို ကျစ်ကျစ်ဆုပ်မိသည်။

"ဘာ....မခင်သစ်၊ မခင်သစ် ပြောလိုက်တာ...."

"တကယ် ကိုညိုထွန်းနိုင်....ကျွန်မမှာ ကိုယ်....ကိုယ်ဝန်ရှိနေ...."

"သေချာလား မခင်သစ်....သေချာရဲ့လား...."

သူမ ခေါင်းညိတ်ပြ၏။

"မဖြစ်နိုင်တာဘဲ....ဒါ....ဒါတော့ မဖြစ်နိုင်ဘူး ထင်ပါရဲ့ မခင်သစ်"





မယုံကြည်နိုင်စွာ၊ အံ့ဩထိတ်လန့်စွာ ခေါင်းကို ခါယမ်းနေမိ၏။

"အဲဒါကြောင့် ကျွန်မ သူ့ကို လက်ထပ်ဖို့ ပြောခဲ့တာ၊ ဒါပေမယ့် သူ ငြင်းတယ် ကိုညိုထွန်းနိုင်၊ သူ....သူ.... ငြင်းသွားခဲ့တယ်"

"တောက်....ကျွန်တော် ဒီကောင့်ကို သတ်ပစ်လိုက်မိဖို့ကောင်းတာ မခင်သစ်၊ တကယ်....ကျွန်တော်....ဒီကောင့်ကို သတ်ပစ်လိုက်ရမှာ"

လက်သီးကို ကျစ်ကျစ်ပါအောင် ဆုပ်ရင်းမှ ပြောဖြစ်သည်။

"မခင်သစ် ဘာဖြစ်ချင်သလဲ ပြော၊ ကျွန်တော် ဘာလုပ်ပေးရမလဲ၊ ဒီကောင့်ကို သွားခေါ်ပေးရမလား....

"အို.... ရှုပ်တယ်ဗျာ၊ လာ အခုသွားမယ်၊ လက်ထပ်မလား၊ မထပ်ဘူးလား အပြတ်မေးမယ်၊ တာဝန်မဲ့ စကားပြောရင် ကျွန်တော် ကိုယ်တိုင် ဒီကောင့်ကို...."

"ခဏလေး....ကိုညိုထွန်းနိုင်....ခဏလေး"

ကားစက်ကိုနှိုးရန်ပြင်သော သူ့ကို ခင်မလေးသစ် အတင်းတား၏၊ နားမလည်နိုင်စွာ သူမကို ကြည့်မိသည်။

"ကျွန်မ ပြောမယ်....ကိုညိုထွန်းနိုင်၊ ကျွန်မ.... ကျွန်မ သူနဲ့ မတွေ့ချင်တော့ဘူး"

"မဟုတ်သေးဘူး....မခင်သစ်"

"ဟုတ်ပါတယ် ကိုညိုထွန်းနိုင်၊ ကျွန်မကိုယ်ကျွန်မ သိပါတယ်၊ ကျွန်မ ရင်ထဲမှာ သူ ကျွန်မကို လက်ထပ်လာစေ

တာ မှန်ပါတယ်၊ ဒါပေမယ့်.... သူ ကိုယ်တိုင် လိုလိုချင်ချင်နဲ့ လက်ထပ်လာတာမျိုးကိုပဲ လိုချင်တယ် ကိုညိုထွန်းနိုင်....

"ဘေးလူက တိုက်တွန်းမှ လက်ထပ်ပါ့မယ်လို့ ခေါင်းညိတ်တာမျိုး မဖြစ်စေချင်ဘူး၊ ပြီးတော့.... ကျွန်မက စပြီး မိန်းကလေး တန်ပဲနဲ့ လက်ထပ်ကြရအောင် စပြောတာကိုတောင် စောပါသေးတယ်လို့ ပြောရကတဲ့ ယောကျ်ားတစ်ယောက်ရဲ့ စိတ်ကို ကိုညိုထွန်းနိုင်လဲ ပြောင်းလဲစေနိုင်မှာ မဟုတ်ပါဘူး"

တုန်ခါလွန်းသော အသံလေးဖြင့် အားကိုးရာမဲ့စွာ ပြောလာသည့် သူမ၏ စကားကို နားထောင်ရင်း ရင်ထဲမှာ နင့်ခနဲ ခံစားလိုက်ရသည်။

မသွားနဲ့.... မတွေ့ချင်ဘူး၊ သူ လက်ထပ်မှာ မဟုတ်ပါဘူးဟူသည့် စကားတွေက အားလျော့သည့် စကားတွေပဲလား....ဒါမှမဟုတ် ဘဝတစ်လျှောက်လုံးအတွက် အချစ်ဆုံးဆိုတဲ့ လူကို အသည်းထဲက တမင်ဆွဲထုတ်ပစ်လိုက်တဲ့စကားတွေပဲလား....ဝေခွဲ၍ မရ။

ပန်းနုရောင် လက်ကိုင်ပဝါလေးနှင့် အဆက်မပြတ် ကျဆင်းနေသည့် မျက်ရည်တို့ကို ကြိုးစား၍ သုတ်နေသော သူမကို ငေးကြည့်နေမိသည်။

"ဒါဆို....မခင်သစ်ဘာလုပ်မလဲ၊ ဟိုလေ....စိတ်ချရတဲ့...."

သူ့စကားမဆုံးခင်မှာပင် သူမက ခေါင်းကို ခါယမ်းလျက် အတင်းဖြတ်ပြောသည်။

"ဟင့်အင်း....ကိုညိုထွန်းနိုင်၊ ကျွန်မ ....ကျွန်မ ဒီကလေးကို မွေးမယ်၊ ဒါ....ဒါပေမယ့်.... ပတ်ဝန်းကျင်က ကျွန်မကို...."





"ဟုတ်တယ် မခင်သစ်၊ ဝိုင်းပြောကြလိမ့်မယ်၊ ဝိုင်းကဲ့ရဲ့ကြလိမ့်မယ်၊ စဉ်းစားပါ မခင်သစ်"

သူ တစ်လုံးချင်း ရှင်းပြလိုက်မိသည်။ ခင်လေးသစ်က ခေါင်းကို ခါယမ်းလျက် တစ်ချက် ရှိုက်၏။

ပြီးတော့မှ ငိုသံတို့ဖြင့် ရောပြွမ်းလျက် 'ကျွန်မ ရင်သွေးလေးကိုတော့မွေးချင်တယ် ကိုညိုထွန်းနိုင်' ဟု ဗလုံးဗထွေး လေသံဖြင့် ပြောသည်။

စိတ်ကျဉ်းကျပ်ရှုပ်ထွေးစွာ အံကို တင်းတင်းကြိတ်ထားလိုက်မိသည်။

မမိုက်ချင်ပါနဲ့ မခင်သစ်ရယ်.... မခင်သစ် ဘဝမှာ လူ[illegible]ကာ လက်ညှိုးထိုးစရာ အမည်းစက်တစ်ခု ထင်ကျန်ရစ်မှာ ကျွန်တော် မလိုလားဘူး.... ကျွန်တော် အသက်ထက်မှ မြတ်နိုးခဲ့ရတဲ့ မိန်းကလေး တစ်ယောက်ကို ပတ်ဝန်းကျင်က ဝိုင်းပြီး ကဲ့ရဲ့ကြမှာ ကျွန်တော် မလိုလားဘူး....

မဖြစ်နိုင်တာကို စိတ်ကူးမယဉ်စမ်းပါနဲ့ မခင်သစ်—

"ကျွန်မ....ဘာလုပ်ရမလဲ ကိုညိုထွန်းနိုင်"

ခေါင်းကို မော့လျက် သူ့အား အားကိုးတကြီး ကြည့်ရင်း သူမ မေး၏။ သူ့အတွက် အဖြေတစ်ခုကို [illegible]န် ပြောလိုက်ချင်သော်လည်း ဖြေစရာစကားက ရှားပါးလွန်းလှသည်။

ပင့်သက်မော တစ်ခုကို ရှိုက်သွင်းလျက် သူမကို ကြည့်ရင်း မေးလိုက်မိသည်။

"မခင်သစ်....ဒီကလေးကို မွေးချင်တယ်ပေါ့"

မျက်ရည်တို့ဖြင့် ပြည့်လျှမ်းလျက် ရဲနီသော မျက်ဝန်းအစုံက မျှော်လင့်ချက်တို့ဖြင့် လက်ခနဲ ဖြစ်သွားသည်ဟု ထင်မိသည်။ သူမ သူ့ကိုငေးကြည့်ရင်း ခေါင်းညိတ်ပြသည်။

သူမ၏ ပြတ်သားသော အဖြေအတွက် လိုက်ခနဲ ဖြစ်သွားသည်။ ငါဘာလုပ်ရမလဲ....ဘယ်လို အကြံပေးရင် ကောင်းမလဲ ဟူသော မေးခွန်းတို့က ဦးနှောက်ထဲတွင် ပဲ့တင်ထပ်လျက် ဆူညံမြည်ဟိန်း၍ သွားသည်။

ဘဝမှာ ဘယ်တော့မှ မပြောတော့ဟု ဆုံးဖြတ်ထားခဲ့သည့်စကားတို့ကိုပြောရလေမလားဟူသောအသိက ဦးခေါင်းတွင်းသို့ ဖျတ်ခနဲ တိုးဝင်၍ လာသည်။

ပြောရမလား.... ပြောလိုက်ရင် ကောင်းမလား.... ဟု ဇဝေဇဝါဖြစ်စွာ မွန်းကျပ်နေမိသည်။

မျှော်လင့်မထားဘဲ ကြားလိုက်ရတဲ့စကားတစ်ခွန်းအတွက် သူမ ဘယ်လိုထင်သွားမလဲ....ဘယ်လိုများ တုံ့ပြန်မလဲ....

စိုးရွံ့သော အတွေးတို့ဖြင့် နှုတ်ခမ်းအစုံက လေးလံခြောက်ကပ်လွန်းနေမိသည်။

ဒွိဟဖြစ်စွာ နှုတ်ဆိတ်နေမိသော သူ့ဆီသို့ သူမ၏အကြည့်က ဖျတ်ခနဲ ရောက်လာသည်။ ဝင်းလက် ရဲနီသော မျက်ဝန်း အစုံဆီမှ အားကိုးအားထားပြုမှု အရိပ်အယောင်ကို ကြေကွဲစွာ သတိပြုမိသည်။

အံကို တင်းတင်းကြိတ်ရင်း ပြောတော့မည်ဟု စိတ်ကို ပိုင်းဖြတ်လိုက်မိသည်။ သူမ ဘယ်လိုထင်ထင်ပါ။ သူမ အတွက် ထွက်ပေါက်က သည်တစ်ပေါက်တည်းရှိတော့တာပဲ။





"မခင်သစ်...."

"ရှင်...."

"ကျွန်....ကျွန်တော်"

ပြောတော့မည်ဟု ဆုံးဖြတ်ပြီးပါလျက် မဝံ့ရဲစွာ ရပ်ဆိုင်း၏။ ခြေဖျား လက်ဖျားတို့ အေးစက်နေမည် ဖြစ်ကြောင်းကို ကိုယ့်ကိုယ်ကို သိ၏။

အားကိုးစွာဖြင့် ငေးကြည့်လာသည့် သူမ၏ မျက်ဝန်းတို့ကို ရှောင်လွှဲရင်း အားတင်းလိုက်မိသည်။

"ကျွန်တော်....မခင်သစ်ကို လက်ထပ်ပါရစေ"

"ရှင်...."

သူမ၏ မျက်ဝန်းတို့ ဝိုင်းစက်သွား၏။

"အို....မ....မဖြစ်နိုင်တာဘဲ ကိုညိုထွန်းနိုင်"

အံ့ဩထိတ်လန့်စွာ သူမ ငြင်းသည်။

"ပွဲလန့်တုန်း ဖျာခင်းတဲ့လူလို ထင်ချင်လဲ ထင်ပါတော့ မခင်သစ်၊ ကျွန်တော် မခင်သစ်ကို ဟိုးအလျင်ကတည်းက ချစ်နေခဲ့မိတဲ့ လူပါ"

အဝေးသို့ မျှော်ငေးလျက် ပြောဖြစ်သည်။

"ဒါပေမယ့်....ကျွန်တော့်အပေါ် ပြန်ချစ်နိုင်မှာ မဟုတ်တဲ့ မခင်သစ်အတွက် စိတ်အနှောင့်အယှက်ဖြစ်မှာစိုးလို့ ကျွန်တော် မပြောခဲ့ဘူး၊ ဘယ်တော့မှလဲ မပြောတော့ဘူးလို့ ရည်ရွယ်ထားခဲ့တာ....

"ကျွန်တော် မခင်သစ်ကို စိတ်ဆင်းရဲမှာ မမြင်ချင်ဘူး မခင်သစ်၊ ကျွန်တော် မခင်သစ်ကို ပျော်စေချင်တယ်၊ မခင်

သစ်ကို စိတ်ချမ်းသာစေချင်ဘယ်၊ ခု ဖွင့်ပြောရတာလဲ မခင်သစ်ရဲ့ ရှေ့ရေးအတွက်ပါ....

"ခုလို ဖွင့်ပြောလိုက်ရလို့ ကျွန်တော့်ဘဝဟာ သေပျော်ပြီလို့ သတ်မှတ်နိုင်ဘဲ့အထိ ကျွန်တော် ပျော်သွားတာ၊ ကျေနပ် ဝမ်းသာသွားတာ၊ ကြည်နူးသွားရတာ မှန်ပါတယ် မခင်သစ်...."

စကားသံတို့က တုန်ယင်လွှန်းလှသည်ဟု ကိုယ့်ကိုယ်ကို သတိထားလိုက်မိသည်။

"ဒါပေမယ့်....အဲ့လို ပျော်ချင်လို့၊ ကျေနပ်ဝမ်းသာချင်လို့၊ ကျွန်တော်ရဲ့ စိတ်ချမ်းသာမှု တစ်ခုတည်းကို ကြည့်ပြီး ပြောတာ မဟုတ်ပါဘူး မခင်သစ်.... မခင်သစ်ရဲ့ ရှေ့ရေး ကြောင့်သာ မဟုတ်ရင် ဒီစကားကို ကျွန်တော် မပြောရလို့ ကျွန်တော် ဘယ် လောက် ပဲ ခံစားရပါစေ ကျွန်တော် မပြောဘူး....

"ပြောမှာ မဟုတ်ဘူး မခင်သစ်၊ မခင်သစ်ကို စိတ်ချမ်းသာစေချင်တာ သက်သက်ပါ မခင်သစ်၊ မခင်သစ် နားလည်ပါ၊ ကျွန်တော် မခင်သစ်ကို လက်ထပ်ပါရစေ"

သူမ အံ့သြသော မျက်ဝန်းတို့ဖြင့် သူ့ကို စေ့စိုက်၍ကြည့်သည်။ ထို့နောက် ခေါင်းကို ငုံ့လျက် တစ်ချက်ရှိုက်ရင်း....





'ကိုညိုထွန်းနိုင်ရယ်....'

ဟု သံစဉ် နိမ့်မြင့်မမှန်သော လေသံဖြင့် ရေရွတ်သည်။

ဝန်းကျင်ဘစ်ခုလုံး လျော့ရဲသည့် အမှောင်ထုက စတင်လွှမ်းလာသည်၊ လေတစ်ချက်အဝှေ့ သစ်ရွက်ကြွေသံသဲ့သဲ့ကို ကြားရသည်။

❋

( ၆ )

"မြန်လှချည်လား"

မိုးကျော်က အံ့သြစွာ ရေရွတ်သည်၊ တင်အောင်ကတော့ စကားပင် မပြောနိုင်လောက်အောင် ကြိတ်အော်သနေသည်၊ အတန်ကြာမှ နှစ်ယောက်စလုံးပြိုင်တူလိုလို ထရပ်ရင်း လက်ဆန့်တန်းကာ....

'ကွန်ကရက်ကျူလေးရှင်းကွာ'

ဟု ဝမ်းသာအားရပြောကြသည်၊ သူပြုံးလျက်တစ်ယောက်ချင်း လက်ဆွဲနှုတ်ဆက်လိုက်မိသည်၊ မိုးကျော်က ခုံမှာ ပြန်ထိုင်ရင်း ခေါင်းတယမ်းယမ်းပြုရင်း....

"ဒီအခြေအနေမျိုး ရောက်လာလိမ့်မယ်လို့ကို မထင်ဘူး၊ နေစမ်းပါဦး.... ဘယ်လိုကနေ ဘယ်လို အဆင်ပြေသွားတာလဲ"





"ဒီလိုပေါ့ကွာ.... မင်းသားဆိုတာ အစပိုင်း ရှုံးပေမယ့် နောက်ပိုင်းတော့ ပြန်နိုင်တာပေါ့"

အပျော်စွက်သောလေသံဖြင့် သူ ပြန်ပြောလိုက်မိသည်၊ စားသောက်ဆိုင်အမှုထမ်းက တိတိယမြောက် ဟင်းပွဲကို လာချပေးသည်၊ အဖြူရောင်ခင်းထားသော စားပွဲပေါ်မှ ဟင်းပွဲတို့ကို တစ်ချက်ဝေ့ကြည့်ရင်း တင်အောင်နှင့် မိုးကျော်ရှေ့ရှိ ပန်းကန်များထဲသို့ ထမင်းဖြူကို ခပ်ထည့်ပေးလိုက်မိသည်၊

တင်အောင်က ငါးရှဉ့်ခြောက်စပ်ကြော်တစ်ဖတ်ကို တူဖြင့် ညှပ်ယူလျက် ပါးစပ်ထဲသို့ ထည့်၍ဝါးရင်း....

"ခွေးသူတောင်းစား.... ဒါကြောင့် ဒီကောင် ငါတို့ကို ဗင်းနားတွေ ဘာတွေ ခေါ်ကျွေးတာကိုး၊ တောက်.... ဒီလိုမှန်းသိရင် ဒီဆိုင်မလာဘဲ အင်းလျားလိပ် တန်းမောင်းခိုင်းလိုက်ပါတယ်"

ဝမ်းသာအားရဖြစ်နေသော တင်အောင်က ဟောင်ဖွာဟောင်ဖွာနှင့် မကျေမနပ် ပြောသည်။

"မင်္ဂလာပွဲမှ အင်းလျားလိပ်မှာ ထပ်စားပေါ့ကွာ"

"မရဘူး ညိုထွန်း....မင်္ဂလာဆောင်က မင်္ဂလာဆောင်ပဲ၊ ခုယစ်ရွှေရည်လေး ဘာလေးမှာကွာ"

"လုပ်လေ....မှာစမ်းပါ"

သူစကားဆုံးသည်နှင့် မိုးကျော်က ခြေသူကလက်သွက်ဖြင့် ပန်းကန်သုံးကို တူဖြင့်ခေါက်လျက် စားပွဲထိုးကို လှမ်းခေါ်ကာ ရမ်တစ်လုံးမှာလိုက်သည်၊

"ဘယ်တော့ လက်ထပ်မှာလဲ ညိုထွန်း"

တင်အောင်က သူ့ကိုကြည့်ရင်းလှမ်းမေးသည်၊

"ဒီဘစ်ရက်နှစ်ရက်အတွင်းပေါ့"

"ဟ....သောက်ရမ်းကို ဖုတ်ပူမီးတိုက်ကြီးပါလား၊ ဒါဆို ညှိခံပွဲအတွက် ခန်းမငှားလို့ ဘယ်ရတော့မလဲ၊ ဒီလောက်ထပ်နေတဲ့ ဥတ္တု"

"အေးလေ....အဆင်ပြေနေမှပဲ၊ ဘယ့်နှယ်.... ဒီလောက် လောနေရတာလဲ၊ စာမေးပွဲပြီးမှ လက်ထပ်တာမတုတ်ဘူး၊ ဒီအတောအတွင်း စေ့စပ်ချင် စေ့စပ်ထားပေါ့"

တင်အောင်နှင့် မိုးကျော်က တစ်ယောက်တစ်ပေါက် ဝိုင်း ပြောသည်၊

ချိုချဉ်ကြော်ကို တစ်ဇွန်းခပ်စားရင်း....

"မဖြစ်ဘူးကွ၊ အဲလို လုပ်လို့မရဘူး"

"ဘာဖြစ်လို့လဲ.... မထားဘားတို့ကလဲ မင်းနဲ့ သဘောတူကြတယ် မဟုတ်လား"

လူကြီးချင်း သဘောတူပြီးသားဖြစ်လိမ့်မည်ဟု ထင်ထားသော တင်အောင်က နားမလည်သလို ဝင်မေးသည်၊ တင်အောင့် မေးခွန်းအတွက် ပြန်ဖြေရန်စကားကို ခေတ္တမျှစဉ်းစားရင်း....

"ထားဝယ်က သူ့မိဘတွေက ခွင့်ပြုမှာ မဟုတ်ဘူး၊ ကျောင်းမပြီးခင် အိမ်ထောင်မပြုရဘူးလို့ အပြတ်ပြောထားတာ"

သူပြောမိပြောရာဖြင့် ခင်သေးသစ်၏ မိဘများကို လွှဲချလိုက်မိသည်၊ ဆိုင်အမှုထမ်းက မိုးကျော်မှာထားသော ရမ်





ပုလင်းကို လာချပေးသည်၊ မိုးကျော်က ပုလင်းကိုဖောက်၍ ခွက်များအတွင်းသို့ လိုက်ငှဲ့သည်၊

'နည်းနည်းပဲထည့်ကွာ'ဟု သူဘားသော်လည်း 'သောက်စမ်းပါ၊ မင်းနဲ့ ခင်လေးသစ် အဆင်ပြေသွားကြတဲ့ အထိမ်းအမှတ်ပေါ့'ဟု ပြောလျက် ခွက်တစ်ဝက်လောက် လောင်း ထည့်ပေးသည်။

ထို့နောက် အရက်နှင့်ပတ်သက်လျှင် အချိန်မဆိုင်းတတ်သော မိုးကျော်က ခွက်ကိုမြှောက်လျက် 'တို့စ်တ်' လုပ်ပြီး တစ်ရှိန်ထိုး မော့ချတော့သည်၊

"မဟုတ်ကောင်.... ငေးမနေနဲ့၊ မင်းပါ တစ်ဘရိတ်တည်း ကွ"

တိုက်တိုက်တွန်းတွန်း ဝိုင်းပြောကြသဖြင့် သူပါမိုးကျော်တို့နည်းတူ ရေမရောဘဲ မော့ချလိုက်ရတော့သည်၊

"မင်းက ဘယ်လိုစီစဉ်ထားလဲ"

အမြည်းကိုဝါးရင်း တင်အောင် မေးသည်၊ လည်ချောင်းတစ်လျှောက် ပူရှိနေသော ဝေဒနာကြောင့် ချက်ချင်း အဖြေ မပေးနိုင်သေး၊ ရေတစ်ခွက်ကို သောက်လိုက်ရသည်၊

ပြီးမှ....

"ငါ....ခင်လေးသစ်ကို ခိုးပြေးမယ် တိုင်ပင်ထားပြီးသား"

"ဘာ....ခိုးပြေးမယ်"

တင်အောင်က အံ့ဩစွာ အာမေဍိတ်သံပြုသည်၊

“ဒါဖြင့် စောစောက မင်းဒီတစ်ရက်နှစ်ရက် အတွင်း လက်ထပ်မယ်ဆိုတာက ခိုးပြေးမှာကို ပြောတာပေါ့....ဟုတ်လား....”

သူ ခေါင်းညိတ်ပြလိုက်သည်၊ မိုးကျော်က ‘ဟ....မဟုတ်သေးပါဘူး’ဟု ပြောလျက် ခေါင်းယမ်းသည်။ ထို့နောက် ဒုတိယမြောက်ခွက်ကို မော့ရ၏....

“ငါတော့ အားမပေးဘူး ညိုထွန်း၊ စာမေးပွဲက ကပ်နေပြီ၊ မဟုတ်တာတွေ လျှောက်ပြောမနေနဲ့”

“ဟုတ်တယ်....ညိုထွန်း၊ စာမေးပွဲပြီးမှ ယူကြပါလား၊ ဘာဖြစ်လို့ ဒီလောက်လောနေတာလဲ”

သူဘာမှ ပြန်မပြောဘဲ မိုးကျော်ငှဲ့ပေးထားသော ခွက်ထဲသို့ ဆိုဒါရောလိုက်သည်။ အရက်နှင့်ပတ်သက်လျှင် လေ့စဘာကြီးသော မိုးကျော်ကတော့ သူဒုတိယခွက်မသောက်ရသေးခင်မှာပင် တတိယခွက် တစ်ဝက်ကျိုးနေပြီဖြစ်သည်။

“ငါတော့ သဘောမတူဘူးကွာ၊ စာမေးပွဲပြီးမှပဲ ယူ”

မိုးကျော်က သူ့ကိုလှမ်းပြောသည်။ သူဘာမှ ပြန်မပြောဘဲ ငြိမ်သက်နေတော့ မိုးကျော် မချင့်မရဲ ဖြစ်လာပုံရသည်။

“ငါတို့ ဒီလောက်တားနေတဲ့ကြားက မင်းဆက်မိုက်မယ်ဆိုရင် ငါမမကြီးတို့ အန်တီတို့ကို သွားတိုင်ရလိမ့်မယ်၊ စာမေးပွဲက ဒီလောက်ကပ်နေတဲ့ဥစ္စာ၊ မမကြီးမောင်က မိန်းမခိုးမလို့ လုပ်နေတယ်လို့ တစ်ခွန်း ပြောလိုက်ရုံပဲ”





မိုးကျော်စကားကြောင့် ဖျတ်ခနဲ ခေါင်းမော့လျက် မိုးကျော်ကို ကြည့်မိသည်၊ မိုးကျော်မျက်နှာက ပြောသည့်အတိုင်း လုပ်မည့်မျက်နှာမျိုးဖြစ်သည်။

“မမကြီးကိုတော့ သွားမပြောနဲ့ မိုးကျော်၊ သူသိရင် ရှုပ်ကုန်လိမ့်မယ်”

“ပြောရမယ် ညိုထွန်း၊ သူငယ်ချင်းကောင်းတစ်ယောက်အနေနဲ့ ငါတို့ အဲဒီကိစ္စကို တားရလိမ့်မယ်၊ ခင်လေးသစ်ကို မယူစေချင်လို့ပြောတာ မဟုတ်ဘူး၊ စာမေးပွဲမတိုင်ခင်ယူရင် မင်းတို့နှစ်ယောက် ဒုက္ခရောက်မှာစိုးလို့”

တင်းပြတ်သော လေသံဖြင့် မိုးကျော် ခပ်တည်တည်ပြောသည်။ မမျှော်လင့်ဘဲ ရှုပ်ထွေးလာရသော အခြေအနေကြောင့် သူ စိတ်ညစ်ညူးစွာ ပင့်သက်တစ်ချက်ရှိုက်လိုက်မိသည်၊

“မိုးကျော်ပြောတာ ဟုတ်တယ် ညိုထွန်း၊ မင်းစာမေးပွဲဖြေပြီးတဲ့အထိ စောင့်သင့်တယ်”

“မဖြစ်ဘူးတင်အောင်ရ၊ ငါတို့ တိုင်ပင်ထားတာက....”

“တော်စမ်း ညိုထွန်း.... မင်းတို့ဘာသာပဲ တိုင်ပင်ထား တိုင်ပင်ထား....မင်းတို့နှစ်ယောက် စာမေးပွဲကျမှာစိုးလို့ ငါတို့ တားနေတာ၊ နေစမ်းပါဦး....မင်းတို့က ဘာဖြစ်လို့ ဒီလောက် အလောသုံးဆယ်နိုင်နေရတာလဲ၊ ဘာလဲ.... ခင်လေးသစ်မှာ မဖုံးနိုင်မဖိနိုင် ဖြစ်နေပြီလား....”

မိုးကျော်က ဒေါသတကြီးဖြင့် ရှူးရှူးရှဲရှဲ ဝင်မေးသည်။ စောစောက ရေမရောဘဲ မော့ချထားသော အရက်ရှိန်ဖြင့်

အနည်းငယ် ရီဝေဝေ ဖြစ်နေမိသည်။ သည်ကြားထဲ မိုးကျော်က မဆီမဆိုင် ဝင်တားနေကြသောကြောင့် စိတ်ရှုပ်ထွေးတိုတောင်းသွားမိသည်။

ထို့ကြောင့်ပင် မဆင်မခြင် စကားတစ်ခုကို လွှတ်ခနဲ ပြောချလိုက်မိခြင်းဖြစ်သည်။

"ဟုတ်တယ် မိုးကျော်...မဖုံးနိုင်မဖိနိုင် အခြေအနေမျိုး ဖြစ်နေပြီ"

ဝိုင်းတားနေကြခြင်းကို ရပ်စေရန် ရည်ရွယ်၍ အသိမဲ့စွာ ပြောချလိုက်မိပြီးမှ 'မှားပြီ' ဟု ချက်ခြင်းသိလိုက်သည်။

"ဘာပြောတယ် ညိုထွန်း....မဖုံးနိုင် မဖိနိုင် ဖြစ်နေပြီ....ဟုတ်လား...."

တင်အောင်က တအံ့တသြမေးသည်။

မိုးကျော်ကတော့ မှင်တက်ငေးကြောင်စွာ သူ့ကိုအံ့ဩတကြီး စိုက်ကြည့်နေတော့သည်။ ထို့နောက် သုံးယောက်စလုံး စကားမပြောနိုင်ဘဲ ငြိမ်သက်နေမိကြသည်။

အတန်ကြာမှ မိုးကျော်က စားပွဲကို လက်ဝါးဖြင့် ဝုန်းခနဲ ရိုက်လိုက်ရင်း....

"ငါသိပြီ ညိုထွန်း....ငါသိပြီ၊ မင်း ခင်လေးသစ်ကို လက်ထပ်ခတော့မယ်လို့ ပြောလာကတည်းက ငါစဉ်းစားနေတာ၊ ခုတော့ ငါနားလည်ပြီ....

"ဒါ တစ်သက်နဲ့ရတဲ့ ကိုယ်ဝန် မဟုတ်လား....ဟင်.... တင်ထက်ကြောင့် မဖုံးနိုင်မဖိနိုင်ဖြစ်တာကို မင်းက ခေါင်းဝင်ခံတာမဟုတ်လား...."





မိုးကျော်က သူ့ကို စူးစူးစိုက်စိုက်ကြည့်ရင်း မေးသည်။ သူ ခေါင်းခါယမ်းလျက် 'မဟုတ်ဘူး' ဟု ငြင်းလိုက်မိသည်။ တင်အောင်ကပါ ခေါင်းကညိတ်ညိတ်သုပ်ရင်း....

"မိုးကျော်ပြောတာ ဖြစ်နိုင်တယ်၊ မလိမ်နဲ့ ညိုထွန်း.... င်း ငါတို့ကို အမှန်အတိုင်းပြောစမ်း"

ခင်လေးသစ်၏သိက္ခာကို စောင့်သိရမည်ဟူသောအသိဖြင့် ဘာမှအဖြေမပေးဘဲ တွေဝေငေးကြောင်စွာ ငြိမ်သက်နေမိသည်။ စောစောက ပျော်ရွှင်ခဲ့ရမှုတို့မှနဲ့သမျှ အရည်ပျော်ကျကုန်ပြီဟု နားလည်လိုက်မိသည်

မိုးကျော်က ခင်စူးစူးစိုက်ကြည့်ရင်း....

"မင်းဟာနွားပဲ ညိုထွန်း၊ မင်းသိရဲ့လား.... မင်းဟာနွားမှ လူညီးကျိုးဝင်ထမ်းတဲ့နွား"

"မိုးကျော် ဖြည်းဖြည်းပြောကွာ"

တင်အောင်က မိုးကျော်ကို ဝင်ထိန်းသည်။ သို့သော် နဂိုကတည်းက စိတ်တိုလွယ်သော မိုးကျော်မှာ အရက်သုံးလေးခွက်ဝင်ပြီးဖြစ်သဖြင့် မရပ်။

"ပြောပါစေ တင်အောင်"

"ပြောရမယ်ကွ...မင်း နွားဖြစ်မှာစိုးလို့ စေတနာနဲ့ပြောတာ"

မိုးကျော်က စားပွဲကို လက်သီးဖြင့်ပုတ်ရင်း ခပ်ဆတ်ဆတ်ပြောသည်။

သူ သက်ပြင်းတစ်ချက်ကိုချရင်း....

"မင်းစေတနာကို ငါနားလည်တယ် မိုးကျော်၊ ငါ့ကို နွားလို့ပြောတဲ့အတွက်လဲ ငါ မနာပါဘူး မင်းပြောသလို ငါဟာ နွားဖြစ်နေမယ်၊ ငါထမ်းရမယ့်လှည်းက ကျိုးနေမယ် ဆိုဦးတော့ ငါထမ်းမှာပဲ မိုးကျော်....

"ကုန်ကုန်ပြောမယ်ကွာ၊ တစ်ခါကျိုးရုံမကလို့ အခါ တစ်ရာပဲကျိုးကျိုး ငါထမ်းမယ်၊ ငါ ခင်လေးသစ်ကို အဲဒီ လောက်အထိ ချစ်တယ်"

"မင်းဟာ ပေတုံးပဲ ညိုထွန်း"

"ငါ သူ့ကိုသိပ်ချစ်တယ် မိုးကျော်"

"အေး....အဲလိုသိပ်ချစ်တာကိုက သိပ်တုံးတာကိုပြတာပဲ၊ ဟော့ကောင်....တော်ကွာ၊ မဖိုး နဖားကြိုးအထိုးမခံချင်စမ်းနဲ့၊ မင်း၊ သူ့ကို လက်မထပ်ရဘူး"

မိုးကျော် ခပ်စူးစူး အော်ပြောသည်၊ တင်အောင်က မိုးကျော်ပခုံးကို လှမ်းဖက်ရင်း 'တိုးတိုးပြောကွာ' ဟု ဝင် ထိန်းသည်၊

"ငါလက်ထပ်မယ် မိုးကျော်၊ ငါဆုံးဖြတ်ပြီးပြီ"

မိုးကျော်ကို တည့်တည့်ကြည့်ရင်း ယတိပြတ် လေသံဖြင့် ပြောလိုက်မိသည်၊ သူ့စကားအဆုံး မိုးကျော် တက်တစ်ချက် ကို ခပ်ပြင်းပြင်းခေါက်သည်၊

"ငါသိပ်ချစ်တဲ့ သူငယ်ချင်းတစ်ယောက်။ နွားဘဝရောက် မှာစိုးလို့ ပြောနေတာ ညိုထွန်း၊ ငါ မင်းကို နောက်ဆုံး တစ်ကြိမ် ထပ်တားမယ်၊ မင်း သူ့ကိုမယူရဘူး"

"ငါ....ငါယူမယ် မိုးကျော်၊ ငါ သူ့ကို လက်ထပ်မယ်"





သူ့စကားအဆုံး မိုးကျော်ထိုင်နေရာမှ ဝုန်းခနဲထရပ်သည်၊ ထို့နောက် သူ့မျက်နှာကို စူးစူးဝါးဝါးကြည့်ရင်း....

"မင်းဟာ နွားဖြစ်ရုံတင်မကဘူး၊ သူများပါထားတဲ့မစင် ကိုပါ စားချင်တဲ့ခွေးပဲ ညိုထွန်း၊ မင်းဟာ ခွေး...."

ပြောပြောဆိုဆိုနှင့် မိုးကျော် ချာခနဲ လှည့်ထွက်သွား သည်၊ တင်အောင်က ထိုင်ရာမှ ထရပ်ရင်း 'မိုးကျော်' ဟု လှမ်းအော်သည်၊ သူ တင်အောင့်ကို မော့်ကြည့်ရင်း....

"သွားပါစေ တင်အောင်၊ ခေါ်မနေပါနဲ့တော့၊ မင်းလဲ သူ့လို ထွက်သွားချင်သွားပါ။ ငါတစ်ယောက်တည်း နေခဲ့ ပါ့မယ်"

ခြောက်ကပ်အတ်ကွဲသော သူ့စကားသံအဆုံး တင်အောင် သက်ပြင်းတစ်ချက်ကိုချရင်း ခေါင်းခါယမ်းသည်၊ ထို့နောက် ထိုင်ခုံတွင် ပြန်ထိုင်ရင်း တစ်လုံးချင်းပြောသည်၊

"ငါမသွားပါဘူး ညိုထွန်း၊ ငါ မင်းနဲ့အတူတူ နေပေးပါ့ မယ်၊ ခါပေမယ့် အဲလိုနေပေးတာဟာ မင်း လုပ်ရပ်တွေကို သဘောတူလွန်းလို့တော့ မထင်နဲ့၊ ငါလဲ သဘောမတူဘူး"

* * *

ပြည့်ကျပ်နေသော ခရီးသောင်အိတ်က ဇက်ပိုက်ရှုပင်မရ၊ အပေါ်ဆုံးမှ ပုဆိုးတစ်ထည်ကို ပြန်ထုတ်ယူ၍ အဝတ်အစား

တို့ကို ကျစ်ကျစ်လျစ်လျစ် ဖြစ်စေရန် လက်ဖြင့် ဖိသိပ်လိုက်သည်။ သည်တော့မှ အိတ်က ဇစ်ပိတ်၍ရသွားသည်။

ပိုက်ဆံ၊ မှတ်ပုံတင်နှင့် ကျောင်းသားကတ်ကို ဘေးအိတ်လေးထဲသို့ပင် ထည့်ထားလိုက်သည်၊ ထို့နောက် အသင့်ပြင်ဆင်ပြီးသွားသော ခရီးဆောင်အိတ်ကို မ,ယူလျက် မမကြီးတို့ အခန်းထဲဝင်လာပါက ရုတ်တရက် မတွေ့စေရန် ဗီရိုနောက်သို့ ပြောင်းရွှေ့ထားလိုက်သည်၊

အပြင်ဘက်တွင် မိုးက သဲသဲမဲမဲ ရွာနေသည်။ တစ်ချက်တစ်ချက် မိုးခြိမ်းသံက ကျယ်လောင်စွာ ထွက်ပေါ်လာသည်၊ စာကြည့်စားပွဲဘေးရှိ ပက်လက်ကုလားထိုင်တွင် ခြေပစ်လက်ပစ် ဝင်ထိုင်လိုက်မိသည်။

“မင်းဟာနွားပဲ ညိုထွန်း၊ နွားမှ လှည်းကျိုးဝန်ထမ်းတဲ့နွား....”

စားသောက်ဆိုင်မှ တုန်းက ကရုဏာဒေါသဖြင့် ပြောခဲ့သော မိုးချော်၏စကားတို့ကို ကြားယောင်ရင်း ကြေကွဲမိ၏။

အချစ်ဆုံး သူငယ်ချင်းများနှင့် စကားအချေအတင်ဖြစ်ခဲ့ရခြင်းအတွက် စိတ်မကောင်း၊ သက်ပြင်းတစ်ချက်ကိုရှိုက်လျက် ပြတင်းမှန်ချပ်တို့မှတစ်ဆင့် အပြင်ဘက်ကို ငေးရီရင်း ငြိမ်သက်စွာ ထိုင်နေမိသည်။

ဖုန်းခနဲ မိုးခြိမ်းသံနှင့်အတူ အုန်းလက် ကြွေကျသံသဲ့သဲ့ ကြားရသည်။ လက်ပတ်နာရီကို တစ်ချက်ကြည့်မိသည်။ ၁၀ နာရီခွဲတော့မည်။ ခင်လေးသစ်ဆီ ဖုန်းဆက်ရဦးမည်ဟူသော အသိနှင့် ထိုင်ရာမှထ၍ ဧည့်ခန်းဘက်သို့ ထွက်လာခဲ့သည်။





မမကြီးအခန်းရှေ့အရောက် ခေတ္တမျှ နားစွင့်လိုက်မိသေးသည်။ ဘာသံမှမကြားရ၊ အိပ်ပျော်နေလောက်ပြီဟု တွေးမိသည်။

ထိုမှီအစီအစဉ်မကောင်းသဖြင့် စောစောစီးစီး အိပ်ရာဝင်သွားကြသော အိမ်သားများကို ကျေးဇူးတင်မိသည်။ ဧည့်ခန်းထောင့်ရှိ တယ်လီဖုန်း စင်လေးနားတွင် ရပ်လျက် ဖုန်းခွက်ကိုမယူရင်း နံပါတ်တို့ကို လှည့်လိုက်သည်။

ဒုတိယမြောက် ဖုန်းခေါ်သံ မဆုံးခင်မှာပင် တစ်ဖက်မှ ခင်လေးသစ်အသံကို ကြားရသည်။

“မခင်သစ် ကျွန်တော်ပါ”

“ကိုညိုထွန်းနိုင်လား၊ အဆင်ပြေလား ကိုညိုထွန်းနိုင်”

“ပြေတယ် မခင်သစ်၊ မနက်ဖြန်ညနေ ခြောက်နာရီ ဆယ့်ငါးအခေါက်မှာ ရတယ်၊ ဒါပေမယ့် ‘အားပါး’တွဲတော့ မရဘူး၊ ဘုရားဖူးတွေ ‘ဘွတ်ကင်’လုပ်ထားလို့တဲ့၊ အိပ်ခန်းတွဲပဲ ရတယ်”

“ဘာဖြစ်လဲ ကိုညိုထွန်းနိုင်ရယ်၊ ဘာပဲရရပေါ့”

“ကျွန်တော်က အိပ်ခန်းတွဲဆိုတော့ မခင်သစ်ကို အားနာနေတာ”

သူ့စကားမဆုံးခင် ရယ်သံသဲ့သဲ့ကြားရသည်၊ ရင်ထဲကပါသောရယ်သံ မဟုတ် တမင် လုပ်ရယ်သံဟု စိတ်ကထင်မိသည်။

“ရပါတယ် ကိုညိုထွန်းနိုင်ရယ်၊ အိပ်ခန်းတွဲဆိုတော့ ပိုတောင် သဘာဝကျသေးတာပေါ့”

သူမ၏စကားကြောင့် ရင်က လှပ်ခနဲ တစ်ချက်ခုန်၏။

"ဟိုရောက်ရစ် တည်းဖို့ခိုဖို့ကော ကိုညိုထွန်းနိုင်"

"တည်းခိုခန်းမှာပဲ တည်းမယ်လေ၊ ကြုံသလိုပေါ့ မခင်သစ်၊ ကျွန်တော်တို့က အကြာကြီးနေမှာမှ မဟုတ်တာ၊ တစ်ပတ် နှစ်ပတ်လောက်နေပြီးရင် ရန်ကုန်ပြန်ဆင်းလာကြမှာပဲ"

"ရန်ကုန်ပြန်ဆင်းမယ်...."

သူ့စကားကို သူမ အံ့ဩသလို ပဲ့တင်ထပ်ရေရွတ်သည်၊ ဖုန်းခွက်ကို လက်ပြောင်းရင်း....

"တုတ်တယ် မခင်သစ်၊ ဟိုမှာ တစ်ပတ်နှစ်ပတ်လောက်ပဲ နေမယ်၊ အဓိက က ကျွန်တော်တို့နှစ်ယောက် ခိုးပြေးသွားကြတယ်ဆိုတာ ပတ်ဝန်းကျင်က သိဖို့ပဲမဟုတ်လား၊ ဒီပြန်ရောက်မှ အိမ်နှစ်အိမ်ရဲ့ အခြေအနေအရ ကျွန်တော်တို့ဆက်ပြီး မီးစင်ကြည့်ကကြတာပေါ့"

သူ ခပ်ဖြည်းဖြည်း ရှင်းပြလိုက်မိသည်၊ သူမထံမှ တုံ့ပြန်စကား တစ်စုံတစ်ရာ မကြားရ။

"မနက်ဖြန် ကျောင်းလာရင်းနဲ့ အဝတ်အစားတွေ တစ်ခါတည်းယူလာခဲ့ မခင်သစ်၊ ဒါမှ အိမ်တစ်ခေါက်မပြန်ရတော့ဘဲ ဘူတာတန်းဆင်းသွားရမှာ"

"ဟုတ်ကဲ့...."

"ကဲ....ညဥ့်နက်လှပြီ၊ အိပ်တော့....ဟုတ်လား၊ မနက်မှ တွေ့ကြတာပေါ့"

ပြောရင်းမှ ဖုန်းချရန်ပြင်သည်၊





သူမက 'ကိုညိုထွန်းနိုင်'ဟု ခပ်သွက်သွက်ခေါ်သည်၊ 'ပြော မခင်သစ်'ဟု သူက စကားထောက်ပေးလိုက်မိသည်၊ သူမ ခေတ္တတုံ့ဆိုင်းနေ၏၊ ပြီးမှ....

'ကျေးဇူးတင်ပါတယ် ကိုညိုထွန်းနိုင်ရယ်'

ဟု ခပ်တိုးတိုးပြောလျက် ဖုန်းချသည်၊

ကြည်နူးခြင်းနှင့် ကြောကွဲခြင်းတို့က တစ်ပြိုင်နက် ရင်တွင်းသို့ တိုးဝှေ့၏၊

✿

## ( ၇ )

"ဟဲ့.... ကာလနဂါးရဲ့.... နှိုးလိုက်ရတာ၊ ထစမ်း၊ ဘယ်အချိန်ရှိပြီလဲ"

ပခုံးကို အတင်းလှုပ်ယမ်းလျက် နှိုးနေသော မမကြီး၏ အသံကြောင့် အိပ်မှုန်စုံမွှားဖြင့် မျက်လုံးကိုဖွင့်လိုက်သည်။

"ဟာ.... မမကြီးကလဲဗျာ၊ အစောကြီး ရှိသေးတဲ့ဥစ္စာ"

"စောမလား ကိုယ်တော်ရဲ့၊ ကျုပ်ပဲ ကျောင်းသွားရတော့မယ်"

"ကိုယ့်ဘာသာကိုယ် သွားချင်သွားပါလားဗျ မမကြီးရာ၊ ဘာလို့ သူများကို အတင်းလိုက်နှိုးနေရတာလဲ"

"နင့်လို အနှိုးရခက်ကြီးကို နှိုးချင်လွန်းလို့ မထင်နဲ့၊ အပြင်မှာ နင့်သူငယ်ချင်းရောက်နေလို့ လာနှိုးတာ"

မမကြီးစကားကြောင့် ပြန်အိပ်ရန်ပြင်နေရာမှ မျက်စိကျယ်သွား၏။





'ကိုညီထွန်းနိုင်ရယ်....'

စားသောက်ဆိုင်ထွင် ဖြစ်သည့်ကိစ္စအတွက် တောဒီးပန်ရန်လာသည့် မိုးကျော်ပဲဖြစ်မည်ဟု တွေးရင်း အိပ်ရာပေါ်မှ ဆင်းကာ အိမ်ရှေ့သို့ ထွက်လာမိ၏။

ခဏစောင့်ဦးကွာ....ဟုပြောရင်း မျက်နှာသစ်သွားမည်ဟူသော စိတ်ကူးဖြင့် စာကြည့်စားပွဲပေါ်မှ မျက်မှန်ကို ကောက်တပ်မလာမိသည့်တိုင် မျက်မှန်မပါသော မျက်လုံးတို့ဖြာလေး ငါးပေအကွာမှ လူတစ်ယောက်ကိုတော့ လွဲမှားစရာအကြောင်းမရှိ။

ဆက်တီတွင် ခံ့ညားထည်ဝါစွာ ထိုင်နေသည့် မိမိသူငယ်ချင်းဆိုသော လူကိုကြည့်ရင်း ငေးကြောင်စွာ ရပ်နေမိသည်။

"ဆောရီးဗျာ ကိုညီထွန်းနိုင်၊ အိပ်ရာက စောစောစီးစီး လာနှိုးရတာ အားနာပါတယ်ဗျာ"

"ကို....ကိုတင်ထက်...."

"ကျွန်တော် ကိုညီထွန်းနိုင်နဲ့ စကားနည်းနည်း ပြောစရာရှိလို့ပါ"

ထိုင်ရာမှ ထရပ်ရင်း ပြောလာသည့် တင်ထက်စကားကြောင့် မှင်တက်ငေးကြောင်နေမိရာမှ....

"ဒါဆို ခဏစောင့်ဗျာ၊ ကျွန်တော် မျက်နှာသစ်လိုက်ဦးမယ်၊ ပြီးတော့မှ လက်ဖက်ရည်ဆိုင်တစ်ဆိုင် သွားကြတာပေါ့...."

"ဖုတ်ကဲ့"

တင်ထက် ပြန်ထိုင်၏။

နားလည်ရခက်စွာ ရေချိုးခန်းဘက်သို့ ထွက်လာခဲ့မိသည်။

မျက်မှန်မပါဘော့ အမြင်မှန်သမျှက မကြည်လင်။ မှုန်ရီမှိုင်းပျစွာ ဝေဝါး၏။

* * *

"ခက်တယ်ဗျာ.... ကျွန်တော်ကလဲ တော်တော်တုံးတာ၊ သူကလဲ ဘာမှမပြောဘူး၊ ကျွန်မတို့ လက်ထပ်ကြရအောင်လို့ပဲ ပြောတယ်၊ ဒါကြောင့် စောပါသေးတယ်လို့ ကျွန်တော်ပြန်ပြောလိုက်မိတယ်၊ အဲဒါကို သူက ငြင်းတယ်ထင်သွားတာ၊ ကျွန်တော်ကလဲ ဘာမှ ပြန်မရှင်းပြခဲ့မိဘူး"

မာလ်ဘိုရိုကို ဖွာရှိုက်ရင်းမှ တင်ထက်ပြော၏။ မျက်မှန်ကိုလက်ဖြင့် ပင့်တင်ရမီးမှ သူ မေးလိုက်မိသည်။

"ခုကော....ဘယ်လိုလုပ် သိလာတာလဲ"

"ကိုညိုထွန်းနိုင် သူငယ်ချင်းကြောင့်ပါ"

သောက်လုဆဲဆဲ လက်ဖက်ရည်ခွက်ကိုတန့်ရင်း အံ့သြစွာဖြင့် 'ဘယ်သူလဲ' ဟု မေးလိုက်မိသည်။

"နာမည်တော့ မသိဘူးဗျာ၊ ရန်ကင်းက တစ်ယောက်ပဲ"

မိုးကျော်ပဲဟု ရေရွတ်လိုက်မိသည်။

"မနေ့က မှောင်စပျိုးသောက် ကျွန်တော် အိမ်ပြန်မယ်ဆိုပြီး တိုက်ပေါ်ကဆင်းလာတာ၊ အဲဒီမှာ ခင်ဗျားသူငယ်





ချင်းနဲ့ တွေ့တာပါပဲ၊ သူက ကျွန်တော့်ကိုတွေ့တာနဲ့ ပြေးထိုးတာပဲ....

"ပြီးတော့ သူများ သားပျိုသမီးပျိုကို ဖျက်ဆီးပြီး မပုံးနိုင် မဖိနိုင်ဖြစ်မှ ပစ်ထားတဲ့ကောင် ဘာညာနဲ့ဆဲတယ်၊ ကျွန်တော်ကလဲ ခင်လေး အဲလိုဖြစ်မှန်း တကယ်မသိတာပါ၊ မှာစ်းတာကလဲ တစ်ခါတည်းဆိုတော့ ကိုယ်ဝန်တွေဘာတွေ ရှိလာမယ်လို့ ထင်မထားမိပါဘူး"

ရေနွေးတစ်ခွက်ကိုငှဲ့ရင်းမှ စကားဆက်၏။

"အဲလို ဆဲလဲဆဲ ထိုးလဲထိုးပေါ့၊ ပြီးတော့ ခုပဲ ငါနဲ့ ညိုထွန်း စကားများသာရတယ်၊ မင်းကြောင့် ညိုထွန်းက ဝင်ပြီးခေါ်စခံရတော့မယ်လို့လဲ ပြောတယ်....

"အဲဒီတော့မှ ခင်လေးမှာ ကျွန်တော်နဲ့ရတဲ့ ကိုယ်ဝန်ရှိနေပါလားလို့ သိတာ၊ ဒါနဲ့ အဲဒီလူဆီက ကိုညိုထွန်းနိုင်လိပ်စာတောင်းပြီး ဒီမနက် လိုက်လာမိတာ"

"ဟုတ်ပြီလေ....ခု ကိုတင်ထက် ဘာလုပ်ချင်လို့လဲ"

သူစကားကြောင့် တင်ထက်က မဝံ့မရဲမျက်နှာဖြင့်....

"ခင်လေးမှာ ကျွန်တော်နဲ့ရထားတဲ့ကိုယ်ဝန် လွယ်ထားရပြီဆိုတော့ ဟို....သူ့ကို ကျွန်တော်လက်ထပ်ချင်တယ်၊ အဲ.... အဲဒါ...."

"ရန်ကင်းက မိန်းကလေးကကော ကိုတင်ထက်"

"ကျွန်တော်တို့က အပျော်ပါ ကိုညိုထွန်းနိုင်ရဲ့"

"ဗျာ...."

လွယ်လှချည့်လားဟု အံ့သြခြင်းကြီးစွာ ဖြစ်ရ၏။

"ဟုတ်တယ် ကိုညိုထွန်းနိုင်၊ သူနဲ့ကျွန်တော်က တွဲရုံပြိုရုံ တင်ပါ၊ ကျူးကျူးလွန်လွန် မဖြစ်သလို ကျွန်တော် သူ့ကို လက်ထပ်မှာမဟုတ်ဘူးဆိုတာလဲ အသိပေးထားပြီးသားပါ၊ ရှေ့လဆိုရင်တောင် သူနိုင်ငံခြားမှာ အလုပ်သွားလုပ်တော့မှာ၊ ဒီတော့ ကိုညိုထွန်းနိုင်ရယ်....ကျွန်တော် ခင်လေးနဲ့တွေ့ပြီးတော့ ဟို....တောင်းပန်ချင်တယ်ဗျာ၊ ပြီးတော့ လက်ထပ်ချင်တယ်"

တင်ထက်၏စကားတို့က သူ၏ နှလုံးသားကို အင်အားတစ်ခုဖြင့် ဖျစ်ညှစ်ချေမွသလို ခံစားလိုက်ရသည်။

"ကျွန်တော့်ကိုကူညီပါ ကိုညိုထွန်းနိုင်"

သူ နှုတ်ဆိတ်စွာ တင်ထက်ကို ငေးကြည့်နေမိသည်။

"ကျွန်တော်တောင်းပန်ပါတယ်ဗျာ၊ခင်လေးနဲ့ကျွန်တော် တွေ့ပါရစေ"

ရဇီခုန်ခြင်းဟူသည် သုံးမိနစ်ထက်ကျော်လွန်ရပ်ဆိုင်းပါက အသက်ပါဆုံးရှုံးနိုင်သည်ဟူသော ကြားဖူးနားဝစကားသာ မှန်ပါက သူအသက်ကင်းမဲ့သွားသည်မှာ ကြာပြီဖြစ်၏။

လှုပ်ရှားမှုမှန်သမျှ ရပ်ဆိုင်းလျက် မလှုပ်မခြောက် ငေးကြောင်နေမိသည်။

မည်မျှကြာကြာသူလွင့်မျောသွားခဲ့သည်မသိ၊တင်ထက်၏ အသံကြောင့် ဖျတ်ခနဲ အသိဝင်၏။

"ကျွန်တော် ကို ကူညီပါဗျာ"

"မ....ဖြစ်....နိုင်တော့ပါဘူး ကိုတင်ထက်"

"ခင်ဗျာ...."





ဖျက်ယွင်းသွားသော တင်ထက်၏ မျက်နှာကို ငေးကြည့်ရင်း....

"ခဗီဗျားနောက်ကျသွားပြီ ကိုတင်ထက်၊ ဒီညနေပဲ ကျွန်တော်နဲ့ ခဗီလေးသစ် ခိုးပြေးဖို့ စီစဉ်ပြီးပြီ"

"ဗျာ...."

အံ့ဩစွာရေရွတ်ရင်း စိတ်ဓာတ်ကျသွားသည့် မောဖီးနှင်သော နေကာမျက်မှန်အနက်နှင့် တင်ထက်အတွက် သူ စိတ်မကောင်းပါ။

ကစားဝိုင်းတစ်ခုမှာ အခါခပါင်း မြောက်မြားစွာနှင့် ရှုံးနိမ့်လာခဲ့ရတဲ့ အရှုံးသမားတစ်ယောက်အနေနှင့် တစ်ကြိမ်တစ်ခါမှာတော့အနိုင်ဆိုတာကိုလိုချင်တာပေါ့ဗျာ....

တစ်သက်လုံးအတွက် ရှေ့ဆုံးနေရာကို ဦးထားခဲ့ပြီး ဖွန်းဝင်ခါနီးကျမှ ခြေတစ်လှမ်းလောက် နောက်ကျသွားတဲ့ ခင်ဗျားအတွက် ကျွန်တော် စိတ်မကောင်းပါဘူး ကိုတင်ထက်....

"ကျွန်တော် နောက်ကျသွားတယ်ဗျာ"

နှုတ်ခမ်းကို တင်းတင်းစေ့လျက် တင်ထက် ထိုင်ရာမှ ထသည်။ ထို့နောက် အိတ်ထဲမှ ကတ်ပြားတစ်ခုကိုထုတ်၍ သူ့လက်ထဲသို့ လှမ်းထည့်၏။

"ကျွန်တော့်လိပ်စာကတ်ပြားပါ ကိုညိုထွန်းနိုင်၊ တကယ်လို့ ခင်ဗျားတို့ အကူအညီလိုရင် လှမ်းတောင်းနိုင်ပါတယ်"

ပြောပြောဆိုဆိုနှင့် တင်ထက် လှည့်ထွက် သွားသည်။ ဘောင်းဘီအိတ်ထဲသို့ လက်နှိုက်လျက် ရပ်ထားသည့်ကားဆီ

သို့ တစ်လှုံမ်းချင်း လျှောက်သွားသည့် တဒီထက်ကို ဝေး ကြည့်နေမိသည်။

ဘဝမှာ အမြဲတမ်း အနိုင်ယူလာခဲ့သည့် လူတစ်ယောက်၏ ပထမဆုံးအကြိမ် ကြုံတွေ့လိုက်ရသော ရှုံးနိမ့်ခြင်းအတွက် သူတာဘယ့်ကို စိတ်မကောင်းဖြစ်မိ၏။

ဒါပေမယ့် ဘာပဲဖြစ်ဖြစ်ပေါ့ ကိုတင်ထက်....

ပွဲစဉ်တစ်လျှောက်လုံးမှာ တစ်ကြိမ်ပဲ ရှုံးခဲ့ရတာက ခင်ဗျား အတွက် ဂုဏ်ယူစရာပါ၊ ကျွန်တော်ဆို အကြိမ်ပေါင်း မရေ တွက်နိုင်လောက်အောင် ရှုံးခဲ့ရသေးတာပဲ။

ထိုးဆင်းဖြာကျလာသည့် နေရောင်တို့က မကြာခင် မှုန်း တည့်တော့မည်ဟု သတိပေးနေသည့်နှယ်....

ကောင်းကင်ကို မော့အကြည့် မိုးသားတို့ ကင်းစင်စွာ ကြည်လင်နေ၏။



# အပိုင်း (၅)

## ( ၁ )

မိုးစက်က တဝေါဝေါအော်မြည်လျက် ထိုးဆင်း၏၊ လေတစ်ချက်အဝှေ့ ထီးလန်ထွက်မလို ဖြစ်၏၊ ခါးအောက်ပိုင်းတစ်ခုလုံး ရွဲရွဲစိုရှဲနေသည်၊

ယောကျ်ားဆောင်းထီးဖြစ်သည့်တိုင် သည်လောက်သည်းနေသည့်မိုးအကြား နှစ်ယောက်လုံးလုံအောင် ဆောင်းဖို့ရန် ခက်ခဲလှသည်၊

''ကိုညိုထွန်းနိုင်.... ဒီဘက်တိုးလေ''

သူမဘက်သို့ ကပ်လျက်ဆောင်းရမည်ကို အားနာစွာဖြင့် ခပ်ခွာခွာနေနေသော သူ့ကို သူမ လှမ်းပြောသည်၊

''ရတယ် မခင်သစ်''

ခရီးဆောင်အိတ်ကို ရင်၌ပွေ့ရင်း သူပြန်ပြောဖြစ်သည်၊ သူမက ထီးကို သူ့ဘက်သို့ပို၍တိုးပေး၏၊ ခရီးဆောင်အိတ်

နှစ်လုံးကို တစ်ပြိုင်တည်း လွယ်ထားသောကြောင့် ထီးကို သူ မကိုင်နိုင်၊ သူမကလည်း သူ့ကိုအားနာစွာဖြင့် သူ့ဘက်သို့ ပို၍ဆောင်းပေးသည်၊

သည်ပုံအတိုင်း ဆိုရင်တော့ သူမ ါ ရွှေကုန်တော့မှာပဲ ဟူသောအတွေးဖြင့် ရုတ်တရက် သူ့မိုးရေထဲသို့ ထွက်လိုက်မိသည်၊

အို....ကိုညိုထွန်းနိုင်...."

"မရတော့ဘူး မခင်သစ်၊ ကျွန်တော် ရွှဲနေပြီ၊ မခင်သစ် တစ်ယောက်တည်း လုံအောင်ဆောင်းတော့"

သူ့စကားကြောင့် သူမက နားသည် အားနာစွာ.... ပြီးတော့ စိတ်မကောင်းဖြစ်စွာ ကြည့်၏၊

သူမ၏ ထိုအကြည့်လေးတစ်ချက်ကြောင့်ပင် တခိုက်ခိုက် တုန်အောင် ချမ်းစိမ့်နေမှုတို့ ပျောက်လွင့်သွားရသည်၊ ရင်သည် ရုတ်ခြည်း နွေးထွေးသွားရသလို ခံစားရသည်။

"ကျွန်မကို အိတ်တွေ ပေးထားလေ"

"နေပါစေ....မခင်သစ်၊ ဒီအိတ်တွေက ရေစိုခံတယ်၊ အဲဒီ လွယ်အိတ်သာ ဂရုစိုက်၊ ပိုက်ဆံနဲ့ မှတ်ပုံတင်တွေက အဲဒီထဲ မှာ...."

အင်းလျားလမ်းထိပ်အရောက် လမ်းမတစ်လျှောက် ငေး မျှော်ကြည့်မိသည်၊ ငှားစရာကားဆို၍ တစ်စီးတလေမှမမြင်။

ဘယ်နှစ်နာရီလဲဟု လှမ်းအမေး လေးနာရီထိုးတော့မယ် တု သူမပြန်ဖြေ၏၊ ရထားထွက်ဖို့အများကြီး လိုသေးတာပဲ၊





ဒါပေမယ့် သည့်ပြင်နေရာလည်း သွားစရာမှမရှိဘဲ၊ ဘူ တာကြီးပဲ သွားနေတာ ကောင်းပါတယ်ဟု တွေးမိသည်၊ ခပ်ဝေးဝေးမှ မောင်းလာသော လေးဘီးတစ်စီးကို တွေ့သဖြင့် လှမ်းတားမိသည်၊

"ဘူတာကြီးသွားမယ်"

ဘယ်လောက်လဲတုပင် မမေးတော့ဘဲ ကားပေါ်တက်ဖြစ် သည်၊ ကားအထွက်မှာမှ သူမဘက်သို့ လှမ်းကြည့်ရင်း....

'မခင်သစ်.... စိုသွားသေးလား'ဟု စိုးရိမ်စွာ မေးမိ၏၊

ဂျင်းကုတ်ကို ဆွဲစေ့ရင်း....

'နည်းနည်းပါ'ဟု သူမ ပြန်ဖြေသည်၊

"အိမ်ကို စာရေးထားခဲ့သေးလား"

"ဟင့်အင်း....ကိုညိုထွန်းနိုင်ပဲ မရေးနဲ့ဆို"

"ဟုတ်တယ်....မရေးတာပဲ ကောင်းပါတယ်၊ ဒါမှ သူတို့ ဘယ်သူနဲ့ လိုက်သွားမှန်း ချက်ချင်း မရိပ်မိမှာ"

သူ့စကားကြောင့် ခိုးရာလိုက်ပြေးခြင်း ဟူသည့်အဖြစ်ကို သူမ သတိထားမိသွားဟန်တူ၏၊ ရဲခနဲနီမြန်းသွားသော မျက် နှာကို အောက်သို့ ငုံ့ချလိုက်သည်၊

လက်နှစ်ဖက်ကို ပိုက်လျက် ကိုယ်ကို ရှေ့သို့ အနည်းငယ် ကိုင်းရင်း မျက်နှာကိုအောက်ငုံ့ကာ ကျုံ့ကျုံ့ကလေးထိုင် နေသော သူမကို ကြည့်ရင်း ရင်သည် အေးမြစွာ သိမ့်သိမ့် ကြည်နူးနေမိသည်၊

ခေါင်းကို ငုံ့ထားသောကြောင့် ဆံပင်ရှည်တို့က မခုံးကို ကျော်လွန်လျက် ရှေ့သို့ဝဲ၍ ကျ၏၊

သူမကိုစိုက်ကြည့်နေမိသော သူ့အဖြစ်ကို သူမက ရိပ်မိလေသလားမသိ၊ ဖျတ်ခနဲ မျက်နှာကို မော့လျက်ကြည့်၏။ သူမ၏ စူးစမ်းသောအကြည့်တို့ကို ရင်ဆိုင်လိုက်ရင်း ပြုံးပြလိုက်မိသည်။

သူမက ရှက်ပြုံးတစ်ခုကို ယဲ့ယဲ့ပြုံးရင်း ကားနောက်သို့ အကြည့်ရွှေ့၏။ သူတို့စီးလာသည့်လေးတီးကား၏ ခပ်ခွာခွာမှ ကပ်လိုက်လာသော ဆန်နီပစ်ကပ် အပြာရောင် တစ်စီးကို အတွေ့ သူမမျက်နှာ ကွက်ခနဲ ပျက်သွားသည်။

သူမနည်းတူပင် သူကိုယ်တိုင်လည်း ရင်ထဲမှာ လှပ်ခနဲဖြစ်သွားမိသည်။ ကားနံပါတ်ပြားကို လှမ်းအကြည့် တင်ထက်၏ ကားမဟုတ်မှန်းသိမှ သက်ပြင်းချနိုင်သည်။

အရောင်တူ ကားတစ်စီးဖြင့် ကံဆိုးစွာ တိုက်ဆိုင်သွားမှုက သူမကို စိတ်မကောင်း ဖြစ်စေမလားဟူသောအတွေးဖြင့် စိုးရိမ်သွားမိသည်။

ဘယ်တော့မှ မဆွေးနွေးတော့ဟု သတ်မှတ်ထားသည့် အကြောင်းအရာဆီသို့ အမှတ်မဲ့ စကားစဖြစ်သည်။

"မခင်သစ်....သတိရနေပြီလား"

"ရှင်...."

"ဩော်....တင်ဘက်ကိုများ သတိရနေသလားလို့...."

သူ့စကားကြောင့် ပင့်သက်ရှုဟန်ပြုရင်း....

"ဘဝတစ်လျှောက်လုံးအတွက်ရည်ရွယ်ပြီး ချစ်ခဲ့မိတဲ့သူပဲ ကိုညီထွန်းနိုင်ရယ်.... သတိဘော့ ရတာပေါ့.... ဒါပေမယ့်"





သူမ၏ ဒါပေမယ့်က သူ့စိတ်ကို အတော်အသင့် သက်သာရာရစေသည်။

"ဘာဖြစ်သလဲ မခင်သစ်"

"သတိမရအောင်တော့ ကြိုးစားရမှာပေါ့"

စိတ်လက်ပေါ့ပါးစွာ သက်ပြင်းတစ်ခုကို ချလိုက်မိသည်။ သည်လိုပဲဖြစ်သင့်ပါတယ် မခင်သစ်....။

သည်လိုပဲ ဖြစ်သင့်ပါတယ်....

အတွေးမဆုံးခင်မှာပင် သူမဆီမှ စကားသံသဲ့သဲ့ ပေါ်ထွက်လာသည်။

သေသေချာချာ မကြားလိုက်မိသောကြောင့် 'ဘာပြောတာလဲ မခင်သစ်' ဟု ထပ်မေးလိုက်မိသည်။ တကယ်တော့ သူမေးလိုက်ဖို့မကောင်း။

သူ့စကားကြောင့် သူမက မျက်နှာကိုမော့ရင်း....

"ဩော်.... ကြိုးသာ ကြိုးစားရတယ်၊ အောင်မြင်မယ်တော့ မထင်ပါဘူး....လို့"

"ဗျာ...."

အံ့ဩထိတ်လန့်စွာ ရေရွတ်လိုက်မိသည့် အာမေဍိတ်သံကို သူမကြားဟန်မတူ.... အဝေးသို့ မျှော်ရှုငေးရင်း ဆက်ပြောသည်။

"ကျွန်မ သူ့ကို သိပ်ချစ်ခဲ့မိတယ် ကိုညီထွန်းနိုင်၊ ရင်ထဲမှာနစ်နေအောင်ကို ချစ်ခဲ့မိတာ၊ ကျွန်မအပေါ်မှာ သူ ဘယ်လောက်ရက်စက်ရက်စက် မနာကြည်းနိုင်၊ မမုန်းနိုင်အောင်ကို ချစ်ခဲ့မိတာ၊ ဒါပေမယ့်.... ကိုညီထွန်းနိုင်ရယ်...."

အဖျားခတ်စွာ တိုးဝင် ပျောက်ကွယ်သွားသည့် သူမ၏ စကားသံအဆုံး ရင်သည် နာကျင်ခြင်းနှင့်အတူ လှိုင်းထလာ၏။

ဘဝမှာ အချစ်ဆုံးလို့ဆတ်မှတ်ထားတဲ့ လူတစ်ယောက်နှင့် တစ်သက်လုံး ဝေးကွာရတော့မယ်....

သူ့ရှေ့က အသားဖြူဖြူ ဆံပင်ရှည်ရှည်နှင့် ကောင်မလေး ကို ငေးကြည့်ရင်း....

သူမ ဘယ်လိုများ ခံစားနေရမလဲ ဟူသည့် စာနာစိတ်က ရုတ်ခြည်း ရင်၌ပြန့်၏။

လေအဝှေ့မှာ ကိုယ့်လက်ထဲသို့ စွေ့ခနဲ ကြွေကျလာသည့် ပန်းကလေးတစ်ပွင့်ကို ယုယမြတ်နိုးတန်ဖိုးထားစွာ ဆက်လက် ပွေ့ပိုက်ထားနေမိတဲ့ အဖြစ်ဟာ....

သိပ်များ တစ်ကိုယ်ကောင်းဆန်နေမလား ဟူသည့်အတွေး က ဦးနှောက်အတွင်းသို့ ထိုးခွဲဝင်ရောက်လာသည်။



( ၂ )

"တုတ်ပြီ....ဒါပဲနော်၊ ကျွန်တော် ဖုန်းချလိုက်တော့မယ်"

ကိုယ့်ကိုယ်ကိုပင် မမှတ်မိနိုင်လောက်အောင် တုန်ယင် တိုးလျနေသည့်အသံဖြင့်ပြောရင်း ဖုန်းခွက်ကို ပုခက်ပေါ်သို့ လှမ်းချိတ်လိုက်မိသည်။

သက်ပြင်းကိုမှုဉ်းရှိုက်ရင်း ပွဲစားမန်းဓပ်မှ လှုပ်ရှားဆူညံ နေကြသည့် လူများဆီသို့ ဝေသီစွာ ကြည့်မိသည်။

ရင်သည် ပေါ့ပါးသွားလေသလား....လေးလံ တုံ့ဆိုင်း သွားလေသလား....

ကိုယ့်ကိုယ်ကိုပင် မဆန်းစစ်နိုင်သည့်အဖြစ်မဲ့ဟု ဝမ်းနည်း စွာတွေးရင်း ကုန်တင်ကုန်ချပြုနေသည့် လုပ်သားတို့ကို ကျေ့ ရှောင်ကာ ခပ်ဖြည်းဖြည်း လျှောက်လာမိသည်။

လက်ဖက်ရည်ဆိုင်သို့ လှမ်းမျှော်အကြည့် စားပွဲခင်းဖြူဖြူခင်းထားသည့် ဝဓိပေါက်ကောင်တာနားမှ စားပွဲတွင်ထိုင်ရင်း သူထွက်လာရာဘက်သို့ စိတ်ပူစွာ မျှော်ငေးနေသည့် ခင်လေးသစ်ကို သနားစဖွယ် တွေ့ရ၏။ တစ်ယောက်တည်း အားငယ်နေမှာပဲဟူသည့်အတွေးဖြင့် ခပ်သုတ်သုတ်လျှောက်လာမိသည်။

သူ့ကိုလှမ်းအတွေ့ ဝင်းခနဲဖြစ်သွားသည့် သူမ၏မျက်နှာက အားတက်ဝမ်းသာသွားမှန်း သိသာလှ၏။

"ကြာလိုက်တာ ကိုညိုထွန်းနိုင်ရယ်...."

စားပွဲသို့ရောက်မဆိုက် သူမလှမ်းပြော၏။

"ဆီမံသခက ရှာနေရလို့ဗျာ၊ ဘူတာရုံရဲ့ ဟိုးဘက်အဆုံးမှာ...."

"ကျွန်မက ပြန်မျှားမလာတော့ဘူးလားလို့ အားငယ်နေတာ"

"မဟုတ်တာဘဲ မခင်သစ်ကလဲ...."

"သိဘူးလေ....ကိုညိုထွန်းနိုင်က အိတ်ကြီးပါလွယ်ပြီး ယူသွားတော့...."

သည်တော့မှ ပခုံးမှာလွယ်လျက်ထားမိသည့် ခရီးဆောင်အိတ်ကို ငုံ့ကြည့်ရင်း ဟုတ်ပါရဲ့ဟု တွေးဖြစ်သည်။

"အကျင့်ပါနေလို့ပါ မခင်သစ်၊ ပြီးတော့ ပေါ့ပေါ့လေး ဆိုတော့ လွယ်အိတ်လွယ်ရသလောက်ပဲရှိတာ၊ ကဲ....ရထားပေါ်တက်ကြတော့မလား...."

"အစောကြီးရှိသေးတာ"





"သဘောလေ"

စီးကရက်တစ်လိပ်ကိုထုတ်လျက်မီးညှိဖွာရှိုက်လိုက်မိသည်။ လူးလွန့်လွင့်တက်လာသည့် ခိုးပြာရောင် မီးခိုးများအကြားမှ သူမ၏မျက်နှာကို ငေးကြည့်ရင်း ရင်သည် ကြည်နူးသလိုလို ကြေကွဲသလိုလို ရီဝေစွာ ခံစားလိုက်ရသည်။

( ၃ )

"မြန်မြန်ပြန်လာနော် ကိုညိုထွန်းနိုင်၊ ခုနလို သိပ်ကြာ မနေနဲ့ဦး"

ခရီးဆောင်အိတ်ကို ခုတင်ဘေးသို့ ချလိုက်ရင်း ခင်လေးသစ် လှမ်းပြောသည်။

"မကြာပါဘူး မခင်သစ်၊ ခဏလေးပါ၊ စီးကရက်ဝယ်ရုံပါပဲ"

သိသာစွာ တုန်ယင်မနေအောင် အသံကိုထိန်းရင်းမှ မျက်နှာကို ခပ်လွှဲလွှဲထားကာ ပြောလိုက်သည်။

အကျင့်ပါနေလို့ပါဗျာ အကြောင်းပြလျက် ပခုံးထက်က မချဘဲ လွယ်ထားခဲ့မိသော ခရီးဆောင်အိတ်လေး၏ ကြိုးကို ဆွဲရင်း အခန်းတံခါးကို ဆွဲဖွင့်လိုက်မိသည်။





တစ်ယောက်တည်း နေခဲ့ရမည့်အဖြစ်ကို တွေးရင်း အားငယ်စွာ 'ငိုမဲ့မဲ့'ဖြစ်နေသည့် သူမ၏မျက်နှာလေးကို နောက်ဆုံးအကြိမ်အဖြစ် တဝကြီးငေးကြည့်ရင်း....

'မကြာပါဘူး မခင်သစ်၊ ခုချက်ချင်းပြန်လာမှာ'

ဟု အားပေးစကား ထပ်ပြောဖြစ်၏။

တစ်သက်လုံးအတွက် ထွက်ခွာသွားရတော့မယ့် လူတစ်ယောက်ဟာ မကြာခင် ပျော်ရွှင်စွာ ကျန်ရစ်ခဲ့ရမယ့် သူမကို 'ခဏလေးပါ' ဟူသောစကားဖြင့် နှစ်သိမ့်အားပေးနေရသည့်အဖြစ်က ကြေကွဲဖွယ်ကောင်းလှသည်။

သက်ပြင်းကိုချရင်းမှ မကြာခင် မထိန်းနိုင်မသိမ်းနိုင်ဖြစ်လာတော့မည့် ကိုယ့်အခြေအနေကိုကိုယ်သဘောပေါက်လျက် အခန်းတံခါးကိုဆွဲပိတ်ရင်းမှ တွဲပေါ်မှ ဆင်းလာဖြစ်ခဲ့သည်။

စကြံတစ်လျှောက် ခပ်ဖြည်းဖြည်းလျှောက်ရင်း သံဆန်ခါကွက်များအကြားမှ ဖုန်းဆက်ခေါ်ထားခဲ့သည့် တင်ထက်ကို ရှာမိသည်။

အနီရောင်ဝတ်ခဲ့ဗျာဟူသော သူ့စကားအတိုင်း မိုးကာအင်္ကျီအနီရောင်ဖြင့် တင်ထက်ကို ဆေးလိပ်ဆိုင်လေးဘေးတွင် လှမ်းတွေ့ရ၏။

ထွက်ပေါက်မှထွက်မည်အပြု မီးရထားအမှုထမ်းတစ်ဦးအလှမ်း၍တားသည်။

ပါဝါမျက်မှန်ထူထူနောက်က မျက်ရည်တွေဝေ့သီနေတဲ့ မျက်လုံးအစုံနှင့်....

'ကျွန်တော် ဗီရထားနဲ့ မလိုက်တော့ဘူးဗျာ' လို့ ပြောရင်း လှစ်ခနဲ လှမ်းထွက်သွားတဲ့ လူတစ်ယောက်ဟာ သူတို့အတွက် သိပ်ပြီးတော့များ အဆန်းတကြယ် ဖြစ်နေလေမလား....

ရှုပ်ထွေးနေတဲ့ လူတွေကို ရှောင်ရှားရင်း တင်ထက်ဆီသို့ ဦးတည်ကာ လျှောက်လာမိသည်။ ကျီးကန်းတောင်းမှောက် မျက်လုံးဖြင့် လျှောက်ကြည့်နေသော တင်ထက်က သူ့ကို လှမ်းအတွေ့မှာပင်....

'ဟာ....ကိုညိုထွန်းနိုင်'

ဟု ဝမ်းသာအားရ နှုတ်ဆက်သည်။

လက်မှတ်က အကြောင်းမဟုတ်ပါဘူးဗျာ၊ ကျွန်တော့် အစ်ကိုတစ်ယောက် ဘူတာကြီးမှာရှိပါတယ် ဟူသော ဖုန်းထဲက ပြောခဲ့သည့် တင်ထက်၏စကားကို ကြားယောင်သည်။

"လက်မှတ်ရပြီသား ကိုတင်ထက်"

"ရပြီ ကိုညိုထွန်းနိုင်....ဒီလိုပဲ အကူအညီတောင်းရတာပေါ့ဗျာ၊ ခုံမဲ့ပဲရတယ်"

"အိပ်ခန်းနံပါတ် မှတ်မိတယ်နော်"

တင်ထက် ခေါင်းညိတ်ပြ၏။

တစ်ဆက်တည်း....

"ခင်ဗျားကိုတော့ ဘယ်လိုကျေးဇူးတင်ရမှန်းတောင် မသိတော့ပါဘူးဗျာ....တကယ်ပဲ....ဘူတာကြီးကိုလာခဲ့လို့ ခင်ဗျား ဖုန်းဆက်ပြောပြောချင်း ကျွန်တော့်မှာ အံ့သြလွန်းလို့ ဘာပြောရမှန်းတောင် မသိဘူး"





ဝမ်းသာအားရဖြင့် ကျေးဇူးတင်စကား ပြောနေသော တင်ထက်ကို ငေးကြည့်ရင်း တုန်ယင်နေသော အသံဖြင့် တစ်လုံးချင်း ပြောဖြစ်သည်။

"ရပါတယ်ဗျာ....ကောက်ရတဲ့ပစ္စည်းဆိုတာ အချိန်တန် တော့ ပိုင်ရှင်ကို ပြန်အပ်ရတာပါပဲ၊ ဒါဟာ ထုံးစံပါ ကိုတင်ထက်၊ ကျေးဇူးတင်စရာမလိုပါဘူး....

"ဒါပေမယ့် တစ်ခုတော့ ရှိတာပေါ့ဗျာ၊ အဲဒီပစ္စည်းဟာ ကိုယ့်လက်ထဲကို ခဏလေးသာ ရောက်လာခဲ့ဖူးပေမယ့် ပိုင်ရှင် နည်းတူ မြတ်နိုးတန်ဖိုးထားသလို သံယောဇဉ်လဲ ဖြစ်ခဲ့မိ တယ်၊ ပြီးတော့...."

"ဆက်ပြောပါ ကိုညိုထွန်းနိုင်"

တင်ထက်က လှမ်းခင်းစကားဖြင့် လိုက်လျှောသာသည့် တိုင် 'နှမြောတယ်ဗျာ' ဟူသည့် စကားကို ဆက်မပြောမိ တော့။

မလိုတော့ပါဘူးလေ....

ပိုင်ရှင်ခဏမဲ့သွားခဲ့ရတဲ့ ပစ္စည်းလေးရဲ့ ကောင်းစားရေး အတွက် ပိုင်ရှင်ဟောင်းရဲ့လက်ထဲကို ရက်ရောစွာ ပြန်လည် ပေးအပ်ခဲ့ပြီးမှတော့ ဘာမှ ဆက်ပြောနေစရာ မလိုတော့ ပါဘူး။

တင်းထားသည့်ကြားမှ ဆို့နင့်ကြေကွဲစွာ လှိုက်၍တက် လာသည့် ငိုချင်စိတ်ကို အံကြိတ်၍ထားရင်း မျက်ဝန်းဆီမှ မျက်ရည်စတို့ကို မျက်တောင်ပုတ်ခတ်လျက် ထိန်းမိသည်။

ခေါင်းကို ငုံ့လျက် ခရီးဆောင်အိတ်လေး၏ ဇစ်ကို ဆွဲဖွင့်ရင်း သုံးလေးစုံမျှသော အင်္ကျီများအကြားမှ ထိုးထွက်နေသည့် ယွန်းသေတ္တာကလေးကို ထုတ်ယူလိုက်မိသည်။

"ခင်ဗျားနဲ့ ခင်ငလေးသစ်ရဲ့ မင်္ဂလာပွဲအတွက် စိတ်ဝမ်းစားစရာ ကောင်းတဲ့ ပစ္စည်းလေးတစ်ခု လက်ဆောင်ပေးလိုက်ပါရစေ ကိုတင်ထက်"

ကမ်းပေးလိုက်သည့် ယွန်းသေတ္တာလေးကို တင်ထက် လှမ်းယူရင်း....

"ဘာတွေလဲ ကိုညိုထွန်းနိုင်...."

"မျက်မှန်လေးတစ်လက်နဲ့ စာအုပ်ကလေး တစ်အုပ်ပါ ကိုတင်ထက်"

"ဗျာ...."

"ဟုတ်ပါတယ် ကိုတင်ထက်။ မှန်ကွဲနေတဲ့ မျက်မှန်လေး တစ်လက်ရယ်ပါ၊ ခဏခဏ ထုတ်ဖတ်လွန်း၊ ရေးလွန်းလို့ ဟောင်းနွမ်းလုလု ဖြစ်နေတဲ့မှတ်တမ်းစာအုပ်လေး တစ်အုပ်ရယ်ပါ"

တင်ထက်က နားမလည်စွာဖြင့် သူ့ကို လှမ်းကြည့်သည်။

ခင်ဗျား နားလည်စရာ မလိုပါဘူး ကိုတင်ထက်.... အဲဒီ ယွန်းသေတ္တာလေးထဲက ပစ္စည်းတွေဟာ ကျွန်တော့်ရဲ့ ကွဲကြေနေတဲ့ နှလုံးသား အပိုင်းအစတွေပဲဆိုတာ ခင်ဗျား နားလည်နေစရာ မလိုပါဘူးလေ....

"ကဲ....ရထားပေါ်တက်တော့ ကိုတင်ထက်၊ မခင်သစ် တစ်ယောက်တည်း အားငယ်နေဦးမယ်"





သူမအတွက် စိုးရိမ်စိတ်ပူလေသော စကား တစ်ခွန်းကို နောက်ဆုံးအကြိမ်အဖြစ် တုန်ယင်စွာ ပြောလိုက်မိသည်။

ထို့နောက်....

တဖိထက်၏ဘေးမှ သူ လှည့်ထွက်လာမိသည်။

ဘဝမှာ အမြတ်နိုး အနိုင်ရနေခဲ့တဲ့ လူတစ်ယောက်ရဲ့ နံဘေးမှ....

မျက်ရည်တို့ ရစ်ဝဲနေသော မျက်လုံး၊ နာကြည်း ကျွမ်းမြည့်နေသော နှလုံးသား....တစ်ဆုပ်တရ ဆုပ်ကိုင်စရာဆို၍ ဘာမှ မကျန်တော့သည့် မျှော်လင့်ချက်....တို့ဖြင့်အတူ ကြေကွဲစွာ ချာခနဲ လှည့်ထွက်လာခဲ့မိသည်။

ရှုပ်ထွေးနေသည့် ခရီးသည်တို့ကို ရှောင်ရှားရင်း ဘူတာကြီး၏ အမိုးစွန်းအောက်မှတစ်ဆင့် မိုးရေစက်များအတွင်းသို့ တိုးဝင်လိုက်မိချိန်မှာတော့....

အထူးတလည် ထိန်းချုပ်ထားစရာ မလိုတော့သော မျက်ရည်တို့က ပါးပြင်ပေါ်သို့ အရှိန်ဖြင့် လိမ့်ဆင်းလာတော့သည်။

လေကြမ်းတစ်ချက်အဝှေ့ တွေ့စောင်း ယိမ်းနွဲ့သွားကြသည့် မိုးရေတန်းတို့ကို မှုန်ဝါးစွာ ငေးကြည့်ရင်း....

သွေ့ခြောက်နွေးထွေးသည့် အိပ်ခန်းတွဲလေး အတွင်းမှ အသားဖြူဖြူ ဆံပင်ရှည်ရှည်နှင့် သူ၏ ချစ်လှစွာသော....

ကောင်မလေး တစ်ယောက်....
ပျော်ရွှင်နိုင်ပါစေဟု ဆုတောင်းရင်း....
ယောက်ျားတန်ပဲ အသံမဲ့စွာ တစ်ချက် ရှိုက်လိုက်မိသည်။
ခံစားစရာဆို၍....
ဘာမှ မကျန်တော့....

နေနော်